

စာပေဗိမာန်စာမူဆုရ

# ဗယောင်းရုပ်နှင့် သံလွန်ရုပ်

ပြ ဇာ တ် များ

အောင်သန့်



[သမိန်ထော]



၂၀၀၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု

**ပြဇာတ်စာပေ ပထမဆုရ**

**"မယောင်းရုပ်နှင့် သံသွန်းရုပ်" ပြဇာတ်များ**

ရေးသူ – ဇင်မင်း (သမိန်ထော)

၁၃၀၃ ခုနှစ်တွင် ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ၌ အဖ ဦးအုန်း၊ အမိ ဒေါ်နှင်းတင်တို့မှ မွေးဖွားသည်။ မွေးချင်း သုံးယောက် အနက် အလတ်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ဖျာပုံမြို့နယ်၌ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် စာရေးအဖြစ် အမှုထမ်းရင်း ၁၉၆၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိသည်။

ငပုတောမြို့နယ်တွင် လက်ထောက်မြို့ပိုင်၊ ဖောင်ကြီး ဗဟို ပြည်သူ့ဝန်ထမ်းကျောင်းတွင် နည်းပြအဆင့်(၂)၊ ငါန်းဇွန်မြို့နယ် ပြည်သူ့ကောင်စီအတွင်းရေးမှူး၊ ဧရာဝတီတိုင်း ပြည်သူ့ကောင်စီရုံး ဌာနစုမှူး၊ မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးအရာရှိ အစရှိသည့်တာဝန်များဖြင့် အမှုထမ်းခဲ့သည်။

၁၉၆၁ ခုနှစ် ငွေတာရီမဂ္ဂဇင်းတွင် " လောကအလှ" ကဗျာ ဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပြီး၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲ၌ ၁၉၉၈ ခုနှစ်တွင် "အနုပညာအလှ ပြဇာတ်များ" စာမူဖြင့် ဒုတိယဆု၊ ၁၉၉၉ ခုနှစ်တွင် "ရွှေအမွေပြဇာတ်" စာမူဖြင့် ပထမဆု ရရှိခဲ့သည်။ ထို "ရွှေအမွေပြဇာတ်" ဖြင့် ၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသား စာပေဆု ရရှိခဲ့သည်။

ယခုအခါ အမှတ် က/ ၁၀၊ ကန်တော်မင်္ဂလာလမ်း၊ ၁၈ ရပ်ကွက်၊ ဖျာပုံမြို့တွင် နေထိုင်လျက်ရှိသည်။

အမည်ရင်း ဦးသန်းညွန့် ဖြစ်သည်။

၂၀၀၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ပြဇာတ်စာပေ ပထမဆုရ

# ဖယောင်းရုပ်နှင့် သံသွန်းရုပ်

## ပြဇာတ်များ

ဇင်မင်း (သမိန်ထော)


စီစဉ်တည်းဖြတ်သူ – ဒေါ်မြင့်မြင့်ဌေး
စာတည်း (တာဝန်ခံ)
– ဦးစန်းတင့် (တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း

အဖုံးပန်းချီ – အောင်သန့်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၃ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၃၅၀၀

တန်ဖိုး ၂၅၀ ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်)ဒေါ်မြမြက
မှတ်ပုံတင်အမှတ် ၉၆၁ (ယာယီ) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၂၈၅ (ယာယီ) ဖြင့် ထုတ်ဝေသည်။

ကွန်ပျူတာစာစီ .......... ပဟိုပုံနှိပ်စက်ရုံ

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိဒါန်း

"လက်ဦးဆရာ မည်ထိုက်စွာ၊ပုဗ္ဗာစရိယ မိနှင့်ဖ"

"အငယ်တည်းက၊ မဆုံးမသော်၊ မိဘတစ်လည်၊ ရန်သူ မည်၏"

"သားသမီး မကောင်း၊ မိဘခေါင်း"

ဤဆိုရိုးစကားတို့သည် မြန်မာမိသားစု အုပ်ထိန်းမှု နယ်ပယ်တွင် မီးရှူးတန်ဆောင်ပမာ တည်ရှိနေသော လမ်းညွှန်များ ဖြစ်ပါ၏။

မြန်မာ့ယဉ်ကျေးမှုအရ ကြီးသူက ငယ်သူကို ဆုံးမရ၏။ ငယ်သူကကြီးသူကို ခွန်းတုံ့ပြန်ပြောဆိုခြင်းမပြု။ မိဘသည် သားသမီးကိုဆုံးမရမည်မှာကား သဘာဝကပေးအပ်သော တာဝန်ကြီးပေတည်း။

အမိဝမ်းမှကျွတ်သည့်အချိန်မှစ၍ ကလေးငယ်ကို မိဘက ကျွေးမွေးပြုစုယုယခဲ့ကြသည်။ ကလေး ကိုင်တတ်ဆွဲတတ်သည့် အရွယ်ရောက်လျှင် အန္တရာယ်ရှိသည့်ပစ္စည်းကို မကိုင်မိအောင် ပါးစပ်ထဲ မသွင်းမိအောင် ထိန်းသိမ်းပေးရပေ၏။ ဝမ်းလျား ထိုးတတ်သည့်အရွယ်ရောက်လျှင် အောက်သို့လိမ့်မကျအောင် လိုက်၍ထိန်းပေးရပေ၏။ လေးဘက် တွားသွားတတ်သည့်အရွယ် ရောက်လျှင် အန္တရာယ်ရှိသည့်နေရာသို့ မသွားမရောက်ရအောင်

ဖေးမထိန်းကိုင်ပေးရပေ၏။ ထိုနည်းလည်းကောင်းပင် မတ်တတ်ရပ်တတ်သည့်အရွယ်၊ ပြေးလွှားဆော့ကစားတတ်သည့်အရွယ်တို့တွင် မသွားသင့်သည့်နေရာ မသွားရလေအောင်၊ မဆွဲ မကိုင်သင့်သည့်ပစ္စည်း မဆွဲမကိုင်ရလေအောင် ထိန်းသိမ်းပေးရပေ၏။ တစ်ဆင့်ထက်တစ်ဆင့်ကြီးပြင်းလာသည့် ကလေး၏အသက်အရွယ်အလိုက် မိခင်ဖခင်တို့သည် သားသမီးတို့ကို ထိန်းသိမ်းပေးရသည်။ ပဲ့ကိုင်ညွှန်ပြပေးရသည်။ ဆုံးမပေးရသည်။ ချော့သင့်သည်ကို ချော့ပြောရ၏။ ခြောက်သင့်သည်ကိုခြောက်ရ၏။ အိုးထိန်းသည်က အိုးကိုနာနာပုတ်သလို ရိုက်သင့်လျှင်လည်းရိုက်ရ၏။ ငယ်စဉ်တောင်ကျေး ကလေးဘဝတွင် ဤသို့ဤနှယ် ဆုံးမသွန်သင်ရပေသည်တကား။

မိဘတို့ ဆုံးမသွန်သင်မှု ကောင်းလျှင်ကောင်းသလို၊ သားသမီးတို့ လမ်းကောင်းလမ်းမှန်သို့ရောက်မည်မှာမလွဲပါ။ ဤကာလတို့ကား သားသမီးတို့သည် "ဖယောင်းရုပ်" များ ပမာပေတည်း။ ပုံသွင်းချင်သလို ပုံသွင်း၍ရသော ကာလများပေတည်း။ ပုံမကောင်းလျှင် ပြင်ဆင်၍ရသည်။ ပုံမလှသေးလျှင် လှအောင်ပြင်၍ရသည်။

ကလေးအရွယ်မှ လွန်မြောက်၍လူပျိုရွယ်ရောက်သည့်အခါတွင်ကား သားသမီးတို့သည် ဖယောင်းရုပ်များမဟုတ်တော့ပေ။ သံကိုပုံသွန်းလိုက်သည့်အခါ ပြုပြင်၍လွယ်ကူခြင်းမရှိတော့သည့် "သံသွန်းရုပ်" များဟု ပုံခိုင်းသင့်ကောင်းပါ၏။

ထိုအချိန်ထိုအရွယ်တွင် ပုံဆိုးသွန်းမိလျှင်ပုံကောင်းပြန်ဖြစ်ရန်ခဲယဉ်းသွားပေတော့သည်။

ဤသည်ကို ရည်ရွယ်၍ ကျွန်တော်သည် ဤ "ဖယောင်းရုပ်နှင့်သံသွန်းရုပ်" ပြဇာတ်များကိုရေးသားပါ၏။

"ဖယောင်းရုပ်" ကဏ္ဍတွင်ပုံအမှားသွင်းမိသည့်အဖြစ် ကလေးများနှင့်ပုံအမှန်သွင်းမိသည့် အဖြစ်ကလေးများကို တစ်ခန်းရပ်ပြဇာတ်ကလေးများဖြင့်ယှဉ်ကာ ရေးသားတင်ပြပြီးနောက်၊

"သံသွန်းရုပ်" ကဏ္ဍတွင် ပုံသွန်းမှားသည့်အဖြစ်အပျက်တစ်ခုကို ပြဇာတ်ရှည်အဖြစ် ရေးသားတင်ပြပါသည်။

ဤပြဇာတ်များကိုဖတ်ရှု၍ဖြစ်စေ၊ စင်ပေါ်တွင်ကြည့်ရှု၍ဖြစ်စေ မိဘတို့ကိုလည်းကောင်း၊ သားသမီးတို့ကိုလည်းကောင်း တစ်စုံတစ်ရာသောအသိတရားကို ဖြစ်စေမည်ဆိုပါက ကျွန်တော်ရေးသားရကျိုးနပ်ပြီဟု ခံယူပါ၏။

ဇင်မင်း (သမိန်ထော)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁။ | ဖယောင်းရုပ်၊ တစ်ခန်းရုပ်ပြဇာတ်များကဏ္ဍ | |
| | (က)စင်တင်အမှာ | |
| | (ခ) ဖယောင်းရုပ် (၁) ပထမတစ်ခန်းရုပ် | |
| | "မုန့်စုတ်မုန့်ပဲ့" ... | ၁ |
| | (ဂ) ဖယောင်းရုပ် (၁) ဒုတိယတစ်ခန်းရုပ် | |
| | "ပူပူနွေးနွေးလေး" ... | ၉ |
| | (ဃ)ဖယောင်းရုပ် (၂) ပထမတစ်ခန်းရုပ် | |
| | "ဆော့တော့ဘာဖြစ်လဲ" ... | ၁၆ |
| | (င) ဖယောင်းရုပ် (၂) ဒုတိယတစ်ခန်းရုပ် | |
| | "အိမ်လည်သွားရင်" ... | ၂၅ |
| | (စ) ဖယောင်းရုပ် (၃) ပထမတစ်ခန်းရုပ် | |
| | "ဒီ – ဒီဖိုင်းက မိုက်" ... | ၃၃ |
| | (ဆ)ဖယောင်းရုပ် (၃) ဒုတိယတစ်ခန်းရုပ် | |
| | "ကြည်ညိုဖွယ်ရာ မြတ်ဗုဒ္ဓါ" ... | ၄၅ |
| ၂။ | သံသွန်းရုပ် ပြဇာတ်ကဏ္ဍ | |
| | (က)စင်တင်အမှာ ... | ၅၉ |
| | (ခ) သံသွန်းရုပ်ပြဇာတ် ... | ၆၁ |
| | မှီငြမ်းသည့်စာအုပ်စာတမ်းများ ... | ၂၉၇ |

# ဗယောင်းရုပ်

## တစ်ခန်းရပ် ပြဇာတ်များ

# ဖယောင်းရုပ်

## တစ်ခန်းရပ် ပြဇာတ်များ

### စင်တင်အမှာ

ဤဖယောင်းရုပ် တစ်ခန်းရပ်ပြဇာတ်များကို စင်တင်ကပြမည်ဆိုပါက ပုံအမှားသွင်းမိသည့်အဖြစ် (ပထမ တစ်ခန်းရပ်) နှင့် ပုံအမှန်သွင်းမိသည့် အဖြစ် (ဒုတိယ တစ်ခန်းရပ်) ကိုအစုံလိုက်၊ အစုံလိုက် တင်ဆက်ကပြရန် ဖြစ်ပါသည်။

ယင်းသို့တင်ဆက်ကပြသည့်အခါ၊ ရှေးဦးစွာပြဇာတ်ဆရာ/ပြဇာတ်စီစဉ်သူက ပရိသတ်အား ---

"( -----) အမည်ရှိ ပထမတစ်ခန်းရပ်ပြဇာတ်နှင့် - ( -----) အမည်ရှိ ဒုတိယ တစ်ခန်းရပ်ပြဇာတ်တို့ကိုယှဉ်တွဲ၍ တင်ဆက်မှာဖြစ်ကြောင်း၊ ကလေးလူငယ်အား ပုံမှားသွင်းမိ၍ မကောင်းကျိုးဖြစ်စေသည့် ဇာတ်လမ်းကလေးကို ပထမ တစ်ခန်းရပ်တွင် ရှုစားကြရမှာဖြစ်ပြီး၊ ကလေးလူငယ်တို့အား လမ်းမှန်သွန်သင်ခဲ့၍ကောင်းကျိုးဖြစ်စေသည့် ဇာတ်လမ်းကလေးကို ဒုတိယတစ်ခန်းရပ်တွင် ရှုစားကြရမှာဖြစ်ကြောင်း၊ ရှေ့ပွဲလာဧည့်ပရိသတ်များ နှိုင်းယှဉ်ကြည့်ရှုခံစားကာ သင်ခန်းစာရယူနိုင်ပါကြောင်း"

စသည်ဖြင့် ပဏာမစကား ပြောကြားသင့်ပါ၏။

## ဖယောင်းရုပ် (၁) ပထမတစ်ခန်းရပ်

### " မုန့်စုတ်မုန့်ပဲ့ "

တစ်ခန်းရပ်ပြဇာတ်

**ပါဝင်သူများ**

၁။ မေသူ့ထက်သာ - အသက် (၂၆)နှစ်ခန့် အိမ်ရှင်မ
၂။ ချမ်းသာထက် - မေသူ့ထက်သာ၏လေးနှစ်အရွယ် သားငယ်
၃။ စိုးစိုး - မေသူ့ထက်သာ၏ (၁၅)နှစ်အရွယ် အိမ်ဖော်
၄။ ခင်တိုးမြင့် - အသက် (၂၅) နှစ်ခန့် အိမ်နီးချင်း
၅။ တိုးတက်မြင့် - ခင်တိုးမြင့်၏သုံးနှစ်အရွယ်သမီးငယ်
၆။ - မုန့်သည်

**အပြင်အဆင်**

အိမ်နှစ်လုံး၏ ရှေ့မြင်ကွင်းရေးချက် နောက်ခံကားထားရှိရမည်။ ၎င်းနောက်ခံကား၏အိမ်များတွင် တံခါးမအသီးသီးရေးချက်များပါရှိရမည်။ တံခါးပေါက်များဖွင့်ထားသည့်ဟန်နှင့် အတွင်းအပြင် ဝင်နိုင်ထွက်နိုင်အောင် စီစဉ်ထားရ

မည်။ အိမ်နှစ်လုံး၏အလယ်တွင် ပုဏ္ဏာရိက်ပင်ဝင်းခြံရေး ဆွဲပါရှိရန်နှင့် ပိတ်ကား၏ရှေ့တွင်လည်းကောင်း ပုဏ္ဏာရိက် ဝင်းခြံရေးချက်နှင့် တည့်တည့်၌ တကယ့်ပုဏ္ဏာရိက်ပင် ချုံပုတ် တစ်ခုကိုစီစဉ်ချထားရမည်။ ဟိုဘက်အိမ်ရှေ့ သည်ဘက် အိမ်ရှေ့အသွင် ပုံဖော်ခြင်းဖြစ်သည်။

မီးအလင်းမှာ ခွင်ပြည့် မီးဖြစ်သည်။

(ရှေ့ဖုံးကားဖွင့်)

(လက်ယာဘက်အိမ်ရှေ့တွင် ချမ်းသာထက်သည် ဓာတ်ခဲစက်ရုပ်ကြီးတစ်ရုပ်ဖြင့် ဆော့နေစေ။ အိမ်ဖော် စိုးစိုးက လိုက်ထိန်းနေစေ။ ခဏကြာတွင် မေသူထက်သာသည် အနီရဲရဲတောက်တောက်ပြောင်ပြောင်ဝတ်စုံ၊ ပဝါနီစုံချ၊ ရွှေလက်ကောက်များ၊ ရွှေဆွဲကြိုး၊ စိန်နားကပ်တို့ ဝတ်ဆင်ကာ လက်ပွေ့အိတ်ဆွဲလျက် ကြော့ကြော့မော့မော့ နှင့် ဇာတ်စင်၏လက်ယာဘက်မှ ဝင်လာစေ။)

(ချမ်းသာထက်သည် ကစားနေရာမှ မေသူ့ထက်သာထံ ပြေးသွားစေ။)

ချမ်းသာထက်။ ဟော- မေမေပြန်လာပြီ။

မေသူထက်သာ။ (ချမ်းသာထက်ကို ပွေ့ချီလိုက်ပြီး) ငါ့သားနိုးနေပြီလား။--ဟဲ့မိစိုး (တစ်ဖက်အိမ်ရှေ့သို့လှမ်းကြည့်လိုက်ပြီး) ဟိုဘက် အိမ်က ခင်တိုးမြင့်၊ ဈေးကပြန်မလာသေးဘူးလား။

စိုးစိုး။ မလာသေးဘူး မမ။

ချမ်းသာထက်ရေ လာလာ၊ မေမေ အဝတ် အစား သွားလဲဦးမှာ။ (ကလေးကိုခေါ်မည် ပြုစေ။)



မေသူထက်သာ။ နေ - နေ - ဟိုဘက်အိမ်ကကောင်မ ပြန်မလာသေးရင် ငါအဝတ်အစားမလဲသေးဘူး။ ငါအခု ဝတ်စားထားတာတွေကိုသူမြင်အောင် လုပ်ရဦးမယ်ဟဲ့။ မနက်က မင်္ဂလာဆောင်ကို အစောကြီးထွက်သွားလိုက်ရတော့ဒီကောင်မတွေ အိပ်ရာမထကြသေးဘူး။ ဟဲ့မိစိုး ငါ့နာမည် နင်မသိဘူးလား။

စိုးစိုး။ သိသားပဲမမရဲ့၊ မေသူ့ထက်သာ လေ။

မေသူထက်သာ။ အေး အဲဒါပေါ့။ ငါ သူ့ထက်သာကြောင်း ဒီကောင်မကိုပြပြီးမှဒါတွေကိုချွတ်မယ်။ ဒီကောင်မက ခင်တိုးမြင့်ဆိုတဲ့အတိုင်း ဘဝင်မြင့်နေတာ။ သူ့ထက် ငါကဝတ်နိုင် တယ်ဆိုတာပြရဦးမယ် မိစိုးရဲ့။ သွားသွား အိမ်ထဲက ကုလားထိုင်တစ်လုံးသွားယူခဲ့စမ်း။

စိုးစိုး။ ဟုတ်ကဲ့မမ။ (တံခါးပေါက်မှဖြတ်ပြီး အထဲသို့ ဝင်သွားစေ။)

(မေသူထက်သာသည် တစ်ဖက်အိမ်ဘက်သို့ သာ လှမ်းကြည့်နေစေ။)

ချမ်းသာထက်။ မေမေ သားသားမုန့်စားမယ်။

မေသူထက်သာ။ အေးပါ-သားရဲ့ ခဏနေရင် မိစိုးကို မုန့်ဝယ် ကျွေးခိုင်းနော်။

(ထိုစဉ်မှာပင် ဇာတ်စင်၏ လက်ဝဲထောင့်မှ ခင်တိုးမြင့်က-သမီးငယ် တိုးတက်မြင့်ကို လက်ဆွဲလျက် လက်တစ်ဖက်က ဈေးခြင်း တောင်းဆွဲကာ ဈေးမှပြန်လာသည့်ဟန်ဖြင့် ဝင်လာစေ။ မေသူထက်သာက လှမ်းမြင်စေ။)

မေသူထက်သာ။ (ချမ်းသာထက်ကို အောက်သို့ချလိုက်ပြီး၊ အဝတ်အစားများနှင့် ပဝါကိုဟန်နှင့်ပန်နှင့် ပြုပြင်လိုက်စေ။ ပြီးနောက် အတွင်းသို့လှမ်းပြီး) ဟဲ့ မိစိုး ကုလားထိုင်ယူခဲ့လေ။ (ညာဘက်လက်ကို အပေါ် မြှောက်ပြီး လက်ညှိုးထိုးကာ လက်ကောက်များကို အသံမြည်စေလျက်) ဟိုတစ်နေ့က ဝယ်လာတဲ့ စတီး (လ်) ကုလားထိုင် အသစ်ယူခဲ့နော်။ တီဗီရှေ့နားမှာထားတယ် မဟုတ်ဘူးလား။

စိုးစိုး။ (အတွင်းမှအသံ) ဟုတ်ကဲ့မမ - တွေ့ပါပြီ။ (စတီးလ်ကုလားထိုင်ကိုယူပြီးတံခါးပေါက်မှ ထွက်လာစေ။)

မေသူထက်သာ။ အေး အေး- အဲဒါပေါ့။ လာဒီမှာချ။ (စိုးစိုးက မေသူထက်သာညွှန်ပြရာ နေရာတွင် ချပေးစေ။) (မေသူထက်သာ ကုလားထိုင်တွင်ထိုင်စေ။)

ချမ်းသာထက်။ (မေသူထက်သာကို လက်ဆွဲလျက်) မေမေ မုန့်ကျွေးတော့လေ။

မေသူထက်သာ။ အေးပါသားရဲ့။ မစိုးဝယ်ကျွေးလိမ့်မယ် (လက်နှစ်ဖက်ကို ဟန်အပြည့်နှင့် ဆန့်ထုတ်လိုက်ပြီး အသံကိုမြှင့်၍ပြော) ဟဲ - မိစိုးလက်ကောက်တွေက လေးလိုက်တာဟယ်။ ရော့ - ရော့ - မြန်မြန်ချွတ်စမ်း။



စိုးစိုး။ ဟုတ်-ဟုတ်ကဲ့မမ။ (မေသူ့ထက်သာ၏ လက်များကိုကိုင်ပြီး လက်ကောက်များကို ချွတ်ပေးစေ။) (ထိုအချိန်တွင် ခင်တိုးမြင့်သည် ၎င်း၏ အိမ်ပေါက်ရှေ့သို့ရောက်လာကာ မေသူ့ထက်သာကို လှမ်းကြည့်ပြီး၊ မနှစ်မြို့သည့် အမူအရာနှင့် မျက်နှာမဲ့စေ။ ကလေးကို လက်ဆွဲပြီး အိမ်တံခါးမှအထဲသို့ဝင်သွားစေ။)

မေသူ့ထက်သာ။ (စိတ်ကျေနပ်သွားသည့်အမူအရာနှင့်) မိစိုး- ချမ်းသာထက်ကို မုန့်ဝယ်ကျွေးလိုက်နော်။ (ပြောပြီးပြီးချင်း၊ လက်ကောက်များကို စုကိုင်ကာ တံခါးပေါက်မှနေ၍ အတွင်းသို့ ဝင်သွားစေ။) (ထိုစဉ် " ကဲ ဒီကဘိန်းမုန့် " ဟု အော်ပြီး မုန့်သည်မိန်းကလေးဝင်လာစေ။)

ချမ်းသာထက်။ (မုန့်သည်ကိုလက်ညှိုးထိုးပြီး) မုန့်စားမယ်၊ မုန့်စားမယ်၊ မုန့်သည်လာပါဦး။ (မုန့်သည်မလေးဝင်လာစေ။ မုန့်ဗန်းကို ချစေ။ စိုးစိုးက ချမ်းသာထက်ကိုလက်ဆွဲပြီး မုန့်ဗန်းအနီးတွင်ထိုင်လိုက်စေ။) (ထိုစဉ်ခင်တိုးမြင့်၏ အသံကျယ်ကျယ် ၎င်းအိမ် အတွင်းမှ ထွက်ပေါ်လာစေ။)

ခင်တိုးမြင့်။ (အော်ပြောသံ) တိုးတက်မြင့်ရေ သားလေး ရေ-လာလာ-

ဒီမှာသားလေးဖို့-ဂွတ်မောနင်း စပါယ်ရှယ် ပေါင်မုန့်ဝယ်လာတယ်လေ။ ရော့-ရော့ -- ॥

(ခဏပင်မကြာ၊ မေသူ့ထက်သာ မင်္ဂလာဆောင် သွားသည့်အဝတ်အစားလဲနေရာမှ တစ်ဝက် တစ်ပျက်နှင့် အပြင်သို့အလောတကြီးထွက် လာစေ။ အင်္ကျီမှာမလဲရသေးဘဲ၊ ထဘီသာလျှင် အိမ်နေရင်းဝတ်ထဘီဖြင့် ဖြစ်စေ။)

(တံခါးပေါက်မှထွက်လာ၍ အပြင်ရောက် သည်နှင့်တစ်ပြိုင်နက် စိုးစိုးက ချမ်းသာထက် ကို မုန့်သည်ထံမှ ဘိန်းမုန့်တစ်ခုယူပေးနေစဉ်၊ ချမ်းသာထက်ကလည်း မုန့်ကိုယူစားတော့ မည်ပြုစဉ်အနေအထားကို မေသူ့ထက်သာ တွေ့လိုက်ရစေ။)

မေသူ့ထက်သာ။ (ဒေါသအမျက်ချောင်းချောင်းထွက်ပြီးလျှင်) ကြည့်စမ်း- ကြည့်စမ်း -- (ချမ်းသာထက်ထံမှ ဘိန်းမုန့်ကို ကြမ်းတမ်းစွာဆွဲယူလိုက်ပြီး၊ စိုးစိုးကိုပြကာ) ဟဲ့- မိစိုးစိုး၊ ငါ့သားနဲ့ဒီမုန့် အစုတ်ပလုတ်နဲ့တန်သလားဟဲ့။ ဟင်- နင်ဟာလေ ငါတို့ဂုဏ်ကိုမှမထောက်ဘူး။ ချမ်းသာထက်အဖေကအရာရှိဟဲ့။ ဒီလောက် အဆင့်အတန်းနိမ့်တဲ့မုန့်၊ မုန့်အစုတ်ပလုတ် ငါ့သားကိုကျွေးရသလား။

(မေသူ့ထက်သာသည် ဒေါသတကြီးပြော ရင်းပြောရင်းနှင့် လက်ထဲမှဘိန်းမုန့်ဖြင့် စိုးစိုးအားပစ်ပေါက်ကာ စိုးစိုးအား ကျောကုန်း



တင်ပါးတို့ကို လက်ဝါးဖြင့် လိုက်ရိုက်နေစေ။ ရိုက်ရင်းကပင် ပါးစပ်မှလည်းပြော)

အဲဒီမုန့်အစုတ်ပလုတ်က လူစားတဲ့မုန့်မဟုတ် ဘူးဟဲ့၊ ---

ငါ့သားကျွေးရင်လွှင့်ပစ်မယ့် မုန့်ဟဲ့ -- လွှင့်ပစ်မယ့်မုန့်ဟဲ့ --

လွှင့်ပစ်မယ့်မုန့်ဟဲ့ - မှတ်ထား၊ မှတ်ထား။

(ပြောရင်းရိုက်နေစေ။)

(ထိုစဉ်တွင် ချမ်းသာထက်သည် မုန့်သည် အနားတွင်ရှိနေသည်ဖြစ်၍၊ မုန့်သည်မလေး က၊ မေသူ့ထက်သာ၏ ဒေါသတကြီးပြောဆို ရိုက်နှက်နေသည်များကို အံ့အားသင့်လျက် ငေးကြည့်နေစဉ်၊ ချမ်းသာထက်သည် မုန့် ဗန်းထဲရှိမုန့်များကို တစ်ခုပြီးတစ်ခုယူ၍ လွှင့်ပစ်နေစေ။)

မုန့်သည်။ ဟဲ့ ဟဲ့ကောင်လေးလွှင့်မပစ်နဲ့၊ လွှင့်မပစ်နဲ့၊

(ပြောရင်းပြောရင်း လွှင့်ပစ်ပြီးသည့်မုန့်များ ကို လိုက်ကောက်မည်ပြုလိုက်၊ ချမ်းသာထက် ကိုလည်းဟန့်တားမည်ပြုလိုက်နှင့် ဗျာများ နေစေ၊ ချမ်းသာထက်ကမူ မုန့်များကိုတွင် တွင်ကြီးလွှင့်ပစ်နေစေ။)

(မေသူ့ထက်သာက စိုးစိုးကိုအရိုက်ရပ်သွား ချိန်တွင်၊ မုန့်ဗန်းထဲမှာမုန့်များလည်း ချမ်း သာထက်လွှင့်ပစ်၍ ကုန်သွားစေ။)

မုန့်သည်။ (မတ်တတ်ရပ်လိုက်ပြီး ခါးထောက်ကာ၊ မကျေမနပ်နှင့်ပြောစေ။)

ကဲ - ဒီမုန့်နဲ့ရှင်တို့သား တန်တာမတန်တာ ကျွန်မ မသိဘူး။

ရှင်တို့သားလွှင့်ပစ်လို့ ကျွန်မမုန့်တွေ ကုန်သွားပြီ။ လျော်ပေး။

(မေသူ့ထက်သာ မျက်လုံးပြူးပြီးအံ့ အားသင့်နေစဉ်၊ ခင်တိုးမြင့်သည် ၎င်း၏အိမ်ခန်းထဲမှထွက်လာပြီး ၎င်း၏အိမ်တံခါးဝမှ ခါးထောက်၍ပြူးစေ့စေ့ကြည့်နေစဉ်)

ချမ်းသာထက်။ မေမေ - သား မုန့်အစုတ်တွေလွှင့်ပစ်လိုက်ပြီနော် --။

(ရှေ့ဖုံးကားပိတ်)

...ယပ်သ... ...ပရုပ်နဲ့နော်။

# ဖယောင်းရုပ် (၁) ဒုတိယတစ်ခန်းရုပ်

## "ပူပူနွေးနွေးလေး"

### တစ်ခန်းရုပ်ပြဇာတ်

**ပါဝင်သူများ**

၁။ မေသူထက် - အသက် (၂၆)နှစ်ခန့် အိမ်ရှင်မ

၂။ အေးချမ်းထက် - မေသူထက်၏လေးနှစ် အရွယ်သား

၃။ စန်းစန်း - မေသူထက်၏ အိမ်ဖော်

၄။ ခင်ခင်မိုး - မေသူထက်၏ ငယ်သူငယ်ချင်း

၅။ တိုးတိုး - ခင်ခင်မိုး၏ သမီးငယ်လေးနှစ်အရွယ်

၆။ - မုန့်မျိုးစုံဆိုင်ရှင်

၇။ - မုန့်စိမ်းပေါင်းသည်

၈။ - ဈေးသွားဈေးလာများ

**အပြင်အဆင်**

မြို့ငယ်တစ်မြို့၏ ဈေးရုံအတွင်းပိုင်း ရေးချက်နောက်ခံကားရှိရမည်။ ၎င်းကားကိုနောက်ခံပြုလျက် လက်ယာဘက်ခြမ်းတွင် မုန့်မျိုးစုံရောင်းချသော ဆိုင်တစ်ဆိုင် စီစဉ်ထားရမည်။ စီစဉ်ထားရန်မှာ၊ မှန် (Show Case) တစ်ခုကို စင်ပေါ်တွင်ထားရှိပြီး၊အထဲတွင်နောက်ဆုံးပေါ် တန်ဖိုးကြီးမုန့်မျိုးစုံ၊



ခင်ခင်မိုး။ အေး ဖေ...

ပရိသတ်လှမ်းမြင်နိုင်အောင် ခင်းကျင်းထားရန်ဖြစ်သည်။ လက်ဝဲဘက်ခြမ်းတွင် ဈေးခုံပေါ်၌ယာယီထီးကျားဖြင့် မုန့်စိမ်းပေါင်းဗန်း (ခေါင်းရွက်ဗျပ်ထိုး) ရှိရမည်။ မုန့်ဗန်းကို ဆန်ခါအုပ်ဆောင်းဖြင့်အုပ်ထားရမည်။ ခွင်ပြည့်မီးအလင်း ပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(တန်ဖိုးကြီး မုန့်မျိုးစုံအရောင်းဆိုင်( Show Case)နောက်တွင်မုန့်ဆိုင်ရှင် မတ်တတ်ရပ်၍ ဝယ်သူမျှော်နေစေ။)

(မုန့်စိမ်းပေါင်းဗန်းနေရာ၌လည်း၊ မုန့်စိမ်းပေါင်းသည်ရှိနေစေ။)

(ဈေးသွားဈေးလာများ ဇာတ်ခုံ၏ ဝဲမှဝင်၊ ယာသို့ထွက်၊ ယာမှဝင်၊ ဝဲသို့ ထွက်လျက်ရှိစေ။)

(ဇာတ်စင်၏ လက်ယာဘက်ထောင့်မှနေ၍ မေသူထက်က အေးချမ်းထက်၏ လက်ကိုဆွဲလျက်၊နောက်နားမှခင်ခင်မိုးက တိုးတိုး၏ လက်ကိုဆွဲလျက် မြင်ကွင်းသို့ဝင်လာစေ။ မေသူထက်၏အိမ်ဖော်စန်းစန်းက ဈေးခြင်းကိုင်လျက် နောက်မှလိုက်လာစေ။)

ခင်ခင်မိုး။ ဟော့ - မေသူ၊ ဈေးကြီးကလဲအရင်နဲ့လုံးဝကို မတူတော့ဘူးနော်။ တို့ငယ်ငယ်တုန်းကဆိုရင် ဈေးထဲမှာရှုပ်ယှက်ခတ်နေတာပဲ။ အခုတော့ သန့်သန့်ရှင်းရှင်း ၇သ ၁ပ်ရပ်နှံနော်။



မေသူထက်။ အေးပေါ့ဟဲ့ မိမိုးရဲ့၊ ညီးက ကိုယ်မြို့ကနေခွဲခွာပြီး၊ ဆယ်တန်းအောင်ကတည်းက ရန်ကုန်ရောက်နေတော့၊ တို့မြို့ဘယ်လောက်တိုးတက်နေတာဘယ်သိပါ့မလဲ။

ခင်ခင်မိုး။ အေးဟယ် . . . တို့မိသားစုတစ်စုလုံး ရန်ကုန်ပြောင်းခဲ့တာဆိုတော့ ကိုယ့်မြို့ကိုယ်ပြန်မရောက်ဖြစ်တာလဲကြာပြီလေ။ တို့အခုဖြတ်လျှောက်ခဲ့တဲ့ အထက်တန်းကျောင်းကြီးကိုပဲ ကြည့်စမ်း။ တို့ငယ်ငယ်ကနေခဲ့တာနဲ့ တခြားစီပဲနော်။

မေသူထက်။ ဒါပေါ့ဟာ - တို့တစ်နိုင်ငံလုံး ပြုပြင်တည်ဆောက်မှုတွေဟာ မရေတွက်နိုင်အောင်ပဲ မဟုတ်လား။ လမ်းတွေ၊ တံတားတွေ အံ့မခန်းတိုးတက်လာလိုက်တာ။ နင်တို့က ရန်ကုန်မှာအနေမြဲနေတော့၊ နယ်မှာလဲဘယ်လောက်တိုးတက်နေတယ်ဆိုတာ သိမှာမဟုတ်ဘူး။

ခင်ခင်မိုး။ ဟုတ်ပါရဲ့မေသူရယ်။

မေသူထက်။ အသစ်အသစ်တွေ တည်ဆောက်နေလို့ အဟောင်းတွေ ပစ်ထားတယ်လို့မထင်နဲ့ဟဲ့၊ ဟိုဆောင်ပုဒ်ကလေးကသိတယ်မဟုတ်လား။

ခင်ခင်မိုး။ ဘယ်ဆောင်ပုဒ်လဲဟဲ့။

မေသူထက်။ "အသစ်တည်ဆောက် - အဟောင်းမြှင့်တင်" ဆိုတဲ့ဆောင်ပုဒ်လေ။

ခင်ခင်မိုး။ အေး အေး - ကြားဖူးတယ်။

မေသူထက်။ ညည်း - နေ့လယ်ကျ၊ တို့မာလာမြိုင်ရပ်ထဲက မဟာမြိုင်တောရကျောင်းကိုသွားပြီး ဆရာတော်ကြီးကို ကန်တော့မယ်မဟုတ်လား။

ခင်ခင်မိုး။ အေးလေ၊ ဘုန်းကြီးလျှုဖို့နဲ့ တို့ဆရာ ဆရာမ ဟောင်းကြီးတွေကိုကန်တော့ဖို့၊ အခုမုန့်တွေ လာဝယ်ကြတာပေါ့။

မေသူထက်။ အေး - မဟာမြိုင်တောရကျောင်းရောက်ရင်၊ ရှေးဟောင်းကျောင်းတော်ကြီးကို ရှေးလက်ရာအတိုင်းပြုပြင်ထားလိုက်တာများ ဘယ်လောက်ခံ့ညားကြည်ညိုဖွယ် ရှိသလဲဆိုတာ၊ မိမိုး - ညည်း တအံ့တသြတွေ့ရမယ်သိလား။

ခင်ခင်မိုး။ မြင်ချင်လိုက်တာဟယ်။ တို့နိုင်ငံဟာ ယဉ်ကျေးမှုအဆင့်မြင့်မားတဲ့နိုင်ငံပဲဟာ။ တို့ရဲ့ရှေးဟောင်း ယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ရမှာ အမှန်ပါပဲလေ။ တို့လူမျိုးရဲ့ အမျိုးဂုဏ် ဇာတိဂုဏ်ကိုပြရမှာပေါ့။

မေသူထက်။ အေး - အဲဒါပဲလေ။ --
ကဲလာ ညည်းဝယ်ချင်တာတွေ ဝယ်ရအောင်။
(မေသူထက် ရှေ့ဆောင်ပြီး၊ မုန့်မျိုးစုံရောင်းသည့်ဆိုင်ရှေ့သို့သွားကြစေ။)

ခင်ခင်မိုး။ စင်ကာပူကလာတဲ့ Cookie Jar မုန့်ပုံးရှိလား အစ်မကြီး။

မုန့်ဆိုင်ရှင်။ ဟုတ်ကဲ့ -ရှိပါတယ်။ တစ်ပုံးယူမှာလား။

ခင်ခင်မိုး။ တစ်ပုံးနဲ့မရဘူး။ (လက်ချိုး၍ရေတွက်ပြီး) ငါးပုံးပေးနော်။



မေသူထက်။ တစ်ပုံးဘယ်လောက်လဲ။

ဆိုင်ရှင်။ ထောင့်နှစ်ရာငါးဆယ်ပါ။

မေသူထက်။ ဟာ - များလိုက်တာ။

ခင်ခင်မိုး။ ဟဲ့ - မေသူရဲ့၊ ရန်ကုန်ဈေးနဲ့ သိပ်မကွာဘူးဟ။ တော်တယ်။

မေသူထက်။ ဟုတ်လား။ တို့အိမ်က အဲဒီမုန့်ပုံးတွေ စားလေ့စားထမရှိတော့ ဈေးဒီလောက်ကြီးနေမှန်းမသိဘူးဟ။

ခင်ခင်မိုး။ တို့အိမ်မှာတော့- အဲဒီမုန့်ပုံး အမြဲဝယ်ထားရတယ်ဟ။ ဟောဒီတိုးတိုးက အဲဒီ Cookie ပဲစားတယ်။ အခု ငါးပုံးဝယ်တာကလဲ လေးပုံးက ကန်တော့ဖို့ တစ်ပုံးကတော့ တိုးတိုးဆာရင်စားဖို့လေ။ သားလေး - အေးချမ်းထက်နဲ့အတူ အိမ်မှာစားရတာပေါ့။

မေသူထက်။ သားလေးအေးချမ်းထက်က-အဲဒါတွေမကြိုက်ဘူးဟ။ ဩော် - ဟဲ့ စန်းစန်းရေ သားသားစားနေကျမုန့်သွားဝယ်စမ်း။
ဟိုဘက်နားမှာ မုန့်တန်းရှိတယ်မဟုတ်လား။

စန်းစန်း။ ဟုတ်ကဲ့ ဒေါ်ဒေါ်မေ၊ သမီးသိပါတယ်။

မေသူထက်။ ရော့ -ရော့ပိုက်ဆံ။ မုန့်ငါးဆယ်သားဝယ်ခဲ့နော်။ အိမ်ကျရင် ဧည့်သည်တွေလဲ စားရတာပေါ့။

အေးချမ်းထက်။ မမစန်း- သားအခုဆာနေတယ်။ သပ်သပ်တစ်ထုပ်ဝယ်ခဲ့ဦးနော်။

စန်းစန်း။ အေးပါ။ (စန်းစန်းထွက်သွားပြီး၊ မုန့်စိမ်းပေါင်းဆိုင်သို့မုန့်သွားဝယ်နေစေ။)

ခင်ခင်မိုး။ ဟဲ့ -မေသူရဲ့ ခုဝယ်ခိုင်းလိုက်တဲ့ မုန့်ငါးဆယ်သားဆိုတာ ဘာမုန့်တုံး။

မေသူထက်။ မုန့်စိမ်းပေါင်းလေ။ တို့မြို့မှာ နာမည်ကြီးတဲ့ မုန့်ပေါ့။ ညည်း - မမှတ်မိတော့ဘူးလား။

ခင်ခင်မိုး။ သြော် - အေးဟုတ်သားပဲ။ (အေးချမ်းထက်၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ပြီး) သားလေးကလဲ မုန့်စိမ်းပေါင်းကို ကြိုက်တာပဲလား သားရဲ့။

အေးချမ်းထက်။ ကြိုက်တယ်အန်တီရဲ့။ သားက မနက်တိုင်းစားတာ။ ခုနအန်တီပြောတဲ့ သံပုံးကြီးထဲက မုန့်တွေကို သားမကြိုက်ဘူး။

ခင်ခင်မိုး။ ဟုတ်ရဲ့လား သားရယ်၊ အန်တီအခုဝယ်လာတာ အိမ်ကျတော့ သားလေးစားကြည့်ပါဦး။ ချိုလဲချိုတယ်၊ ဆိမ့်လဲဆိမ့်တယ်။

အေးချမ်းထက်။ မုန့်စိမ်းပေါင်းကလဲ ချိုပါတယ် အန်တီရဲ့၊ ဆိမ့်လဲဆိမ့်တယ်။ အုန်းသီးဖြူးထားတာစားလို့ သိပ်ကောင်းတာ။ နောက်ပြီး အန်တီ့မုန့်ပုံးက ပိုက်ဆံတွေအများကြီးပေးရတာနော်။

ခင်ခင်မိုး။ ပိုက်ဆံတွေအများကြီးပေးရတော့ ဘာဖြစ်တုံးကွဲ့၊ သားလေးရဲ့။

အေးချမ်းထက်။ မေမေကပြောထားတယ်၊ ပိုက်ဆံဆိုတာ မကုန်ရင်ကောင်းတယ်တဲ့။ မုန့်စိမ်းပေါင်းက တစ်ထုပ်တစ်ဆယ်ပဲပေးရတာ အန်တီရဲ့။

ခင်ခင်မိုး။ ဟယ် - မေသူသားလေးက လိမ္မာလိုက်တာ။ သူ့အမေဆုံးမတာတွေ မှတ်ထားတယ်။ သိပ်



လိမ္မာတဲ့သားလေးပါလား။ (ကလေးကိုချီ၍နမ်းရှုပ်စေ)

အေးချမ်းထက်။ အန်တီ - အန်တီ။

ခင်ခင်မိုး။ ဘာလဲသားလေးရဲ့။

အေးချမ်းထက်။ အန်တီဝယ်မယ့် မုန့်က ပူလို့လားဟင်။

ခင်ခင်မိုး။ (အံ့အားသင့်ပြီး ဘာပြန်ပြောရမှန်းမသိဖြစ်နေစေ) အင် - အယ် --

အေးချမ်းထက်။ မုန့်စိမ်းပေါင်းက ပူပူနွေးနွေးလေး အန်တီရဲ့။ မမစန်းဝယ်လာရင် အန်တီစားကြည့်ပါလား။

မေသူထက်။ မိမိုးရေ - ငါက သားကိုအစားအစာဆိုတာ ပူပူနွေးနွေးစားရတယ်လို့ သင်ထားလို့ဟ။

ခင်ခင်မိုး။ သြော် - သြော် - အေး ငါနားလည်ပြီ - နားလည်ပြီ။ -- ဟုတ်ပြီ - ဒီလိုဆို ( သမီးငယ် တိုးတိုးဘက်သို့လှည့်ကာ တိုးတိုး၏ပခုံးလေးကို ကိုင်လိုက်ပြီး) မေမေ့သမီးလေးရော့ - မုန့်စိမ်းပေါင်းပူပူနွေးနွေးလေး စားမကြည့်ချင်ဘူးလားဟင် -- ။

တိုးတိုး။ သမီးစားချင်တယ်မေမေ။

ခင်ခင်မိုး။ (မုန့်မျိုးစုံ ဆိုင်ရှင်ဘက်သို့ပြန်လှည့်ပြီး) ကဲဆိုင်ရှင်အစ်မကြီးရေ Cookie Jar မုန့်ပုံးလေးပုံးပဲ ပေးတော့နော်။

(ရွှေဖုံးကားပိတ်)

# ဖယောင်းရုပ် (၂) ပထမတစ်ခန်းရပ်

## "ဆော့တော့ဘာဖြစ်လဲ"

### တစ်ခန်းရပ်ပြဇာတ်

**ပါဝင်သူများ**

၁။ ဒေါ်မော်မော်ထိပ် - လက်ထောက်ညွှန်ကြားရေးမှူး ကတော်
၂။ ထိပ်တင်ဇော် - ဒေါ်မော်မော်ထိပ်၏လေးနှစ် အရွယ်သား
၃။ မအေးအေး - စက်ချုပ်
၄။ ကိုကျော်ကျော် - ရေဒီယိုကက်ဆက်ပြုပြင်ရေး
၅။ မိညို - ဒေါ်မော်မော်ထိပ်၏ အိမ်ဖော်

**အပြင်အဆင်**

ပျဉ်ထောင်အိမ်အတွင်းခန်းရှေ့ချက် နောက်ခံကားရှိရမည်။ နောက်ခံကားပေါ်တွင် -

"ကျော် - ရေဒီယိုကက်ဆက်ပြုပြင်ရေး
အေး - အပ်ချုပ်လုပ်ငန်း" ဟူသောဆိုင်းဘုတ်ငယ်ရှိရမည်။

လက်ယာဘက် သုံးပုံနှစ်ပုံခန့်တွင် အပ်ချုပ်စက်တစ်လုံးနှင့် ကုလားထိုင်ရှိရမည်။ အနီး၌စားပွဲငယ်တစ်လုံးတွင် အပ်ထည်





အဝတ်များ တင်ထားရမည်။ ကုလားထိုင်နှစ်လုံးလည်း ထားရှိရမည်။

လက်ဝဲဘက်တွင် ကက်ဆက်များ၊ ရေဒီယိုများစသည့် လျှပ်စစ်သုံးကိရိယာ၊ ပြင်လက်စများနှင့် ဝိုင်ယာကြိုးများ ရှုပ်ရှုပ်ထွေးထွေးဖြင့် တစ်စုတည်းရှိရမည်။ လျှပ်စစ်ခလုတ်ခုံတစ်ခုကို နံရံတွင် ပေါ်လွင်အောင် စီစဉ်ထားရှိရမည်။

နံနက်ခင်းအလင်း၊ ခွင်ပြည့်မီးပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဇာတ်စင်၏လက်ယာဘက်မှ မအေးအေး ဈေးခြင်းဆွဲလျက် မြင်ကွင်းသို့ဝင်လာစေ။ ဈေးခြင်းထဲတွင်အောက်ဘက်နား၌ ဘဲဥလေးငါးလုံးခန့်ကို ပလတ်စတစ်အိတ်နှင့်ထည့်လျက်၊ ခြင်းအပေါ်ပိုင်း၌ကန်စွန်းရွက်စသည့် ဟင်းသီးဟင်းရွက်များ ထည့်လျက်ပါရှိရမည်။ မအေးအေးသည် လက်ယာဘက်မှ ဝင်လျှင်ဝင်ချင်း၊ ဈေးခြင်းကိုနောက်ခံကားနှင့်ကပ်လျက် တစ်နေရာ၌ချထားလိုက်ပြီး၊ အပ်ချုပ်စက်ကုလားထိုင်ပေါ်တွင် မောပန်းသည့်ဟန်နှင့် ထိုင်ချလိုက်စေ။ )

အေးအေး။ (မျက်နှာကို လက်ကိုင်ပဝါဖြင့်ချွေးသုတ်ရင်း၊ တစ်ဦးတည်းပြောစေ။) ဈေးဝယ်ရတာလဲမောပါရဲ့။ တစ်ဈေးလုံးလှည့်ရ။ နောက်ဆုံးတော့လဲ ဘဲဥပဲဝယ်ရတော့တာပဲ ။ - -

အင်း - ဒီနေ့တော့ ဘဲဥကို မွှေကြော်လေးကြော်ရမယ်။

ကန်စွန်းရွက်ကလေးချဉ်ရေချက်။ ဒါမှ မြန်မြန်
ပြီးမယ်။
ဒီနေ့ချိန်းထားတဲ့ အပ်ထည်တွေက နေ့လယ်
ပြီးအောင် ချုပ်ရဦးမယ်။
ဟင်း - ငါတောင်ဈေးက ပြန်လာပြီ၊ အစ်ကိုက
ခုထိ အိပ်ရာက မထသေးဘူး။
(အတွင်းဘက်သို့လှမ်းပြီး) အစ်ကိုရေ - အစ်ကို
အစ်ကို၊
(အတွင်းဘက်မှအိပ်ရာထဲမှမထသေးဘဲ
ပြန်ထူးသည့်အသံမျိုး ထွက်ပေါ်လာစေ။)

**အတွင်းမှအသံ။** အင် - အင် - -

**မအေးအေး။** ထတော့လေ - နေဖင်ထိုးနေပြီ။ ညီမတောင်
ဈေးကပြန်လာပြီ။
(အတွင်းဘက်မှ၊ အင်း - အင်း - ဟူသော
အသံပြုစေ။)
(တစ်ဆက်တည်းပင် ဇာတ်ခုံ၏ လက်ဝဲဘက်မှ
သွားတိုက်သွားပွတ်တံနှင့် သွားတိုက်ဆေးကိုင်
ပြီး မျက်နှာသုတ်တဘက်ကို ပခုံးပေါ်တင်ကာ
ကိုကျော်ကျော် ဝင်လာစေ။)

**ကိုကျော်ကျော်။** မိုးလင်းပိုင်းကျမှ အိပ်လို့ကောင်းလိုက်တာကွာ။
မင်းနှိုးပေလို့ပဲ။ ဒီနေ့ချိန်းထားတဲ့ ကက်ဆက်
တစ်လုံးရှိတယ်။ ခုမနက် အပြီးပြင်ရမယ်။
(ပြောရင်းပင် ကက်ဆက်တစ်လုံးကို လှမ်း၍
ဆွဲထုတ်လိုက်စေ။ ပလပ်ပေါက်တွင် လျှပ်စစ်
ကြိုးကို ထိုးလိုက်စေ။ ပြီးလျှင် လျှပ်စစ်ခလုတ်



ကို ဖွင့်လိုက်ရာ ကက်ဆက်မှ ပုံမှန်မဟုတ်သော
အသံမျိုး ပေါ်ထွက်လာစေ။)

**မအေးအေး။** ကဲပါ ကိုရယ်၊ သွားတိုက် မျက်နှာသစ်ပြီးမှ
လုပ်ပါတော့။ အစ်ကိုမျက်နှာသစ်ပြီးရင် စားဖို့
အစ်ကိုကြိုက်တဲ့ ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်
ဝယ်လာတယ်။
(ကိုကျော်ကျော် ကက်ဆက်ကို ပြန်ပိတ်လိုက်ပြီး
အတွင်းသို့ ပြန်ဝင်သွားစေ။)
(ထိုစဉ်မှာပင် ကားရပ်သံကြားရစေ။ ဇာတ်စင်
၏လက်ယာဘက်မှ လက်ဝတ်လက်စားများဖြင့်
ဒေါ်မော်မော်ထိပ် လက်ဆွဲအိတ်ကို ဟန်ပါပါ
ကိုင်ပြီး ကြော့ကြော့မော့မော့နှင့် ဝင်လာစေ။
၎င်းနောက်မှ သုံးနှစ်အရွယ်ကလေးကို ချီလျက်
အိမ်ဖော်မိညို လိုက်ပါလာစေ။)

**မအေးအေး။** (ထပြီး ကုလားထိုင်တစ်လုံးကို ညွှန်ပြနေရာပေး
ရင်း) လာပါ ထိုင်ပါရှင်။ ဘာအပ်ချင်လို့လဲ
အစ်မ။

**ဒေါ်မော်မော်ထိပ်။** (အိမ်ဖော်ကို လက်ညှိုးထိုးပြီး) ဒီအိမ်ဖော်
ကောင်မလေးအတွက် အင်္ကျီလေးအပ်ချင်လို့
ပါ။ ( လက်ဆွဲအိတ်ကို ဟန်ပါပါ ဆွဲဖွင့်လိုက်ပြီး
အထဲမှ ပိတ်စတစ်စကို ဆွဲထုတ်နေစေ။ ဆွဲထုတ်
ရင်းနှင့်ပြော)
ဒီကလေးမက တောကခေါ်လာတာလေ။
ဆင်းဆင်းရဲရဲဆိုတော့ အင်္ကျီအဝတ်အစား
ဝတ်စရာပါမလာဘူး။

အဲဒါကြောင့် ချက်ချင်းပဲချုပ်ပေးရတာလေ။ ဩော် - ဒီကညီမ သိရအောင် မိတ်ဆက်ရဦးမယ်။ မမတို့က ဟိုဘက်လမ်းထဲက တိုက်အဝါလေးမှာနေတာ။ ကလေးတို့အဖေက ဝန်ကြီးရုံးက လက်ထောက်ညွှန်ကြားရေးမှူးလေ။ သူကရုံးမှာလဲ အာဏာပါဝါနဲ့၊ အစိုးရက ကားပေးထားတယ်လေ။ နယ်သွားရင်လဲ နယ်ကအရာရှိတွေက သူ့အောက်ကပေါ့။ မမတောင် တစ်ခါတစ်ခါ အလည်လိုက်သွားတဲ့အခါ၊ ကျွေးလိုက်မွေးလိုက်ကြတာ မစားနိုင်အောင်ပါပဲ။ လက်ဆောင်တွေလဲပေးကြတယ်။ အဲဒါ - လွန်ခဲ့တဲ့အပတ်ထဲက မမဝါ နယ်ကိုပါသွားတော့၊ ဒီကလေးမလေး ဆင်းဆင်းရဲရဲနဲ့တွေ့လို့ ခေါ်လာတာလေ။ (စကားရှည်ရှည်ပြောလိုက်ရ၍ မောသွားစေ။)

မအေးအေး။ ဩော် - ကျွန်မ လက်ဖက်ရည်ကြမ်း သွားယူလိုက်ဦးမယ်နော်။

ဒေါ်မော်မော်ထိပ်။ ဟာ နေပါစေ -- ။ မမတို့က အိမ်မှာတရုတ်လက်ဖက်ခြောက်အကောင်းစားနဲ့ပဲ သောက်နေကျဆိုတော့ ကျန်တဲ့လက်ဖက်ရည်တွေ အရသာမတွေ့တော့ဘူးကွဲ့။

မအေးအေး။ ဩော် - ဩော် - -

ဒေါ်မော်မော်ထိပ်။ ညီမရဲ့အပ်ချုပ်ဆိုင် - ဆိုင်းဘုတ်ကလေးတွေ တွေ့နေတာတော့ကြာပြီ။ ဒါပေမဲ့ - အိမ်က အစ်ကိုကြီးရော - မမတို့ရော နိုင်ငံခြားကလာ



တဲ့ အထည်တွေပဲ ဝတ်နေကျဆိုတော့၊ ဒီလိုဆိုင်သေးသေးလေးတွေကို မရောက်ဖြစ်ဘူးလေ။ ခုမှ ဒီကလေးမအတွက်က ဒီအဆင့်လောက်ပဲ ချုပ်ပေးသင့်တာမို့လို ရောက်လာတာ။ မြန်မြန်လေးတော့ ချုပ်ပေးနော်၊ ပိုက်ဆံပိုပေးရချင် ပိုပေးရပါစေ။

အေးအေး။ ဟုတ် - ဟုတ်ကဲ့ - - ပိုမပေးရပါဘူး မမရယ်။ ကဲဒါဆို အတိုင်းယူရအောင်။

မော်မော်ထိပ်။ ဟဲ့ - မိညို၊ ထိပ်တင်ဇော်ကို ခဏချထားလိုက်။ လာ၊ ဒီကို။

(မိညိုက ကလေးကိုအောက်ချလိုက်ပြီး၊ မအေးအေး ထံသွားစေ။ မအေးအေးက ပေကြိုးယူလိုက်ပြီး၊ မိညိုကို ကိုယ်တိုင်းယူနေစေ။)

ဒေါ်မော်မော်ထိပ်။ ဒီကလေးမက တောသူမ - တောမှာရွှံ့ထဲဗွက်ထဲမှာကြမ်းကြမ်းတမ်းတမ်းနေရတော့ ကိုယ်လုံးက မသေးဘူးညီမရဲ့။ ခပ်ပွပွသာ တိုင်းလိုက်နော်။

(ဒေါ်မော်မော်ထိပ်သည် ပါးစပ်ကလည်းမရပ်မနားပြောရင်း၊ မျက်စိကလည်း ကိုယ်တိုင်းယူနေသည်ကို လိုက်ကြည့်နေစေ။)

(ထိုစဉ်တွင် ထိပ်တင်ဇော်သည် ဟိုကြည့်သည်ကြည့်လုပ်ရင်း၊ ဈေးခြင်းကို တွေ့သွားစေ။ ဈေးခြင်းရှိရာသို့သွားပြီး၊ ရုတ်ချည်းပင် ခြင်းကို မနိုင်မနင်းဆွဲယူရာ၊ ခြင်းတောင်းမှာ

လဲကျသွားပြီး အထဲမှာ ဈေးဝယ်ထားသည့် ပစ္စည်းများ ထွက်ကျလာစေ။
ဘဲဥများလည်း ထွက်ကျလာပြီး ကွဲသွားစေ။
မအေးအေးကိုယ်တိုင်းယူနေရာမှ လှမ်းမြင်ပြီး မျက်လုံးပြူး၊ မျက်စံပြူးဖြစ်သွားကာ၊ ဈေးခြင်း လဲကျရာသို့ ကသောကမျောထသွားစေ။)

မအေးအေး။ (ဝမ်းနည်းသည့်အသံဖြင့်)
ဟင် - ဘဲဥတွေ ကွဲကုန်ပြီ - - - ။ ကလေးရယ် ဘယ်လို လုပ်လိုက်တာလဲကွယ်။

ဒေါ်မော်မော်ထိပ်။ (ထိုင်ရာမှမထဘဲ) စိတ်မကောင်းမဖြစ်ပါနဲ့ ညီမရယ်-
မမသားက ဒီလိုပဲ ဆော့တတ်တယ်ကွဲ့။ ချီထားရင်ချီထား၊ ချီမထားရင် ဆွဲထားလို့မရဘူး။ ကလေးဆိုတာလဲ များများဆော့မှ ဉာဏ်ကောင်းတာမဟုတ်လား။ မမတို့က သားလေးကို လွှတ်ထားတာပဲ။ လုပ်ချင်တာလုပ်ပစေ။ အိမ်မှာလဲဒီလိုပဲ၊ သူစိတ်မထင်ရင် ထမင်းစားရင်းပန်းကန်ကို တိုင်ပေါက်ချင်ပေါက်တာ။ ကွဲသွားတော့လဲ အသစ်ဝယ်ပြီး အစားထိုးလိုက်တာပေါ့။ အဲဒီဘဲဥတွေအတွက်လဲ မမ လျော်ပေးမယ်နော်။
(မအေးအေးက ဘဲဥကွဲသွားသည့် အရည်များကို အဝတ်စုတ်ဖြင့်သုတ်လျက်ရှိစေ။)
(ထိုအချိန်တွင် ထိပ်တင်ဇော်သည် တောက်တောက် တောက်တောက်နှင့် လျှောက်သွားစေ။



ဒေါ်မော်မော်ထိပ်ကလည်း ကုလားထိုင်ပေါ်မှ မထဘဲ၊ ဘာမှုမဖြစ်သည့်ဟန်နှင့်ရှိစေ။ အိမ်ဖော်မိညိုကလည်း ကိုယ်တိုင်းပေးဆဲ အနေအထားဖြင့် ရပ်နေစေ။ တစ်ခဏအတွင်းမှာပင် ထိပ်တင်ဇော်သည် ကက်ဆက်များရှိရာသို့ ရောက်သွားပြီး ပြင်ဆဲကက်ဆက်၏ ခလုတ်ကို နှိပ်လိုက်ရာ၊ အသံများမြည်လာစေ။ အားလုံး၏ မျက်လုံးများ ထိုနေရာသို့ ရောက်သွားစေ။ မအေးအေးသည် ဘဲဥအရည်များ သုတ်နေရင်းမှ ကမန်းကတန်းပင် ကက်ဆက်ရှိရာသို့ပြေးသွားစေ။)

မအေးအေး။ ဟဲ့ - ဟဲ့ အဲဒါမကိုင်နဲ့ - မကိုင်နဲ့။
(ထိပ်တင်ဇော်ကို ခပ်ကြမ်းကြမ်းဆောင့်ဆွဲလိုက်ရာ၊ ထိပ်တင်ဇော်နောက်လန် လဲမလိုဖြစ်သွားစေ။)

ဒေါ်မော်မော်ထိပ်။ (ကုလားထိုင်မှ မတ်တတ်ရပ်လိုက်ပြီး)
ညည်း - ငါ့သားကို အဲဒီလိုကြမ်းကြမ်းတမ်းတမ်း မလုပ်နဲ့လေ။ ငါ့သားကို ငါက ဖူးဖူးမှုတ်ထားတာအေ့။

မအေးအေး။ ရှင်သားလိုက်လုပ်နေတာက လွန်နေပြီလေ။

ဒေါ်မော်မော်ထိပ်။ ကလေးပဲဆော့မှာပေါ့အေ့။ ညည်းတို့ဟာတွေ ပျက်သွားရင် ဘယ်လောက်ကျကျ ငါလျော်ပေးမှာပေါ့။ ဆော့ပစေ - ဆော့ပစေ။
(ထိုအချိန်တွင် ထိပ်တင်ဇော်သည် ဝါယာကြိုးတစ်ချောင်းကို လှမ်းဆွဲလိုက်ရာ - - -

ဓာတ်လိုက်သွားစေ။ ကိုကျော်ကျော်သည် ပြေးဝင်လာပြီး မီးခလုတ်ကို ပိတ်လိုက်စေ။ ထိပ်တင်ဇော် လဲကျသွားစေ။)

(ကျန်သူများအားလုံး မျက်လုံးပြူး မျက်ဆံပြူး နှင့် ကလေးထံပြေးသွားစဉ်။)

(ရှေ့ဖုံးကားပိတ်)

## ဖယောင်းရုပ် (၂) ဒုတိယတစ်ခန်းရပ်

## "အိမ်လည်သွားရင်"

### တစ်ခန်းရပ်ပြဇာတ်

**ဇာတ်ဆောင်သူများ**

၁။ ဒေါ်ခင်လေး - ဒုတိယညွှန်ကြားရေးမှူးကတော်
၂။ ခင်ယင်းမာ - ဒေါ်ခင်လေး၏ ၁၇ နှစ်အရွယ်သမီး
၃။ နန်းအေးမေ - ဦးစီးအရာရှိကတော်
၄။ စည်သူအေး - နန်းအေးမေ၏ ငါးနှစ်အရွယ် သားငယ်

**ပြင်အဆင်**

တိုင်းမြို့ကြီးတစ်မြို့၏ အဆင့်မြင့်အရာရှိတစ်ဦးနေထိုင်သောတိုက်အတွင်းပိုင်း ရေးချက်နောက်ခံကားရှိရမည်။ နံရံတွင် -

ဦးညွန့်
ဒုတိယညွှန်ကြားရေးမှူး

ဟူသော စာတန်းချိတ်ဆွဲထားရှိရမည်။ ဆက်တီတစ်စုံ စီစဉ်ထားရှိရမည်။

ခွင်ပြည့်မီးပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဆက်တီကုလားထိုင်တစ်လုံးပေါ်တွင် ဒေါ်ခင်လေးသည် မျက်မှန်တပ်လျက် ဓမ္မစကြာစာအုပ်ကိုကြည့်ကာ၊ ဓမ္မစကြာသုတ်ကို ရွတ်ဆိုလျက်ရှိစေ။ သမီး ခင်ယင်းမာသည် ဆက်တီကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက် သိုးမွေးအထည်တစ်ခုကို ထိုးနေစေ။)

(ခဏအကြာတွင် လူခေါ်ခေါင်းလောင်းသံပေါ်လာစေ။)

ဒေါ်ခင်လေး။ ဟောသမီးရေ - ဧည့်သည်နဲ့တူတယ်၊ သွားဖွင့်ပေးလိုက်ပါဦးကွယ်။

ခင်ယင်းမာ။ (သိုးမွေးထည်ကို ခဏချထားလိုက်ပြီး) ဟုတ်ကဲ့ မေမေ။

(ထပြီးတံခါးဖွင့်ပေးမည့်ဟန်ဖြင့် ဇာတ်စင်လက်ဝဲဘက်အတွင်းသို့ ဝင်သွားစေ။)

(ခဏအကြာတွင် ခင်ယင်းမာသည် နန်းအေးမေနှင့်စည်သူအေးအားခေါ်ဆောင်ပြီး ပြန်ဝင်လာစေ။ စည်သူအေးသည် မိခင်နန်းအေးမေ၏လက်ကိုကိုင်လျက်ဝင်လာရမည်။)

ဒေါ်ခင်လေး။ ဩော် - ဘယ်ကဧည့်သည်လဲလို့။ ညီမနန်းအေးမေကိုး။ ထိုင်ပါညီမ။ ဒါက သားလေးလား။

နန်းအေးမေ။ (ဆက်တီကုလားထိုင်တစ်လုံးတွင် ရိုသေစွာဝင်ထိုင်စေ။ သားလေး စည်သူအေးသည် မိခင်ခြေရင်းတွင် ကျုံ့ကျုံ့လေးထိုင်စေ။ )ဟုတ်ကဲ့ မမ၊ ဒါသားလေးပါ။ မမ ကျွန်မကိုတွေ့ချင်တယ်လို့ အိမ်က သူ့အဖေကပြောလို့ လာခဲ့တာပါ မမ။



ဒေါ်ခင်လေး။ ဟုတ်ပါတယ်ကွယ်၊ မမက မှာတာပါ။ ဟဲ့ဟဲ့ သားလေးက အပေါ်မှာထိုင်ပါ သားရဲ့။

နန်းအေးမေ။ ရပါတယ် မမ။ သားလေးက အောက်မှာပဲ ထိုင်တတ်ပါတယ်။

ဒေါ်ခင်လေး။ အပေါ်မှာပဲ ထိုင်ပါစေကွယ် - ညီမကလဲ။ ကလေး အနေကျုံ့လှပါတယ်။

စည်သူအေး။ လူကြီးနဲ့တစ်တန်းတည်း မထိုင်ရဘူးလို့ ဖေဖေနဲ့ မေမေက ပြောထားပါတယ် ကြီးကြီး။

ဒေါ်ခင်လေး။ ဩော် - ဟုတ်လား၊ အေး - အေးပါကွယ်၊ ဒါဆိုလဲ ထိုင်ပါ - ထိုင်ပါ။ သားလေးက လိမ္မာလိုက်တာ။ ချစ်စရာလေးကွယ် ကျောင်းထားပြီလားကွဲ့။ နာမည်လေး ဘယ်လိုခေါ်လဲ။

နန်းအေးမေ။ စည်သူအေးပါ မမ။ ဒီနှစ်ကျောင်းစထားပါပြီ။

ဒေါ်ခင်လေး။ ကောင်းပါလေ့ကွယ်။ ထူးချွန်လိမ္မာမယ့် သားလေးပါပဲ။ ကဲ - မမ ခေါ်ရတဲ့အကြောင်း ပြောပြပါ့မယ်။ (ခင်ယင်းမာသို့ လှမ်းကြည့်ပြီး) သမီးရေ - လက်ဖက်သုပ်ကလေး သွားယူပါကွယ်။ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်စားရင်း အေးအေးဆေးဆေး ပြောကြတာပေါ့နော်။ ညီမ အချိန်ရတယ် မဟုတ်လား။

(ခင်ယင်းမာ ဟုတ်ကဲ့မေမေ ပြောပြီး ထွက်သွားစေ။)

နန်းအေးမေ။ အချိန်ရပါတယ် မမ၊ နေ့ခင်းပိုင်းဆိုတော့ အားပါတယ်။

ဒေါ်ခင်အေး။ ဒီလိုပါ ညီမရယ်။ ညီမတို့က ဒီမြို့ကို ပြောင်းလာတာ သိပ်မကြာသေးတော့၊ မမတို့ဆောင်ရွက်ထားတဲ့ အစီအစဉ်လေးတစ်ခုကို ပြောပြမလို့ပါ။ မမတို့ ညီမတို့ခင်ပွန်းတွေရဲ့ ဌာနထဲက အမျိုးသမီးဝန်ထမ်းများနဲ့ ဝန်ထမ်းဇနီးများ ဖွဲ့စည်းထားတဲ့ ခမ္မစကြာဝတ်အသင်းရှိတယ်လေ။

(ခင်ယင်းမာ၊ လက်ဖက်ရည်ကြမ်းဗန်းနှင့် လက်ဖက်အစ်ယူလာပြီး ဆက်တီစားပွဲပေါ်တွင်ရှိသေစွာတင်ပေးကာ၊ ဆက်တီကုလားထိုင်ပေါ်တွင်ပြန်ထိုင်မည်ပြုစေ။)

ဒေါ်ခင်လေး။ သြော်- သမီးရေ သမီးမောင်လေး ပျင်းနေတော့မယ်။

ဂျမ်ဘိုမုန့်ထုပ်ကလေးတွေ ယူသွားပြီး မောင်လေးကို အိမ်ဝင်းခြံထဲ ခေါ်သွားပါလားကွယ်။ မုန့်စားရင်းဒန်းစီးကြ၊ ပန်းပင်လေးတွေကြည့်ကြပေါ့။ သမီးက ပန်းပင်လေးတွေလိုက်ပြပေါ့။

ခင်ယင်းမာ။ ကောင်းတယ် - ကောင်းတယ်။ လာမောင်လေး ပန်းခြံထဲသွားကြရအောင်။

(စည်သူအေးက မိခင်ကို အမိန့်နာခံသည့်အနေဖြင့် မော့ကြည့်စေ။)

နန်းအေးမေ။ လိုက်သွား လိုက်သွား သားလေး။ မမနဲ့ လိုက်သွား။



ဒေါ်ခင်လေး။ ကြီးကြီးတို့ ပန်းခြံလေးက ပျော်စရာကောင်းပါတယ်သားရဲ့။ အဲဒီမှာဆော့ပေါ့။ ဆော့စရာတွေ အများကြီးရှိတယ်ကွဲ့။

စည်သူအေး။ (ထိုင်ရာမှထ၊ လက်ပိုက်ပြီး ဒေါ်ခင်လေးသို့ ရိုရိုသေသေပြောစေ) အိမ်လည်သွားရင် မဆော့ရဘူးလို့၊ ဖေဖေနဲ့ မေမေက ပြောထားတယ်ကြီးကြီး။

ဒေါ်ခင်လေး။ သြော် - ဟုတ်လား - - မိဘစကားနားထောင်တဲ့ ကလေးပါလား။ လိမ္မာလိုက်တာကွယ်။ ကဲ - ကဲ - မနန်းအေးက ဒီတစ်ခါတော့ ဆော့ခွင့်ပြုပေးပါကွယ်။

(စည်သူအေးသည် မိခင်၏ နားအနားသို့ကပ်ပြီး တစ်စုံတစ်ရာတီးတိုးပြောစေ။)

နန်းအေးမေ။ သြော် သြော် - - အေး အေး ကောင်းတယ် - ကောင်းတယ်။ လုပ်လုပ်။

ဒေါ်ခင်လေး။ ကလေးကဘာလုပ်ချင်လို့ပြောတာလဲညီမရဲ့။

နန်းအေးမေ။ အိမ်လည်သွားရင်မဆော့ရဘူး ပြောထားတော့ သားလေးက မဆော့ချင်ဘူးမမရဲ့။ သူက - အိမ်မှာဆိုရင် အိမ်ခြံဝင်းထဲက ပန်းအိုးလေးတွေထဲမှာ မြက်ပင်လေးတွေကိုနုတ်ပေးလေ့ရှိတယ်မမရဲ့။ လူကြီးတွေက ပန်းအိုးတွေ ရေလောင်းတော့မယ်ဆိုရင်၊ သူ့ကိုမြက်ပင်လေးတွေအရင်နုတ်ခိုင်းတယ်။ အဲဒီလိုလုပ်ပြီးရင် သူ့ကိုမုန့်ဖိုးပေးလိုက်တယ်။ အခုလဲ - သူ အဲဒီလိုပန်းအိုးတွေထဲက မြက်ပင်လေးတွေနုတ်ရမလားလို့ - တိုးတိုးကလေး မေးက[illegible]ရဲ့။

ဒေါ်ခင်လေး။ ဟာ - ညီမတို့က ကလေးကို တကယ့်ကိုလိမ္မာတဲ့ ကလေးဖြစ်အောင် အတော်စနစ်တကျဆုံးမ ပဲ့ပြင်ထားတာကို။ ကဲ - ကဲ - ကြီးကြီးတို့ခြံကြီး ထဲမှပန်းအိုးတွေအများကြီးပဲကွဲ့။ သားလေးက အဲဒီပန်းအိုးထဲက မြက်ပင်လေးတွေလိုက်နုတ် ပေါ့။

စည်သူအေး။ ဟုတ်ကဲ့ - ကြီးကြီး - ဟုတ်ကဲ့။

ခင်ယင်းမာက ပြုံးလျက် စည်သူအေး လက်က လေးကိုဆွဲပြီး၊ အတွင်းဘက်သို့ဝင်သွားကြစေ။

ဒေါ်ခင်လေး။ ဪ - သမီး ယင်းမာရေ - ပြန်ခါနီးရင် သားလေးစည်သူအေးကို မုန့်ဖိုးပေးပါကွယ်။

ခင်ယင်းမာ။ (အတွင်းဘက်သို့ ဝင်သွားရင်းပြော) ပေးမှာ ပေါ့ မေမေရဲ့၊ စိတ်ချပါ။

ဒေါ်ခင်လေး။ ကဲ မနန်းအေးရေ ရေနွေးကြမ်းသောက်ပါဦး ကွယ်။ လက်ဖက်ကလေးလဲ စားပါဦးနော်။

နန်းအေးမေ။ ဟုတ်ကဲ့ပါမမ။ ခုန - မမပြောတဲ့ ဝတ်အသင်း ဆိုတာ ညီမရဲ့ခင်ပွန်းကလဲ ပြောပြထားတာရှိ တယ်။ ညီမတို့ - တာဝန်ထမ်းဆောင်ခဲ့တဲ့ မြို့မှာလဲ ညီမပဲခေါင်းဆောင်ပြီး ဓမ္မစကြာရွတ် ခဲ့တာ။

ဒေါ်ခင်လေး။ ဟုတ်လား - ဒါဆိုရင် အဆင်ပြေလိုက်တာ - - ကဲ ဒါဆို အထူးပြောစရာ မလိုတော့ဘူးပေါ့။ မေနဲ့အတူ ညီမပါ ဓမ္မစကြာဝတ်အသင်းကို ခေါင်းဆောင်သွားကြရအောင်နော်။



နန်းအေးမေ။ စိတ်ချပါ မမရဲ့။ ညီမတို့လင်မယားက အိမ်မှာ လဲ ညအိပ်ရာဝင်ခါနီးမှာ ပရိတ်ကြီးဆယ့်တစ် သုတ်ကို ရွတ်ကြတယ်လေ။ ဥပုသ်နေ့တိုင်း ဓမ္မ စကြာနဲ့ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ရွတ်နေကျပါ။

ဒေါ်ခင်လေး။ ကောင်းလိုက်တာ။ သာဓုပါကွယ် သာဓုပါ။ ကဲဒါဆို လာမယ့် ဥပုသ်နေ့မှာ မမတို့ ဓမ္မစကြာ ဝတ်အဖွဲ့ကို ဒီအိမ်မှာပဲ ချိန်းထားတယ်ကွဲ့။ သန်ဘက်ခါပေါ့နော်။ အဲဒါရွတ်ကြရအောင်။

နန်းအေးမေ။ လာမှာပေါ့မမ။

(ထိုစဉ်မှာပင် ဇာတ်စင်အတွင်းဘက်မှ ခင်ယင်းမာအသံဖြင့် " မေမေရေ ဟောဒီမှာ လက်စွပ် - လက်စွပ်" ဟု အော်ကာ ခင်ယင်းမာ က စည်သူအေးအား လက်ဆွဲပြီး ဝင်လာစေ။)

ခင်ယင်းမာ။ လက်စွပ်တွေ့ပြီး မေမေရေ။ ဟောဒီမှာ လက်စွပ်တွေ့ပြီ။

(ဒေါ်ခင်လေးနှင့် နန်းအေးမေတို့ အံ့သြသည့် မျက်နှာများဖြင့် လှမ်းကြည့်ကြစေ။)

ဒေါ်ခင်လေး။ ဟုတ်လား သမီးရဲ့ - ဘယ်လိုပြန်တွေ့တာလဲ ကွဲ့။ နေ့ခင်းတုန်းကရှာလိုက်ကြတာ နှံ့နေတာ ပဲ။ အခုဘယ်လိုတွေ့တာလဲဟင်။

ခင်ယင်းမာ။ စည်သူအေးတွေ့တာ မေမေရဲ့။ ဟိုဘေးနားက ပိန်းပန်းပင်အိုးထဲက တွေ့တာလေ။ မြက်ပင် လေးတွေ သူလိုက်နုတ်ရင်းနဲ့တွေ့လို့ - ဝမ်းသာ အားရနဲ့ သမီးကိုလာပြတာ။

ဒေါ်ခင်လေး။ ဟုတ်လား - လက်စွပ်က ဘယ်လိုဘယ်လို အဲပန်းအိုးထဲ ရောက်သွားတာလဲ သမီးရယ်။

ခင်ယင်းမာ။ ဒီလိုဖြစ်မယ် မေမေရဲ့။ သမီး ပန်းပင်တွေ ရေပိုက်နဲ့ရေဖျန်းရင်း လက်ဆေးမိတယ် ထင်တယ်။ ဆပ်ပြာတိုင်ထားတော့ ရေနဲ့ ချော်ပြီး ကျွတ်ကျခဲ့တာထင်တယ်။

ဒေါ်ခင်လေး။ ဩော် - ဩော် ဖြစ်နိုင်တာပေါ့ သမီးရဲ့။ အခု သားလေးစည်သူအေး တွေ့ပေလို့ပေါ့။ ကဲ - ကဲ သမီးယင်းမာက မောင်လေးစည်သူအေးကို မုန့်ကောင်းကောင်း ဝယ်ကျွေးပေတော့။

ခင်ယင်းမာ။ ကျွေးရမယ် - ကျွေးရမယ် - -။ (စည်သူအေးကို ပွေ့ချီလိုက်ပြီး) လိမ္မာတဲ့ ဟောဒီမောင်လေးကို မမက ကောင်းကောင်း ဆုချရမယ်။

နန်းအေးမေ။ ကဲ - သားလေးစည်သူ - အိမ်လည်သွားရင် ဆော့တာကောင်းလား မဆော့တာကောင်းလား။

စည်သူအေး။ မဆော့တာ ကောင်းတာပေါ့ မေမေရဲ့။

အားလုံး။ လိမ္မာတယ် - လိမ္မာတယ် - သားလေးလိမ္မာ တယ်ဟေ့။

(ရှေ့ဖုံးကားပိတ်)

ထားသော

က်ရှေ့နားတွင်

# ဖယောင်းရုပ် (၃) ပထမတစ်ခန်းရပ်

## " ဒီ - ဒီဇိုင်းက မိုက်"

တစ်ခန်းရပ်ပြဇာတ်

**ဝင်သူများ**

၁။ ဒေါ်စံ - အသက် ၆၀ ခန့်အဘွား

၂။ မစံပယ်မွှေး - ဂျင်မီလောင်း၏ဇနီး၊ အသက် ၃၀ နှစ်ခန့်

၃။ ဂျင်မီလောင်း - မစံပယ်မွှေး၏ယောကျ်ား၊ အသက် ၃၅ နှစ်ခန့်- သဘော်သား

၄။ ပါပယ်(လ်)ဂျင်မီ - ဂျင်မီလောင်းနှင့်မစံပယ်မွှေးတို့၏ ၁၀ နှစ်အရွယ်သမီးငယ်

၅။ ဆီဇာလော့ - ဂျင်မီလောင်း၏ရွယ်တူ သူငယ်ချင်း

**အပြင်အဆင်**

ရန်ကုန်မြို့ရှိတိုက်ခန်းတစ်ခန်း၏ အတွင်းဘက်ဧည့်ခန်း ရေးချက် ကားနောက်ခံရှိရမည်။ ခေတ်ပေါ်နိုင်ငံခြား အသုံးအဆောင်များဖြင့်အခန်းကို တန်ဆာဆင်ထားရမည်။ ဆိုဖာဆက်တီ တစ်စုံရှိရမည်။

အထူးသဖြင့် တယ်လီဗေးရှင်းနှင့်အောက်စက်တစ်စုံကို

လည်းကောင်း၊ စတီရီယိုကက်ဆက်နှင့်ဆောင်းဘောက်ကို လည်းကောင်း အထူးမြင်သာအောင် ပြင်ဆင်ထားရှိရမည်။ တိပ်ခွေစင်များ၊ ဗီဒီယိုအခွေစင်များလည်း သူ့နေရာနှင့်သူရှိနေရမည်။

(ရှေ့ဖုံးကားမဖွင့်မီကပင်၊ စတီရီယိုအဆိုတော် ဇော်ဝင်းထွဋ်၏ရော့ခ်အင်န်ရိုးဘဝ အမည်ရှိစတီရီယိုတေးသီချင်းသံလွှင့်ပျံ့လျက်ရှိစေ။ ကောရပ်(စ်) ပိုဒ်ဖြစ်သော - "ရော့ခ်အင်န်ရိုးနေ့တွေ - ရော့ခ်အင်ရိုးညတွေ" - - ဟူသောအပိုဒ်အရောက်တွင် - )

(ရှေ့ဖုံးကားဖွင့်)

(နိုင်ငံခြားသဘော်သား စတိုင်အပြည့် ဆံပင်ရှည်နောက်တွဲစည်းလျက် ဂျင်းဘောင်းဘီ၊ ဂျင်းဂျက်ကက်တို့ ဝတ်ဆင်ထားသော ဂျင်မီလောင်းသည် ဆက်တီကုလားထိုင်တွင်ထိုင်လျက် ရော့ခ်အင်န်ရိုးဘဝ စတီရီယိုတေးသံတွင် နစ်မျောလျက်ရှိစေ မျက်စိကိုမှိတ်ကာ တေးသံတွင်ဈာန်ဝင်လျက်ကော့ရပ် (စ်) ပိုဒ်ရောက်တိုင်းလိုက်၍ ဆိုနေစေ။ သီချင်းအတိုင်း ကိုယ်ခန္ဓာကို ယိမ်းလိုက်နေစေ။

"ရော့ခ်အင်န်ရိုး နေ့တွေ - - -
ရော့ခ်အင်န်ရိုး ညတွေ - - -
ရော့ခ်အင်န်ရိုး နေ့တွေ ညတွေထဲ ငါလေ
လိမ့်နေဆဲ - - )"

(စကတ်ဘောင်းဘီ ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသော သမီးငယ် ပါပယ်(လ်) ဂျင့်မီက ဆောင်းဘောက်ရှေ့နားတွင်



စတီရီယိုတေးသံနှင့်အညီ ဒိုးဒိုးဒန့်ဒန့်ကလျက်ရှိနေစေ။ ဂျင်မီလောင်းက သမီးကိုကြည့်ကာသဘောကျ၊ အားပေးလျက် ရှိနေစေ။

"ရော့ခ်အင်န်ရိုးနေ့တွေ - - ရော့ခ်အင်န်ရိုးညတွေ
(အမြဲတမ်းလိမ့်နေလိမ့်နေ - - ရော့ခ်အင်န်ရိုးနေ့တွေညတွေထဲ)၂ ငါလေလိမ့်နေဆဲ ငါလေလိမ့်နေဆဲ - - "

သီချင်းဆုံးသွားစေ။)

ဂျင်မီလောင်း။ (လက်ခုပ်တီးလျက်) နိုက် (စ်) -- ဗဲရီးနိုက်(စ်) သမီးလေးပါပယ်(လ်) သိပ်ကောင်းတယ်။

(ပါပယ်(လ်) ဂျင်မီက၊ ဂျင်မီလောင်းအား ပြေးဖက်လိုက်စေ။)

ပါပယ်လ်ဂျင်မီ။ ဒယ်ဒီ - ဟိုနာနာသီချင်း ဖွင့်ပါဦး။ အဲဒီ သီချင်း ပါပယ်လ် သိပ်ကြိုက်တာ။

ဂျင်မီလောင်း။ ဩော် - မျိုးကြီးရဲ့ကျွမ်းလောင်ခြင်းကို ပြောတာလား။ အင်းအင်း ဒယ်ဒီဖွင့်ပေးမယ်။

ဂျင်မီလောင်း တိပ်ခွေစင်ရှိရာသို့ ထသွားပြီး၊ တိပ်ခွေများကိုရှာဖွေစေ။ တိပ်ခွေတစ်ခွေကို ဆွဲထုတ်ပြီး၊ ကက်ဆက်တွင် ထည့်ကာ ဖွင့်လိုက်စေ။)

စတီရီယိုအဆိုတော်မျိုးကြီး၏ 'ကျွမ်းလောင်ခြင်း' သီချင်းသံကျယ်လောင်စွာ ထွက်ပေါ်လာစေ။

xxx အို - တို့အချစ်များ
ကျွမ်းလောင်မီးတွေထဲ

အဆုံးသတ်ခဲ့ပြီး - - (ယား)
(ယား) - - ရင်ထဲမီး
အို - - တို့အချစ်များ
အို - - အဆုံးသတ်ခဲ့ပြီး (အား)
ငွေရောင်လွှမ်းသော လက်ထပ်ပွဲ
ထာဝရ စတေးရစ်ခဲ့ပြီ တို့နှလုံးသားတွေ
တို့အချစ်များ - တို့အချစ်များ
ဟေး - မီးကျွမ်းလောင်သွားကြ
(နား - နာ - နာ - နာ) တို့အချစ်များ
(နား - နာ - နာ - နာ) မီးကျွမ်းသွား
နှလုံးသားများကို စတေးရစ်ခဲ့ကြ
(နား - နာ - နာ - နာ) ငိုနေလား
အို - ငိုနေလား - ဘေဘီ
(နား - နာ - နာ - နာ) အဆုံးသတ်ပြီး
တို့အချစ်များ (နား - နာ - နာ - နာ)
အို - အချစ်များ။

(နား - နာ - နာ - နာ အပိုဒ်တွင် ပါပယ်လ် ဂျင်မီသည်လိုက်၍လိုက်၍ အားရပါးရဆိုနေစေ။ ကိုယ်ခန္ဓာကိုလည်း ဒိုးဒိုးဒန့်ဒန့် လှုပ်လှုပ်ရှုရှုယိမ်းခါနေစေ။)

(ထိုစဉ်ဇာတ်စင်၏ လက်ဝဲဘက်မှဆီဇာလော့ ဝင်လာစေ။ သဘော်သား စတိုင်အပြည့်နှင့် ဘောင်းဘီ၊ အင်္ကျီများဝတ်ဆင်ထားသော နောက်တွဲချည်ဆံရှည်နှင့် ဆီဇာလော့ လက်ထဲတွင် ဗီဒီယိုတိပ်ခွေ နှစ်ခွေနှင့် နိုင်ငံခြားပြန်



လက်ဆောင်ပစ္စည်းထုပ်ကို ကိုင်လာစေ။

ဆီဇာလော့။ မင်းတို့သားအဖ ငြိမ့်နေပါလားကွ။

ဂျင်မီလောင်း။ ဟေး - ဆီဇာလော့ - လာကွာ။ မင်းဘယ်တုန်းက ပြန်ရောက်လာလဲကွ။ (ဆီဇာလော့ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်စေ။ ဗီဒီယိုတိပ်ခွေများကို စားပွဲပေါ်တင်လိုက်စေ။)

ဆီဇာလော့။ ငါမနေ့က ပြန်ရောက်တာကွ။ သဘော်ကတော့ အက်စ်မှာ ဒေါက်တက်တယ်လေ။

ဂျင်မီလောင်း။ အေး - မင်းတို့သဘော် ဒီတစ်ခေါက်ပြီးရင် ဒေါက်တက်မယ်ဆိုတာ ငါကြားထားပါတယ်။ အေးအေးဆေးဆေး နားရတာပေါ့ကွာ။

ဆီဇာလော့။ မင်းရော - သဘော်ဘယ်တော့ပြန်တက်မလဲ။

ဂျင်မီလောင်း။ နောက်နှစ်လလောက်ကျမှ တက်ရမှာကွ။ ကဲ မင်းဘာသောက်မလဲ၊ ထုံးစံအတိုင်း ဝီစကီပဲ မဟုတ်လား။ (အတွင်းဘက်သို့လှမ်းပြောစေ) မွှေးရေ - မွှေး - - ဒီမှာ ဆီဇာလော့ရောက်နေတယ်ဟေ့။

မစံပယ်မွှေး။ (ဇာတ်စင်၏လက်ယာဘက်မှထွက်လာပြီး) ဩော် ဆီဇာပြန်ရောက်လာပြီလား။ ဒီတစ်ခေါက်အတော်ကြာသွားတယ်နော်။ (ဆက်တီတွင် ဝင်ထိုင်စေ။)

ဆီဇာလော့။ ဟုတ်တယ် မွှေးရဲ့၊ ဒီတစ်ခေါက် ခြောက်လလောက် ကြာသွားတယ်။ ဒါတောင်အိမ်က မိန်းမကို လွမ်းလို့ပြန်လာတာ။

စံပယ်မွှေး။ အင်း - ယုံရောကြီး။ ရှင်က တစ်နိုင်ငံ တစ်ဆောက် ထားမယ့်လူ။

ဆီဇာလော့။ ဪ - သူ့ဘဲကျတော့ - ယုံတယ်ပေ့ါ။

ဂျင်မီလောင်း။ ဟာ - ငါက မိန်းမတကလွဲလို့ ဘယ်မိန်းမကိုမှ လှည့်ကြည့်တဲ့ကောင် မဟုတ်ဘူးလေ။ ဒါကြောင့် - မွှေးက ငါ့ကိုယုံတာပေ့ါ။

ဆီဇာလော့။ ဪ - မိန်းမရှေ့ကျတော့ မခုတ်တတ်တဲ့ ကြောင်၊ တခြားတိုင်းပြည်ရောက်ရင်တော့ ကျား။ မင်းအကြောင်း မသိရင်ခက်မယ်။ တဲ - အီတလီက ကောင်မလေးအကြောင်း ပြောပြလိုက်ရမလား။

စံပယ်မွှေး။ ဟော - ဟော ပေါ်တော့မယ် - ပေါ်တော့မယ်။

ဂျင်မီလောင်း။ မွှေးရေ - မင်း ဒီကောင်ကြီးအကြောင်း သိရဲ့ သားနဲ့။ ဒီကောင်က လုံကြွတ်ဇာတ်လမ်းတွေလုပ်တတ် တယ်နော်။ ဗီဒီယိုအခွေတွေ၊ ဗီစီဒီတွေကြည့် ကြည့်ပြီး အဲဒီထဲက ဇာတ်လမ်းတွေပြောတော့ မှာကွ။ မွှေး - မင်းမယုံနဲ့နော်။

ဆီဇာလော့ တင်ထားသောစားပွဲပေါ်မှာ ဗီဒီ ယိုတိပ်ခွေများကို လှမ်းယူပြီ) ကဲ - ကဲ - မင်းယူလာတာ ဘာအခွေတွေလဲကွ။

ဆီဇာလော့။ အဲ - မွှေးရေ မင်းဘဲက စကားလမ်းကြောင်း ပြောင်းပစ်လိုက်တယ်တွေလား။

မစံပယ်မွှေး။ (ရယ်မောလျက်) ဟုတ်တယ် - ဟုတ်တယ်။

ဆီဇာလော့။ အဲဒီတိပ်ခွေက မိုက်ကယ်ဂျက်ဆင်ရုပ်တုဖွင့်ပွဲ



အခွေကွ။ ဖောရိန်းမှာ အရမ်းဟစ်ဖြစ်နေတာ လေ။

ပါပယ်လ်ဂျင်မီ။ (ကက်ဆက်ခလုတ်ကို ပိတ်လိုက်ပြီးလျှင်) မိုက်ကယ်ဂျက်ဆင်-ဟုတ်လား၊ အန်ကယ်လ် ဆီဇာ

ဆီဇာလော့။ ဟုတ်တယ် ပါပယ်လ်ရဲ့။ သိပ်ကြည့်ကောင်း တာ။ မိုက်ကယ်ဂျက်ဆင် ရုပ်တုကြီးက အရမ်း မိုက်တယ်။ သမီးတို့ကြည့်ရအောင်ယူလာတာ။

ပါပယ်လ်ဂျင်မီ။ ဟာ- ဂွတ်ရှယ်ပဲ။ ဒယ်ဒီ ဖွင့်လေ ကြည့်ချင် တယ်။

ဂျင်မီလောင်း။ အေးပါ - သမီးရဲ့။ ဒယ်ဒီတို့လဲ ဝီစကီနဲ့မြိမ့် မယ်လေ။ ကဲ - မွှေးရေ ထုံးစံအတိုင်း ဆီဇာ ကြိုက်တဲ့ ဝီစကီနဲ့ ဆိုဒါလုပ်ပါကွာ။

ဆီဇာလော့။ ကဲပါ - ငါက ဖောရိန်းကဝီစကီ တစ်ခါတည်း ယူလာပါတယ်နော်။ (လက်ဆောင်ပစ္စည်းအိတ်ကို လှမ်းပေးကာ) အဲဒီထဲမှာ မွှေးအတွက်လဲပါတယ်။

မစံပယ်မွှေး။ (လက်ဆောင်ပစ္စည်းထုပ်ကိုလှမ်းယူပြီး) ကဲ ကဲ ခဏစောင့်နော်။ အာလူးကြော်ပါယူခဲ့မယ်။ (မစံပယ်မွှေး အတွင်းသို့ ဝင်သွားစေ) (ဂျင်မီလောင်းက အောက်စက်ရှိရာသို့သွားပြီး ဗီဒီယိုအခွေကိုထည့်၍ဖွင့်စေ။ တီဗီမှန်သားပြင် တွင် မိုက်ကယ်ဂျက်ဆင်ရုပ်တုဖွင့်ပွဲ လှုပ်ရှား မှုရုပ်များနှင့် ကျယ်လောင်ဆူညံသော အသံ များ ထွက်ပေါ်လာစေ။)

ပါပယ်လ်ဂျင်မီ။ (သဘောကျနှစ်ခြိုက်စွာ) ဟေး - - မိုက်တယ် မိုက်တယ်။

(မစံပယ်မွှေး အရက်ပုလင်း၊ ဖန်ခွက်များနှင့် အမြည်းအာလူးကြော်များပါသော ငွေလင်ပန်း တစ်ချပ်ကို သယ်ယူပြီး ပြန်ဝင်လာစေ။)

မစံပယ်မွှေး။ (လင်ပန်းကို ဆက်တီစားပွဲပေါ်တင်ပေးလိုက် ပြီး) ဟောဒီမှာ သောက်စရာရော စားစရာ ရော။

ဂျင်မီလောင်း။ (အရက်ပုလင်းကိုယူ၍ဖွင့်ရင်း) ဟေး - မိန်းမ ထိုင်ဦးလေကွာ။ မိုက်ကယ်ဂျက်ဆင်ရုပ်တုကြီး က ဝါရှင်တန်မှာ အခမ်းနား အကြီးကျယ်ဆုံး လုပ်ထားတာကွ။ ကြည့်လိုက်ပါဦးကွ။

မစံပယ်မွှေး။ ဟင်းချက်ရအုံးမယ်လေ။ ဟိုမှာ တန်းလန်းကြီး။ ရှင်တို့ပဲကြည့်ကြပါ။ (မစံပယ်မွှေး ဗီဒီယို ပြကွက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အထဲ သို့ဝင်သွားစေ။)

(ဂျင်မီလောင်း၊ ဆီဇာလေ့တို့က အရက် သောက်၊ အမြည်းစားကြရင်း မိုက်ကယ်ဂျက်ဆင် ကားကို စိတ်ကျေနပ်စွာကြည့်ရှုနားထောင်နေ ကြစေ။

ပါပယ်လ်ဂျင်မီက မိုက်ကယ်ဂျက်ဆင်၏ သီချင်းဆိုသံများကို ၎င်း၏ကိုယ်ခန္ဓာကလေး တို့ပါ ယိမ်းထိုးလှုပ်ရှားလျက် အားရပါးရနား ထောင်ကြည့်ရှုနေစေ။)



ပါပယ်လ်ဂျင်မီ။ ဟာ - မိုက်ကယ်ဂျင်ဆင်အရုပ်ကြီးက အကြီး ကြီးပဲ။ ဟာအရမ်းကို တောက်ပြောင်တာပဲ။ မိုက်တယ်ဟေ့ မိုက်တယ်။

ဆီဇာလေ့။ အဲဒါ စိန်တွေနဲ့စီထားတာတဲ့ သမီးရဲ့။

ပါပယ်လ်ဂျင်မီ။ ဟုတ်လား - ဒါကြောင့်ကိုး၊ မျက်စိတွေတောင် ကျိန်းတယ်။ မိုက်ကယ်ဂျက်ဆင်ရဲ့ရုပ်အတိုင်းပဲ နော်။

ဟာ - လူတွေကလဲပြည့်ကျပ်နေတာပဲ။ စစ်တပ် တွေလဲပါတာကိုး။

ဆီဇာလေ့။ အဲဒါ - မိုက်ကယ်ဂျက်ဆင်ရဲ့ကိုယ်ပိုင် ကိုယ်ရံ တော်တပ်တွေပေါ့ သမီးရဲ့။

သူ့ကိုတွေ့ချင်တိုင်း တွေ့လို့မရဘူးလေ။

ဟော - ဟိုမှာတွေ့လား - - ကောင်မလေးတွေ မိုက်ကယ်ဂျက်ဆင်ကိုမတွေ့ရလို့ မူးမေ့လဲကျ သွားတာလေ။

ပါပယ်လ်ဂျင်မီ။ ဟယ် - ဟယ်ဟိုမှာကြည့်- ကြည့် ဟယ်လီကော့ ပတာကြီးက မိုက်ကယ်ဂျက်ဆင်ရဲ့ခြေထောက် နှစ်ချောင်းကြားကဖြတ်သွားတယ်။

ဂျင်မီလောင်း။ မိုက်ကယ်ဂျက်ဆင် သီချင်းဆိုတာလဲကြည့်စမ်း၊ ဒီပွဲမှာဖီး(လ်) အပြည့်နဲ့ဆိုထားတာနဲ့ တူတယ်။ သူ့အင်္ကျီတွေတောင်ဆွဲဖြဲပစ်တာ - သမီးတွေ့ လား။ အရမ်းကိုမိုက်တာ။

ပါပယ်လ်ဂျင်မီ။ ဟုတ်တယ်။ ဒယ်ဒီ။ ဟော - ဟော မိုက်ကယ် ဂျက်ဆင်ဝင်သွားပြီ။ ဟာ လူတွေလူတွေ - - လှိုင်းလုံးကြီးတွေကျနေတာပဲ။ ဟာ မိုက်ကယ်

ဂျက်ဆင်ပြန်ထွက်လာပြီ။ ဝတ်ရုံကြီးကလဲ လှလိုက်တာနော်။ စိန်တွေသီးနေတာပဲ။ မိုးပေါ်ကကျလာတဲ့ နတ်သားလေးအတိုင်းပဲနော်။

(ဂျင်မီလောင်း၊ ဆီအာလော့တို့က သောက်လိုက်စားလိုက်၊ မိုက်ကယ်ဂျက်ဆင်ကို ချီးကျူးပြောဆိုလိုက်နှင့်ရှိနေစဉ်၊ ပါပယ်လ်ဂျင်မီက လှုပ်လှုပ်ရွရွနှင့် ထလိုက်ထိုင်လိုက်၊ ကလိုက်နှင့် ရှိစေ။

တစ်ခါတစ်ရံ လက်ခုပ်တီးလိုက်၊ အော်ဟစ်လိုက်ရှိနေစေ။

မိုက်ကယ်ဂျက်ဆင်၏ သီချင်းသံများ အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်နေစေ။

(ထိုစဉ် - "ဟဲ့ - မွှေးတို့၊ ပါပယ်လ်တို့ရှိကြရဲ့လား" ဟု ပြောသံနှင့်အတူ၊ ဒေါ်စံ ဇာတ်စင်၏လက်ဝဲဘက်မှနေ၍ မြင်ကွင်းသို့ဝင်လာစေ။ ဒေါ်စံသည် ခရီးဆောင် လက်ဆွဲခြင်းငယ် တစ်လုံးကိုလက်တစ်ဖက်ကဆွဲလျက် အခြားတစ်ဖက်က စက္ကူလိပ်ကိုကိုင်ထားစေ။ အားလုံးက ဒေါ်စံကိုလှမ်းမြင်ကြစေ။)

ဂျင်မီလောင်း။ ဟာ-မာမီစံပါလား။ (မတ်တတ်ရပ်လိုက်ပြီး အတွင်းဘက်သို့အော်ပြောစေ) မွှေးရေ-မွှေးရေ ဟောဒီမှာ မာမီစံလာတယ်ဟေ့။

ပါပယ်လ်ဂျင်မီ။ (မတ်တတ်ရပ်လိုက်ပြီး၊ ဒေါ်စံထံပြေးဖက်စေ) ဘွားဘွားလာတယ်--ဘွားဘွားလာတယ်--(လက်ဆွဲပြီးခေါ်လာစေ။)



ခင်ဝယ်မွှေး။ (အပြေးကလေးထွက်လာပြီး) ဟောမေမေ ရွာက တစ်ယောက်တည်း လာတာလားဟင်။ ကြိုပြီး အကြောင်းလေး ဘာလေးများ ကြားပါလား မေမေရယ်။ ကားဂိတ်ကို သမီးတို့လာကြိုမှာပေါ့။ ဟဲ့ - - သမီးလေး ပါပယ်လ် ဘွားဘွားဆီက လက်ဆွဲခြင်းတော့ မယူဘူး။

ပါပယ်လ်ဂျင်မီ။ မာမီယူလိုက်လေ။ ပြီးတော့ မာမီဖဲသိမ်းမှာ မဟုတ်ဘူးလား။

ဒေါ်စံ။ ရပါတယ် ငါ့မြေးရယ်။

(ဂျင်မီလောင်းက အောက်စက်ကိုပိတ်လိုက်စေ။ မိုက်ကယ်ဂျက်ဆင်၏ ရုပ်တုဖွင့်ပွဲ ဗီဒီယို ပြကွက်ရပ်သွားစေ။ သီချင်းသံ၊ ဆူညံသံများ တိတ်ဆိတ်သွားစေ။)

(ဒေါ်စံ ဆက်တီသို့ဝင်လာပြီး လက်ဆွဲခြင်းကို ချလိုက်စေ။)

ပါပယ်လ်ဂျင်မီ။ ဘွားဘွား - သမီးဖို့ ဘာပါတုံး။

ဒေါ်စံ။ ဩော်-အေး၊ ပါတယ်-ပါတယ် (လက်ထဲမှာ ကိုင်ထားဆဲရှိနေသော စာရွက်လိပ်ကို မြှောက်ပြပြီး) ဟောဒီမှာ၊ မြေးလေးတို့အိမ်အတွက် ငါ့မြေးလေးအတွက် ဘွားဘွားအထူးယူလာတာ။

ပါပယ်ဂျင်မီ။ (အားတက်သရောပြောစေ။) ဟင်-ဘာကြီးလဲ ဘွားဘွား။

(အခန်းထဲရှိသူအားလုံးကလည်း ဒေါ်စံ ဖွင့်ပြတော့မည့် စက္ကူလိပ်ကို အာရုံစူးစိုက် ကြည့်နေကြစေ။)

ဒေါ်စံ။ (စက္ကူလိပ်ကို ရှိရှိသေသေဖြန့်လိုက်စေ။) ဟော ဒီမှာ - မြေးလေး ရှိခိုးဖို့။

(စက္ကူလိပ်ကိုဖြန့်လိုက်ရာ၊ ရောင်ခြည်တော်များ ကွန့်မြူးလျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၊ မတ်ရပ်ဗျာဒိတ်ပေးပုံတော် ကြည်ညိုဖွယ်ရာ ပေါ်လာစေ။)

ဒေါ်စံ။ ကဲ- ငါ့မြေးတွေပြီမဟုတ်လား။ မြေးလေးတို့ အိမ်မှာ ဘုရားပုံတော်ကြီးကြီးမရှိလို့ ဘွားဘွား ဒီပုံတော်ကို အထူးယူလာတာကွဲ့။

(ပါပယ်လ်ဂျင်မီသည် ရှေ့နားသို့တိုးကာ ဘုရား ပုံတော်ကို သေသေချာချာစိုက်ကြည့်နေစေ။ ကွက်ထိုးမီးဖြင့်ထိုးပြထားရမည်။ တစ်စုံတစ်ခု ကို စဉ်းစားသလိုတွေတွေကြီးဖြစ်နေရာမှ ပါပယ်လ်ဂျင်မီသည် ရုတ်တရက်ပြောလိုက်စေ။)

ပါပယ်လ်ဂျင်မီ။ ဟာ- ဒီ - ဒီဗိုင်းက မိုက်ကယ်ဂျက်ဆင်ရုပ်တု ကြီးလိုပဲ၊ မိုက်တယ်။

(ဒေါ်စံနှင့် မစံပယ်မွှေးတို့ အံ့အားသင့်ကာ မျက်လုံးပြူးနေကြစဉ်)

# ဖယောင်းရုပ် (၃) ဒုတိယတစ်ခန်းရပ်

## " ကြည်ညိုဖွယ်ရာ မြတ်ဗုဒ္ဓါ"

တစ်ခန်းရပ်ပြဇာတ်

**ပါဝင်သူများ**

၁။ ဒေါ်စံ - အသက် ၆၀ ခန့်အဘွား

၂။ မစံပယ်အေး - ဒေါ်စံ၏ သမီး၊ ကိုယဉ်မင်း၏ဇနီး အသက် ၃၀ ကျော်

၃။ ကိုယဉ်မင်း - မစံပယ်အေး၏ ခင်ပွန်း၊ မြန်မာ့ဂီတကို ဝါသနာပါသူအသက် ၃၅ နှစ်ခန့် ဝန်ထမ်း

၄။ ယဉ်ယဉ်အေး - ကိုယဉ်မင်းနှင့် မစံပယ်အေးတို့၏ အသက် ၁၀ နှစ်အရွယ် သမီးငယ်

**အပြင်အဆင်**

ရန်ကုန်မြို့ရှိတိုက်ခန်းတစ်ခန်း၏ အတွင်းဧည့်ခန်းရှေ့ချက်ကားနောက်ခံရှိရမည်။ အလယ်အလတ်တန်း ဝန်ထမ်းတစ်ဦး၏ နေအိမ်ခန်း အပြင်အဆင်မျိုး ပရိဘောဂများရှိရမည်။ အထူးသဖြင့် နောက်ခံကားတွင် မြန်မာ့ဓလေ့စရိုက်ကို ဖော်ပြသည့် အေးချမ်းငြိမ်သက်မှုကို ဖော်ဆောင်သည့်၊ အနုပညာဆန်သည့်ပန်းချီကားများကို ချိတ်ဆွဲထားဟန်ပါ ရှိရမည်။

မြန်မာ့စောင်းကောက်တစ်လက်ကို စားပွဲခပ်မြင့်မြင့်တစ်ခုပေါ်တွင် အမြင်လှပအောင်တင်ထားရမည်။ စောင်းကောက်၏ဘေးနားတွင် ရေဒီယိုကက်ဆက်တစ်လုံးရှိနေရမည်။ နံရံတွင် ထီး၊ ဦးထုပ်ချိတ်ရန် ပလတ်စတစ်ချိတ်တစ်ခုရှိနေမည်။
ကြည့်ပျော်ရှုပျော် ဆက်တီတစ်စုံရှိရမည်။
နံနက်စောစောပိုင်းအချိန် ခွင်ပြည့် မီးပေးထားရမည်။
(ရှေ့ဖုံးကားမဖွင့်မီ အဆိုတော်ကိုမင်းနောင်သီဆိုထားသည့် မြတ်ဘုရားရွှေတိဂုံသီချင်းကို ကက်ဆက်တွင်ဖွင့်ထားလျက်ရှိစေ။

"မြတ်ဘုရားရွှေတိဂုံ × လေးဆူဓာတ်တော်ခိုလှုံ
ရည်စူးလို့သာဖူးမြော်ပါကုန် × ခြောက်သွယ် မီးရေ
ပြည့်စုံ × ကျွန်းဇမ္ဗူမှာ အံ့ချီး၍မကုန် ×
သိင်္ဂုတ္တရ တောင်သေလာမှာ × များဝေနေယျာ
သဒ္ဒါပွားဖို့ ထင်ရှားစွာပဲကြုံ × တည်ထား ဓာတု
စေတီ × မွေသရီဓာတ်ပေါင်းစုံ × ကျွန်းဇမ္ဗူမှာ
အံ့ချီး၍မကုန်"
၎င်းအပိုဒ်အရောက်တွင် - )

(ရှေ့ဖုံးကားဖွင့်)

(ရှေ့ဖုံးကား ဖွင့်လိုက်ချိန်တွင် ဝတ်ကောင်းစားလှဖြင့် မစံပယ်အေးနှင့် ယဉ်ယဉ်အေးတို့သားအမိသည် အလှူအတန်းမှ ပြန်လာသည့်ဟန်ဖြင့် ပလတ်စတစ်ချိတ်ရှေ့တွင် မတ်ဝတ်ရပ်လျက်ရှိပြီး၊ မစံပယ်အေးက ခေါက်ထီးကို စနစ်တကျပြန်ခေါက်လျက် ချိတ်တွင်ချိတ်စေ။ ပြီးနောက် ယဉ်ယဉ်အေးဆောင်းထားသော ဦးထုပ်ကိုချွတ်ယူပြီး၊



ချိတ်တွင် ချိတ်ပေးလိုက်စေ။ ယဉ်ယဉ်အေးသည် ဂါဝန်အသစ်ကလေးဝတ်ဆင်ထားပြီး လက်ထဲတွင်ကြေးခေါင်းလောင်းကလေးကို ကိုင်ထားစေ။
ကိုယဉ်မင်းသည် ဆက်တီတွင်ထိုင်လျက် ဇနီးမစံပယ်အေးနှင့် သမီးယဉ်ယဉ်အေးတို့အား ပြုံး၍ကြည့်နေစေ။
ကက်ဆက်မှ မြတ်ဘုရားရွှေတိဂုံသီချင်းသံလည်း ဆက်လက်၍ ထွက်ပေါ်လျက်ရှိစေ။)

မစံပယ်အေး။ (ထီးနှင့်ဦးထုပ်ကိုချိတ်ပြီးနောက် ကိုယဉ်မင်းသို့ လှမ်းကြည့်ပြီး)
အစ်ကိုက မြတ်ဘုရားရွှေတိဂုံသီချင်းဖွင့်လိုက်တာ၊ အေးတို့ရွှေတိဂုံဘုရားဝင်ခဲ့တာသိလို့လား။
(ပြောရင်းနှင့် ဆက်တီတွင်ဝင်ထိုင်လိုက်စေ။ ယဉ်ယဉ်အေးကလည်း ကိုယဉ်မင်းအနီးသွားထိုင်စေ။)

ကိုယဉ်မင်း။ သိတာပေါ့အေးရဲ့။ (ယဉ်ယဉ်အေးလက်ထဲမှ ကြေးခေါင်းလောင်းကလေးကို လှမ်းယူကာ ခေါင်းလောင်းသံလေးများ ထွက်လာအောင် ကိုင်လှုပ်ပြရင်း) ဟောဒီခေါင်းလောင်းလေးတွေက ရွှေတိဂုံစောင်းတန်းမှာပဲ ရောင်းတာလေ။ အေးတို့သားအမိဝင်လာကတည်းက ဒါကိုသတိပြုမိလို့၊ ကိုမင်းနောင်ဆိုထားတဲ့ မြတ်ဘုရားရွှေတိဂုံသီချင်းကို ကက်ဆက်မှာချက်ချင်းထည့်ဖွင့်လိုက်တာ။ အေးတို့သားအမိပြုခဲ့တဲ့ ကုသိုလ်ကို အစ်ကိုကလဲ သာဓုခေါ်ပါတယ်ဆိုတဲ့ သဘောပေါ့ဗျာ- ဟဲ- ဟဲ။ (ပြုံးပြုံးကြီးလုပ်နေစေ။)

ယဉ်ယဉ်အေး။ ဖေဖေက သိပ်ပိုင်တာပဲ။

မစံပယ်အေး။ ဟုတ်တယ်အစ်ကိုရေ။ အခုသွားတဲ့ သူငယ်ချင်းရဲ့ အလှူက ဗဟန်းမှာဆိုတော့၊ ရွှေတိဂုံဘုရားကြီးကိုတက်ပြီး ဖူးခဲ့တာပါ။ ကြုံတာနဲ့ အဲဒီကြေးခေါင်းလောင်းကလေးပါဝယ်ခဲ့တာ။ အိမ်အဝင်မှာ ချိတ်ထားရင် ကျက်သရေမင်္ဂလာရှိတယ်လို့ပြောကြလို့။

ကိုယဉ်မင်း။ ကောင်းတာပေါ့အေးရယ်။

မစံပယ်အေး။ အစ်ကိုရော လက်ဖက်ရည်သောက်ပြီးပြီလား။ ဒီနေ့ရုံးပိတ်ရက်၊ ဘယ်မှသွားစရာမရှိဘူးမဟုတ်လား။

ကိုယဉ်မင်း။ လက်ဖက်ရည်နဲ့ မုန့်စားပြီးပါပြီအေးရဲ့။ ဘယ်မှလဲသွားစရာမရှိပါဘူး။ သီချင်းတက်ဖို့အတွက် ဆရာဦးအောင်ခိုင်ကို ဒီမှာချိန်းထားတယ်။

ယဉ်ယဉ်အေး။ (ကက်ဆက်မှ မြတ်ဘုရားရွှေတိဂုံသီချင်းသံကို နားစိုက်ထောင်နေရင်းမှ) ဖေဖေ- ဖေဖေ ဒီသီချင်းထဲမှာ သမီးတို့အခုဖူးခဲ့တဲ့ ရွှေတိဂုံဘုရားကြီးရဲ့အကြောင်းတွေ အကုန်ပါတယ်နော်။

ကိုယဉ်မင်း။ ပါတာပေါ့သမီးရဲ့၊ တဖုဿနဲ့ဘလ္လိကကုန်သည်ညီနောင်တို့က ဂေါတမမြတ်စွာဘုရားရဲ့ ဆံတော် (၈) ဆူကိုရရှိလာတာကအစ၊ အဲဒီဆံတော် (၈) ဆူရယ် ကဿပဘုရားရှင်ရဲ့ ရေသနုပ် သင်္ကန်းတော်၊ ကောဏာဂုံဘုရားရှင်ရဲ့ ရေစစ်တော်၊ ကကုသန် ဘုရားရှင် ရဲ့ တောင်ဝှေးတော်တို့ပါ ဌာပနာပြီး ရွှေတိဂုံဘုရားကြီးကိုတည်ခဲ့တာ၊ ဒါကြောင့်လဲ လေးဆူဓါတ်ပုံ ရွှေတိဂုံလို့ ခေါ်ဝေါ် ကြတဲ့ အကြောင်းတွေ သီချင်းထဲမှာ ပါတယ်လေ။



ယဉ်ယဉ်အေး။ ဒီလိုဆို အဲဒီသီချင်းရရင်၊ ရွှေတိဂုံဘုရားကြီးရဲ့အကြောင်းကို သိတာပေါ့နော်ဖေဖေ။

ကိုယဉ်မင်း။ ဟုတ်တာပေါ့သမီးရဲ့။

ယဉ်ယဉ်အေး။ ဖေဖေ-ဖေဖေ အဲဒီသီချင်းထဲက ခြောက်သွယ်မီးရေပြည့်စုံဆိုတာဘာလဲဟင်။ ရွှေတိဂုံဘုရားကြီးပေါ်မှာ မီးတွေထွန်းတာ၊ ရေတွေလောင်းတာကို ပြောတာလား။

ကိုယဉ်မင်း။ သြော်- အဲဒါက မီးထွန်းညှိပူဇော်တာ၊ ရေသွန်းလောင်းပူဇော်တာကို ဆိုလိုတာမဟုတ်ဘူးသမီးရဲ့။ ဗုဒ္ဓမြတ်စွာဘုရားဟာ မီးတွေဖြာထွက်ပြီး တန်ခိုးပြာဋိဟာပြနိုင်တာ၊ ရေတွေဖြာထွက်ပြီး တန်ခိုးပြာဋိဟာပြနိုင်တာရယ်၊ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်ဟာ ခြောက်သွယ်ရှိတာရယ်ကို ဆိုလိုတာကွဲ့။ ကဲကဲ- မြတ်စွာဘုရားရဲ့ ရောင်ခြည်တော် ခြောက်သွယ်အကြောင်းကို ရေးဖွဲ့ထားတဲ့ ခေတ်ဟောင်းတေးသီချင်းတစ်ပုဒ်ကို ဖေဖေ စောင်းနဲ့တီးပြမယ်။ (စောင်းကော့က်ကိုယူရန် ထစေ။ ကက်ဆက်ကိုပိတ်လိုက်စေ။)

မစံပယ်အေး။ ကဲ- သားအဖနှစ်ယောက် သီချင်းတီးကြဦး။ မေမေတော့ အဝတ်အစားလဲပြီး ထမင်းချက်

လိုက်ဦးမယ်။ (ထမည်ပြုစေ။)

ကိုယဉ်မင်း။ အို- အေးက ဆိုပေးဦးမှပေ့ါ။ ဒါမှလဲ သမီးလေးက သီချင်းထဲ ရေးထားတဲ့အဓိပ္ပါယ်ကို သိမှာ။ ခဏလေးပါကွာ။ (စောင်းကောက်ကို အသာအယာယူလိုက်စေ။)

မစံပယ်အေး။ ဘာသီချင်းဆိုရမှာလဲ အစ်ကိုရဲ့။

ကိုယဉ်မင်း။ စိန်ပါတီရဲ့ "ရောင်တော်ဖွင့်" သီချင်းလေ။

မစံပယ်အေး။ (စောင်းကောက်တင်ထားသော စားပွဲပေါ်မှ စည်းနှင့်ဝါးကို လှမ်းယူပြီး၊ ဆက်တီတွင် ပြန်ထိုင်စေ။) ကဲ ဆိုပ့ါမယ်ရှင်။ (ကိုယဉ်မင်း စောင်းကောက်ကို ကြိုးများ- ညှိစေ။ လက်သံစမ်းစေ။ စောင်းသံများ သာယာစွာထွက်ပေါ်လာစေ။)

ကိုယဉ်မင်း။ ကဲ သီချင်းစမယ်။ သမီးလေး သေသေချာချာ နားထောင်နော်။ (ကိုယဉ်မင်းက အသံပြစေ။ မစံပယ်အေးက ရောင်တော်ဖွင့် သီချင်းကိုစတင်သီဆိုစေ။ သီချင်းသီဆိုတီးခတ်သံများ သာယာကြည်နူးစဖွယ်ထွက်ပေါ်လာစေ။)

" စိန်ဝဇီ သိင်္ဂီရောင်အသွေး အစဉ်တွေးပါရ ပကတိမြင်လာမည်၊ ဩဘာဝင်အေးစရာပမဏ်ကဥ္စနာအညီ၊ ဝတီဆောင်အမီ ထိန်ပြောင်ကြည် စိန်ရောင်ခြည် နေတန္ထုန်းသို့ ရွှေဘုန်းတော် အသရေ မဆုံးပါတဲ့ သုံးလောက ပရမေ အရှင်ကိုရည်၊ လက်ဆယ်ဖြာ ထိပ်မှာမိုးပါလို့ ရှိခိုးပူဇော် ဖူးမြော်ပါတော့သည် (ရောင်ခြည်တော်တွေစုံအညီ အံ့ဖွယ်ရာ ချီးကျူးလို့အထူး ပင်မဆုံးတော့သည်)၂ (စာအဆို ဖြာညို ရောင်ခြည် ညို့ညို့မှိုင်းမှိုင်း ရှုတိုင်း မဝနိုင်ပြီ)၂ (မြသားကုန္ဒနီ သိင်္ဂီရောင်အဆင်း လို စံမယွင်းတူညီ မှန်ကင်း ဇမ္ဗူဒီ)၂ ဆံတော်ထက်မှာ ပေါ်ထွက်ပြီ၊ မျက်တောင်တော်ဆီ မျက်မှောင်တော်ဆီ အံ့ဖွယ်ကောင်းတဲ့ ညိုမောင်းသော ရောင်ခြည် ×××× လက်ယာနားက ရေအလျှံစီး လက်ဝဲနားက ရွှေသဏ္ဍာန်မှီး၊ လက်ယာနှာခေါင်းတော်က မြကွန်းဆောင်အညီ၊ လက်ဝဲနှာခေါင်းတော်က လဝန်းရောင်ခြည် (ညိုသောရောင်ခြည်ရွှေသောရောင်ခြည်၊ နီသောရောင်ခြည်၊ ဖြူသောရောင်ခြည်၊ ကြည်ညိုဖွယ်ကောင်းလိုက်ပါတဲ့မောင်းသောရောင်ခြည်)၂ ပြိုးပြိုးပြက်ပြက် တခဲနက်သည့် ရောင်ခြည်တော်စုံညီ ကြည်နူးလို့သာ ဦးခိုက်မည်၊ မီးရေတောက်ပွား ခြောက်ပါးသောရောင်ခြည် ××× (ရွှေဘုန်းတော်ရောင်ခြည် ခြောက်ရောင်ကွန့်မြူးသည် တန်ခိုးတော်အနန္တ ပြည့်စုံလှသည်၊ ဆယ်ဖြာရည်စူး ကြည်နူးမည်)၂ နေ့တိုင်းစွဲမြဲကြသည်၊ ညတိုင်းစွဲမြဲကြသည်၊ ငါးဖြာအဥ္စလီတင်ချီသမည်)၂ စောဗုဒ္ဓမြတ်ဘုရား တန်ခိုးတော် အားနဲ့အညီ၊ ဖူးမဝပြီ ထူးလှတဲ့ ရောင်စုံခြည် ×××

(အတီးပိုဒ်)

(အုံ့ဖွယ်ထူးထူး ကွန့်ကာမြူးကြ ကြည်နူးဖွယ်ရာ ရှိဦးချီ၊ နီလ ပီတ လောဟိတနဲ့ ဩဒါတ စုံညီ မဥ္ဇိဋ္ဌနဲ့ ပဘဿရယုန်စက်ဘွေ ဂုဏ်ကျက်သရေစုံညီ)၂ ကြည်ညိုဖွယ်ကောင်းလေသည်၊ တကာယ့်ကိုပဲပြောင်းနွဲ့ ညိုမောင်းပါတဲ့ ရောင်ခြည်တော်သည်၊ တရာ့ရှစ်ကွက်ညီ စက်မြတ်တော်မှသည်၊ ဆံဖျားတော်တိုင်အောင် အံ့ဖွယ်ရာဆောင်သည် မြူးကွန့်တင့်တယ်ပါပေသည် × × ×

(သီချင်းအဆုံးသတ်သည်နှင့်တစ်ပြိုင်တည်း၊ အပြင်ဘက်မှ-"မြေးလေးရေ ယဉ်ယဉ်အေးရေ" ဟု အသံခပ်ကျယ်ကျယ်ခေါ်သံ ထွက်ပေါ်လာစေ။ မရှေးမနှောင်းပင် ဒေါ်စံ ဇာတ်စင်၏ လက်ဝဲဘက်မှ မြင်ကွင်းသို့ဝင်လာစေ။ လက်တစ်ဖက်က လက်ဆွဲခြင်း၊ တစ်ဖက်က စက္ကူလိပ်ရှည်ရှည်တစ်ခု ကိုင်လာစေ။)

ကိုယဉ်မင်း၊ မစံပယ်အေး။ (ပြိုင်တူ) ဟော - မေမေပါလား။

ယဉ်ယဉ်အေး။ ဘွားဘွားလာတယ်ဟေ့။

(ပြိုင်တူပင် ထလိုက်စေ။ ကိုယဉ်မင်းက စောင်းကောက်ကို စားပွဲပေါ်ရှိ စောင်းတင်ခုံသို့ သွားတင်စေ၊ မစံပယ်အေးက မိခင်ဒေါ်စံထံ သွားကြိုစေ၊ ယဉ်ယဉ်အေးက အဘွားဒေါ်စံထံ ပြေး၍ လက်ကိုတွဲရင်း ဒေါ်စံ၏လက်ထဲမှ ဆွဲခြင်းကိုယူစေ၊ ဒေါ်စံက ယဉ်ယဉ်အေးကို ပွေ့ချီ၍နမ်းရှုပ်စေ၊



မစံပယ်အေးက ယဉ်ယဉ်အေးလက်ထဲမှ ဆွဲခြင်းကိုယူကာ ဒေါ်စံအား အခန်းထဲသို့ ခေါ်ယူလာစေ။)

မစံပယ်အေး။ မေမေကလဲ လာမယ်ဆို၊ ကြိုပြီးအကြောင်းကြားရောပေါ့။

သမီးတို့ကားဂိတ်ကိုလာကြိုမှာပေါ့။ မေမေ တစ်ယောက်တည်းရှာကလာတာ၊ တော်ကြာ လမ်းမှာ မူးနေမှဖြင့်။

ဒေါ်စံ။ အောင်မာ-ငါ့များ အိုမင်းမစွမ်းကြီးထင်လို့လား။ ငါက ညီးတို့ထက်တောင်ကျန်းမာသေး။ မဟုတ်ဘူးလား မြေးလေးရယ်၊

ယဉ်ယဉ်အေး။ ဟုတ်တယ်-ဟုတ်တယ်။ (ဒေါ်စံအား ဖက်ရမ်းနမ်းရှုပ်စေ။ ဒေါ်စံ ပြုံးပြုံးကြီးဖြစ်နေစေ။ ပြီးမှ)

ဒေါ်စံ။ ကဲ- ငါ့မြေးလေးကို ပေးဖို့ ဘွားဘွားအထူးယူလာတာရှိတယ်။ မြေးလေး ခဏဆင်းဦး။ (ယဉ်ယဉ်အေးကို ချီထားရာမှ အောက်သို့ချစေ။)

ယဉ်ယဉ်အေး။ ဘွားဘွား - ဘာပေးမှာလဲဟင်။

ဒေါ်စံ။ ဘွားဘွားပေးမှာကတော့ ဟော့ဒီဟာပဲ မြေးလေးရဲ့။

(လက်တစ်ဖက်တွင်ကိုင်ထားသော စက္ကူလိပ်ကို ထောင်ပြစေ။) ပထမတော့ ဒီစက္ကူလိပ်အတိုင်း မြေးတို့ကိုပေးဖို့ ယူလာတာ။ ဒါပေမယ့် ဒီရောက်တော့စက္ကူလိပ်ကို ဘွားဘွား ဒီအတိုင်း

မပေးချင်ဘူး။ အသက်ဝင်တဲ့စက္ကူအဖြစ် ပေးချင်လာတယ်။

မစံပယ်အေး။ မေမေ ဘယ်လိုပြောလိုက်တယ်။ အသက်ဝင်တဲ့စက္ကူ ဟုတ်လား။

ဒေါ်စံ။ ဟုတ်တယ်ကွဲ့။ မေမေ- သမီးတို့အိမ်ရှေ့ခြံထဲ ရောက်နေတာကြာပြီ။ သမီးတို့တစ်တွေ ရောင်တော်ဖွင့်သီချင်းကို စတီးတဲ့အချိန် လောက်ကပဲ။ ဒါနဲ့ ခြံထဲက ခုံတန်းလေးပေါ်မှာ ထိုင်နားထောင်နေတာလေ။ သီချင်းဆုံးတော့မှ မေမေအိမ်ထဲကိုဝင်လာတာ။

ကိုယဉ်မင်း။ ဩော်-ဒီလိုလား။ မေမေက သားတို့ တီးကြဆိုကြတာတွေကို နားငြီးမှာစိုးလို့ ဝင်မလာတာလားဟင်။

ဒေါ်စံ။ ဘယ်ဟုတ်မလဲကွဲ့၊ သီချင်းသံက နားထဲမှာကြည်နူးလွန်းလို့ မေမေဝင်လာရင် သီချင်းပျက်မှာစိုးလို့ပါ။

ယဉ်ယဉ်အေး၊ ဘွားဘွားပေးမယ့် အသက်ဝင်တဲ့စက္ကူဆိုတာ ဘယ်လိုလဲဟင်၊ ဘွားဘွား။ ပေးတော့လေ၊ သမီး မြင်ချင်လှပြီ၊

ဒေါ်စံ။ ကဲ ပေးမယ် - ပေးမယ်။ သား မောင်ယဉ်မင်းနဲ့ သမီးအေးတို့က ခုနက ရောင်တော်ဖွင့်သီချင်း အစပိုဒ်ကလေးကို တီးပေးဆိုပေးကြပါကွယ်။

(ကိုယဉ်မင်းနှင့် မစံပယ်အေးတို့ အံ့ဩသောမျက်နှာများဖြင့် ကိုယဉ်မင်းက စောင်းကောက်ကိုယူစေ၊ မစံပယ်အေးက စည်းဝါးကိုင်စေ။



ကုလားထိုင်ပေါ်ပြန်ထိုင်ကြစေ။ ဒေါ်စံက စက္ကူလိပ်ကို အသင့်မြှောက်၍ကိုင်ထားစေ။ ယဉ်ယဉ်အေးက မည်သို့တွေ့မြင်ရမည်ကို မျှော်လင့်တကြီး စောင့်နေစေ။)

(ကိုယဉ်မင်းနှင့် မစံပယ်အေးတို့က ရောင်တော်ဖွင့်သီချင်းအစပိုဒ်ကို တီးဆိုကြစေ။)

" စိန်ဝဇီရသဂီရောင်အသွေး အစဉ်တွေးပါရ၊ ပကတိမြင်လာမည်၊ ဩဘာဝင်အေး စရာပမဏိကဥ္စနာအညီ၊ ဝတိ ဆောင်အမီ၊ ထိန်ပြောင်ကြည် စိန်ရောင်ခြည် နေတနှုန်းသို့ ရွှေဘုန်းတော် အသရေမဆုံးပါတဲ့၊ သုံးလောကပရမေအရှင်ကိုရည် လက်ဆယ်ဖြာထိပ်မှာ မိုးပါလို့ ရှိခိုးပူဇော်ဖူးမြော်ပါတော့သည်။"

ငင်းအပိုဒ်ဆုံးခါနီးတွင် ဒေါ်စံက ၎င်းလက်တွင် အသင့်ကိုင်ထားသောစက္ကူကို အသာအယာ ဖြန့်လိုက်စေ။ ပရိသတ်ပါမြင်အောင် ကွက်ထိုးမီးဖြင့် ထိုးပြရမည်။

ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးနေသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ မတ်ရပ်ပုံတော်ကြီးမှာ ကြည်ညိုဖွယ်ရာပေါ်လာစေ။

သီချင်းပိုဒ်ဆုံးသည်နှင့် တစ်ပြိုင်နက် ယဉ်ယဉ်အေးသည်မတ်တတ်ရပ်လျက် ရှိရာမှကြမ်းပြင်ပေါ်သို့ ကျုံ့ကျုံ့လေးထိုင်ချလိုက်ပြီး လက်အုပ်ချီ လိုက်စေ။)

ယဉ်ယဉ်အေး။ ဘွားဘွားရယ် - သမီးတို့ ဘုရားရဲ့ပုံတော်က ရောင်ခြည်တော်တွေ ကွန့်မြူးနေတာဟာ ခုန မေမေတို့ဆိုတဲ့ သီချင်းထဲက အတိုင်းပဲနော်။ အရောင်တွေက တဖျတ်ဖျတ်နဲ့ ကြည်ညိုစရာ ကောင်းလိုက်တာ။

ဒေါ်စံ။ အသက်ဝင်လှုပ်ရှားနေသလို မထင်ရဘူး လားကွဲ့။

ယဉ်ယဉ်အေး။ ဟုတ်တယ်ဘွားဘွားရဲ့၊ အသက်ဝင်နေသလို ပဲနော်။

ဒေါ်စံ။ ဘွားဘွားပြောတဲ့၊ အသက်ဝင်တဲ့စက္ကူဆိုတာ ဒါပေါ့မြေးလေးရဲ့။

ယဉ်ယဉ်အေး။ ဟုတ်တယ် ဟုတ်တယ် - - -
အသက်ဝင်တဲ့စက္ကူ။

ကိုယဉ်မင်း။ (စောင်းကောက်ကို နေရာတကျ ပြန်ထားလိုက်ပြီး၊ စိတ်ရွှင်လန်းစွာဖြင့်) ကဲ - ကဲ အသက်ဝင်နေတဲ့ ရှင်တော်မြတ်ဘုရားရဲ့ ပုံတော်ကိုရှိခိုးကြရအောင်။

(ကိုယဉ်မင်း၊ မစံပယ်အေးနှင့်ယဉ်ယဉ်အေးတို့ ဘုရားပုံတော်ကို ရိုသေစွာရှိခိုးဦးချလိုက်ကြစေ။)

(ရှေ့ဖုံးကားပိတ်)

# သံသွန်းရုပ်

ပြဇာတ်

# သံသွန်းရုပ်

ပြဇာတ်

## စင်တင်အမှာ

စင်တင်အမှာ(၁)

ဤပြဇာတ်ကို စင်တင်ကပြသည့်အခါ ဇာတ်ဆရာ (သို့မဟုတ်) ဇာတ်စီစဉ်သူသည် အရှည် တစ်ထွာခန့်၊ အမြင့် တစ်မိုက်ခန့်ရှိသော ကနုတ်ပန်း အနုအလှ မြန်မာ့ဓလေ့ ခြင်္သေ့ရုပ် တစ်ခုကိုလှပ ဘင့်တယ်စွာ ဟန်ပါပါ ပွေ့ပိုက်ကာ ရှေ့ဖုံးကားရှေ့သို့ထွက်၍ အောက်ပါစကားအစဉ်ကို ဦးစွာပြောကြားရန်ဖြစ်ပါ၏-

ရွှေပွဲလာ ညည့်ပရိသတ်များခင်ဗျား။

အခု " သံသွန်းရုပ် " ပြဇာတ်ကို စတင်၍ တင်ဆက်ပါတော့မယ်။ ဒီပြဇာတ်ကိုမတင်ဆက်မီ ရွှေပွဲလာပရိသတ်ကို ဟောဒီခြင်္သေ့ရုပ်ကလေးအကြောင်း ပြောပြလိုပါတယ်။

တစ်ခါက ကျွန်တော့်အိမ်အနားမှာ သက်နှင်းရည်ဆိုတဲ့ ဥပဒေအရာရှိအမျိုးသမီးကလေးတစ်ဦး နေထိုင်ခဲ့ပါတယ်။ သူဟာ တစ်ဦးတည်း အိမ်ငှားနေထိုင်ခြင်းဖြစ်ပါတယ်။

အဲဒီ ဥပဒေအရာရှိမကလေးဟာ ထူးခြားတဲ့အပြုအမူတစ်ခုကို နေ့တိုင်းပြုတာကို အိမ်နီးနားချင်းဖြစ်တဲ့ ကျွန်တော်သတိပြုမိခဲ့ပါတယ်။ သူ့မှာ သံနဲ့သွန်းလုပ်ထားတဲ့ မြန်မာဆန်ဆန် ကနုတ်ပန်း အနုအလှ မြန်မာ့ဓလေ့ ခြင်္သေ့ရုပ်တစ်ရုပ်ရှိပါတယ်။ အဲဒီခြင်္သေ့ရုပ်

လှုလှုလေးကို သူ့အိမ်ဧည့်ခန်းမှာ လှပတဲ့ခုံမြင့်ကလေးပေါ် ကတ္တီပါ အခင်းလေးနဲ့ တင့်တင့်တယ်တယ် ထားရှိပါတယ်။

ဥပဒေအရာရှိ မလေးဟာ အဲဒီခြေသုံ့ရုပ်ကလေးကို ရုံးသွားခါနီးတိုင်း၊ ရုံးဆင်းလာတဲ့အခါတိုင်း ယုယုယယ ပွတ်တိုက်သန့်ရှင်းပေးတာ တွေ့ရပါတယ်။ ရုံးပိတ်ရက်တွေမှာလဲ မနက်တစ်ခါ ညတစ်ခါ ပြုမြဲပါပဲ။

အဲဒီလိုထူးခြားတဲ့ အပြုအမူနဲ့ ပတ်သက်ပြီး၊ သူနဲ့ခင်မင်လာတဲ့အခါ ကျွန်တော်မေးကြည့်မိတော့မှ၊ အလွန်တရာ ကြေကွဲစရာကောင်းလှတဲ့ သူ့ဇာတ်လမ်းလေးကိုသိခဲ့ရပါတယ် ---။

အခုတင်ဆက်မယ့် " သံသွန်းရုပ် " ပြဇာတ်ဟာဖြင့် ဟောဒီခြေသုံ့ရုပ်ကလေးရဲ့ပိုင်ရှင် ဥပဒေအရာရှိမလေး- သက်နှင်းရည်နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းလေးဖြစ်ကြောင်းပါ --

ရွှေပွဲလာ ဧည့်ပရိသတ်များခင်ဗျား။

ရှုစားတော်မူကြပါ ------။

<u>စင်တင်အမှာ(၂)</u>

ဤပြဇာတ်ကိုစင်တင်ကပြသည့်အခါ၊ အချိန်ကာလ ကွာခြားချက်အရ၊ မိုးမြင့်ခေါင် ဇာတ်ရုပ်ကို အသက်အရွယ်အလိုက် အောက်ပါအတိုင်း သရုပ်ဆောင်များထားသင့်ပါသည်-

(က) အခန်း-၂၊ ၃၊ ၅၊ ၆ = ၅နှစ် ၆နှစ်အရွယ် ကလေးသရုပ်ဆောင်

(ခ) အခန်း- ၉ = ၁၀ နှစ်အရွယ် ကလေးသရုပ်ဆောင်

(ဂ) အခန်း- ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၂၊ ၃၄၊ ၃၅၊ = အသက် ၁၆ နှစ်မှ ၂၈ နှစ်အတွင်း လူငယ်၊ လူရွယ်သရုပ်ဆောင် (အသက်အရွယ်ကြီးရင့်လာမှုကို မိတ်ကပ်ဖြင့် ဖန်တီးရန်ဖြစ်ပါသည်။)



# " သံသွန်းရုပ်ပြဇာတ် "

<u>ဇာတ်ဆောင်များ</u>

၁။ ဦးဆွေမြင့် - ခရိုင်ဝန်ရုံးစာရေး/အင်း အင်စပက်တော်/ ငါးလုပ်ငန်းဦးစီးမှူး/ စီးပွားရေးလုပ်ငန်းရှင်

၂။ ဒေါ်ခင်မိုး - ဦးဆွေမြင့်၏ဇနီး/အခွန်ရုံးစာရေး

၃။ မိုးမြင့်ခေါင် - ဦးဆွေမြင့်၊ ဒေါ်ခင်မိုးတို့၏ တစ်ဦးတည်းသောသား

၄။ သက်နှင်းရည် - မိုးမြင့်ခေါင်၏ သူငယ်ချင်း/ချစ်သူ

၅။ ခက်ခက်ဇာခြည် - RESTAURANT တွင် သီဆိုဧည့်ခံရင်း မိုးမြင့်ခေါင်နှင့် ငြိစွန်းသူ

၆။ ဦးဖေမြင့် - ဦးဆွေမြင့်၏အစ်ကို

၇။ ဒေါ်နှင်းမြိုင် - ဦးဖေမြင့်၊ ဦးဆွေမြင့်တို့၏ မိခင်

၈။ စိုးသန်း (ငစိုး) - ဦးဖေမြင့်၊ ဦးဆွေမြင့်တို့၏ ဝမ်းကွဲညီငယ်

၉။ မောင်ဦး - ရုံးလုလင်

၁၀။ မေသဇင် - မိုးမြင့်ခေါင်နှင့် သက်နှင်းရည်တို့၏ ငယ်သူငယ်ချင်း

၁၁။ ဦးဟန်မြအောင် - ဦးဆွေမြင့်၏ စီးပွားရေးလုပ်ငန်းမိတ်ဆွေ

၁၂။ ဦးတင့်လူ - - ၎င်း -

၁၃။ မုံလာဥ (ခေါ်) မောင်လှဦး - မိုးမြင့်ခေါင်၏ သူငယ်ချင်း/ စီးပွားရေးလုပ်ငန်း ကူဖော်လောင်ဖက်

၁၄။ ဦးရှိန် - မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်

၁၅။ ဦးဘအောင် - မြို့နယ်ပါတီယူနစ်ကော်မတီဝင်

၁၆။ ဒေါ်စိန်မြိုင် - ဒေါ်နှင်းမြိုင်၏ညီမ

၁၇။ ဦးငြိမ်း - ဒေါ်နှင်းမြိုင်၏မောင်

၁၈။ ဒေါ်သန်းမြ - အထက၊ ကျောင်းအုပ်ဆရာမကြီး

၁၉။ ဒေါ်စန်းစန်းရီ - မိုးမြင့်ခေါင်၏ ပဉ္စမတန်းသင်ဆရာမ

၂၀။ ဒေါ်စုစု - ဦးဆွေမြင့်၏ ငယ်သူငယ်ချင်း/ ကျောင်းဆရာမ

၂၁။ ဖွေးဖွေး - RESTAURANT တွင် သီဆိုဖျော်ဖြေသူ

၂၂။ နွေးနွေး - - ၎င်း -

၂၃။ ဦးစိန် - ရေလုပ်ငန်းရှင်

၂၄။ မစ္စတာတွာ - ငါး၊ ပုစွန်များဝယ်ယူ အေးခဲပြီး နိုင်ငံခြားတင်ပို့လုပ်ငန်းကြီး လုပ်ကိုင်သူ

၂၅။ ဇော်ဇော်ခိုင် - မစ္စတာတွာ၏မန်နေဂျာ

၂၆။ ဇီးကွက် - မိုးမြင့်ခေါင်၏ ပျော်ဖော်ပျော်ဖက်

၂၇။ ဇရက် - - ၎င်း -

၂၈။ စာကလေး - မိုးမြင့်ခေါင်၏ ပျော်ဖော်ပျော်ဖက်

<u>အခြားဇာတ်ဆောင်များ</u>

၁။ - ခရိုင်ဝန်



၂။ - မြို့မဝန်ထောက်ကြီး

၃။ - နယ်ပိုင်ဝန်ထောက်

၄။ - ခရိုင်ဝန်ရုံးစာရေးချုပ်

၅။ - ငါးခိုးထောင်သူများ

၆။ - ရွာသူကြီး

၇။ - ငါးလုပ်ငန်းဦးစီးဌာန စာရေးများ

၈။ - ကျေးရွာဥက္ကဋ္ဌ

၉။ - ရွာသားများ

၁၀။ - မိုးမြင့်ခေါင်၏ ပထမတန်းသင်ဆရာမ

၁၁။ - ဖဲရိုက်ဖက် အမျိုးသမီးကြီး (၂) ဦး

၁၂။ - ဒေါ်ခင်မိုး၏အိမ်ဖော်

၁၃။ - ဧည့်ခံပွဲပရိသတ်

၁၄။ - RESTAURANT ဧည့်ကြိုများ၊ စားပွဲထိုးများ

၁၅။ - ဒေါ်ခင်မိုး၏မိတ်ဆွေ စာရေးများ

၁၆။ - ခက်ခက်ဇာခြည်၏အလုပ်တူ အပေါင်းအသင်းအမျိုးသမီး

၁၇။ - ရွှေဖိုးခေါင်အဝယ်ဒိုင် လုပ်သားများ

၁၈။ - ဦးပဥ္စင်း (၅) ပါး

၁၉။ - တရားသူကြီး

၂၀။ - ဥပဒေအရာရှိ

၂၁။ - ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များ

၂၂။ - ရှေ့ဖတ်စာရေး

## အခန်း (၁)

ကာလ။ ၁၉၇၀ ပတ်ဝန်းကျင်။
နေရာ။ မြစ်ဝကျွန်းပေါ်ဒေသ၊
ခရိုင်မြို့ (----------- မြို့)၊ ခရိုင်ဝန်ရုံးခန်း။
အချိန်။ ရုံးချိန်။
အပြင်အဆင်။ စနစ်ဟောင်းအုပ်ချုပ်ရေးပုံစံအရ၊ ခရိုင်တစ်ခုလုံးကို အုပ်ချုပ်ရသော၊ ခရိုင်ဝန်၏ရုံးခန်း သဏ္ဍာန်ပေါ်လွင်အောင်ပြင်ဆင်ရမည်။

အဝါရင့်ရောင် အင်္ဂတေနံရံရေးချက် နောက်ခံကားရှိရပြီး နိုင်ငံတော်အလံကို အလယ်တွင် သေသပ်စွာ ချိတ်ဆွဲထားရမည်။ နိုင်ငံတော်အလံရှေ့တည့်တည့်တွင် စားပွဲကြီးတစ်ခုကို အနီရောင်စားပွဲခင်း ခင်းထားရမည်။ စားပွဲပေါ်တွင် မင်တို့၍ရေးရသော ကလောင်တန်များ၊ မင်အိုး၊ ဥပဒေစာအုပ်ထူကြီးများ၊ အမှုတွဲများကို သပ်သပ်ရပ်ရပ်ထားရှိရမည်။

စားပွဲ၏ နောက်ဘက်၊ နိုင်ငံတော် အလံ၏အောက်တည့်တည့်တွင် နောက်မှီကိုဖောင်းကြွကနုတ်ပန်းများဖြင့် ခံ့ထည်စွာ ပြုလုပ်ထားသော ကုလားထိုင်ကြီး တစ်လုံးရှိရမည်။

စားပွဲရှေ့နှင့်ဘေးပတ်လည်တွင် ကုလားထိုင်များ စနစ်တကျထားရှိရမည်။

...န့်ထားမယ်။

...နန့်ရော လက်ခံနိုင်မလား။





နေ့လယ်ခင်း အလင်းရောင်အဖြစ် ခွင်ပြည့်မီး ပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(စားပွဲကြီး၏နောက်ဘက် ကုလားထိုင်ကြီးတွင် တိုက်ပုံအင်္ကျီ သေသပ်စွာဝတ်လျက်၊ အသက်အရွယ် ခပ်ကြီးကြီးခရိုင်ဝန် ခန့်ညားစွာထိုင်လျက်ရှိစေ။)
(စားပွဲ၏ ဘေးတစ်ဖက် ကုလားထိုင်တစ်လုံးတွင် တိုက်ပုံအင်္ကျီဖြင့် နယ်ပိုင်ဝန်ထောက်တစ်ဦး၊ ခရိုင်ဝန်နှင့်ကပ်လျက်ရှိသော ကုလားထိုင်တစ်လုံးတွင် မြို့မဝန်ထောက်ကြီးတစ်ဦး နေရာယူလျက်ရှိစေ။)
(ရှေ့ဖုံးကားဖွင့်လျှင်ဖွင့်ချင်း၊ ဇာတ်စင်၏လက်ဝဲဘက်မှ အသက် (၂၅) နှစ်ခန့်ရှိ အောက်တန်းစာရေးကိုဆွေမြင့်ကို စီစီ ခေါ်စာရေးချုပ် (Chief Clerk) က ဦးဆောင်၍ ဝင်လာစေ။ အခန်းဝ ကပင်ရင်းတို့သည် ဦးညွတ်၍ အရိုအသေပြုဝင်လာကြပြီး၊ စားပွဲရှေ့တည့်တည့်တွင် ရပ်လိုက်ကြစေ။)

စာရေးချုပ်။ ဝန်မင်း-ကိုဆွေမြင့်ကို ခေါ်ခဲ့ပါပြီခင်ဗျား။

ခရိုင်ဝန်။ ဟုတ်ပြီ-စီစီကြီး။ ကဲ ထိုင်ကြပါ။ (စာရေးချုပ်က မြို့မဝန်ထောက်ကြီး အနီးသွားရောက်ပြီး၊ မြို့မဝန်ထောက်ကြီး ရှေ့နားတွင် တင်ထားသော စာတွဲကို ရိုသေစွာလှန်၍ မြို့မဝန်ထောက်ကြီးလက်သို့ ပေးအပ်စေ။
(ကိုဆွေမြင့်က စားပွဲရှေ့တည့်တည့် ကုလားထိုင်ရဲ့ အ...ရိကျိုးစွာထိုင်စေ။)

မြို့မဝန်ထောက်ကြီး။ (မိမိလက်ထဲရှိ စာတွဲကို လှန်လှောလျက်) ကဲ- မောင်ဆွေမြင့်ကို ဝမ်းမြောက်ဖွယ်ရာ ကိစ္စ တစ်ရပ် ခရိုင်ဝန်မင်းက စီစဉ်ပေးပို့ခေါ်တာပါ။

ခရိုင်ဝန်။ အေးကွဲ့- မောင်ဆွေမြင့်ရဲ့ မင်းဝမ်းသာရမယ့်ကိစ္စပါ။ မင်း ဒီခရိုင်ဝန်ရုံးမှာ အလုပ်ဝင်ခဲ့တာ ဘယ်လောက်ရှိပြီလဲကွဲ့။

ကိုဆွေမြင့်။ သုံးနှစ်နဲ့ငါးလ ရှိပါပြီ ဝန်မင်း။

ခရိုင်ဝန်။ အခု တို့ခရိုင်မှာ (Fishery Inspector) မရှိဘဲ လစ်လပ်နေတယ်ကွဲ့။ တို့ခရိုင်ဟာ ဧရာဝတီတိုင်းမှာ အင်းအိုင်ချောင်းမြောင်းပေါများတဲ့ ခရိုင်ဖြစ်လို့ (F.I) မရှိလို့ မဖြစ်ဘူးလေ။ တိုင်းမင်းကြီးကလဲ အမြန်ဆုံးဖြည့်စွက် ခန့်ထားဖို့ ညွှန်ကြားထားတယ်။ (F.I) ကို တို့ဌာနဝန်ထမ်းတွေထဲက သင့်လျော်သူကို ရွေးချယ်ပြီး ခန့်ထားရတာဖြစ်တယ်။ စာရေးဝန်ထမ်းတွေထဲမှာတော့၊ မောင်ဆွေမြင့်ဟာ လုပ်ငန်းတွေကို ကြိုးကြိုးစားစားနဲ့ သေသေသပ်သပ် လုပ်တတ်ပြီး၊ လုပ်ရည်ကိုင်ရည်ရှိကြောင်း မြို့မဝန်ထောက်ကြီးကလဲ ထောက်ခံတင်ပြလာတယ်ကွဲ့။

(မြို့မဝန်ထောက်ကြီးကပြုံး၍၊ လေးနက်စွာခေါင်းညိတ်နေစေ။ ကျန်လူအားလုံးကလည်း ကိုဆွေမြင့်အား ကြည့်နေကြစေ။)

ခရိုင်ဝန်။ ဒါကြောင့် မောင်ဆွေမြင့်ကို (Fishery Inspector) အင်းအင်စပက်တာအဖြစ် ခန့်ထားမယ်။ မောင်ဆွေမြင့်အနေနဲ့ရော လက်ခံနိုင်မလား။



ဘာကြောင့်မေးရသလဲဆိုတော့၊ ဒီရာထူးဟာ အင်စပက်တော်အဆင့် ဖြစ်ပေမယ့် ကွင်းဆင်းလုပ်ငန်းတွေများတယ်။ ရွှံ့ထဲရေထဲဆင်းရမယ်။ လယ်ကွင်းတွေ၊ အင်းတွေထဲ သွားရမယ်။ လူဆိုးသူခိုးတွေနဲ့ ရင်ဆိုင်တန် ရင်ဆိုင်ရမယ်။ ဒါကြောင့် မောင်ဆွေမြင့်အနေနဲ့ ရာထူးကို လက်ခံနိုင်မလားလို့မေးတာ။

ကိုဆွေမြင့်။ (အားတက်သရောပြောစေ။) ဟုတ်ကဲ့- ကျွန်တော် ထမ်းဆောင်နိုင်ပါတယ် ခင်ဗျား။

ခရိုင်ဝန်။ အေး- ဒီလိုတာဝန်ကို ရဲရဲဝံ့ဝံ့ယူတာ ဝမ်းသာတယ်။ ကဲ- စီစီကြီးက (Fishery Inspector) အဖြစ် ဦးဆွေမြင့်အား ခန့်ထားကြောင်း ရုံးအမိန့်စာထုတ်ဖို့ စီစဉ်ပေတော့။

စာရေးချုပ်။ ဟုတ်ကဲ့ ဝန်မင်း။ (မြို့မဝန်ထောက်ကြီးရှေ့ရှိ စာတွဲကို ရိုသေစွာ လှမ်းယူ ဦးညွှတ်ပြီး၊ အခန်းထဲမှ ထွက်သွားစေ။)

ခရိုင်ဝန်။ ကဲ- မြို့မဝန်ထောက်ကြီးနဲ့ နယ်ပိုင်ဝန်ထောက်တို့က၊ မောင်ဆွေမြင့်ကို ဆင့်ကဲဆင့်ကဲ ကြီးကြပ်သွားကြပါ။

လက်အောက်မြို့ပိုင်များကိုလဲ ဆက်လက်ပြီး အပ်နှံဆောင်ရွက်ကြပါ။

နောက်တစ်ချက်က၊ ဥပဒေပိုင်းဆိုင်ရာကို မောင်ဆွေမြင့်အနေနဲ့ ကျွမ်းကျင်ဖို့ ကိစ္စဖြစ်တယ်။ လောလောဆယ်လဲ မောင်ဆွေမြင့်က ခရိုင်ဝန်ရုံးရဲ့ အခွန်ဌာနမှာ ထမ်းဆောင်နေသူဖြစ်လို့

အင်းအိုင်ဥပဒေကို လေ့လာသိရှိပြီးဖြစ်မှာပါ။ မဟုတ်ဘူးလား မောင်ဆွေမြင့်။

ကိုဆွေမြင့်။ ဟုတ်ပါတယ်ဝန်မင်း။

ခရိုင်ဝန်။ ဒါပေမဲ့ ယခင်က အင်းအိုင်ဥပဒေ အပါအဝင် အခြားအခွန်တော်နဲ့ ပတ်သက်တဲ့ ဥပဒေတွေကို ယေဘုယျအားဖြင့် လေ့လာရတာ။ အခုကတော့ အင်းအိုင် (Fishery) နဲ့ပတ်သက်တာကို အလေးထားပြီး ကျွမ်းကျင်အောင်လုပ်ဖို့ လိုတယ်။
အဲဒါကြောင့် နယ်ပိုင်ကြီးကပဲ၊ မောင်ဆွေမြင့်ကို အင်းအိုင်အက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ဆင့်ဆိုချက်တွေထဲက အရေးကြီးတဲ့ အချက်များကို ဆွေးနွေးသင်ကြားပေးပါ။ အလုပ်သင် ကာလကို နှစ်ပတ်လောက်အချိန်ယူပေါ့။

နယ်ပိုင်ဝန်ထောက်။ ဟုတ်ကဲ့ပါ။ ကျွန်တော်အနီးကပ်သင်ကြားပေးပါမယ်။
မြို့ပိုင်များကိုလဲအပ်နှံပြီး၊ ညှိနှိုင်းဆောင်ရွက်ကြဖို့ စီစဉ်ပါမယ်ဝန်မင်း။

ခရိုင်ဝန်။ မောင်ဆွေမြင့်ကလဲ အင်းအိုင်နဲ့ပတ်သက်တဲ့ ဥပဒေတွေ၊ အမိန့်ညွှန်ကြားချက်တွေအားလုံးကို သေသေချာချာလေ့လာမှတ်သားဆောင်ရွက်ဖို့လိုမယ်နော်။ (Fishery Manual) ကို ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးသလို လေ့လာထားရမယ်။ အဲဒီဥပဒေဟာ အင်္ဂလိပ်လို ရေးထားပေမယ့်၊ မြန်မာ့ရေမြေသဘာဝနဲ့အညီ မြန်မာ့အခေါ်အဝေါ်တွေနဲ့ ရေးထားတာမို့ သေသေချာချာလေ့လာရင် ကော



နားလည်နိုင်တယ် မောင်ဆွေမြင့်ရဲ့။

ကိုဆွေမြင့်။ ဟုတ်ကဲ့၊ ကျွန်တော်ကြိုးစားပြီး လေ့လာမှတ်သားဆောင်ရွက်ပါမယ်ခင်ဗျား။

ခရိုင်ဝန်။ နောက်ဆုံးတစ်ချက်ပြောဖို့ ရှိသေးတယ်။ အင်းအင်စပက်တော် (F.I) တစ်ဦးအနေနဲ့ ခရိုင်အတွင်းမှာ ချောင်းကြိုမြောင်းကြားမကျန် သွားလာဆောင်ရွက်ရမှာ ဆိုတော့ လုံခြုံရေးကိစ္စအရေးကြီးတယ်။
အင်းအိုင်အက်ဥပဒေကို ချိုးဖောက် ကျူးလွန်တာတွေကို ဖမ်းဆီးဖို့အကြောင်းပေါ်ပေါက်ရင်၊ မောင်ဆွေမြင့်အနေနဲ့ သက်ဆိုင်ရာရဲစခန်းမှူးများနဲ့ ညှိနှိုင်း အကူအညီရယူ ဆောင်ရွက်ရမယ်ကွဲ့။

ကိုဆွေမြင့်။ ဟုတ်ကဲ့ပါခင်ဗျ။

ခရိုင်ဝန်။ ဒါပေမဲ့တစ်ခါတစ်ရံ သွားရင်းလာရင်း အင်းအိုင်အက်ဥပဒေအရ ချက်ချင်းအရေးယူရမယ့်ကိစ္စတွေများ ကြုံခဲ့ရင် အင်အားသုံး ဆောင်ရွက်နိုင်ဖို့၊ ခြောက်လုံးပြူးတစ်လက်ထုတ်ပေးထားမယ်။ အဲဒါ မြို့မဝန်ထောက်ကြီးက (D.C's Stock) ထဲက ခြောက်လုံးပြူးကို အရင် (F.I) ကို ထုတ်ပေးခဲ့တဲ့ မှုအတိုင်း ပါမစ်နဲ့ ထုတ်ပေးဖို့၊ ခရိုင်ရဲဝန်နဲ့ ညှိနှိုင်း စီစဉ်ပေးလိုက်ပါ။

မြို့မဝန်ထောက်ကြီး။ ဟုတ်ကဲ့ပါ။

(မှတ်စုစာအုပ်တွင်လည်း မှတ်သားစေ။)

ခရိုင်ဝန်။ မောင်ဆွေမြင့် ဂရုစိုက်ရမှာက အဲဒီလက်နက်ဟာ ပြည်သူကို အန္တရာယ်ပြုဖို့ မဟုတ်ဘူးနော်။

အင်းအိုင်အက်ဥပဒေအရ အရေးယူ ဆောင်ရွက်တဲ့နေရာမှာ လိုအပ်ရင် အသုံးပြုဖို့နဲ့ လူဆိုးသူခိုးတို့က မိမိကိုအန္တရာယ်ပြုလာခဲ့ရင် ကိုယ့်ကိုယ်ကိုကာကွယ်ဖို့ပဲအသုံးပြုရမယ်။

ကိုဆွေမြင့်။ ဟုတ်ကဲ့- ကျွန်တော် အလေးအနက် မှတ်သားလိုက်နာပါမယ်ခင်ဗျ။

ခရိုင်ဝန်။ ကဲ- မောင်ဆွေမြင့် ညွှန်ကြားစရာရှိတာတွေတော့ ပြောကြားပြီးပါပြီ။ အခက်အခဲရှိရင် နယ်ပိုင်ဝန်ထောက်၊ မြို့မဝန်ထောက်ကြီးတို့ထံတင်ပြဆောင်ရွက်ပါ။ ၁၅ ရက်တစ်ကြိမ် ဒိုင်ယာရီတင်ပြဖို့လဲမမေ့နဲ့။

ကိုမြင့်ဆွေ။ ဟုတ်ကဲ့ပါ ဝန်မင်း။

ခရိုင်ဝန်။ ကဲ-အားလုံးသွားနိုင်ပါပြီ။
လုပ်စရာရှိတာတွေ ဆက်လုပ်ကြပါ။

အားလုံး။ ဟုတ်ကဲ့ပါခင်ဗျာ။

(မြို့မဝန်ထောက်ကြီး၊ နယ်ပိုင်ဝန်ထောက်နှင့် ကိုဆွေမြင့်တို့ ကုလားထိုင်အသီးသီးမှထကြစေ။)

(ရှေ့ဖုံးကားပိတ်)

# အခန်း (၂)

နေရာ။ အုန်းညီနောင်ကျေးရွာ၊ ဒေါ်နှင်းမြိုင်၏ နေအိမ်။

အချိန်။ နေ့လယ်ပိုင်း

အပြင်အဆင်။ ကျေးရွာဝါးထရံကာ အိမ်တစ်လုံး၏ အတွင်းပိုင်းရေးချက်နောက်ခံကားရှိရမည်။ ၎င်းနောက်ခံကား၏ရှေ့တွင်လက်ယာဘက်ခြမ်း အိမ်ခေါင်းရင်းပိုင်းကို (ကျေးရွာနေအိမ်အချို့ တွင်ဆောက်လေ့ရှိသည့်အတိုင်း) တစ်ဆင့်မြင့် ကြမ်းခင်းစီစဉ်ထားရမည်။ ၎င်းကြမ်းခင်းအပေါ် ခေါင်းရင်းထိပ်တွင် ဝါးပတ္တလားတစ်လက်ကို ခုံမြင့်တစ်ခုအပေါ် တွင်တင့်တယ်စွာတင်၍ထားရှိရမည်။
ဇာတ်စင်၏လက်ဝဲဘက်ခြမ်း (ခြေရင်းပိုင်း)ထောင့်နားတွင် (တောင်သူလယ်သမားနေအိမ် အသွင်ပေါ်လွင်စေရန်) တင်းတောင်းများ၊ တံစဉ်များ၊ လှည်းပစ္စည်းများ စသည်တို့ စုပုံထားရှိရမည်။ နေ့ခင်းပိုင်းအလင်းရောင် ခွင်ပြည့် မီးပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(အသက် ၇၀ ခန့် ဒေါ်နှင်းမြိုင်သည် ယောဂီတဘက်တင်ကာ ဘုရားစင်ရှေ့တွင် ထိုင်နေသည့် အနေအထားမျိုးဖြင့် ဇာတ်စင်၏လက်ယာဘက် အစွန်တွင် ဇာတ်စင်၏အတွင်းဘက်သို့ မျက်နှာမူကာ၊ ကြေးစည်ကိုမြောက်ကိုင်လျက်၊ အမျှဝေလျက် ရှိစေ။)

ဒေါ်နှင်းမြိုင်။ ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထ မြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မက ကျူးသား၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ အမျှုထား၍၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျကို၊ အမျှကုသိုလ်၊ ပေးဝေလို၏။ ထိုထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော် -----

ဝသုန္ဓြေ၊ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှုတည်စေသော် --- အားလုံးကြားကြားသမျှ၊ အမျှ- အမျှ- အမျှ ယူတော်မူကြပါကုန်လော့ (ကြေးစည်တီးစေ) သာဓု- သာဓု- သာဓု၊ အမျှ- အမျှ- အမျှယူတော်မူကြပါကုန်လော့ (ကြေးစည်တီးစေ) သာဓု- သာဓု- သာဓု၊ အမျှ- အမျှ- အမျှ ယူတော်မူကြပါကုန်လော့ (ကြေးစည်တီးစေ) သာဓု- သာဓု- သာဓု--

(အမျှဝေပြီးနောက်၊ ကြေးစည်ကို ဘုရားစင်တွင် ချိတ်လိုက်သည့် ဟန်ပြုစေ။ ကြေးစည်လက်ခတ်ကိုလည်း ထားလိုက်ပြီး၊ အညာအယာထလိုက်စေ။)

(ထိုအချိန်တွင် ဇာတ်စင်၏ လက်ဝဲဘက်မှ " အမေရေ-အမေ " ဟုခေါ်သံများ ထွက်ပေါ်လာစေ။)



ဒေါ်နှင်းမြိုင်။ ဟော- ဘယ်သူတွေပါလိမ့်၊ သားလေးအသံထင်တယ်။ (အပြင်ဘက်သို့လှမ်းမျှော်ကြည့်စေ။)

(အသက် ငါးနှစ်အရွယ် မိုးမြင့်ခေါင်ပြေးဝင်လာစေ။ နောက်မှကိုဆွေမြင့်နှင့် မခင်မိုးတို့ဆွဲခြင်းများကိုင်ဆွဲလျက် ဝင်လာစေ။)

ဒေါ်နှင်းမြိုင်။ ငါ့မြေးတို့ပါလား။ ထင်တော့ထင်သား၊ ငါ့သားလေးအသံပဲလို့။ သမီးလဲပါတာကိုး။ အိမ်ပိတ်လာတာလား။

မခင်မိုး။ ဟုတ်တယ်အမေ၊ အိမ်ပိတ်ပြီး အားလုံးလာခဲ့ကြတာ။ ဒီတစ်ခေါက်တော့မြင်းလှည်းနဲ့လာခဲ့တယ်။ ကားစီးရတာ ဖုန်ထူပြီးပင်ပန်းလို့။

(မိုးမြင့်ခေါင်အား ဒေါ်နှင်းမြိုင်ဆီး၍ ပွေ့ချီလိုက်စေ။)

ဒေါ်နှင်းမြိုင်။ ငါ့မြေးကြီးက ထွားလာလိုက်တာ-----။

မိုးမြင့်ခေါင်။ မြင်းလှည်းစီးရတာ သိပ်ကောင်းတာပဲဘွားဘွား။

ဒေါ်နှင်းမြိုင်။ အေး-အေး ကောင်းတာပေါ့မြေးရဲ့။ ငါ့မြေးကြီးက ဘွားဘွားဆီလာရတာပျော်လား။

မိုးမြင့်ခေါင်။ ပျော်တယ် ဘွားဘွားရဲ့။

(ကိုဆွေမြင့်နှင့် မခင်မိုးတို့က ပစ္စည်းများကို အိမ်ခေါင်းရင်းဘက်ခြမ်း ဝါးပက္ကလားဘေးနားတွင် ချထားပြီး အမောဖြေရင်းထိုင်ကြစေ။ ဒေါ်နှင်းမြိုင်လည်း မြေးကို အောက်ချလိုက်ပြီး ဝိုင်းထိုင်စေ။)

ဒေါ်နှင်းမြိုင်။ သားလေးတို့ ကိစ္စအထူးရှိလို့လားကွဲ့။ ဒီနေ့ရုံးပိတ်သလား။

ကိုဆွေမြင့်။ အမေနဲ့အစ်ကိုကို လာကန်တော့တာပါ။ ဝမ်းသာစရာ

လေးလဲ ပြောပြမလို့။ အမေ နေကောင်းရဲ့လား။ လေထိုးတာရော ဘယ့်နှယ့်နေလဲ။

ဒေါ်နှင်းမြိုင်။ ဟုတ်လား-ဘာဝမ်းသာစရာလဲပြောစမ်းပါဦး။ အမေ့လေနာရောဂါကတော့ ထုံးစံအတိုင်းပါပဲကွယ်။

ကိုဆွေမြင့်။ ဝမ်းသာစရာသတင်းကို အစ်ကိုလာတော့မှ တစ်ခါတည်းပြောမယ်လေ၊ အားလုံးဝမ်းသာရအောင်။

ဒေါ်နှင်းမြိုင်။ ဟဲ့-မင်းအစ်ကိုက လယ်ထဲမှာလေ။ ညနေမှ ပြန်လာမှာပေါ့

(ထိုစဉ်မှာပင်၊ ကိုဖေမြင့်ဝင်လာစေ။)

ကိုဖေမြင့်။ (ခေါင်းပေါင်းထားသောတဘက်ကိုချွတ်၊ မျက်နှာကိုသုတ်လိုက်ပြီး) ပြန်လာပါပြီဗျာ၊ ကျုပ်ညီနဲ့ ညီမတွေ၊ ကျုပ်တူလေး မိုးမြင့်ခေါင်လာတဲ့ ဥစ္စာ ဒီအစ်ကိုက အပြေးပြန်လာတာပေါ့။

(အပေါ်ဆင့်သို့တက်လာပြီး၊ မိုးမြင့်ခေါင်ကို လှမ်းပွေ့ချီလိုက်စေ။)

ဒေါ်နှင်းမြိုင်။ (အံ့သြလျက်) သားကြီးက ဘယ်လိုလုပ်သိတာလဲကွဲ့။

ကိုဖေမြင့်။ ညီလေးရဲ့သူငယ်ချင်း ပန်းအေးလာပြောတာ အမေရဲ့။ ဒါနဲ့ ငစိုးကို ကွင်းထဲထားခဲ့ပြီး ချက်ချင်း ပြန်လာတာ။

ကိုဆွေမြင့်။ ’ဟုတ်တယ်အမေ၊ သားတို့ရွာမဝင်ခင်မှာပဲ ပန်းအေး တွေ့လို့ အစ်ကို့ဆီကို ပြောခိုင်းလိုက်တာလေ။

ဒေါ်နှင်းမြိုင်။ ဩော်- ဒီလိုကိုး။ ကဲ ငါ့သားကြီးလဲထိုင်ဦး။ မင်းညီလေးက ဝမ်းသာစရာပြောမလို့တဲ့ကွဲ့။



ကိုဖေမြင့်။ (မိုးမြင့်ခေါင်ကို အောက်ပြန်ချလိုက်ပြီး) ဟုတ်လား၊ ဘာလဲကွ ငါ့ညီရ။ (ဝိုင်းထိုင်စေ)

(မိုးမြင့်ခေါင်သည် ကိုဖေမြင့်က အောက်သို့ချလိုက်သည်နှင့် ပတ္တလားဆီသို့ရောက်သွားစေ။ ပတ္တလားအရွက်ကိုလှန်ပြီး ပတ္တလားအိမ်ထဲမှ လက်ခတ်နှစ်ခုကိုယူလိုက်စေ။ လက်နှစ်ဖက်တွင် လက်ခတ်တစ်ခုစီကိုင်ပြီး၊ ပတ္တလားကို ဘယ်ညာတီးနေစေ။)

ဒေါ်နှင်းမြိုင်။ (မိုးမြင့်ခေါင် ပတ္တလားတီးသည်ကို လှမ်းကြည့်ပြီး၊ ဝမ်းသာရွှင်လန်းစွာဖြင့်ပြောစေ။) ကြည့်စမ်း- ကြည့်စမ်းလက်ခတ်တွေ ပတ္တလားအိမ်ထဲမှာရှိတာကို သူသိနေသလိုပါပဲလား။ အမယ်- လက်နှစ်ဖက်နဲ့ တီးနေလိုက်တာ လူကြီးလေးကျနေတာပဲ။

ကိုဖေမြင့်။ အမေ -- မိုးမြင့်ခေါင်က အဖေ ဝင်စားတာ ဖြစ်နိုင်တယ်နော်။

ဒေါ်နှင်းမြိုင်။ အင်း ဖြစ်နိုင်တယ် --။ မင်းတို့အဖေက ပတ္တလားကို သိပ်မြတ်နိုးတာကွဲ့။ ဩော်- ကိုသောင်း-- ကိုသောင်း--။

(ဒေါ်နှင်းမြိုင်သည်၊ ခင်ပွန်းသည်အား အောက်မေ့သတိရသွားသည့်ဟန်ဖြင့် ငေးမောလျက်ရှိစေ။ ပခုံးပေါ်မှတဘက်ဖြင့် မျက်စိများကိုအသာအယာ တို့လိုက်စေ။)

ကိုဆွေမြင့်။ (မိခင်၏စိတ်အာရုံကိုလွှဲသည့်အနေဖြင့်ပြောစေ။) ကဲ- ကဲ- အမေနဲ့အစ်ကို ကို ကန်တော့မယ်- ကန်တော့မယ်။ ဟော့ သားသား ဒီကိုလာ ဘွားဘွားကြီးနဲ့ ဘဘကို ကန်တော့ရအောင်။

မခင်မိုး။ (ပတ္တလားခေါက်နေသည့် မိုးမြင့်ခေါင်ကို သွားခေါ်လာစေ။) လာလာ သားလေး။ ဘွားဘွားနဲ့ ဘဘကို ကန်တော့ရအောင်။

(လက်ဆွဲခြင်းကိုပါယူခဲ့စေ။)

(ဒေါ်နှင်းမြိုင်နှင့် ကိုဖေမြင့်တို့ရှေ့တွင် ကိုဆွေမြင့်၊ မခင်မိုးနှင့် မိုးမြင့်ခေါင်တို့ ရိုသေစွာထိုင်ကြစေ။ မခင်မိုးက လက်ဆွဲခြင်းထဲမှအထည်ခေါက်များနှင့် မုန့်ထုပ်များကို ထုတ်ယူပြီး အသင့် ပါလာသော ပလတ်စတစ် ဗန်းကလေးပေါ်တွင် တင်၍ ကန်တော့ရန်ပြင်ဆင်စေ။)

ကိုဆွေမြင့်။ (မိမိအင်္ကျီအိတ်ထဲမှ ငွေစက္ကူများကိုထုတ်ပြီး၊ ဗန်းပေါ်တင်ရင်း) ဒါသားတို့ရဲ့ချွေးနဲ့စာလေ။ အမေ့ကိုလစဉ်မပေးနိုင်တော့၊ ခုလိုပဲ စုစုထားပြီး ကန်တော့ရတာ။

ဒေါ်နှင်းမြိုင်။ အိုကွယ်- သားတို့မှာ- အောက်တန်းစာရေးလစာလေးနှစ်ခုနဲ့ လောက်ငရုံပဲ ရှိတာအမေသိပါတယ်။ အမေနဲ့မင်းအစ်ကိုကြီးက ဒီမှာပြည့်စုံပါတယ်။ မင့်အစ်ကိုကြီးက အိမ်ထောင်မပြုတော့ လယ်လုပ်ငန်းနဲ့ လောက်လောက်ငငရှိပါတယ်။ အမေ့ကိုလက်အုပ်ချီကန်တော့ရင်ပဲ အမေဝမ်းသာလှပါပြီကွယ်။ ငါ့သားလေးက လူပျိုဘဝတုန်းက အမေ့ဆီလစာတွေအကုန် လာလာအပ်တာပဲ မဟုတ်လား။ ခုတော့ ဒီမြေးလေးကို ပြုစုရဦးမယ်လေ။ အမေ့ကို ပိုက်ဆံမပေးပါနဲ့လားကွယ်။

မခင်မိုး။ အို- အမေရယ်၊ သမီးတို့လဲ ကြပ်ကြပ်တည်းတည်း



မဟုတ်ပါဘူး။ ဒီသားလေးရှေ့ရေးကိုလဲ စုနေကြပါတယ်။ အမေ့အတွက်ကိုလဲ လစဉ်တတ်နိုင်သမျှ စုစုထားတာလေးကို အခုလိုကန်တော့တာပါအမေရဲ့။ အမေလှူချင်တာ လှူနိုင်အောင်ပါ။

ဒေါ်နှင်းမြိုင်။ ဩော်- အေးကွယ်- သာဓုပါ။

ကိုဆွေမြင့်။ ကဲကဲ- အမေနဲ့အစ်ကိုကြီးကို ကန်တော့ကြမယ်။ (ကလေးဘက်သို့) သားလေးကလဲ ကန်တော့နော်။ (ကိုဆွေမြင့်နှင့် မခင်မိုးတို့ ရိုသေစွာ ဦးချကန်တော့ကြစေ။ မိုးမြင့်ခေါင်လည်း လူကြီးများကို ကြည့်ပြီး လိုက်၍ ကန်တော့စေ။)

ဒေါ်နှင်းမြိုင်။ သာဓု- သာဓု- သာဓု--- အခုလို မိဘလူကြီးများအား ရိုသေဦးခိုက်ကန်တော့ရသော အကြောင်းကြောင့် ငါ့သားလေးနဲ့ ငါ့သမီးတို့၊ ငါ့မြေးကြီးတို့ ကျန်းမာချမ်းသာ ဘေးဘယာဝေးကွာကြပါစေ။ ကောင်းကျိုး လိုအင်ဆန္ဒ မှန်သမျှ ခဏမကြာရကြပါစေ။ ငါ့မြေးကြီးလဲ ပညာတတ်ကြီး၊ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီးဖြစ်ပါစေ-- ကွယ်။

ကိုဆွေမြင့်+မခင်မိုး။ ပေးတဲ့ဆုနဲ့ ပြည့်ပါစေ။

ဒေါ်နှင်းမြိုင်။ ကဲ- ကဲ- ဝမ်းသာစရာပြောမယ်ဆို ပြောကြလေ။

ကိုဆွေမြင့်။ ဩော်- ဒီလိုပါ။ ကျွန်တော့်ကို ခရိုင်ဝန်က အင်းမှူးရာထူးမှာ ခန့်ထားလိုက်ပြီအမေရဲ့။

ဒေါ်နှင်းမြိုင်။ ဟယ်- ဝမ်းသာလိုက်တာ။ အင်းမှူးဆိုတာ ဘာတုံးကွဲ့။

ကိုဆွေမြင့်။ အင်းအိုင် ချောင်းမြောင်းတွေမှာ ငါးဖမ်းတဲ့လုပ်ငန်းတွေကို ကြီးကြပ်ရတဲ့ ရာထူးပေါ့အမေရဲ့။

ကိုဖေမြင့်။ ဒီရွာကိုအရင်က၊ မကြာမကြာလာပြီး ပုစွန်ဖောင်တွေကျားပိုက်တွေကို စစ်ဆေးတဲ့ ဟိုအင်စပက်ကြီး ဦးတင်အေးလိုပေါ့ အမေရဲ့။

ဒေါ်နှင်းမြိုင်။ ဪ- ဪဒါဆို ငါ့သားလေးက အင်စပက်ကြီး ဖြစ်သွားပြီပေါ့နော်။

ကိုဆွေမြင့်။ ဟုတ်တယ်အမေရဲ့။ လစာကတော့ စာရေးလစာပါပဲ။

ဒါပေမဲ့ ရုံးဝင်းထဲက အိမ်ကလေးတစ်လုံးမှာ အခမဲ့နေရမယ်။ ခရီးစရိတ်ရမယ်။ ပုစွန်ဖောင်လုပ်ငန်း၊ အင်းလုပ်ငန်း၊ ပင်လယ်လုပ်ငန်းတွေကို ကြီးကြပ်ရတာဆိုတော့ ဟင်းရာကျွေးရာဖိုး မကုန်ဘူးပေါ့အမေရယ်။ ဒီတော့ ရတဲ့လစာကို စုနိုင်တာပေါ့။

ဒေါ်နှင်းမြိုင်။ သမီးကရော- အရင်ရုံးမှာပဲလား။

မခင်မိုး။ ဟုတ်ကဲ့အမေ။ သမီးလဲနောက်ဆိုရင် အောက်တန်းစာရေးကနေ အထက်တန်းစာရေးဖြစ်လာမှာပါ။

ဒေါ်နှင်းမြိုင်။ အေး- အေး- ငါ့သားလေးတို့ အခုလိုရာထူးတိုးတာ အမေအရမ်းဝမ်းသာတာပဲ။ သမီးကလဲ နောက်ပိုင်း ရာထူးတိုးဖို့ရှိတယ်ဆိုတော့- ဟောဒီမြေးကြီးအတွက် နောင်ရေး စိတ်အေးရပြီပေါ့။

ကိုဖေမြင့်။ ဟုတ်တယ်ကွ- ညီလေးရ။ မိုးမြင့်ခေါင်ကိုဘွဲ့ရအောင်၊ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်ဖို့ကိုသာ မင်းတို့အာရုံထဲထား၊ အမေ့အတွက်တော့ လုံးဝမပူနဲ့။ ငါ့တာဝန်ပဲ။ ငါတို့မိသားစုမှာ ဘွဲ့ရတဲ့လူမရှိဘူးကွ။ ငါဆိုရင် (၇) တန်းအောင်ပြီး၊ အဖေဆုံးသွား



တော့ လယ်ထဲဆင်းခဲ့ရတယ်။ ညီလေးကိုတော့ (၁၀) တန်းအောင်တဲ့ထိ ထားခဲ့နိုင်ပေမယ့် တက္ကသိုလ်ကို မပို့နိုင်ခဲ့ဘူး။ စာရေးအလုပ်ဝင်လုပ်ခဲ့ရတယ်။ နောက်တော့ မင်းတို့လဲ စာရေးအချင်းချင်း အိမ်ထောင်ကျခဲ့ကြတယ်လေ။ ဒီတော့ ဟောဒီသားလေး မိုးမြင့်ခေါင်ကိုပဲ အားထားရတော့မှာ မဟုတ်ဘူးလား။

ကိုဆွေမြင့်။ ဟုတ်ပါတယ်အစ်ကို။ ကျွန်တော်တို့ လင်မယားကလဲ ဒီသားလေးထွန်းပေါက်ဖို့ပဲ အမြဲတိုင်ပင်နေကြတာပါ။

မခင်မိုး။ သားလေးကလဲ ဉာဏ်ထက်မြက်ပါတယ်အစ်ကိုကြီးရဲ့။ အခုဒီနှစ်ကျောင်းစထားတာ၊ ကကြီးခခွေးကို အစကနေအဆုံးတောင်မက၊ အဆုံးကနေ အစကို ပြန်ဆိုပြလို့ ဆရာမက အံ့ဩလို့ပြောမဆုံး ဖြစ်နေကြတယ်။

ဒေါ်နှင်းမြိုင်။ ဟင်- ဟုတ်လား။ သိပ်တော်တဲ့ငါ့မြေးပါလား။ ကဲကဲ- ဘွားဘွားကို ဆိုပြပါဦးကွဲ့မြေးလေးရဲ့။

မိုးမြင့်ခေါင်။ (ကကြီးခခွေးကိုအစမှအဆုံး၊ အဆုံးမှအစဆိုပြစေ။)
ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ င၊ စလုံး၊ ဆလိမ်၊ ဇကွဲ၊ ဈမျဉ်းဆွဲ၊ ည၊ ဋသန်လျင်းချိတ်၊ ဌဝမ်းဘဲ၊ ဍရင်ကောက်၊ ဎရေမှုတ်၊ ဏကြီး၊ တဝမ်းပူ၊ ထဆင်ထူး၊ ဒထွေး၊ ဓအောက်ခြိုက်၊ နငယ်၊ ပစောက်၊ ဖဦးထုပ်၊ ဗထက်ခြိုက်၊ ဘကုန်း၊ မ၊ ယပက်လက်၊ ရကောက်၊ လ၊ ဝ၊ သ၊ ဟ၊ ဠကြီး၊ အ။
အ၊ ဠကြီး၊ ဟ၊ သ၊ ဝ၊ လ၊ ရကောက်၊ ယပက်လက်၊ မ၊ ဘကုန်း၊ ဗထက်ခြိုက်၊ ဖဦးထုပ်၊ ပစောက်၊ နငယ်၊

ခအောက်ခြိုက်၊ ဒထွေး၊ ထဆင်ထူး၊ တဝမ်းပူ၊ ဏကြီး၊ ပရေမှုတ်၊ ဉရင်ကောက်၊ ဌဝမ်းဘဲ၊ ဋသန်လျင်းချိတ်၊ ည၊ ဈမျဉ်းဆွဲ၊ ဇကွဲ၊ ဆလိမ်၊ စလုံး၊ င၊ ယကြီး၊ ဂငယ်၊ ခခွေး၊ ကကြီး။

ကိုဖေမြင့်။ (မိုးမြင့်ခေါင်ကိုလှမ်းဖက်ပြီး) ဟာ တော်လိုက်တဲ့ ငါ့တူကြီး။

ကိုဆွေမြင့်။ ဒါတင်မကဘူးအစ်ကိုရ၊ အေ၊ ဘီ၊ စီ၊ ဒီ တောင် ပြောင်းပြန်ဆိုနိုင်တာ။ ကျွန်တော်က အင်္ဂလိပ်စာ အခြေခံရအောင်ဆိုပြီး အိမ်မှာသူ့ကို အေဘီစီဒီ သင်ပေးတာ၊ အဲဒါသူက သင်မပေးရဘဲနဲ့ နောက်ကပြန်ဆိုပြတယ်လေ။

ကိုဖေမြင့်။ ဟ- တယ်ဟုတ်ပါလား။ ဆိုပြစမ်းပါဦး ဖိုးခေါင်ရဲ့။

မိုးမြင့်ခေါင်။ ABCDEFGHIJKLMNOPQRSTUVW
XYZ
ZYXWVUTSRQPONMLKJIHGFEDC
BA

ကိုဖေမြင့်။ ဟာ- အရမ်းကိုတော်တာပဲ။ ငါ့တူကြီးက ထူးချွန်မှာ သေချာတယ်ကွ။

ဒေါ်နှင်းမြိုင်။ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီးဖြစ်မယ့် ငါ့မြေးကြီး ပါလား။ ထက်မြက်တဲ့ ငါ့မြေးကြီးကို ထူးချွန်အောင် လုပ်ပေးရမှာ၊ မိဘတွေတာဝန်နော်။

ကိုဖေမြင့်။ တက္ကသိုလ်ရောက်အောင် ပို့ဖို့က ဘကြီးကလဲ တာဝန်ယူတယ်ကွ၊ ငါ့တူကြီးရ။ (မိုးမြင့်ခေါင်ကို ဖက်၍ နမ်းရှုပ်စေ။)

ကိုဆွေမြင့်။ ကျွန်တော်တို့ ဘွဲ့မရခဲ့သမျှ၊ သားလေးမိုးမြင့်ခေါင်



ကျရင် ဘွဲ့ရရမယ်။ ဆရာဝန် (ဒါမဟုတ်) အင်ဂျင်နီယာဖြစ်စေရမယ်အမေရဲ့။

ဒေါ်နှင်းမြိုင်။ ကောင်းတယ်- ကောင်းတယ်။ ကဲကဲငါ့သားလေး၊ ငါ့သမီး၊ ငါ့မြေးတွေရောက်တုန်းရောက်ခိုက်၊ တောကအကောင်းဆုံး အစားအစာတွေ ချက်ကျွေးရမယ်။

ကိုဆွေမြင့်။ အမေ - ကျွန်တော် သူငယ်ချင်းတွေဆီ သွားလိုက်ဦးမယ်နော် (ထိုင်ရာမှထလိုက်ပြီး အောက်ဆင့်သို့ ဆင်းလိုက်စေ။)

မိုးမြင့်ခေါင်။ ဖေဖေ သားလဲလိုက်မယ်။

ဒေါ်ခင်မိုး။ သားလေး- မလိုက်နဲ့- မလိုက်နဲ့။ မင်းအဖေက သူ့သူငယ်ချင်းတွေနဲ့တွေ့ရင်- ဘော်လီဘော ကစား ဦးမှာသားရဲ့။

ကိုဆွေမြင့်။ (မတ်တတ်ရပ်လျက်ပြော။)
ဟုတ်တယ်သားရဲ့၊ ဖေဖေက ရွာရောက်ရင် ငယ်ငယ်တုန်းကလိုပဲ သူငယ်ချင်းတွေနဲ့ ဘောလီဘော ကစားကြမှာ။ ဩော်- အမေ ကျွန်တော်တို့ နက်ဖြန်မနက်ပြန်ရမှာ။ သားက အခု အင်စပက် တော်အလုပ်က ခဏခဏခရီးထွက်ရမှာဆိုတော့၊ ဒီက ငစိုးကို မြို့ကို ခေါ်သွားချင်တယ်၊ ဖြစ်မလား။ ဒီကပြန်ရင် ရုံးဝင်းထဲက အိမ်ကလေးကိုပြင်ဆင်ပြီး ပြောင်းရရွှေ့ရဦးမယ်။

ဒေါ်နှင်းမြိုင်။ အင်း- ဟုတ်တာပေါ့။ သားလေးခရီးထွက်နေရင် အိမ်မှာသမီးနဲ့အတူ အဖော်ရှိမှ ဖြစ်မှာပေါ့။ ငစိုး ကို ခေါ်ထားခေါ်ထား။ အမေတို့က ဒီမှာ အမျိုးထဲ က တခြားတစ်ယောက်ရှာမယ်။

ဒေါ်ခင်မိုး။ ဟုတ်တယ်အမေရဲ့။ အမေ့မြေးကို ကျောင်းပို့

ကျောင်းကြိုကလဲရှိသေး။

ကိုဆွေမြင့်။ တစ်ခါတလေ- အရေးကိစ္စရှိရင်လဲ ငစိုးကို ကျွန်တော်နဲ့အတူ ခေါ်သွားနိုင်တာပေါ့။

ဒေါ်နှင်းမြိုင်။ ကောင်းတယ်- ကောင်းတယ်၊ ငစိုးက မင်းတို့ညီဝမ်းကွဲ၊ အမေတို့နဲ့အတူ နေတာကြာပြီဆိုတော့ ယုံကြည်စိတ်ချရတယ်။ ခေါ်သွားခေါ်သွား။

ကိုဖေမြင့်။ ဟုတ်ပြီ- ဒါဆိုရင် အမေ ကျွန်တော်ကွင်းထဲ ခဏသွားမယ်။ ပုစွန်စမ်းနေတဲ့ ကောင်လေးတွေဆီက ပုစွန်ထုပ်တွေဝယ်ခဲ့မယ်။ ငစိုးကိုလဲပြန်ခေါ်ခဲ့မယ်။ ကဲ- ငါ့တူကြီးဖိုးခေါင် ဘဘနဲ့ လယ်ထဲ လိုက်မလား၊ ပုစွန်စမ်းတာမကြည့်ချင်ဘူးလား။

မိုးမြင့်ခေါင်။ သားကြည့်ချင်တယ်။ လိုက်မယ်- လိုက်မယ်။ (ပျော်နေစေ။)

ဒေါ်နှင်းမြိုင်။ သားကြီးရေ- မင်းတူကိုခေါ်သွားလို့ဖြစ်ပါ့မလား၊ လမ်းကကြမ်းတယ်။

ကိုဖေမြင့်။ ပခုံးပေါ် ထမ်းသွားမှာပေါ့ အမေရ။

ဒေါ်နှင်းမြိုင်။ အေးအေး ဒီလိုဆိုခေါ်သွား။ သိပ်မကြာစေနဲ့နော်။

ကိုဖေမြင့်။ (ကလေးကို ပုခုံးပေါ်ထမ်းလိုက်ရင်း) ဟုတ်ကဲ့ပါအမေရဲ့။ မကြာပါဘူး။ (ကိုဆွေမြင့်လည်း အိမ်ပြင်ထွက်ရန် ဟန်ပြင်စေ။ ဒေါ်နှင်းမြိုင်နှင့် မခင်မိုးတို့လည်း ထိုင်ရာမှထစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃)

နေရာ။ ခရိုင်မြို့၏ရုံးဝင်းအတွင်းရှိ အင်းအင်စပက်တော်နေအိမ်။

အချိန်။ နံနက်ပိုင်း။

အပြင်အဆင်။ ပျဉ်ထောင်အိမ်ခန်းရေးချက် နောက်ခံကားရှိရမည်။ စာရေးအဆင့်ဝန်ထမ်း မိသားစုနေထိုင်သည့်အိမ်ခန်းမျိုးဖြစ်ပြီး ကိုဆွေမြင့်တို့မိသားစုပြောင်းရွှေ့ရောက်ရှိလာခါစ၊ အခန်းကိုပြင်ဆင်ကာ ပစ္စည်းများကိုနေရာချနေသည့်ပြကွက်ကို ပြသရန်ဖြစ်သဖြင့် အခန်းတွင်း၌ စားပွဲငယ်တစ်လုံး၊ ကုလားထိုင် သုံးလေးလုံး၊ စာအုပ်စင်စသည့် ပရိဘောဂများ ဟိုသည်ပြန့်ကြဲရှိနေရမည်။ စာအုပ်များ၊ ပြက္ခဒိန်၊ ပန်းချီကားစသည်တို့လည်း အောက်တွင် ချလျက်ရှိရမည်။

နံနက်ခင်းအလင်းရောင် ခွင်ပြည့်မီးပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ကိုဆွေမြင့်၊ မခင်မိုး၊ စိုးသန်း (၁၆ နှစ်အရွယ်) နှင့် ရုံးလုလင်မောင်ဦးတို့သည် အိမ်ပြောင်းရွှေ့လာခါစ၊ ပစ္စည်းများကိုနေရာချလျက်ရှိစေ။ မိုးမြင့်ခေါင်က ၎င်း၏ဘကြီးပေးလိုက်သော နွားရုပ်ကလေးများနှင့်ကစားစရာလှည်းတို့ဖြင့် ကစားလျက်ရှိစေ။ ကိုဆွေမြင့်နှင့် ရုံးလုလင်မောင်ဦး၊ စိုးသန်းတို့သည် စားပွဲငယ်ကို အခန်း၏ ခေါင်းရင်းပိုင်းတွင် နောက်ခံကားနှင့်ကပ်လျက်ရွှေ့ထားလိုက်ပြီး၊ ကုလားထိုင်များကိုလည်း ပတ်လည်တွင်ထားရှိစေ။ စာအုပ်စင်ငယ်ကို မနီးမဝေးတွင်ထားရှိပြီး စာအုပ်များကို စီတင်စေ။ ပြက္ခဒိန်နှင့် ပန်းချီကားကို မခင်မိုးက နံရံတွင်သင့်သလိုချိတ်ဆွဲစေ၊ နေရာချထားမှုများပြီးသွားလျှင် နားလိုက်ကြစေ။)

**ကိုဆွေမြင့်။** (ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီး) ကဲအတော်လေးတော့ ပြီးသွားပါပြီ။ နားကြတော့ကွာ။ ဟေ့မောင်ဦး ဒီမှာ လာထိုင်ကွာ၊ (မောင်ဦးစားပွဲတွင်လာထိုင်ပြီး အမောဖြေစေ။)

(မခင်မိုးက အတွင်းဘက်သို့ ခဏဝင်သွားပြီး၊ ရေနွေးကြမ်းခေတ်ဘူးနှင့် ပန်းကန်များ၊ လက်ဖက်အုပ်ပါသော လင်ပန်းကိုသယ်ယူလာစေ။)

(စိုးသန်းက မိုးမြင့်ခေါင်ကစားနေရာသို့ သွားပြီး ကစားစရာလှည်းကလေးကို ပြင်ပေးနေစေ။)

**မခင်မိုး။** (လင်ပန်းကိုစားပွဲပေါ်တင်လိုက်ပြီး) ကဲအမောပြေရေနွေးကြမ်းနဲ့ လက်ဖက်ကလေးစားကြရအောင်။ (ပြောပြီးကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်စေ။)



**ကိုဆွေမြင့်။** (ရေနွေးကြမ်းတစ်ခွက်ကို သောက်ရင်းပြော။) အိမ်လေးကရှေ့ပိုင်းကိုတော့ သိပ်မပြင်ရဘဲ နေလို့ရပါတယ်။ မီးဖိုချောင်နဲ့ရေစင်ကတော့ တော်တော်ပျက်စီးနေတယ်နော်။

**မောင်ဦး။** (ရေနွေးကြမ်းသောက်ရင်း၊ လက်ဖက်စားရင်းပြော။) ဟုတ်တယ်အစ်ကို။ အင်စပက်တော်ဦးတင်အေးကြီးက အသက်ကလဲကြီး မိသားစုကလဲများ နောက်ပြီးပင်စင်ကလဲနီးနေတော့ သိပ်ပြုပြုပြင်ပြင်မလုပ်ဘူး။ မှေးပြီးနေသွားတာ။ သူက သူ့ဇာတိမြို့ကိုပြန်ဖို့ပဲ အားယူနေတာ အစ်ကိုရဲ့။

**မခင်မိုး။** ကိုဦးက ဦးတင်အေးနဲ့အတော်ကြာကြာတွဲခဲ့ရတာလား။

**မောင်ဦး။** ကျွန်တော့်ကိုဦးတင်အေး မတိုင်ခင်ကလေးကမှ ဒီနေရာကိုခန့်လိုက်တာပါ။

**ကိုဆွေမြင့်။** မင်းက - အင်း အတွေ့အကြုံ ငါ့ထက်သာတယ်ကွ။ ကွင်းဆင်းတဲ့အခါ မင်းအမြဲလိုက်ရမယ်နော်။ ငါ့ကို ညီအစ်ကိုလိုသဘောထားပြီး၊ ပြောစရာရှိရင်လဲ ပွင့်ပွင့်လင်းလင်းပြောပြကွာ။

**မောင်ဦး။** ဟုတ်ကဲ့ပါအစ်ကိုရ။ အစ်ကို့အနေနဲ့ အသက်အရွယ်ငယ်တော့၊ ဒီအလုပ်နဲ့ပိုပြီးကိုက်ပါတယ်။ အားကစားသမားဖြစ်လို့ ကွင်းဆင်းတဲ့အခါအကြမ်းအတမ်းခံနိုင်တာပေါ့။ အင်းအင်စပက်တော်အလုပ်က ခပ်ကြမ်းကြမ်း

သွားလာလှုပ်ရှားနိုင်မှုဖြစ်တာအစ်ကို။

(ထိုစဉ် မိုးမြင့်ခေါင်က မခင်မိုးထံလာပြီး)

**မိုးမြင့်ခေါင်။** မေမေ - ဘွားဘွားပေးလိုက်တဲ့ ငှက်ပျောသီး စားချင်တယ်။

**မခင်မိုး။** အေး အေး ဟုတ်ပါရဲ့။ ငစိုးရေ --- ကြောင်အိမ်ပေါ်မှာ ရွာကအပြန် အမေပေးလိုက်တဲ့ ဖီးကြမ်းငှက်ပျောရှိတယ်။ သွားယူခဲ့နော်။

(စိုးသန်းက ဟုတ်ကဲ့ဆိုကာ အတွင်းဝင်သွားပြီး ငှက်ပျောဖီးကိုယူခဲ့စေ။ မခင်မိုးသို့ပေးစေ။)

(မခင်မိုးက ငှက်ပျောသီးတစ်လုံးဖြုတ်ပြီး မိုးမြင့်ခေါင်အားပေးစေ။)

**မိုးမြင့်ခေါင်။** မေမေ - လေးလေးစိုးဖို့ရော။

**မခင်မိုး။** အေး - အေး ရော့။ (ငှက်ပျောသီးတစ်လုံးထပ်ဖြုတ်ပေးစေ။)

(မိုးမြင့်ခေါင်ကယူ၍ စိုးသန်းကိုပေးစေ။ စိုးသန်းနှင့်မိုးမြင့်ခေါင်တို့ ရွှံ့ရုပ်ကလေးများရှိရာသို့ ပြန်သွားပြီးငှက်ပျောသီးများကို နွှာစားနေကြစေ။)

**မခင်မိုး။** (ငှက်ပျောဖီးကို စားပွဲငယ်ပေါ်တင်လိုက်ပြီး အမေပေးလိုက်တဲ့ငှက်ပျောသီးက မှည့်ပြီ၊ စားလို့အနေတော်ပဲ။ စားကြပါဦး။)

**ကိုဆွေမြင့်။** ဒါကပိုကောင်းတာကွ။ (ငှက်ပျောသီးတစ်လုံးကို ဖြုတ်နွှာစားစေ။) ဟော့ မောင်ဦး စားပါဦး။

(မောင်ဦးလည်း တစ်လုံးဖြုတ်နွှာစားစေ။)



**ကိုဆွေမြင့်။** မောင်ဦးရေ မင်းလဲအိမ်ထောင်မရှိသေးတဲ့ လူဆိုတော့ တို့အိမ်လာတဲ့အခါ အိမ်သားတစ်ယောက်လိုပဲနေကွာ။ အားတဲ့အခါတိုင်း လာပေါ့။ မင်းနဲ့ငါကတော့ တောကိုပဲခဏခဏ ဆင်းနေရမှာပါ။

**မောင်ဦး။** ဟုတ်ပါတယ်အစ်ကို။ ကျွန်တော့်ကိုလဲ တပည့်ရင်းတစ်ဦးလို သဘောထားပါ။

**ကိုဆွေမြင့်။** ဟာ မင်းက ဒီလုပ်ငန်းမှာ ငါ့ထက်အတွေ့အကြုံရှိလို့ ငါက ဆရာတင်ရမှာပါ။

**မောင်ဦး။** ဘယ်ဟုတ်မလဲအစ်ကိုရာ၊ အစ်ကိုတို့က ပညာရှိတယ်၊ ဥပဒေသိတယ်။ အဲဒါအရေးကြီးတာပါ။

**ကိုဆွေမြင့်။** ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီပေါ့ကွာ။ ဟေ့ငစိုးရေ ဒီခဏလာဦး။ (စိုးသန်း၊ ကလေးအနားမှထပြီး စားပွဲအနီးတွင်ရပ်နေစေ။)

**ကိုဆွေမြင့်။** ငစိုး - ဒီအစ်ကို ကိုမောင်ဦးကို ခင်ခင်မင်မင် နေနော်။ တစ်ခါတလေ မင်းလဲငါတို့နဲ့အတူ တောကိုလိုက်ရတဲ့အခါလိုက်ရမှာ။

**စိုးသန်း။** ဟုတ်ကဲ့ - အစ်ကိုလေး။

**ကိုဆွေမြင့်။** ဒီကောင်က ၇ တန်းအောင်ပြီးသား မောင်ဦးရဲ့။ ကျောင်းဆက်မထားနိုင်လို့ အမေကခေါ်ထားတာ။ အမေ့မောင်အငယ်ဆုံးက မွေးတာလေ။ ရွာမှာအစ်ကိုနဲ့အတူ လယ်လုပ်ငန်းမှာကူညီ လုပ်ကိုင်နေရာက အခုတို့က ဒီကိုခေါ်လာ တာလေ။

**မောင်ဦး။** ကောင်းပါတယ်။ ဒီမှာက အစ်ကိုကတောဆင်းတာများမယ်။ အစ်မကရုံးတက်နေဆိုတော့ အိမ်မှာအဖော်ရှိမှဖြစ်မှာ။

**ကိုဆွေမြင့်။** ဟုတ်တယ်။ ငစိုး မင်းက မိုးမြင့်ခေါင်ကိုလဲ ကျောင်းပို့ကျောင်းကြိုလုပ်ရမယ်နော်။ ကလေးကို ထိန်းသိမ်းပေးရမယ်။ မင်းအစ်မနဲ့ ချက်ပြုတ်ရေးမှာလဲ ကူညီရမယ်နော်။ အားတဲ့အခါ အိမ်ခြံထဲရှင်းရမယ်။

**စိုးသန်း။** ဟုတ်ကဲ့။ အခုကျွန်တော်ခြံထဲသွားရှင်းရမလား အစ်ကိုလေး။

**ကိုဆွေမြင့်။** အေး အေး ကောင်းသားပဲ။ လောလောဆယ်တော့ ချုံနွယ်တွေရှင်းကွာ။ ဓားယူသွား။ (စိုးသန်းထွက်သွားစေ။)

**မောင်ဦး။** ငစိုးက ဖင်ပေါ့တယ်နော်။

**ကိုဆွေမြင့်။** သူက ငါ့အစ်ကိုကြီးရဲ့စည်းကမ်းအောက်မှာ ကြီးပြင်းလာတာဆိုတော့ အလုပ်မခိုဘူး၊ အကျင့်စာရိတ္တကောင်းတယ်။ စိတ်ချရမှာမို့လဲ ခေါ်လာတာလေ။

**မခင်မိုး။** ငစိုးက သားလေး မိုးမြင့်ခေါင်ကို အနီးကပ် ထိန်းပေးနိုင်မှာလဲ သေချာတယ်အစ်ကိုရဲ့။ ငစိုးက သူ့အစ်ကိုကြီးကိုရော အစ်ကိုလေးကိုရော အားကြီးချစ်တာဆိုတော့ ဒီကလေးကိုလဲ သူချစ်မှာပါ။

**ကိုဆွေမြင့်။** (ငယ်စဉ်ဘဝကိုပြန်သတိရသည့် မျက်နှာဖြင့်) မောင်ဦးရေ ငါတို့ငယ်ငယ်က ဆင်းဆင်းရဲရဲနဲ့ပဲ



နေခဲ့ရတော့ ငါတို့သားလေးကျရင် ထူးချွန်ထက်မြက်ပြီး၊ ချမ်းချမ်းသာသာဖြစ်စေချင်တာမို့လို့ မိုးမြင့်ခေါင်အတွက် အမြဲတမ်းဦးစားပေးစဉ်းစားရတယ်ကွာ။

**မောင်ဦး။** ဟုတ်တာပေါ့အစ်ကို၊ ကလေးကလဲ ထူးချွန်မယ့်ကလေးပါ။

**ကိုဆွေမြင့်။** ထူးချွန်အောင်လို့လဲ သူ့အမေနာမည်မိုးနဲ့ငါ့နာမည်မြင့် ပေါင်းပြီး အခေါင်အဖျားရောက်မယ့်နိမိတ်နဲ့မိုးမြင့်ခေါင်လို့မှည့်ခဲ့တာမောင်ဦးရဲ့။

**မောင်ဦး။** ဩော် ဒီလိုလား။

**ကိုဆွေမြင့်။** ကဲ မောင်ဦးရေ အိမ်လေးကတော့ လတ်တလောနေလို့ရသွားပါပြီ။ နောက်ရက်တွေကျမှပဲ။ မီးဖိုချောင်နဲ့ရေစင်ကို လက်သမားနဲ့ပြင်ရမယ်။ မင်းနဲ့သိတဲ့လက်သမား မင်းဘယ်တော့ခေါ်လာပေးမှာလဲ။

**မောင်ဦး။** သုံးလေးရက်ကြာရင် လာမယ်တဲ့အစ်ကို။

**ကိုဆွေမြင့်။** အေး ကောင်းတယ်ကွာ။ ရုံးပိတ်ရက်နဲ့အံကျဖြစ်သွားမှာပါ။ ကဲ မောင်ဦး မင်းလဲ အိမ်ပြန်တော့။

**မခင်မိုး။** ထမင်းစားပြီးမှ ပြန်ခိုင်းလေကိုဆွေရဲ့။

**ကိုဆွေမြင့်။** ဟာ မင်းမီးဖိုချောင်ကိစ္စ ချက်ဖို့ပြုတ်ဖို့က အခုမှပြင်ရဆင်ရမှာ၊ ကြာဦးမှာမဟုတ်လား။

**မောင်ဦး** ကျွန်တော်မစားတော့ဘူး။ ရုံးလဲသွားဖို့ရှိသေးတယ်။

ခေါင်မိုး။ အေး ဟုတ်သားပဲ။ တို့နှစ်ယောက်က အိမ်ပြောင်းဖို့ဆိုပြီး ခွင့်တစ်ရက်ယူထားတာဆိုတော့ ကိစ္စမရှိဘူး။ ကဲ မင်းပြန် - ပြန်။ ရုံးချိန်တောင်ရောက်နေပြီ။

မောင်ဦး။ ရပါတယ်။ ရုံးအုပ်ကြီးကို ကျွန်တော်ပြောထားပါတယ်။

ကဲ - သွားပြီ အစ်ကို။

တိုးဆွေမြင့်။ အေး - အေး။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၄)

နေရာ။ ပင်လယ်ပိုင်းဒေသ၊ ငကျီးရိုးချောင်းဘေး။

အချိန်။ မွန်းလွဲပိုင်း

အပြင်အဆင်။ ကနစိုပင်များ၊ လမုပင်များ၊ ခရာဆူးချုံများပါရှိသော ဒီရေတောအတွင်း ချောင်းတစ်ချောင်းဖြတ်စီးလာသည့် ရေးချက်နောက်ခံကားရှိရမည်။ ချောင်းသည် ပရိသတ်မြင်ကွင်းအထိ အဝေးမြင်မှ အနီးမြင်သို့ ရေးဆွဲထားရမည်။ နောက်ခံကား၏ရှေ့တွင် ချောင်း၏ ဤမှာဘက်ကမ်းမှ ကန်သင်းတစ်ခုအဖြစ် သရုပ်ပေါ်အောင် ရွှံမြေအရောင်ဒူးပိတ် (ပိတ်အတား) တစ်ခုရှိရမည်။ နောက်ခံကားနှင့် ဒူးပိတ် (ပိတ်အတား) ကြားသည် ချောင်းရေစီးဆင်းနေသည့်သဘောဆောင်ရမည်။

ငင်းချောင်းရေအတွင်း ကျားပိုက်ထောင်နေသည့် သရုပ်ပေါ်အောင်၊ ဝါးတိုင်လေးတိုင်ရေပေါ်တွင် ပေါ်နေသည့်အသွင် ဖန်တီးထားပြီး ငင်းတိုင်များတွင် နိုင်လွန်ပိုက်တစ်ဖုံချည်နှောင်ထားရှိရမည်။ လှေတစ်စင်းလည်း ကျားပိုက်နှင့်တစ်ဆက်တည်း ရှိနေရမည်။ မွန်းလွဲပိုင်းနေကျချိန်၊ တောတွင်းအုံ့မှိုင်းသည့်

မီးအလင်းရောင် ခွင်ပြည့်ပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(နောက်ခံကားနှင့်ဒူးပိတ်အကြား၊ ငကျီးရိုးချောင်းအဖြစ် ပုံဖော်ထားသည့် နေရာအတွင်းတွင် အင်္ကျီမပါအရပ်သား သုံးဦး ရေထဲတွင် ကျားပိုက်ထောင်နေသည့်သဏ္ဍာန် လှုပ်ရှားနေကြစေ။ ရေများစိုနေကြစေ။)

(ဇာတ်စင်၏လက်ယာဘက်ရှေ့နားမှ ကိုဆွေမြင့်နှင့်မောင်ဦးတို့ တောသွားအဝတ်အစားများဖြင့် လုံချည်တိုတိုဝတ်လျက် မြင်ကွင်းသို့ဝင်လာကြစေ။ မောင်ဦးသည် ကျောပိုးအိတ်အဟောင်းတစ်လုံးကို ကျောပိုးထားပြီး တုတ်တစ်ချောင်းကိုင်ထားစေ။ ကိုဆွေမြင့်သည် လွယ်အိတ်တစ်လုံးကို လွယ်ထားစေ။ ၎င်းတို့ခြေထောက်များသည် ရွှံ့များဒူးဆစ်ခန့်အထိ ပေနေစေ။)

(ကိုဆွေမြင့်နှင့် မောင်ဦးတို့ထွက်လာလာချင်း ကျားပိုက်ထောင်နေသူများကို လှမ်းမြင်စေ။)

ကိုဆွေမြင့်။ (လေသံခပ်တိုးတိုးဖြင့်) ဟေ့ မောင်ဦးရေ၊ ဒီငကျီးရိုးအင်းချောင်းထဲမှာ ပိုက်ချက်လိုင်စင် ပေးထားတာမရှိဘူးကွ။ ဟိုမှာ ကျားပိုက်ထောင်နေတာမဟုတ်လား။

မောင်ဦး။ ဟုတ်တယ် - အစ်ကို။

ကိုဆွေမြင့်။ ဒီကောင်တွေ - မေးကြည့်စမ်းကွာ။

မောင်ဦး။ (ကိုဆွေမြင့်အနီးသို့ တိုးကပ်ပြီး၊ လေသံတိုးတိုးဖြင့်) အစ်ကိုရေ ဒီကောင်တွေက ဘာတွေမှန်း



မသိဘူး။ ရှာသွားပြီး သူကြီးခေါ်ပြီးမှ လာရင် မကောင်းဘူးလား။

ကိုဆွေမြင့်။ ဒါဆိုရင် ဒီကောင်တွေလစ်ပြေးမှာပေါ့ကွာ။ လာပါရပါတယ်။

(ကိုဆွေမြင့်က ကျားပိုက်ထောင်နေသူများ အနီးသို့ တိုးကပ်သွားစေ။ မောင်ဦးက အနောက်မှ လိုက်သွားစေ။ ကျားပိုက်ထောင်နေသူများက မော့ကြည့်ကြစေ။)

ကိုဆွေမြင့်။ (အသံကျယ်ကျယ်ဖြင့်) ဟေ့ မင်းတို့ ဒီကျားပိုက်ထောင်တာ လိုင်စင်ရှိလို့လား။

ရေထဲမှတစ်ဦး။ ဘာလိုင်စင်တုံးဗျ။ တောထဲမှာဘာတွေလာမေးနေတာလဲ။ ခင်ဗျားတို့က ဘယ်ကလဲ။

ကိုဆွေမြင့်။ ငါက အင်းအင်စပက်တော်ကွ။

(ပိုက်ထောင်သူများ တစ်ဦးမျက်နှာတစ်ဦး ကြည့်ကြစေ။)

ကိုဆွေမြင့်။ မင်းတို့လိုင်စင်မရှိဘဲနဲ့ ကျားပိုက်ထောင်နေကြတာမဟုတ်လား။ လာတက်ခဲ့ကြ၊ မင်းတို့ ပိုက်ကိုကမ်းပေါ်တင်လိုက်ကြ။ မင်းတို့ကိုအရေးယူရမယ်။

(ရေထဲမှနှစ်ဦးသည် ကမ်းပေါ်သို့တက်လာကြစေ။ ရေများရွှဲနေရမည်။ အခြားတစ်ဦးက တက်မလာဘဲချောင်းအတွင်းမှ စုန်၍မြင်ကွင်းမှပျောက်ကွယ်သွားစေ။)

ကိုဆွေမြင့်။ ကဲ - တိုင်တွေကပိုက်စတွေဖြုတ်လိုက်။ ပိုက်ကိုကန်းပေါ် ဆွဲတင်ကြစမ်း။ (မောင်ဦးက

ခေါင်းဆောင်ပြီး ပိုက်ကိုလိုက်ဖြုတ်ရန်ပြင်ဆင်စေ။ ပိုက်ထောင်သူနှစ်ဦးက မိုက်ကန်းကန်းမျက်နှာများဖြင့် ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေစေ။)

(ခဏအတွင်းမှာပင် ဇာတ်စင်၏လက်ဝဲဘက်မှ ဓား၊ လှံများကိုင်လျက် အရပ်သားလေးဦး ဝင်လာစေ။ ချောင်းထဲမှစုန်၍ ပြေးသွားသော ယခင်တစ်ဦးက ရှေ့ဆောင်လာစေ။ )

**ဝင်လာသူတစ်ဦး။** (အသံစွာစွာဖြင့်) ဟေ့ - ချောင်းရိုးလို့ငါးထောင်တာ ဘယ်သူလာဖမ်းတာတုံးကွ။ ပြောစမ်း။

(ပြောပြောဆိုဆို ကိုဆွေမြင့်ထံသို့ ဓားဝင့်လျက် ပြေးဝင်လာစေ။ ကိုဆွေမြင့်သည် လွယ်အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ချက်ချင်း ထုတ်ယူလိုက်ပြီး အပေါ်သို့ထောင်၍ ပစ်လိုက်စေ။ ပြေးဝင်လာသူများတန့်သွားစေ။ ဟာသေနတ်ပါတယ်ဟေ့ဟု အော်ပြောသံ ထွက်လာပြီး ဝင်လာသူများပြန်လှည့်ပြေးဝင်သွားစေ။

မူလပိုက်ခိုးထောင်သူ နှစ်ဦးလည်း ထွက်ပြေးမည်ဟန်ပြင်ရာ ကိုဆွေမြင့်က သေနတ်တစ်ချက်ထပ်ဖောက်လိုက်စေ။)

**ကိုဆွေမြင့်။** ဟေ့ - ကောင်တွေ မင်းတို့မပြေးနဲ့၊

(ပြေးဟန်ပြင်သူများ ပြန်ထိုင်လိုက်စေ။)

(ထိုစဉ် ဇာတ်စင်၏လက်ဝဲဘက်မှ ငကြီးရိုး ရွာသူကြီးနှင့်ရွာသားနှစ်ဦး ဝင်လာကြစေ။ မောင်ဦးကို မြင်လိုက်ရာ။)

**သူကြီး။** ဩော် - ကိုဦးတို့ကိုး။ ကျွန်တော်တို့က သေနတ်သံကြားလို့ ချက်ချင်းပြေးလာကြတာ။

**မောင်ဦး။** သူကြီးတို့လာတာ အတော်ပဲ။ ဒါ အင်းအင်းစပက်တော်အသစ် ဦးဆွေမြင့်လေ။

(ကိုဆွေမြင့်အား ညွှန်ပြစေ။)

**သူကြီး။** ဩော် - အရင် ဦးတင်အေး နေရာပေါ့နော။

**ကိုဆွေမြင့်။** (ခြောက်လုံးပြူးကို လွယ်အိတ်ထဲပြန်ထည့်ပြီး ပြော)

ဟုတ်ပါတယ်သူကြီး။ ကျွန်တော်တို့ သူကြီးတို့ရွာဘက်ကိုအလာ ဒီနေရာရောက်တော့ ပိုက်ခိုးထောင်နေတာနဲ့ ပက်ပင်းတွေ့နေလို့။ ပိုက်သိမ်းဖို့လုပ်တုန်း သူတို့အဖွဲ့က ဓားတွေ လှံတွေနဲ့ဝင်လာတာလေ။ ဒါနဲ့ သေနတ်နဲ့ ခြောက်လှန့်လိုက်ရတာ။

**သူကြီး။** ဩော်ဒီလိုကိုး။ ဟေ့ကောင်တွေ ချက်ကြီးနဲ့ဖိုးနီ မင်းတို့က ပွေကြီးတွေပါလားကွ။ ဟိုတစ်နေ့က တင် မင်းတို့ကို ငါသတိပေးလိုက်သေးတယ်။ ငါ့ရှေ့မှာတော့ ဟုတ်ကဲ့ - ဆိုပြီး ငါမသိအောင် ထောင်ကြတယ်ပေါ့ဟုတ်လား။ အင်စပက်ကြီး ကိုယ်တိုင် တွေ့တော့ ငါလဲ ဘယ်ကောင်းမလဲကွ။ နောက်ပြီး မင်းတို့က ဓားတွေလှံတွေနဲ့ သူရဲကောင်းတွေ လုပ်သေးတယ်ဟုတ်လား။

**ကိုဆွေမြင့်။** သူကြီးရာ. . ပထမတော့ တောသူတောင်သားတွေ ဥပဒေနားမလည်လို့ လုပ်ကြတာ။ ပိုက်တွေပြန်သိမ်းခိုင်းပြီး ပညာပေးရုံပဲလုပ်

မလို့ပါ။ အခုတော့ သူတို့က အုပ်ဖွဲ့ပြီး ရန်ပြုတာဆိုတော့ ခွင့်လွှတ်လို့မရတော့ဘူး။

**သူကြီး။** ဟာဒီလောက်မိုက်တဲ့ကောင်တွေ၊ အင်စပက်ကြီး ကိုယ်တိုင်ပဲ ဖမ်းသွားပါတော့ခင်ဗျာ။ ဟော့ ချက်ကြီးနဲ့ ဖိုးနီ ဘယ်သူတွေပါသေးတုံး။

**ချက်ကြီး။** ဗိုက်စူလဲပါသေးတယ်။ ဗိုက်စူခေါ်လာလို့ အောင်ဝင်းတို့အဖွဲ့က ဓားနဲ့လိုက်လာကြတာပါ။

**သူကြီး။** အေး အဲဒီကောင်တွေကိုလဲ ရှာကျရင် ခေါ်ပြီး အင်းစပက်ကြီးလက်ထဲအပ်ရမှာပဲ။

**ကိုဆွေမြင့်။** သူကြီးရယ်. . တကယ်တော့ ဘယ်သူပဲဖြစ်ဖြစ် ပိုက်ထောင်ချင်ရင် ကိုရိယာလိုင်စင်ခံပြီး လုပ်နိုင်ပါတယ်။ ပိုက်လိုင်စင် ဆိုတာကလဲ ဘာမှကြီးကြီးကျယ်ကျယ် ကုန်ကျမှာမှ မဟုတ်ဘဲ။ သူကြီးကတစ်ဆင့် ကျွန်တော်တို့ဆီ တင်ပြလျှောက်ထားရင် လိုင်စင်လွယ်လွယ်နဲ့ ရပါတယ်။ အဲဒီလို ဥပဒေနဲ့အညီလုပ်လို့ ရတာကို ခိုးပြီးလုပ်ကြတာတွေဟာ အတော်များတယ်သူကြီးရဲ့။

**သူကြီး။** ဟုတ်ပါရဲ့ဗျာ။ အလွယ်လုပ်ကြတော့ ဥပဒေကို ချိုးဖောက်ရာရောက်သွားတာပေါ့ခင်ဗျာ။

**ကိုဆွေမြင့်။** ဟုတ်ပါတယ်။ ဒီကိစ္စတွေကို သူကြီးတို့အနေနဲ့လဲ ရွာသူရွာသားတွေကို ကြုံရင်ကြုံသလိုပညာ ပေးပေးပါဗျာ။

**သူကြီး။** ဟုတ်ကဲ့ပါအင်စပက်ကြီး။ ကဲ အင်စပက်ကြီး



လဲ ပင်ပန်းလှပြီ။ ရွာထဲဝင်ကြရအောင်။ ဟော့ကောင် ချက်ကြီးနဲ့ဖိုးနီ မင်းတို့ပိုက်တွေကို မင်းတို့လှေပေါ်တင်ပြီး ငါ့အိမ်ကိုယူခဲ့ကြ ဗိုက်စူတို့ အောင်ဝင်းတို့ကိုလဲ ခေါ်ခဲ့။ နားလည်လား။

**ချက်ကြီး+ဖိုးနီ။** ဟုတ်ကဲ့ပါ သူကြီးမင်း။

**သူကြီး။** ကဲ အင်စပက်ကြီးနဲ့ ကိုဦးတို့ ကျွန်တော့်အိမ်သွားကြစို့။ (ချက်ကြီး၊ ဖိုးနီ ပိုက်များကိုရေထဲမှ ဆွဲတင်စဉ် သူကြီးနှင့် ကိုဆွေမြင့်တို့ သွားရန်ပြင်စဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၅)

နေရာ။ ခရိုင်မြို့၊ အင်းအင်စပက်တော်နေအိမ်။

အချိန်။ ညနေစောင်း။

အပြင်အဆင်။ ပျဉ်ထောင်အိမ်ခန်း ရေးချက်နောက်ခံကား ရှိရမည်။ အခန်း၏ခေါင်းရင်းပိုင်းတွင် စားပွဲငယ်တစ်လုံးနှင့် မတ်တတ်ကုလားထိုင် သုံးလေးလုံးရှိရမည်။ မနီးမဝေးတွင် ဥပဒေ စာအုပ်များအပါအဝင် စာအုပ်များတင်ထား သော စာအုပ်စင်တစ်ခုရှိရမည်။ နံရံတွင် ပြက္ခဒိန်နှင့်ပန်းချီကားများ သင့်သလိုချိတ်ဆွဲ ထားရမည်။ စားပွဲငယ်ပေါ်တွင် ဖိုင်တွဲအပုံ တစ်ပုံရှိရမည်။

ညနေစောင်း အလင်းရောင်ခွင်ပြည့် မီးပေး ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ကားဖွင့်ဖွင့်ချင်း မြင်ကွင်းတွင် မည်သူမျှမရှိစေရ။ ခဏ အကြာတွင် ဇာတ်စင်၏လက်ဝဲဘက်မှ စိုးသန်း၏ အော်ပြော သံများထွက်ပေါ်လာစေ။)





စိုးသန်း။ အစ်မရေ၊ အစ်ကိုလေးပြန်လာပြီ။ (မြင်ကွင်း သို့ ဝင်လာစေ။ လက်ထဲတွင် သရက်သီးများ ထည့်ထားသော ခြင်း တစ်ခြင်းကို ဆွဲလာစေ။)

(စိုးသန်းနောက်မှ မောင်ဦးနှင့်ကိုဆွေမြင့်တို့ ဝင်လာကြစေ။ ကိုဆွေမြင့်က လွယ်အိတ်ကို လွယ်လျက် မောင်ဦးက ငါးခြောက်တွဲများ ကိုဆွဲလျက် ဝင်လာခြင်းဖြစ်သည်။)

(ထိုအချိန်တွင် ဇာတ်စင်၏ လက်ယာဘက်မှ မိုးမြင့်ခေါင် ထမင်းပန်းကန်ကို လက်ကကိုင် လျက် ပြေးထွက်လာစေ။ ၎င်းနောက်မှ မခင်မိုးက လက်သုတ်ပဝါဖြင့် လက်ကိုသုတ် လျက်ထွက်လာစေ။)

(ကိုဆွေမြင့်က လွယ်အိတ်ကို စားပွဲပေါ် တင်လိုက်ပြီး ကုလားထိုင်တွင်ထိုင်စေ။ မောင်ဦးက ဆွဲလာသောငါးခြောက်တွဲများကို တစ်နေရာတွင်ချလိုက်စေ။)

မခင်မိုး။ သားလေးက ထမင်းဆာတယ်ဆိုလို့ သားအမိ နှစ်ယောက် ညနေစာစားနေကြတာ။ ကိုဆွေ ပြန် ရောက်မယ်မထင်လို့။

ကိုဆွေမြင့်။ ရပါတယ်ကွာ။ ကိုဆွေက ထမင်းလဲမဆာသေး ပါဘူး။ ပြီးရင်လဲ ဘော်လီဘောသွားကစားဦး မှာ။

မခင်မိုး။ အို-ကိုဆွေကလဲ ခရီးကပြန်ရောက်ရောက် ချင်း ကစားဦးမလို့လား။ နားနားနေနေ နေပါဦးလားလို့။

**ကိုဆွေမြင့်။** ဟာ - ကိုယ်တို့အလုပ်က အမြဲလိုလိုခရီးထွက်နေရတာ။ ခရီးထွက်ရလို့မကစားဘူးဆိုရင် ဘယ်မှာ ကစားချိန်ရှိတော့မှာလဲကွ။ ကဲ - မောင်ဦးရေ -- ငါးခြောက်တစ်တွဲ မင်းအိမ်မှာစားဖို့ယူသွားနော်။ အမေပေးလိုက်တဲ့ သရက်သီးတွေကတော့ မှည့်အောင်အုပ်လိုက်ဦးမယ်။ မှည့်မှပေးတော့မယ်။ ကဲ-ကဲ မင်းလဲ ပင်ပန်းပြီ၊ အိမ်ပြန်တော့။

**မောင်ဦး။** ဟုတ်ကဲ့-အစ်ကို။ (ငါးခြောက်တစ်တွဲကိုဆွဲပြီး ပြန်ထွက်သွားစေ။)

**မခင်မိုး။** ကိုဆွေ-အမေ့ဆီရောက်ခဲ့တယ်မဟုတ်လား။

**ကိုဆွေမြင့်။** ဟုတ်တယ်မိုးရဲ့။ ကိုယ်တို့သွားတဲ့ရွာက အုန်းညီနောင်ရွာနဲ့ တစ်ကြောတည်းပဲ။ ဒါကြောင့် အပြန်မှာရွာကို လှည့်ဝင်ခဲ့တာ။ အမေ့ကို မြို့အလည်ခေါ်ချင်လို့။ ကိုယ်တို့ဒီအိမ်လေးကို ပြောင်းပြီးမှ အမေတစ်ခေါက်မှမလာဖူးသေးဘူးလေ။ ကိုယ်တို့ ဒီအိမ်ပြောင်းနေတာပဲ တစ်နှစ်ကျော်ရှိနေပြီ။

**မခင်မိုး။** အမေကမလိုက်ဘူးလား။

**ကိုဆွေမြင့်။** အမေကလိုက်တော့လိုက်ချင်တယ်။ သူ့မြေးကိုလဲ သိပ်တွေ့ချင်တာပဲ။ဒါပေမယ့် - အမေ တမြန်နှစ်ကလောက် မကျန်းမာချင်ဘူး။ သွားလာ လှုပ်ရှားတာ နည်းနည်းနှေးသွားတယ်။

**မခင်မိုး။** အင်းလေ-အမေလိုက်လာရင်ကောင်းမှာ။ မြို့မှာဆရာဝန်နဲ့သေသေချာချာ စမ်းသပ်ပြီး ကုလိုက်ရင် ကျန်းမာသွားမှာပေါ့။



**ကိုဆွေမြင့်။** အေးကွာ-ရောဂါလို့လဲ ကြီးကြီးကျယ်ကျယ်ဖြစ်တာမဟုတ်တော့ ဆရာဝန်နဲ့ဘာနဲ့ပြဖို့သူ့မှာ ဆန္ဒမရှိဘူး မိုးရဲ့။ အဲဒါ ဒီကနေအားဆေးကောင်းကောင်းနဲ့ သူသောက်နေကျလေဆေးကို မပြတ်ပို့ပေးမယ်လို့ ကိုယ်ပြောခဲ့တယ်။ (မိုးမြင့်ခေါင်သို့ လှမ်းပြောစေ။) သားရေ-ဘွားဘွားကြီးက သားလေးကို အရမ်းသတိရနေတာကွ။ သားလေးကြိုက်တဲ့ဖီးကြမ်းငှက်ပျောသီးလဲပေးလိုက်တယ်။ ဟိုထဲမှာလေ။ (သရက်သီးများ ထည့်ထားသောခြင်းကို လက်ညှိုးထိုးပြစေ။)

**မိုးမြင့်ခေါင်။** ဟာ-ဒါဆိုရင်သားငှက်ပျောသီးပဲစားတော့မယ်။ ထမင်းတော်ပြီ။ (ပြောရင်းပင်ထမင်းပန်းကန်ကို အထဲသို့ယူပြီး ပြေးဝင်သွားစေ။)

**မခင်မိုး။** ဟဲ့-သား - သား ကြည့်စမ်း၊ ငှက်ပျောသီးအသံကြားတယ်ဆို ထမင်းတောင်ပြီးအောင်မစားတော့ဘူး။ ဩော်- ကိုဆွေရေ - သားလေးရဲ့ သတင်းကောင်းပြောစရာရှိတယ်သိလား။

**ကိုဆွေမြင့်။** ဟာ - ဘာသတင်းကောင်းလဲမိုးရဲ့။

**မခင်မိုး။** သူတို့ကျောင်းမှာမနေ့က ပြေး-ခုန်-ပစ်ပြိုင်ပွဲလုပ်တယ်တဲ့။ အဲဒါ - သားလေးက သူတို့အတန်းမှာ အပြေးပထမရတယ် ကိုဆွေရဲ့။ (ထိုစဉ် မိုးမြင့်ခေါင်က အတွင်းမှပြန်ထွက်လာရာ ကိုဆွေမြင့်က ဆီးပွေ့စေ။)

ကိုဆွေမြင့်။ ငါ့သားက အပြေးပြိုင်ပွဲ ပထမရတယ် ဟုတ်လား။ သိပ်တော်တဲ့ ငါ့သားကြီး။ ဖအေတူ သားကြီးကွ။
(မိုးမြင့်ခေါင်ကို မြှောက်၍မြှောက်၍ ဝမ်းသာအားရဖြစ်နေစေ။)

မခင်မိုး။ သားလေးက ထမင်းစားပြီးခါစကြီးနော်။ သိပ်မြှောက်မနေနဲ့ဦးလေ။

ကိုဆွေမြင့်။ အေး - အေးပါ - ငါ့သားကြီးကို ဘွားဘွားကြီးပေးလိုက်တဲ့ ငှက်ပျောသီးကျွေးရမယ်။ ခြင်းထဲက ယူလိုက်ပါကွာ မိန်းမရာ။
(မခင်မိုး ခြင်းထဲမှ ငှက်ပျောဖီးကို သွားယူပြီး တစ်လုံးဖဲ့ကာ မိုးမြင့်ခေါင်သို့ပေးစေ။ မိုးမြင့်ခေါင်က ဝမ်းသာအားရန္တာစားစေ။)

ကိုဆွေမြင့်။ (မိုးမြင့်ခေါင်ကိုပြုံးပြုံးကြီးကြည့်ပြီး) ညကျရင် သားကြီးကို အင်္ဂလိပ်သီချင်း ကဗျာလေး သင်ပေးမယ်။ သင်မလား။

မိုးမြင့်ခေါင်။ သင်မယ် - သင်မယ် - ဘာသီချင်းသင်ပေးမှာလဲ ဖေဖေ။

ကိုဆွေမြင့်။ Ba Ba Black Sheep ဆိုတဲ့ သီချင်းကဗျာလေး သားရဲ့။ မြန်မာလိုတော့ သိုးမည်းလေးဘာဘာပေါ့ သားရယ်။

မိုးမြင့်ခေါင်။ ကောင်းတယ် - ညကျရင်တကယ်သင်ပေးရမယ်နော် ဖေဖေ။ အဲဒါရမှသားအိပ်မှာ။

ကိုဆွေမြင့်။ ဖေကြီးအိမ်မှာရှိရင်သားကို အမြဲသင်ပေးတာမဟုတ်လား သားရဲ့။ ကဲ - ဖေကြီး ဘော်လီဘောသွားကစားဦးမယ်နော်။ (ထိုင်ရာမှ ထပြီး အပေါ်အင်္ကျီများချွတ်၍ ချိတ်တွင် ချိတ်စေ) ငစိုးရေ - မင်းလဲ ခြံထဲက ရှင်းလက်စလေး ဆက်ရှင်းကွာ။ ငါကစားပြီး ပြန်လာမှ မင်းနဲ့ငါ ရေမိုးချိုး ထမင်းစား ကြတာပေါ့ဟုတ်လား။

ဦးသန်း။ ဟုတ်ကဲ့ အစ်ကိုလေး။
(ပြောပြီးပြီးချင်း အပြင်သို့ထွက်သွားစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၆)

နေရာ။ မြို့ပေါ်ရှိ မူလတန်းကျောင်း စာသင်ခန်းတစ်ခု။

အချိန်။ ကျောင်းချိန်။

အပြင်အဆင်။ ပျဉ်ဖြင့်အခန်းဖွဲ့ထားသော ပျဉ်ထောင်ခန်း ရေးချက် ကားနောက်ခံရှိရမည်။ စာသင်ခန်း သုံး၊ ထောက်ပါသော ဘောတစ်ချပ်ကို လက်ယာဘက်ခြမ်းတွင် ပရိသတ်ဘက်သို့ ၄၅ ဒီဂရီခန့် စောင်း၍ထားရှိရမည်၊ ၎င်းဘော၏ ဘေးနားတွင် ဆရာထိုင်စားပွဲငယ် တစ်လုံးနှင့် ကုလားထိုင်တစ်လုံးရှိရမည်။ လက်ဝဲဘက်ခြမ်းတွင် တစ်တောင်ခန့်အမြင့် ခုံရှည် ၅ ခုလောက်ကို ဘောဘက်သို့ တစ်စောင်း လှည့်လျက် ခင်းထားရမည်။ စာသင်ခန်းအသွင် ပေါ်လွင်စေရန် နောက်ခံ နံရံ (ပိတ်ကား) တွင် မြန်မာသင်ပုန်းကြီး ကားချပ်၊ အင်္ဂလိပ် အက္ခရာကားချပ်စသည့် သင်ထောက်ကူ ကားချပ်များကို သင့်သလို ချိတ်ဆွဲထားရမည်။ နေ့လယ်ခင်းအလင်းရောင် ခွင်ပြည့်မီး အလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)





(အင်္ကျီဖြူ လုံခြည်စိမ်းဖြင့် ဆရာမလေးသည် ပရိသတ်ဘက်သို့ မျက်နှာမူကာ ဘောတွင် ပထမတန်း သင်ခန်းစာများကို မြေဖြူဖြင့် ရေးနေစေ။ ခုံရှည်များတွင် ပထမတန်း ကျောင်းသားကျောင်းသူကလေးများက ဆရာမရေးထားသည့် ၁-၂-၃-၄-၅-၆-၇-၈- စသည့် ဂဏန်းများကို ကျောက်သင်ပုန်းများတွင်လိုက်ရေးနေကြစေ။ ကျောင်းသားကလေးများတွင် မိုးမြင့်ခေါင်ပါရှိပြီး ရှေ့ဆုံးတန်းတွင် နေရာယူလျက် ကျောက်သင်ပုန်းတွင် ငုံ့ရေးနေစေ။)

ဆရာမ။ ကဲ - ဆရာမ ဘောမှာရေးပြတဲ့အတိုင်း တစ်ကနေသုံးဆယ်အထိကို ဆရာမ တစ်လုံးချင်း သင်ပြီးပြီနော်။ အခု - ဆရာမက တစ်လုံးချင်းတုတ်နဲ့ ထောက်ပြမယ်။ ကလေးတို့က လိုက်ဆိုကြ။ ရမယ် မဟုတ်လား ---။

ကလေးများ။ ရပါတယ် ဆရာမ။

ဆရာမ။ ကဲ - ဆို -- (ဂဏန်းတစ်လုံးချင်းကို တုတ်ဖြင့် ထောက်သွားစေ။)

ကလေးများ။ တစ် - နှစ် - သုံး - လေး - ငါး - ခြောက် - ခွန် - ရှစ် - ကိုး - တစ်ဆယ် - ဆယ့်တစ် - ဆယ့်နှစ် - ဆယ့်သုံး - ဆယ့်လေး - ဆယ့်ငါး- ဆယ့်ခြောက် - ဆယ့်ခွန် - ဆယ့်ရှစ် - ဆယ့်ကိုး - နှစ်ဆယ် - နှစ်ဆယ့်တစ် - နှစ်ဆယ့်နှစ် - နှစ်ဆယ့်သုံး - နှစ်ဆယ့်လေး- နှစ်ဆယ့်ငါး - နှစ်ဆယ့်ခြောက် - နှစ်ဆယ့်ခွန်- နှစ်ဆယ့်ရှစ် - နှစ်ဆယ့်ကိုး - သုံးဆယ်။

ဆရာမ။ ကဲ-အဲဒါကို ကျောက်သင်ပုန်းမှာရေးကြ၊ လက်ရေးလဲလှအောင်ရေးရမယ်။ မှန်လဲမှန်ရမယ်။ ဟုတ်ပြီလား။

ကလေးများ။ ဟုတ်ကဲ့ဆရာမ။

(ကလေးများ၊ ကျောက်သင်ပုန်းအသီးသီးတွင် အားကြိုးမာန်တက်ရေးကြစေ။)

(ဆရာမက တုတ်ကလေးကိုင်ကာအတန်း ပတ်ချာလှည့်ပတ်၍ ကြည့်နေစေ။)

ဆရာမ။ (လှည့်ပတ်ရင်းပြော) ရေးပြီးတဲ့လူ စားပွဲပေါ် သွားတင်ပါ။ အားလုံးရေးပြီးသွားရင် ကဗျာလေးတွေ သီချင်းလေးတွေဆိုရမယ်။

ကလေးများ။ (လက်ကလေးများမြှောက်ပြီး) ဟေး - - မြန်မြန် ပြီးအောင်ရေးမယ် - -။

ဆရာမ။ တိတ်ကြ - တိတ်ကြ။ မြန်မြန်ပြီးအောင် လှလှလေးတွေရေးကြ။ (ကလေးများပို၍ အားကြိုးမာန်တက်ရေးကြစေ။ မိုးမြင့်ခေါင်က ပထမဦးဆုံးပြီးသဖြင့် ပြီးပါပြီဆရာမဟု အော်ကာ၊ ကျောက်သင်ပုန်းကို စားပွဲပေါ်သို့သွားတင်စေ။)

ဆရာမ။ (အားလုံးပြီးသွားချိန်တွင်) ဟုတ်ပြီ - အားလုံးပြီး သွားလို့ကဗျာလေးတွေဆိုကြမယ်။ အားလုံး အရှေ့ကို လာမတ်တတ်ရပ်ကြ။

(ဆရာမက ဇာတ်စင်ရှေ့ပိုင်းနေရာလွတ်သို့ ထွက်လာစေ၊ ကလေးများအားလုံး ဆရာမရှေ့တွင် မတ်တတ်ရပ်ကြစေ။ ဆရာမနှင့် ကလေးများကို ပရိသတ်က တစောင်းမြင်နေရမည်။)



ဆရာမ။ ကဲ - ဒီကနေ့ ကဗျာသီချင်းလေး တစ်ပုဒ် အသစ်ဆိုရမယ်။ အဲဒါသင်မပေးခင် မနေ့က သင်ပေးခဲ့တဲ့ ကဗျာသီချင်းလေး ဆိုပါဦး။ ဘာကဗျာလဲ ကလေးတို့။

ကလေးများ။ 'ဖိုးဝလုံး' ပါဆရာမ။

ဆရာမ။ ကဲ - ဖိုးဝလုံးကဗျာလေးကို မနေ့ကဆိုသလို ကိုယ်ဟန်အမူအရာနဲ့ဆိုကြ။

ကလေးများ။ (အားလုံးမတ်တပ်ရပ်ပြီး ဖိုးဝလုံးကဗျာကလေးကို ကိုယ်ဟန် အမူအရာများဖြင့် ဆိုကြစေ။)

ဖိုးဝလုံး ဖိုးဝလုံး
ဘာလို့ဝသတုံး။
ပြုံးပြုံးရွှင်ရွှင် နေလို့များ
ဝလုံးဝသလား။
ဖိုးဝလုံး ဖိုးဝလုံး
ဘာလို့ဖြူသတုံး။
စိတ်နှလုံးကောင်း ရှိလို့များ
ဝလုံးဖြူသလား။
ဖိုးဝလုံး ဖိုးဝလုံး
ဘာလို့ဝိုင်းသတုံး။
ဇွဲကိုသုံးကာ ကျင့်လို့များ
ဝလုံးဝိုင်းသလား။

ဆရာမ။ အဲ - ဟုတ်ပြီ။ ဆရာမ တပည့်လေးတွေ ကဗျာဆိုတာသိပ်ကောင်းတာပဲ။ --

ကဲ - အခုအသစ်တစ်ပုဒ်သင်ပေးမယ်။ ကဗျာကလေးရဲ့ခေါင်းစဉ်ကတော့ "လူကလေးကြီးရင်"တဲ့ကွဲ့။ အမေ့ကျောင်းစာအုပ်ထဲက ကဗျာလေးပဲကွဲ့။ အဲဒါကို သီချင်းလေးလို ဟန်အမူအရာနဲ့ ဆိုရအောင်။ ဆရာမ အရင်ဆိုပြမယ် နော် - -

လူလေးကြီးရင် ဘာလုပ်မယ်
အမေမေးရင်ကွယ်။
နွားရုပ်ကလေး သနားတယ်
လယ်ထွန်စက်နဲ့ ထွန်ယက်မယ်။
လူလေးကြီးရင် ဘာလုပ်မယ်
အမေမေးရင်ကွယ်။
ကမ္ဘာတစ်ခွင် လျှောက်လို့လည်
လေယာဉ်ပျံကြီး မောင်းပဲ့မယ်။
လူလေးကြီးရင် ဘာလုပ်မယ်
အမေမေးရင်ကွယ်။
ဖျားနာသူတွေ သနားဖွယ်
ဆရာဝန်လုပ်လို့ ဆေးကုမယ်။
လူလေးကြီးရင် ဘာလုပ်မယ်
အမေမေးရင်ကွယ်။
တံတားဆောက်လို့ စက်ရုံတယ် (တည်)
ဗိသုကာကြီး လုပ်ပဲ့မယ်။
လူလေးကြီးရင် ဘာလုပ်မယ်
အမေမေးရင်ကွယ်။
စာမတတ်တဲ့ ညီမငယ်
ကကြီးခခွေး သင်ပေးမယ်။



ဆရာမ။ ကလေးတို့ရေ . .
အခုလို ကဗျာလေးတွေဆိုရတာ ပျော်လား မပျော်ဘူးလား။

ကလေးများ။ ပျော်ပါတယ် ဆရာမ။

ဆရာမ။ ပျော်စရာကောင်းတဲ့အပြင် ဗဟုသုတလဲ ရတယ်ကွဲ့။ ဒါကြောင့် ဆရာမသင်ပေးတဲ့ ကဗျာလေးတွေအပြင်၊ အဖေတွေအမေတွေ၊ အစ်ကိုတွေ၊ အစ်မတွေဆီက ကဗျာလေးတွေ သင်ယူကြကွဲ့။

မိုးမြင့်ခေါင်။ (လက်ပိုက်ပြီး) ဆရာမ ----

ဆရာမ။ ဘာလဲကွဲ့ - မိုးမြင့်ခေါင်။

မိုးမြင့်ခေါင်။ အင်္ဂလိပ်ကဗျာရော သင်လို့ရလားဆရာမ။

ဆရာမ။ ရတာပေါ့ကွဲ့။ သားက အင်္ဂလိပ်ကဗျာသင်ချင်လို့လား။

မိုးမြင့်ခေါင်။ ဖေဖေသင်ပေးလို့ အင်္ဂလိပ်ကဗျာလေးတစ်ပုဒ် သားရတယ်ဆရာမ။

ဆရာမ။ ဩော် - ဟုတ်လား။ (မိုးမြင့်ခေါင်ပခုံးနှစ်ဖက်ကိုအသာအယာကိုင်ကာ ရှေ့သို့ဆွဲခေါ်လိုက်ပြီး) ဒါဆိုရင် - သားကဆိုပြပါလား။

မိုးမြင့်ခေါင်။ ဟုတ်ကဲ့ဆရာမ။ (အင်္ဂလိပ်ကဗျာကို သီဆိုပြစေ။)

"ဘာဘာဘာလက်ရှိ (ပ်)၊ ဟက် (ဗ်) ယူအင်နီး ဝူး (လ်)၊ ရဲ့ဆား ရဲ့ဆား၊ သရီးဘက် (ခ်စ်) ဖူး (လ်)။ ဝမ်းဖော်သယ်မာစတာ၊ ဝမ်းဖော် သယ်ဒိမ်း(မ်)၊ အင်ဝမ်းဖော်သယ်လစ်တဲ (လ်) ဘွိုင်း၊ ဟူးလစ် (ဗ်စ်)ဒေါင်းသလိန်း။"

ဆရာမ။ မိုးမြင့်ခေါင်လေးက သိပ်တော်ပါလား။ အားလုံးလက်ခုပ်တီးပြီး မိုးမြင့်ခေါင်ကို ချီးကျူးကြရအောင်။ (လက်ခုပ်တီးစေ။ ကလေးများကလည်း လက်ခုပ်တီးကြစေ။)

ဆရာမ။ တပည့်တို့- မင်းတို့အိမ်ကျရင်လဲ မိုးမြင့်ခေါင်လိုပဲ မိဘသင်ပေးတာကိုလဲ မှတ်သားကြ၊ နာယူကြနော်။ ဒါမှလူတော်လေးတွေဖြစ်မှာ။

ကလေးများ။ ဟုတ်ကဲ့ပါဆရာမ။

ဆရာမ။ ကဲ - ကိုယ့်နေရာကိုယ်ပြန်ထိုင်ကြ။ ဆရာမ - မင်းတို့ရေးထားတဲ့ဂဏန်းတွေကို စစ်မယ်။ (မိမိ ကုလားထိုင်တွင်ထိုင်စေ။) (ကလေးများလည်း မိမိတို့နေရာများတွင် အသီးသီးပြန်ထိုင်ကြစေ။ ဆရာမက စားပွဲပေါ်တွင် တင်ထားကြသောကျောက်သင်ပုန်းများကို တစ်ချပ်ချင်းစစ်ကြည့်ပြီး၊ မြေဖြူဖြင့်အမှန်၊ အမှားခြစ်ပေးနေစေ။တစ်ဦးပြီးတစ်ဦးခေါ်ပြီး ကျောက်သင်ပုန်းကို ပြန်ပေးစေ။)

(ကျောက်သင်ပုန်း သုံးချပ်ခန့် ကျန်ရှိချိန်တွင် ကျောင်းဆင်းခေါင်းလောင်းထိုးသံ ထွက်ပေါ်လာစေ။ ကလေးများလှုပ်လှုပ်ရွရွဖြစ်စေ။ ဆရာမက ပြီးအောင်ဆက်လုပ်ပြီးမှ)

ဆရာမ။ ကဲ - ကျောင်းဆင်းပြီ။ ကိုယ့်ပစ္စည်းကိုယ် လွယ်အိတ်ထဲထည့်။ မတ်တတ်ရပ်။

(အားလုံးမတ်တတ်ရပ်လက်ပိုက်ပြီး မင်္ဂလာပါဆရာမဟုဆိုစေ။ ဆရာမက မင်္ဂလာပါတပည့်တို့ဟုဆိုစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၇)

ကာလ။ ၁၉၇၂ - ခုနှစ်နောက်ပိုင်း။

နေရာ။ ခရိုင်မြို့၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အင်းမှူးရုံးခန်း။

အချိန်။ နေ့လယ်ပိုင်း။

အပြင်အဆင်။ မြို့နယ်အဆင့်တာဝန်ခံတစ်ဦး၏ ရုံးခန်းအသွင်ပေါ်လွင်အောင်၊ အုတ်နံရံနောက်ခံကားပေါ်တွင်၊ နိုင်ငံတော်အလံကိုဖြန့်၍ ချိတ်ဆွဲထားရမည်။ အလံအောက်တွင် စားပွဲကြီးနှင့်လက်တန်းပါ ကုလားထိုင်ရှိရမည်။ စားပွဲဘေးတွင် စာတွဲတင်စင်နှင့်စာတွဲများရှိရမည်။ စားပွဲပေါ်တွင် 'မြို့နယ်အင်းမှူး' ဟူသောရာထူးဖော်ပြသည့် သုံးမြှောင့်သစ်သားတုံးတင်ထားရှိရမည်။ ဘောပင်များထည့်ထားသည့် ဖန်ခွက်လည်းရှိရမည်။
စားပွဲကြီး၏ပတ်လည်တွင် ကုလားထိုင်လေးလုံးခန့်ရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

မြို့နယ်အင်းမှူး ဦးဆွေမြင့်သည် မိမိ၏ကုလားထိုင်တွင် ထိုင်နေစေ။ ပတ်လည်တွင် အမျိုးသားစာရေးတစ်ဦး၊ အမျိုးသမီးစာရေးတစ်ဦးနှင့် ရုံးလုလင် - မောင်ဦးတို့ မတ်တတ်ရပ်လျက်ရှိကြစေ။)

ဦးဆွေမြင့်၊ ကိုင်း - မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဆိုင်းဘုတ်တင် ရုံးဖွင့်ပွဲတော့ အောင်အောင် မြင်မြင်နဲ့ပြီးသွားပြီ၊ တို့ရုံးအဖွဲ့သားတွေက နည်းနည်းနဲ့ ကျဲကျဲဝိုင်းရတာ၊ အခုလိုအဆင် ပြေသွားတာ ဝမ်းသာမိတယ်။ မင်းတို့အားလုံး ကို ကျေးဇူးတင်ပါတယ်ကွာ။ ကဲ - ထိုင်ကြဦး။ ဧည့်သည်တွေ အားလုံးကိုတော့ လက်ဖက်ရည် နဲ့မုန့် စေ့စေ့ငငဧည့်ခံလိုက်ရပါတယ်နော်။

ဝန်ထမ်းများ။ ဟုတ်ကဲ့ - စေ့ငပါတယ်အင်းမှူး။

(အားလုံး၊ ကုလားထိုင်များတွင်ထိုင်ကြစေ။)

ဦးဆွေမြင့်။ နလက ဥက္ကဋ္ဌရော၊ ခရိုင်ဝန်ကြီးတို့ရော အားရကျေနပ်ကြပါတယ်။ မင်းတို့လဲဧည့်ခံ မဏ္ဍပ်ထဲမှာ လိုက်ပြီးဧည့်ခံကျွေးမွေးနေကြ ရတာ စားကြသောက်ကြရရဲ့လား။

ဝန်ထမ်းများ။ စားပြီးကြပါပြီဆရာ။

ဦးဆွေမြင့်။ ဒီလိုဆို - တို့ခဏလောက် ဆွေးနွေးတိုင်ပင် ကြရအောင်နော်။

ဝန်ထမ်းများ။ ဟုတ်ကဲ့။

ဦးဆွေမြင့်၊ တို့အခု၊ ငါးလုပ်ငန်းဦးစီးဌာနဆိုပြီး ဌာနသစ် တစ်ခုအနေနဲ့ ဖွဲ့စည်းလိုက်တာကို၊ မင်းတို့ အကြမ်းဖျင်းတော့ သိကြမှာပေါ့နော်၊



တို့ဆက်လုပ်ရမယ့် လုပ်ငန်းတာဝန်တွေက မနည်းဘူး။ နောက်ပြီး စာရေးဝန်ထမ်းအနေနဲ့ က နှစ်ဦးတည်းခန့်နိုင်သေးတယ်ဆိုတော့ နှစ်ဦး စလုံးလုပ်ငန်းဆိုင်ရာကို ကျွမ်းကျင်ကြဖို့ လိုတယ်လေ။

အခုအသစ်ခန့်ထားတဲ့ မောင်သောင်းဌေးနဲ့ မချောခင်တို့ဆိုရင်၊ ရုံးအကြောင်းဘာမှသိဦး မှာမဟုတ်ဘူး။

မောင်ဦးကတော့ဆရာနဲ့အကူ ဌာနကူးပြောင်း ခဲ့ရတာမို့ လုပ်ငန်းသဘာဝကိုသိတယ်။

ဝန်ထမ်းများ။ ဟုတ်ပါတယ်ဆရာ။

ဦးဆွေမြင့်။ ဌာနရဲ့နောက်ခံသမိုင်းလေးကိုတော့ အကြမ်း ဖျင်းလောက် သိထားဖို့လိုမယ်။ တို့ပြည်ထောင်စု မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့အုပ်ချုပ်ရေး စနစ်ဟာ အခြေခံအားဖြင့် ဗြိတိသျှကိုလိုနီ ဘဝက တပ်ဆင်ခဲ့တဲ့ အုပ်ချုပ်ရေးစနစ်ကို အနည်းငယ် ပြုပြင်ကျင့်သုံးတဲ့စနစ်ဖြစ်လေ တော့၊ တိုင်းရင်းသား လုပ်သားပြည်သူ အကျိုးကို ထိထိရောက်ရောက်မသယ်ပိုးနိုင် တာကြောင့်၊ အခု - တော်လှန်ရေးကောင်စီက အုပ်ချုပ်ရေး စနစ်သစ်ကိုဖော်ထုတ်တဲ့ ကြေညာချက်ကို ထုတ်ပြန်ခဲ့တယ်။ အုပ်ချုပ် ရေးယန္တရားကို ပြန်လည်ဖွဲ့စည်းပြီး ဝန်ကြီး ဌာနများကို ပြုပြင်ဖွဲ့စည်းခဲ့တယ်။

စနစ်ဟောင်းအုပ်ချုပ်ရေးအရ၊ အင်းအိုင်လုပ်ငန်းတွေကို ကြီးကြပ်ဖို့၊ ခရိုင်ဝန်က အင်းအင်စပက်တော်ဆိုတဲ့ - Fishery Inspector တစ်ဦးကိုသာ ခန့်ထားဆောင်ရွက်ခဲ့တယ်။ ဒီခရိုင်မှာတော့ လက်ရှိအားဖြင့် ဆရာပေါ့ကွာ။ ဆရာမထိုင်ခင်က ဦးတင်အေးတို့ စသဖြင့်ပေါ့ ရှိခဲ့ကြတယ်။ ဝန်ကြီးဌာနအနေနဲ့ ပြောရရင်တော့ ပြည်ထဲရေးဌာနလက်အောက်ပေါ့။

အခုတော်လှန်ရေးကောင်စီက နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်ကို မျှော်မှန်းပြီး၊ အုပ်ချုပ်ရေးစနစ်သစ်ကို ဖော်ထုတ်ရာမှာ၊ အင်းအိုင်ကြီးကြပ်မှုလုပ်ငန်းများအပါအဝင် ငါးပုစွန်ဖမ်းဆီးမှု၊ ထုတ်လုပ်မှုအစရှိတဲ့ လုပ်ငန်းများအတွက်၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန အောက်မှာ ငါးလုပ်ငန်းဦးစီးဌာနကိုလဲ အသစ်ဖွဲ့စည်းခြင်းဖြစ်တယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနတွေမှာ၊ ဆရာတို့လို Fishery Inspector တွေကို မြို့နယ်အင်းမှူးများ အနေ နဲ့ ခန့်ထားတာမို့ အခုဆိုရင် ဆရာတို့ဟာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက် မဟုတ်တော့ဘဲ ဒီနေ့ကစပြီး လယ်ယာနှင့် သစ်တောဝန်ကြီးဌာနအောက် ရောက်သွားပြီလေ။ ဆရာဟာ ငါးလုပ်ငန်းဦးစီးဌာနရဲ့



မြို့နယ်ဦးစီးမှူးတာဝန်ယူရတဲ့ မြို့နယ်အင်းမှူးဖြစ်သွားပြီ။ မင်းတို့ဟာလဲ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများပေါ့။

တို့ရုံးအနေနဲ့ အဓိကကတော့ အင်းအိုင်အက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ဆင့်ဆိုချက်တွေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပြီး၊ ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်များ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရဲ့အနီးကပ် လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ကြရမှာဖြစ်တယ်။

တို့ရုံးဟာ အသစ်ဖွဲ့စည်းခါစရုံးဖြစ်လေတော့၊ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေရှိနိုင်တယ်။

ဒါကြောင့် တွေ့ကြုံရတဲ့အခက်အခဲတွေကို၊ ဆရာ့ဆီ တင်ပြပြီး၊ လုပ်ငန်းအောင်မြင်အောင် အလုပ်ကို မခိုမကပ်ဘဲဆောင်ရွက်သွားကြပါလို့ ဆရာအလေးအနက် ပြောချင်ပါတယ်။

န်ထမ်းများ။ စိတ်ချပါဆရာ။

တရေး ကျွန်တော်တို့ကိုလဲ ဆရာကသင်ပြပါ။ လိုအပ်

ကိုသောင်းဝေ။ ကာကို ပြောပြပါခင်ဗျာ။ အားမနာပါနဲ့။

တရေးမ ချောခင်။ ကျွန်မတို့ကို တပည့်အရင်းလိုသဘောထားပါနော်။ ကျွန်မတို့က ရုံးလုပ်ငန်းလုံးဝမလုပ်ဖူးတော့ ဆရာကအသေးစိတ်သင်ပေးပါနော်။

ဦးဆွေမြင့်။ ဒီလိုစိတ်ဓာတ်မျိုးရှိတာ ဝမ်းသာပါတယ်။ ဝန်ထမ်းအင်အားနည်းပါးပေမယ့် မိသားစု

စိတ်ဓာတ်နဲ့ တက်ညီလက်ညီလုပ်ကိုင်ကြရင် အောင်မြင်မှာမလွဲပါဘူး။

(မောင်ဦးသို့ကြည့်ပြီး) မောင်ဦး တို့အရင်တုန်းက အင်းအိုင်လုပ်ငန်းတွေမှာ တို့ဆရာတပည့်နှစ်ယောက်တည်းနဲ့ လုပ်ခဲ့ကြရတယ်နော်။

မောင်ဦး။ ဟုတ်ပါတယ်။

ဦးဆွေမြင့်။ ကွင်းဆင်းတော့လဲ တို့နှစ်ယောက်ပဲ။ တောကပြန်ရောက်လို့ ရုံးကျပြန်တော့လဲ၊ အမှုတွဲကိစ္စ၊ ဝင်စာထွက်စာကိစ္စတွေကို ပြီးအောင်လုပ်ရတယ်။

တောသွားရတဲ့အလုပ်က ဘယ်လောက်ကြမ်းတမ်းသလဲ။

လူကြမ်းတွေ၊ လူဆိုးတွေနဲ့လဲ အကြိမ်ကြိမ်ရင်ဆိုင်ဖူးတာပဲ။ အင်းအိုင်ဥပဒကို လိုက်နာလာအောင်ပြောရ အရေးယူရတာတွေကတော့ မရေတွက်နိုင်ပါဘူးကွာ။

ရုံးလုပ်ငန်းကျပြန်တော့လဲ အင်းအမှုတွဲတစ်ခုကို ပြီပြင်အောင်ရေးရလုပ်ရတာမလွယ်သလို အင်းချောင်းတွေက အများကြီးဆိုတော့ အိမ်မှာယူပြီးညဘက်မှာပါ ရေးရတာ။ မဟုတ်ဘူးလား မောင်ဦး။ မင်းလဲဝိုင်းပြီးကူးပေးရတာပဲ မဟုတ်လား။

မောင်ဦး။ ဟုတ်ပါတယ်။ ကျွန်တော်လဲဝိုင်းရေးရတာ။ အင်းလေလံချိန်ဆိုရင်တော့ ဆရာတပည့်နှစ်ယောက် တစ်ခါတလေမိုးလင်းတယ်။



ဦးဆွေမြင့်။ ကဲဒါတွေကိုတော့ အရင်ကအနေအထားပေါ့လေ။ အခုသီးခြားဦးစီးဌာနတစ်ခုအနေနဲ့ဖြစ်လာလို့၊ ဝန်ထမ်းဖွဲ့စည်းပုံရှိလာတဲ့အတွက် အင်အားရှိလာပါပြီ။ ဆရာနဲ့မောင်ဦးကတော့ ကွင်းဆင်းလုပ်ငန်းများလုပ်၊ မောင်သောင်းဌေးနဲ့ မချောခင်ကတော့ ရုံးလုပ်ငန်းကိုနိုင်အောင် လုပ်ကြရမယ်။ ရုံးလုပ်ငန်း ပိုင်နိုင်ဖို့အတွက် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို နားလည်သဘောပေါက်အောင်ဖတ်ကြ၊ မှတ်ကြရမယ်နော်။

မောင်သောင်းဌေး/ မချောခင်။ ဟုတ်ကဲ့ပါဆရာ။

ဦးဆွေမြင့်။ ရုံးလုပ်ငန်းတာဝန်အနေနဲ့ကတော့၊ မကြာခင်ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ်က အသေးစိတ်ညွှန်ကြားချက်တွေ ထွက်လာမှာပါ။ ဖွဲ့စည်းပုံလဲ တိုးချဲ့လာဦးမှာပါ။ လောလောဆယ်ကတော့ မောင်သောင်းဌေးက အင်းအိုင်အမှုတွဲကိစ္စရပ်တွေ ကိုင်ရမယ်။ မချောခင်ကတော့ ဝန်ထမ်းရေးရာနဲ့လစာကိစ္စ၊ ဝင်စာ၊ ထွက်စာတာဝန်ပေါ့။

န - လ - က ကပေးတဲ့တာဝန်တွေကိုတော့၊ ဆရာကသင့်သလိုစီစဉ်ပေးမယ်။ နားလည်ကြတယ်နော်။

ဝန်ထမ်းများ။ ဟုတ်ကဲ့ - နားလည်ပါတယ်။

ဦးဆွေမြင့်။ ကဲဒါဆိုရင် ဒီနေ့တော့ ရုံးဖွင့်ခါစ နေ့မို့ ခဏထမင်းပြန်စားကြ။ ပြီးရင်ပြန်လာပြီး ရုံး လုပ်ငန်းစလုပ်ကြမယ်။

(အားလုံးထကြစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၈)

တာလ။ ၁၉၇၄ - ခုနှစ် နောက်ပိုင်း။

နေရာ။ မြို့နယ်အတွင်းရှိ ကန့်ဘလာချောင်း၀။

အချိန်။ မွန်းလွဲပိုင်း။

အပြင်အဆင်။ တစ်ခြမ်းကသစ်ပင်များနှင့် ဒီရေတောရေးချက်၊ အခြားတစ်ခြမ်းက ပင်လယ်ပြင်ရေးချက်၊ အဝေးသရုပ်ဖော်နောက်ခံကားရှိရမည်။ ကန်သင်းတစ်ခု သရုပ်ပေါ်အောင် ရွှံ့မြေ အရောင်ဒူးပိတ် (ပိတ်အတား) တစ်ခုဇာတ်စင်၏ ဝဲယာ တန်းထားရမည်။ နေ့အလင်းရောင် ခွင်ပြည့် မီးပေးထားရမည်။ ပင်လယ်လေ တိုက်ခတ် လျက်ရှိသည်ကို သရုပ်ပေါ်စေရန် လေမှုတ်စက် စီစဉ်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ကန်သင်းပေါ်တွင် ဦးဆွေမြင့်သည် ကွင်းဆင်းဂျာကင် အင်္ကျီဝတ်လျက် ပင်လယ်ရေးချက်ပါရှိသည့် ဘက်ခြမ်း၌ ပင်လယ်လေ တဟူးဟူးတိုက်နေသည်ကို ကြုံကြုံခံလျက် ဟိုသည်ကြည့်ရှုပြီး လက်ညှိုးညွှန်လျက်ရှိစေ။ မြေပုံတစ်ချပ်

ကိုလည်း ကိုင်ထားစေ။ တပည့်မောင်ဦးက အဝါရောင်ကြက်လျှာအလံဝါးတိုင်တစ်ခုကို ထောင်ကိုင်၍ ကန်သင်းအောက်ဘက် ဇာတ်စင်၏အလယ်လောက်တွင် ရပ်နေစေ။ ရွာသားနှစ်ဦးက ကန်သင်း၏အတွင်းဘက် (နောက်ခံကားနှင့်ဒူးပိတ်အကြား၊ တောတန်းရေးချက်ပါရှိသည့်ဘက်ခြမ်း) တွင် ပေါက်တူး၊ တူရွင်း၊ ငန်းပြားများနှင့် ရပ်နေစေ။)

ဦးဆွေမြင့်။ (အော်ပြော) မောင်ဦးရေ - ပေကြိုးဘူးထုတ်ပြီး မင်းနေရာနဲ့ဟိုနေရာကိုတိုင်းစမ်း။

မောင်ဦး။ ဟုတ်ကဲ့ - ဟုတ်ကဲ့။

(မောင်ဦး အလံတိုင်ကို အောက်သို့ထိုးစိုက်လိုက်ပြီး လွယ်အိတ်ထဲမှ ပေကြိုးဘူးဆွဲထုတ်လိုက်ကာ၊ ပေကြိုးအစကို ရွာသားတစ်ဦးသို့ လှမ်းပေးစေ။ ရွာသားက ပေကြိုးကိုဆွဲယူသွားပြီး မူလမိမိရပ်နေသောနေရာတွင် ရပ်လိုက်စေ။)

ဦးဆွေမြင့်။ (အော်ပြော) ဘယ်နှစ်ပေရှိသလဲဟေ့။

မောင်ဦး။ သုံးဆယ့်နှစ်ပေရှိတယ် အစ်ကို။

ဦးဆွေမြင့်။ (မိမိလက်ထဲမှ မြေပုံတွင်မှတ်သားလိုက်စေ) အေး - အေး ရပြီရပြီ။ (ရွာသားနှစ်ဦးသို့လှမ်းအော်ပြော) အဲဒီနေရာကချုံပုတ်ကို ရှင်းလိုက်ကွာ။

(ရွာသားတစ်ဦးက ပေါက်တူးနှင့်စတင်ပေါက်စေ။ တစ်ဦးက တူးရွင်းပြားနှင့်မြေကိုကော်တင်စေ။ မောင်ဦးက ပေကြိုးကို ပြန်ရစ်ယူနေစေ။)



(ထိုစဉ် ပေါက်တူးဖြင့် ပေါက်နေသော ရွာသားသည် "အမလေး" ဟု အထိတ်တလန့်အော်ပြီး နောက်သို့ခုန်ဆုတ်လိုက်စေ။ တူးရွင်းငန်းပြားနှင့် ရွာသားက "မြွေ မြွေ" ဟု အော်ပြီး တူးရွင်းပြားဖြင့်တစ်အားဆင့်ကာဆင့်ကာရိုက်စေ။ ထို့နောက် လက်မောင်းလုံးခန့် မြွေသေကောင်အား တူးရွင်းငန်းပြားဖြင့် ကော်ယူလာပြီး မြွောက်ပြစေ။ ဦးဆွေမြင့်နှင့်မောင်ဦးတို့ အံ့အားသင့်စွာ ကြည့်နေကြစေ။)

ဦးဆွေမြင့်။ (စိုးရိမ်စွာပြော) မင်းတို့ဘာမှမဖြစ်ဘူးနော်။

ရွာသား ၂ ဦး။ ကျွန်တော်တို့ကိုမထိပါဘူး။

ပေါက်တူးနှင့်ရွာသား။ ဒီဒေသမှာ ဒီအကောင်တွေက ခဏခဏတွေ့ရတော့ ကျွန်တော်တို့အဖို့ ရိုးနေပါပြီ။ သတိထားလုပ်ရင်မထိပါဘူး။

ဦးဆွေမြင့်။ တော်သေးတာပေါ့ဗျာ။ ဒါဆိုရင် လမ်းသွားရင် သတိထားရမယ်နော်။

(ထိုစဉ် ဇာတ်စင်၏လက်ဝဲဘက်မှ တိုက်ပုံအင်္ကျီနှင့်လူ ၂ ဦး၊ ရိုးရိုးအရပ်ဝတ်နှင့်လူ ၁ ဦး နှင့်ရဲတပ်ဖွဲ့ဝင် ၂ ဦးတို့ ဝင်လာကြစေ။)

ဦးဆွေမြင့်။ ဟော - မြို့နယ်ကောင်စီက ဦးရှိန်တို့လာပြီ။ (အနီးသို့သွားရောက်ကြိုဆိုစေ။) ကျွန်တော် ဦးရှိန်ကိုစောင့်ရင်း၊ ဒီမှာတိုင်းသင့်တာလေးတွေ တိုင်းထွာနေတာ။

ဦးရှိန်။ ဟုတ်တယ် ဦးဆွေမြင့်ရေ၊ ကျွန်တော်ခင်ဗျားနဲ့ချိန်းထားတာနောက်ကျသွားတယ်။ ဟောဒီ

ပါတီယူနစ်နယ်မြေမှူး ဆရာဦးဘအောင်ကလဲ ရွှေကစ္စာမှာ ရောက်နေတာဆိုတော့ သူလဲလိုက်မယ်ဆိုလို့ စောင့်ပြီး အတူလာကြတာလေ။

**ဦးဆွေမြင့်။** ဩော် - ဟုတ်ကဲ့ပါ။

**ဦးရှိန်။** (ပါတီနယ်မြေမှူး ဦးဘအောင်ဘက်သို့လှည့်ပြီးပြော) ဒီကန့်ဘလာအင်းချောင်းနယ်နိမိတ် ပြဿနာက ပါတီယူနစ်လဲသိပါတယ်။ လက်တွေ့တိုင်းထွာပြီး ဖြေရှင်းပေးမှ ပြဿနာပြေလည်သွားမှာမို့ အင်းမှူးကို ကျွန်တော်ဒီမှာချိန်းခဲ့တာပါ။

**ဦးဘအောင်။** ဟုတ်တယ်။ ကျွန်တော်တို့လဲ ဒီပြဿနာမြန်မြန်ပြေလည်သွားစေချင်ပါတယ်။

**ဦးဆွေမြင့်။** ကျွန်တော်တို့ငါးလုပ်ငန်းဦးစီးဌာနမှာ မိန်းဖိုင်လို့ ခေါ်တဲ့ အင်းအသီးသီးရဲ့မူလနယ်နိမိတ်မှတ်တမ်းဟာ ရှိပြီးသားပါ။ အပြောင်းအလဲရှိရင်လဲ အင်းအိုင်အက်ဥပဒေနဲ့အညီ မှတ်တမ်းတင်ရပါတယ်။ (မိမိလက်ထဲတွင်ကိုင်ထားသော မိန်းဖိုင်မြေပုံကို ဦးရှိန်နှင့် ဦးဘအောင်ကို ဖြန့်ပြပြီး) ဒါ - ကန့်ဘလာအင်းချောင်း နယ်နိမိတ်ပါပဲ။ အခုကျွန်တော်တိုင်းထွာစိစစ်ကြည့်ထားပါတယ်။ အခြေအနေက ဒီလိုပါ။ (ကန်သင်းနောက်ဘက်ထောင့်နားသို့ခေါ်သွားပြီး မြေပုံကိုထောက်ပြလိုက်၊ မြေပြင်ပေါ်သို့လက်ညှိုး ညွှန်ပြလိုက်နှင့်ရှင်းပြနေစေ။)



(ဦးရှိန်နှင့်ဦးဘအောင်တို့က ကြည့်လိုက်၊ ခေါင်းညိတ်လိုက်နှင့်ရှိနေစေ။ ပင်လယ်လေကလည်း တဟူးဟူးတိုက်နေဆဲရှိစေ။)

(တအောင့်အကြာ ကန်သင်းနောက်ဘက်ထောင့်နားမှ ကန်သင်းကိုကျော်ပြီး ရှေ့ပိုင်းသို့ထွက်လာကြစေ။)

**ဦးဆွေမြင့်။** အင်းအိုင်နယ်နိမိတ်ကိစ္စက ပြဿနာဖြစ်လေ့ရှိပါတယ်။ ဒါကိုမိန်းဖိုင်နဲ့ပြန်စစ်ကြည့်ပြီး တိတိကျကျဆုံးဖြတ်ပေးလို့ရပါတယ်။ ပြင်သင့်ရင်မြို့နယ်ကောင်စီကဆုံးဖြတ်ပြီး အထက်ကိုတင်ပြပြီး ပြင်ပေးတဲ့လုပ်ထုံးလုပ်နည်းလဲ ရှိပြီးသားပါခင်ဗျာ။ ခုဖြစ်တဲ့ပြဿနာရဲ့အရင်းအမြစ်ကတော့ ကျားထုပ်ပါ။

**ဦးရှိန်။ဦးဘအောင်။** ဘယ်လို ဘယ်လို၊ ကျားထုပ်ဆိုတာဘယ်လိုပတ်သက်လို့လဲ။

**ဦးဆွေမြင့်။** ဒီလိုပါ ငါးပုစွန်နဲ့ပတ်သက်လို့ ကျွန်တော်လေ့လာဖူးတာ ရှိပါတယ်။ ဒါကတော့ ကျားထုပ်ပုစွန်တွေရဲ့ အလေ့အထပေါ့။ အဲဒီရေငန်ပုစွန်များဟာ၊ ရေအနက် ပေ ၂၀၀ လောက်ရှိတဲ့ ကမ်းလွန်ဒေသပင်လယ်ထဲမှာ သားပေါက်လေ့ရှိပါတယ်။ ဥကနေ ၁၂-ရက်လောက်အတွင်း သားပေါက်အဆင့်ကို ရောက်ကြတာပါ။ အဲဒီသားပေါက်တွေဟာ

ရေချိုရေငန်စပ် ကမ်းခြေဒေသများဖြစ်တဲ့ ဒီရေဝင်ရောက်တဲ့ ချောင်းမြောင်းတွေ လမုတောတွေအထဲကို ဝင်ရောက်ပြီး အစာရှာ ကျက်စား ကြီးထွားလေ့ ရှိကြပါတယ်။ ၄ - လက်မကနေ ၆ - လက်မအရွယ်လောက်အထိ ကြီးထွားလာတဲ့အခါ မိတ်လိုက်ပြီး သားပေါက်ဖို့ အတွက် ပင်လယ်ပြင်ကို ပြန်ထွက်သွားပြန်ရော၊ အဲဒီတော့ ဒီရေနဲ့အတူပါလာတဲ့ ကျားပုစွန် သားပေါက်တွေကို တာဘောင်(ပေါင်)တွေ ပတ်ပြီး မွေးလိုက်ရင် ကုန်ကျစရိတ် သက်သာ ပြီး စီးပွားဖြစ်တာကို သိလာကြတယ်လေ၊ ဒီတော့ အခုလို ပင်လယ်ရေငန် ဝင်ရောက်တဲ့ အင်းချောင်းတွေမှာ စပါးစိုက်ပျိုးရေးကို အကြောင်းပြပြီး တာပတ်တာတွေ လုပ်လာတော့ အင်းသမားနဲ့ အချင်းပွားကြတော့တာပေါ့၊ ဒါကြောင့် ဒီကန့်ဘလာချောင်းဝအင်းရဲ့ ပြဿနာဟာ ကျားထုပ်ကစတာဖြစ်တယ်လို့ ပြောတာပါခင်ဗျာ။

ဦးရှိန်+ဦးဘအောင်။ ဩော် ဒီလိုကိုး။

ဦးရှိန်။ ဒါဆိုရင် - ဦးဆွေမြင့်က၊ မြေပုံနဲ့တကွ တွေ့ရှိ သုံးသပ်ချက်တွေကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကို တင်ပြလိုက်ပေါ့၊ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှာ ကျွန်တော်ကိုယ်တိုင်တွေ့ရှိခဲ့တဲ့ အခြေအနေ ကို ဆွေးနွေးပြလိုက်ပါမယ်။



ဦးဆွေမြင့်။ ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော် ဒီကပြန်သွားရင် အမြန်ဆုံးရေးပြီး တင်လိုက်ပါမယ်၊

ဦးဘအောင်။ ဦးဆွေမြင့်က ငါးပုစွန်လုပ်ငန်းကို ၊အတော် ကျွမ်းတာပဲ။

ဦးဆွေမြင့်။ ဩော် - အင်းအိုင်ကိုကြီးကြပ်ရတဲ့ ဝန်ထမ်း တစ်ဦးအနေနဲ့ ငါးအကြောင်း၊ ပုစွန် အကြောင်း အတော်အတန်သိရှိလေ့လာထား သင့်တယ်လို့ ကျွန်တော်ခံယူထားပါတယ်၊ နောက်တစ်ချက်ကလဲ ကျွန်တော်တို့က မြစ်ဝကျွန်းပေါ်မှာ နေထိုင်တဲ့သူတွေဖြစ်တော့ ငါးပုစွန်အကြောင်း သိထားတတ်ထားတာ ကိုယ့်အတွက်လဲအကျိုးရှိပါတယ်၊ တစ်ချိန်မှာ ဝန်ထမ်းအလုပ်ကထွက်ပြီး စီးပွားရေးလုပ်ချင် ရင်လဲ ရတာပေါ့။

ဦးရှိန်။ ဟာ - မထွက်ပါနဲ့ဦးဗျာ၊ ခင်ဗျားတို့လို ကျွမ်းကျင်တဲ့ဝန်ထမ်းတွေဟာ နိုင်ငံတော် အတွက် လိုအပ်လှပါတယ်ဗျာ၊ ကျွန်တော်တို့ ပြည်သူ့ကောင်စီဆိုတာက လုပ်ငန်းအသီးသီး မှာ၊ ဌာနဆိုင်ရာရဲ့အားနဲ့ ပေါင်းစပ်ဆောင်ရွက် ရတာပါ။

ဦးဘအောင်။ ဦးဆွေမြင့်ကိုတော့ ကျွန်တော်တို့ပါတီယူနစ် ဥက္ကဋ္ဌကြီးကလဲ ချီးကျူးတယ်ဗျ။ ဥပဒေ ကျွမ်းကျင်၊ လုပ်ငန်းကျွမ်းကျင်ပြီး၊ လုပ်ငန်း တာဝန်တွေကို ပီပြင်အောင်ထမ်းဆောင်နိုင်တဲ့ အပြင် မြို့နယ်ရဲ့ပါတီကောင်စီ လှုပ်ရှားမှုတွေ

မှာလဲ လိုအပ်တဲ့နေရာက စွမ်းစွမ်းတမံ ဆောင်ရွက်နေတာကို မကြာခဏ ပြောတယ်ဗျ။

ဦးရှိန်။ မြို့နယ်ရဲ့အားကစားကိစ္စတွေမှာလဲ ဦးဆွေမြင့်က မရှိမဖြစ်ဗျ။

ဦးဆွေမြင့်။ ဒီလောက်လဲမဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်က ကိုယ်ကျတဲ့တာဝန်မှန်သမျှ ကျေပွန်စေရမယ်ဆိုတဲ့ စိတ်ဓာတ်အမြဲထားလို့ပါ။

နောက်ပြီးတော့ ကျွန်တော့်မှာ ခံစားချက်ရှိပါတယ်။

ဦးရှိန်။ ဘာပါလိမ့်။

ဦးဆွေမြင့်။ ကျွန်တော့်မိဘက ဆင်းရဲတော့၊ ကျွန်တော် ၁၀ တန်းအောင်ပေမယ့် တက္ကသိုလ်ဆက်မတက်နိုင်ခဲ့ဘူးခင်ဗျ။ ဒါကြောင့် တက္ကသိုလ်ပညာမသင်ရပေမယ့် ဝန်ထမ်းဘဝမှာ မိမိရဲ့လုပ်ငန်းကို ကျွမ်းကျင်တဲ့သူဖြစ်စေရမယ်။ ကိုယ့်သားသမီးကိုလဲ တက္ကသိုလ်ကဘွဲ့ရကိုရစေရမယ်လို့ခံယူချက်ရှိပါတယ်။ အခု ကျွန်တော်တို့မှာ သားကလေးတစ်ယောက် ရှိပါတယ်။ ဒီသားလေး တက္ကသိုလ်ရောက်ဖို့၊ ထူးချွန်ဖို့၊ ချမ်းချမ်းသာသာနေနိုင်ဖို့ကို ကျွန်တော် အမြဲစဉ်းစားပါတယ်။ ဝန်ထမ်းဘဝမှာ မချမ်းသာနိုင်ဘူး။ ဒါကြောင့် တစ်ချိန်မှာ စီးပွားရေးလုပ်ငန်းကိုလုပ်ဖို့ စိတ်အားအမြဲထက်သန်ပါတယ်။ ဒါကြောင့်လဲ မြစ်ဝကျွန်းပေါ်နဲ့ ကိုက်ညီတဲ့ငါးပုစွန်လုပ်ငန်းတွေကို အခုကတည်းက



ကျွမ်းကျင်အောင် လေ့လာနေတာပါ။ ငါးပုစွန်မွေးမြူရေးကန်တွေလုပ်ဖို့ နိုင်ငံတော်ကလဲ အားပေးနေပြီလေ။

ဦးဘအောင်။ တစ်ဖက်မှာလဲ ကိုယ့်ရဲ့ဝန်ထမ်းတာဝန်ကို အထောက်အကူပြုတာပေါ့ဗျာ။ ဦးဆွေမြင့်ရဲ့ ခံယူချက်၊ ရည်မှန်းချက်တွေက ကောင်းပါတယ်ဗျာ။ ကျွန်တော်တို့အကူအညီလိုရင်လဲ ပြောပါနော်။

ဒါပေမဲ့ (ရယ်မောရှ်ပြော) အခုတော့ အလုပ်က မထွက်ပါနဲ့ဦးနော။

ဦးဆွေမြင့်။ မထွက်နိုင်သေးပါဘူးခင်ဗျာ။ ဒီလစာလေးကို မစွန့်နိုင်ပါဘူး။ တော်ကြာ ရာထူးမရှိရင် မိန်းမကခွဲသွားပါဦးမယ်။

(အားလုံးရယ်မောကြစေ။)

ဦးရှိန်တို့နှင့်ပါလာသူ။ ကဲနေအတော်စောင်းပြီ။ ရွာထဲပြန်ကြရအောင်ပါ။ ထမင်းလဲဆာကြရော့မယ်။

ဦးရှိန်။ ကဲ ရွာထဲသွားကြစို့။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၉)

နေရာ။ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့။

အချိန်။ နေ့လယ်ထမင်းစားကျောင်းလွှတ်ချိန်။

အပြင်အဆင်။ အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ပါရှိသည့်ကျောင်းအဆောက်အအုံရေးချက် နောက်ခံကားရှိရမည်။ နေ့လယ်ခင်းအလင်းရောင် ခွင်ပြည့် မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ကျောင်းသူကျောင်းသားများသွားလာလှုပ်ရှားနေစေ၊ ပြေးလွှားဆော့ကစားသူများလည်းရှိစေ။)

(ဦးဆွေမြင့်သည် မိုးမြင့်ခေါင်၏အတန်းပိုင်ဆရာမ ဒေါ်စန်းစန်းရီနှင့် မတ်တတ်ရပ်၍ စကားပြောနေစေ၊ မိုးမြင့်ခေါင်က ဒေါ်စန်းစန်းရီအနီးတွင်ရှိနေစေ။)

ဦးဆွေမြင့်။ ကျွန်တော်လဲဆရာမတို့ကို လာတွေ့မယ် တွေ့မယ်နဲ့ အခုမှပဲလာနိုင်တော့တယ်၊ ကျွန်တော်တို့အလုပ်က ကိုယ့်ကိုယ်ကိုမပိုင်ဘူး ဆရာမရယ်။

ဒေါ်စန်းစန်းရီ။ ကိစ္စအထူးရှိလို့လားဦးဆွေမြင့်။





ဦးဆွေမြင့်။ ကိစ္စအထူးရှိလို့မဟုတ်ပါဘူး၊ သားလေးရဲ့ ပညာရည် ဘယ်လိုနေသလဲလို့ပါ။

ဒေါ်စန်းစန်းရီ။ ဩော် - အခုလို ကလေးပညာရေးကို အလေးထားပြီး လာဆွေးနွေးတာကောင်းပါတယ်ရှင်။ လာ - ကျောင်းပေါ်တက်ပါဦးလား၊ ဆရာခန်းထဲမှာ အေးအေးဆေးဆေးပြောနိုင်တာပေါ့။

ဦးဆွေမြင့်။ မတက်တော့ဘူးဆရာမ၊ ဆရာမတို့လဲ ကျောင်းပြန်တက်တော့မှာလေ၊ ကျွန်တော်လဲ ရုံးသွားရဦးမှာ။

ဒေါ်စန်းစန်းရီ။ ဒီနေ့စနေနေ့ ရုံးပိတ်တယ်မဟုတ်လား၊ ကျွန်မတို့သာ တနင်္ဂနွေ၊ ဥပုသ်နေ့ပိတ်တာလေ၊

ဦးဆွေမြင့်။ ကျွန်တော့်အလုပ်က ပိတ်ရက်ရယ်လို့မရှိပါဘူး ဆရာမရယ်။ မြို့နယ်ကောင်စီ ၆ လပတ် အစည်းအဝေးကိစ္စကောင်စီရုံးမှာ အစည်းအဝေးရှိသေးတယ်။ သားလေးရဲ့ပညာရေးကိစ္စသာ အရေးတကြီးဘာလုပ်ဖို့လိုသလဲလို့၊ သားလေးက စာလိုက်နိုင်ရဲ့လား ဒါလေးသိချင်လို့ပါ။

ဒေါ်စန်းစန်းရီ။ (မိုးမြင့်ခေါင်ကိုဆွဲယူပြီး ခေါင်းလေးကိုအသာပွတ်လိုက်ပြီး) ဟာ - မိုးမြင့်ခေါင်က ငါးတန်း အတန်းအားလုံးထဲမှာထိပ်ဆုံးကပဲ၊ ဘာမှပြောစရာမရှိပါဘူး။ စာကြိုးစားတယ်။ ထက်မြက်တယ်။ လိမ္မာတယ်။ စိတ်ချရတဲ့ ကလေးပါ ဦးဆွေမြင့်ရဲ့။ -။

ဦးဆွေမြင့်။ အဲဒါကြားရတော့ ဝမ်းသာပါတယ်ဆရာမ။ ချို့ယွင်းချက်တွေ့ရင်လဲ ကျွန်တော့်ကို ပြောပါနော်။ ကျွန်တော်တို့မှာ ဒီသားလေးတစ်ယောက်တည်းဆိုတော့ ထွန်းထွန်းပေါက်ပေါက်ဖြစ်စေချင်တာပါ။

ဒေါ်စန်းစန်းရီ။ ဟာ - ဒီအတိုင်းသွားရင် ဘာမှစိုးရိမ်စရာမရှိပါဘူး။ ထွန်းပေါက်မှာပါ။ ပညာရေးတြိဂံညီညွတ်ဖို့အတွက် မိဘများကလဲ ကလေးကိုသွန်သင်ဖို့လိုပါတယ်။ ကျွန်မတို့ ဆရာဆရာမတွေဘက်ကတော့ စိတ်ချပါ။

(ထိုစဉ်တွင် ဒေါ်စန်းစန်းရီနှင့် ရွယ်တူအမျိုးသမီးတစ်ယောက် အနားသို့ ရောက်လာသဖြင့် လှမ်းနှုတ်ဆက်စေ။)

ဒေါ်စန်းစန်းရီ။ ဟော့ - ဟော့ စုစုဒါကဘယ်လဲ။ ဘယ်တုန်းကရောက်တာလဲ။

(ဦးဆွေမြင့်ကလည်းလှည့်ကြည့်ရာ)

ဦးဆွေမြင့်။ ဟင် - ဂျမ်းပုံ၊ အဲအဲမိစုပါလား။

ဒေါ်စုစု။ ဘာဂျမ်းပုံလဲ - ဖိုးဆွေနော်။

ဒေါ်စန်းစန်းရီ။ ဟင်စုစုတို့က သိနေတာကိုး။

ဒေါ်စုစု။ သိပ့်ါ - သိပ့်ါ။ ငယ်သူငယ်ချင်းတွေလေ။

ဦးဆွေမြင့်။ (ပြုံး၍ပြော) ငယ်ကျွမ်းဆွေတွေ မဟုတ်ဘူးလားဟ။

ဒေါ်စုစု။ စန်းစန်းရီရေ - ဖိုးဆွေက ငါတို့ရွာ အုန်းညီနောင်ဇာတိဟဲ့။ ကစားဖော်ကစားဖက်တွေပေါ့။



ဦးမြင့်ဆွေ။ (ပြုံးလျက်) ဆရာမရေ - ငယ်ငယ်တုန်းက သူကကြမ်းလို့ ဂျမ်းပုံလို့ခေါ်တယ်။ အားလုံးက သူ့ကိုကြောက်ရတာ။

ဒေါ်စုစု။ ဒီပြင်လူတွေသာကြောက်တာပါ။ နင့်ကျတော့ ငါကချည်းအလျှော့ပေးရတာ မဟုတ်ဘူးလားဟ။

ဦးဆွေမြင့်။ ဒါက - ငါ့ကိုကြိုက်လို့မဟုတ်ဘူးလား။

ဒေါ်စုစု။ တော်စမ်းပါ၊ မဟုတ်တရုတ်တွေ။ စန်းစန်းရီရေ တို့က တွေ့ရင် အဲဒီလိုပဲ စကားနိုင်လုတာဟ။ ကဲ - ဖိုးဆွေ နင်ဒီကို ဘာလာလုပ်တာလဲ။

ဦးဆွေမြင့်။ (မိုးမြင့်ခေါင်လက်ကို ဆွဲကိုင်ပြီး) ဒါ - ငါ့သားလေ၊ မိုးမြင့်ခေါင်တဲ့။ ဒီကဆရာမက သားရဲ့ အတန်းပိုင်ဆရာမလေ မိစုရဲ့။

ဒေါ်စုစု။ ဟင်နာမည်က - မိုး - မြင့် - ခေါင် -- နာမည်ကလဲဟာ --။

ဦးဆွေမြင့်။ သူ့အမေနာမည်ကမခင်မိုး၊ ငါ့နာမည်တဆွေမြင့်၊ ငါတို့သားကိုအခေါင်အဖျားရောက်မယ့် နိမိတ်ယူပြီး မိုးမြင့်ခေါင်လို့မှည့်တာလေ။

ဒေါ်စုစု။ ဩော်ဒီလိုလား။ ကဲ - ဒါဆိုရင် ငါ့သမီးနဲ့ ပေးစားမှပဲ။ ငါ့သမီးနာမည်က ခင်စိုးမိုး။ ငါက အဖေကိုမရတော့၊ ငါ့သမီးကို သူ့သားနဲ့ပေးစားလိုက်ရင်မကောင်းဘူးလားဟေ့ စန်းစန်းရီ။

(ပြောပြီးရယ်လိုက်စေ။)

ဒေါ်စန်းစန်းရီ။ (ရယ်မောကာ) ကောင်းတယ် - ကောင်းတယ် သက္ကယ်တောရွာမူလတန်းကျောင်းအုပ်ဆရာမကြီးရဲ့သမီးနဲ့ အင်းမှူးကြီးရဲ့သားနဲ့ပေ့ါဟုတ်လား --။

(ရယ်နေစေ။)

ဦးဆွေမြင့်။ ဟော့ - ဂျမ်းပုံ ငါ့သားကို မြို့တော်ကြီးမှာ နေခိုင်းမှာဟ။ နင့်သမီးနဲ့ပေးစားရင် ရွှံ့ထဲ ဗွက်ထဲ တောထဲမှာပဲနေရမှာ မပေးစားနိုင်ပါဘူးဗျ။

(ရယ်နေစေ။)

ကြည့်စမ်း - ကြည့်စမ်း - ဖိုးဆွေ၊ နင်ကလေငယ်ငယ်တုန်းကလိုပဲ ငါ့ဆိုရင် အမြဲအနိုင်ယူတယ်နော်။

(အားလုံးရယ်မောနေကြစေ။)

(ထိုစဉ် ကျောင်းတက်ခေါင်းလောင်းသံထွက်ပေါ်လာစေ။)

ဦးဆွေမြင့်။ ဟော - ကျောင်းတက်ပြီ။ ကဲဆရာမရေ ကျွန်တော်ပြန်လိုက်ဦးမယ်နော်။ ကဲသားလေး ဆရာမစကားနားထောင်နော်။ မိစုရေ နင်လဲ အချိန်ရတဲ့အခါ ငါတို့ရုံးဝင်ခဲ့ပါဟ။

ဒေါ်စုစု။ ဖိုးဆွေရာ၊ မြို့ရောက်တော့လဲ လုပ်ရမယ့် အလုပ်ကလေးတွေမပြီးပြီးအောင်မနည်းလုပ်ရ။ ရွာပြန်ဖို့လုပ်ရနဲ့ မအားရပါဘူး။ အခုတောင် အထကမှာလုပ်စရာကိစ္စတစ်ခုပါလာလို့ ဒီက - စန်းစန်းရီဆီ ဝင်လာတာ၊ ပြီးပြီးချင်း ပြန်ရမှာဟ။

ဦးဆွေမြင့်။ ဩော် -အေး အေး - ကဲငါသွားမယ်နော်။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၀)

နေရာ။ အုန်းညီနောင်ကျေးရွာ၊ ဒေါ်နှင်းမြိုင်၏ နေအိမ်

အချိန်။ နေ့လယ်ပိုင်း။

အပြင်အဆင်။ အခန်း (၂) အတိုင်းပြင်ဆင်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ခေါင်းရင်းခန်း၊ အမြင့်ဘက်ခြမ်းတွင် ဦးဖေမြင့်နှင့်အတူ အသက်အရွယ်ကြီးရင့်သူ လူကြီးနှစ်ဦး၊ အမျိုးသမီးကြီးသုံးဦးက ခေါင်းရင်းဘက်မှ ထိုင်နေစေ။ တစ်ဆက်တည်းပင် ပရိသတ်ကို မျက်နှာမူလျက် ဦးဆွေမြင့်နှင့် ဒေါ်ခင်မိုးတို့ ဝိုင်းထိုင်နေစေ။ ခြေရင်းဘက်တွင်လည်း လူရွယ်သုံးလေးဦး ခန့် ဟိုနေရာသည်နေရာ ထိုင်လျက်ရှိစေ။ တစ်ခါတစ်ရံတွင်လည်း အတွင်းဘက်သို့ ဝင်လိုက်ထွက်လိုက်ရှိစေ။)

(ကွယ်လွန်သွားသူ ဒေါ်နှင်းမြိုင်၏ ရက်လည်ဆွမ်းသွပ်ပြီးချိန် မြင်ကွင်းဖြစ်သည်။)

ဦးဖေမြင့်။ ကဲ -အမေ့ရဲ့ ရက်လည်ဆွမ်းသွပ်တော့ပြီးသွားပါပြီ။ ဦးလေးငြိမ်းတို့ ·အဒေါ်မစိန်တို့လဲ အမေအသည်းအသန်ဖြစ်ကတည်းက လာနေ

ကြတာ ပင်ပန်းလှပြီ။ ဒီညတော့ အေးအေးဆေးဆေး အိမ်မှာပြန်နားကြပါဦး။ တော်ကြာကျန်းမာရေးတွေ ကျဆင်းကုန်မှာစိုးလို့။

ဦးငြိမ်း + ဒေါ်စိန်မြိုင် — အို - တို့အစ်မကိစ္စပဲကွာ၊ ဒီလောက်ပင်ပန်းတာ ကိစ္စမရှိပါဘူး။

ဦးငြိမ်း။ — အစ်မရဲ့အသုဘကိစ္စပြီးသွားတော့ မင်းတို့သားသမီးကိစ္စ ဘယ်လိုစဉ်းစားထားကြတုံး၊ မောင်ဖေမြင့်နဲ့ မောင်ဆွေမြင့်တို့ပေါ့ကွာ၊ ကျန်ရစ်တဲ့ ပစ္စည်းပစ္စယကိစ္စအပါအဝင်ပေါ့။

ဒေါ်စိန်မြိုင်။ — ငါ့အစ်မ - ဒေါ်နှင်းမြိုင်ဟာ ချမ်းသာတဲ့သူမဟုတ်ပေမယ့်အခုလိုကွယ်လွန်သွားချိန်မှာတော့ ကျန်ရစ်တဲ့သားသမီးများက ပြီးပြတ်အောင် ညှိနှိုင်းကြဖို့လိုတယ်ကွဲ့။

ဦးဆွေမြင့်။ — အမွေကိစ္စကို ပြောတာလား။ ဒါကတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်အကြား ဘာပြဿနာမှ မရှိပါဘူး။ အခုအတိုင်းပဲ အစ်ကိုက ဒီလယ်ပွဲတွေဆက်လုပ်ရုံပါပဲ၊ ဒီအိမ်ကလဲ အစ်ကို့အိမ်ပေါ့။ မဟုတ်ဘူးလား၊

ဦးဖေမြင့်။ — ကျွန်တော့်မှာလဲ မိသားစုရှိတာမှမဟုတ်ဘဲ၊ လယ်ကထွက်တဲ့စပါးဟာ ပိုလျှံရင်ညီလေးတို့ကိုလဲ ခွဲပေးမှာပါ။ တစ်နေရာစီနေထိုင်ပေမယ့် တစ်မိသားစုထဲပါပဲ။

ဦးငြိမ်း။ — အေး အေး - သာဓုပါကွာ သာဓုပါ။ မင်းတို့ညီအစ်ကိုက ငယ်စဉ်ကတည်းကချစ်တာ၊ အခုလဲ ဥမကွဲသိုက်မပျက် စိတ်ဓာတ်ရှိကြတာ



တို့ ချီးကျူးပါတယ်။ ဩော် - စကားကုန်အောင်တော့ မေးရဦးမယ်။ တူမကြီး - မခင်မိုးရဲ့ သဘောထားကရော -။

ဒေါ်ခင်မိုး။ — ဟာ - ကျွန်မကလဲ ကိုဆွေသဘောအတိုင်းပါ။ ကျွန်မမှာ အဲဒီအမွေကိစ္စကိုမတွေးမိပါဘူး၊ အမေသက်ရှိထင်ရှားရှိနေစဉ်မှာ ကျွန်မတို့ အိမ်မှာခေါ်ပြီး အိမ်ဦးခန်းမှာ တင့်တင့်တယ်တယ် မပြုစုနိုင်ခဲ့တာကိုပဲ စိတ်မကောင်းဖြစ်နေရတာပါ။

ဦးဆွေမြင့်။ — ဟုတ်ပါတယ် ဦးကြီး၊ ဦးလေး၊ အဒေါ်တို့ရာ -- ကျွန်တော်တို့လင်မယား ရည်မှန်းချက်တွေ အများကြီး ရှိထားတာ။ ကျွန်တော်ရဲ့ကြိုးစားမှုနဲ့ ကုသိုလ်ကံကြောင့် လုပ်ငန်းခွင်မှာအောင်မြင်ခဲ့တယ်။ ရာထူးတက်ခဲ့တယ်၊ စီးပွားဥစ္စာလဲ ထိုက်သင့်သလောက် စုဆောင်းမိလာပါတယ်။ မကြာမီကပဲ မြို့ပေါ်က တိုးချဲ့မြို့သစ်မှာ ကိုယ်ပိုင်တိုက် ခပ်တန်တန်လေးတစ်လုံး စဆောက်နေပါပြီ။

ဒေါ်စိန်မြိုင်။ — ဟုတ်လား၊ ကောင်းပါလေရဲ့ကွယ် --။

ဦးဆွေမြင့်။ — ကျွန်တော်က ဌာနဆိုင်ရာလုပ်ငန်းမှာလဲ ကျွမ်းကျင်မှုရှိပြီး တာဝန်ကျေပွန်တယ်။ ပါတီကောင်စီကိစ္စတွေမှာ အားကြိုးမာန်တက် ဆောင်ရွက်တယ်လေ။ အဲဒီဂုဏ်ကြောင့် ကျွန်တော့်ကိုယ်ပိုင်တိုက်ကလေး ဆောက်နေချင်တယ်ပြောတော့ ကောင်စီက ဆောက်လုပ်ရေး

ပစ္စည်းတွေဝယ်ခွင့် ပါမစ်ချပေးတာ တော်တော် အဆင်ပြေသွားပါတယ်။ အဲဒါ အခုဆိုရင် တိုက်ကလေးစဆောက်နေပါပြီ။ (မိခင်အားလွမ်းဆွတ်သတိရဟန်ဖြင့်) ဩော် - တိုက်ကလေးပြီးရင်တော့ အမေ့ကိုမရရအောင် ခေါ်လာပြီး တိုက်ပေါ်မှာတင့်တင့်တယ်တယ် ထားပြီး ပြုစုမယ်ပေါ့။ ထိထိရောက်ရောက် ဆေးကုပေးမယ်ပေါ့။

ကျွန်တော်တို့လင်မယား အဲဒီလိုရည်မှန်းပြီး ကျိတ်လုပ်နေကြတာ အခုတော့ အမေက ရုတ်တရက်ကြီး ဆုံးသွားတယ်ဗျာ --။

လူကြီးတစ်ဦး။ ဒါကတော့ - သင်္ခါရတရားပေကိုး မောင်ဆွေမြင့်ရဲ့။

ဒေါ်စိန်မြိုင်။ မင်းအမေရဲ့ လေနာရောဂါကကြာပြီလေ၊ မောင်ဆွေမြင့်ငယ်ငယ်က မင်းအမေလေနာပြီ ဆို ဗိုက်ပေါ်တက်တက်ပြီး မင်းဒူးခေါင်းလေး တွေနဲ့ ဖိဖိပေးရတာမှတ်မိတယ်မဟုတ်လား၊

ဦးဆွေမြင့်။ မှတ်မိတာပေါ့ အဒေါ်စိန်ရာ။ ကျွန်တော်မြို့ ကျောင်းတက်နေတော့မှ နင်းမပေးရတော့ တာလေ။ အဲဒီရောဂါကို အမြစ်ပြတ်အောင် ကုပေးနိုင်ရင်အမေသေဦးမှာ မဟုတ်ဘူးနော်၊

ဒေါ်စိန်မြိုင်။ ဩော် - ဒါကတော့ကွယ်၊ ဘယ်ပြောနိုင်မှာ တုံး။ အစ်မအသက်ကလဲ ၇၈ နှစ်ရှိပြီလေ၊ အစစအရာရာချို့ယွင်းလာတဲ့အရွယ်ပေါ့ကွယ်၊

ဦးဆွေမြင့်။ ကျွန်တော်တို့မိသားစုဟာ အဖေကလဲအစောကြီး



ကွယ်လွန်ခဲ့တော့ ဆင်းဆင်းရဲရဲချို့ချို့တဲ့တဲ့ နေခဲ့ကြရတာမဟုတ်လား။ ဒီတော့ ကျွန်တော် အသက်ရှူချောင်တဲ့အချိန်မှာ အမေ့ကို ခေါ်ထားချင်တာအမှန်ပါ။

အခုလဲ အမေမရှိတော့၊ အစ်ကိုကြီးကိုတောင်၊ တိုက်ကလေးပြီးရင် ကျွန်တော့်ဆီလာနေရင် ကောင်းမှာပဲလို့ စိတ်ကူးမိသေးတယ် --။

ဦးဖေမြင့်။ ဟာ - မဖြစ်ပါဘူးကွာ။ ငါ့အလုပ်နဲ့ငါဒီမှာပဲ သမားရိုးကျကောင်းပါတယ်၊ တစ်ခါတလေ တော့ လာလည်မှာပေါ့ကွာ၊

ဦးဆွေမြင့်။ ငစိုးကိုရော အစ်ကို့ဆီပြန်ပို့ရမလား။ အခု တော့ ငစိုးက သူ့တူမိုးမြင့်ခေါင် (၈) တန်း စာမေးပွဲကြီးဖြေနေတုန်းမို့ သူတို့တူအရိုးကို အိမ်မှာထားခဲ့ရတယ်။

ဒေါ်ခင်မိုး။ အတန်းတင်စာမေးပွဲ၊ စာမေးပွဲကြီးဆိုတော့ မိုးမြင့်ခေါင်တောင် သူ့ဘွားအေကို နောက်ဆုံး လိုက်ပြီးမကန်တော့လိုက်နိုင်ခဲ့ဘူး။ ငစိုးကလဲ သူ့အဖွားဆုံးတယ်ကြားတော့ လိုက်ချင် ရှာတာ။ ဘယ်လိုမှမဖြစ်လို့ထားခဲ့ရတာပါ။

ဦးဖေမြင့်။ အေးပါကွာ - ဒီလိုပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ ငစိုးနဲ့ပတ်သက်လို့တော့ ငါဆီပြန်မပို့ပါနဲ့။ ငါ့မှာငပဲ အဒေါ့်သား - မောင်သိန်းအေးလေး အဖော်ရှိပါတယ်။ မင်းတို့မှာ ငစိုးမရှိလို့မဖြစ် တာ ငါသိပါတယ်။

ဦးဆွေမြင့်။ ဟုတ်တော့ဟုတ်ပါတယ်။ အိမ်မှာငစိုးမရှိလို့ မဖြစ်တော့ဘူး။ ကျွန်တော်တို့မှာ မကြာခင် လုပ်ဖို့ အစီအစဉ်တစ်ခုဆွဲထားတာရှိနေတယ်။ ငါးခြောက်လုပ်ငန်းကို ရန်ကုန်ပွဲရုံ တစ်ခုနဲ့ ဆက်ထားတယ်။ ဒီကငါးခြောက်တွေ ဝယ်စုပြီး ထုပ်ပိုးတဲ့အလုပ်နဲ့ သင်္ဘောပေါ် တင်ပေးရမယ့် အလုပ်ကို ငစိုးကိုခိုင်းရမှာ။ မိုးမြင့်ခေါင်က အထက်တန်းရောက်သွားတော့ ထိန်းစရာ မလိုတော့ဘူးလေ။

ဦးဖေမြင့်။ ဒါဆိုရင် ငစိုးကို မင်းတို့ဆီမှာပဲ တစ်သက်လုံး ထားပါတော့ကွာ။ သူ့အဖို့လဲ စီးပွားရေး လုပ်ငန်းကို တဖြည်းဖြည်းလုပ်တတ်သွားမှာမို့ အဲဒီအလုပ်ကိုသူ့ကိုလုပ်ခိုင်းပေါ့။

ဒေါ်ခင်မိုး။ ကျွန်မတို့ယုံကြည်ရတဲ့ ကုန်သည်တစ်ယောက်က ရန်ကုန်မှာ ငါးခြောက်ပွဲရုံရှိတယ်လေ။ ဟန်မြအောင်ပွဲရုံတဲ့။ အဲဒါ သူနဲ့တွဲပြီး အလုပ်လုပ်မှာပါ။ ကျွန်မတို့တိုက်ကလေးမှာ ငါးခြောက်ထားဖို့ ဘေးမှာအခန်းတစ်ခန်း လုပ်ထားပြီးတော့၊ ဝယ်လို့ရတဲ့ ငါးခြောက်တွေကို ငစိုးကစုပြီးထုပ်ပိုး၊ သင်္ဘောတင်-၊ ရန်ကုန်ဟန်မြအောင်ပွဲရုံကဆင်းယူ။ ကျွန်မက တော့ ရန်ကုန်ကိုသွားသွားပြီး ငွေရှင်းရမှာပေါ့။

ဦးငြိမ်း။ ငါ့တူမကြီးရုံးက အလုပ်ကရော။

ဒေါ်ခင်မိုး။ လောလောဆယ်မှာတော့၊ ရုံးပိတ်ရက်တွေမှာ ရန်ကုန်သွားမယ်လေ။ နောက်ပိုင်းအလုပ်က



အကျိုးအမြတ် ကောင်းလာရင်တော့၊ အလုပ်ကထွက်ဖို့ရည်ရွယ်ထားပါတယ် ဦးလေး။

ဦးဆွေမြင့်။ နောက်ပိုင်းကျ - ရန်ကုန်မှာကိုယ်ပိုင်ပွဲရုံ ထောင်နိုင်တဲ့အထိ ကြိုးစားမယ်လို့စိတ်ကူး ထားပါတယ်။

ဦးငြိမ်း။ အေးကွာ - မင်းတို့ရ တွေအများကြီး မဟုတ်လား။

ဦးဆွေမြင့်။ ဟုတ်ပါတယ် - ကျွန်တော်က အင်းအင်စပက်တော်ဖြစ်ကတည်းက ငါးပုစွန်အကြောင်းကို လေ့လာခဲ့တာဆိုတော့ အခုအချိန်မှာ ငါးမွေးမယ်၊ ပုစွန်မွေးမယ်ဆိုရင်တောင် ဖြစ်နိုင်ပါပြီ။ အလုပ်က ပင်စင်ယူတဲ့အချိန် ကျရင်တော့ ကျွန်တော်ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းကြီးတွေကို လုပ်နိုင်ရမယ်လို့ မျှော်မှန်း ထားပြီးသားပါ။ အခုအချိန်မှာ နိုင်ငံတော်က လဲ ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းထားပြီလေ။

ဦးငြိမ်း။ အလုပ်တွေကို မနိုင်မနင်းတော့မလုပ်နဲ့ ပေါ့ကွာ။

ဦးဆွေမြင့်။ ဟုတ်ကဲ့ပါ - တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်း မှာပါဦးလေး။ ဒါကလဲ ကျွန်တော်ရဲ့အဓိက ရည်မှန်းချက်တစ်ခုရှိလို့ပါ။

ဦးငြိမ်း။ ဘာရည်မှန်းချက်လဲ မောင်ဆွေမြင့်ရဲ့။

ဦးဆွေမြင့်။ ဒီလိုပါ ကျွန်တော်တို့မိသားစုက ဆင်းဆင်းရဲရဲနဲ့ ကြီးပြင်းခဲ့ရပြီး၊ ဆင်းရဲလို့ပညာကို ဆုံးခန်းတိုင်ဆက်မသင်နိုင်ခဲ့ပါဘူး၊ ဒါကြောင့် ကျွန်တော့်သားကျရင် ဘွဲ့ရရမယ်၊ ထူးချွန်ရမယ်၊ ချမ်းချမ်းသာသာနေစေရမယ်ဆိုတဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။

ဦးငြိမ်း။ ဩော် - အေး - အေး - ဟုတ်တာပေါ့။ အင်း - အင်းမင်းရည်မှန်းချက်အောင်မြင်မှာပါကွာ။

လူကြီးတစ်ဦး။ မောင်ဆွေမြင့်တို့လင်မယား ဘယ်တော့လောက် မြို့ပြန်မှာလဲ။

ဦးဆွေမြင့်။ ဒီညနေပဲ ပြန်မယ်လို့စဉ်းစားထားပါတယ်ဘကြီး။ အမေဆုံးလို့လာတဲ့နေ့ကစပြီး ရုံးမှာ ခွင့်တစ်ပတ်တင်ခဲ့တာ ဒီနေ့စေ့ပါပြီ။ ဒါကြောင့် မနက်ဖြန်ရုံးပြန်တက်ရမှာ။

ဒေါ်စိန်မြိုင်။ အေးကွယ်င့့ါတူ၊ တူမတွေက ရုံးသမားတွေဆိုတော့ အေးအေးဆေးဆေးနေလို့မရဘူးနော်။

လူကြီးများ။ ကဲကဲ - ဒါဆိုမင်းတို့လဲ ပြန်ဖို့ပြင်ဆင်ကြရဦးမယ်။ မင်းတို့ညီအစ်ကိုလဲ ပြောစရာလေးတွေ ရှိဦးမှာပေါ့။ တို့တွေ ပြန်ကြမယ်နော်။

ဦးဖေမြင့်+ဦးဆွေမြင့်။ ဟုတ်ကဲ့-ဟုတ်ကဲ့။ (အားလုံးမတ်တတ်ရပ်ကြစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၁)

နေရာ။ တိုးချဲ့မြို့သစ်၊ ဦးဆွေမြင့်၊ ဒေါ်ခင်မိုးတို့၏ တိုက်အိမ်။

အချိန်။ ည (၈) နာရီခန့်။

အပြင်အဆင်။ တစ်ထပ်တိုက်ကလေးတစ်လုံး၏ ဧည့်ခန်းအပြင်အဆင်။ အထပ်သားခန်းဆီးတွင် တရုတ်ကပ်ကလေးများ အလှတပ်ဆင်ထားသည့် ရေးချက်နောက်ခံကားရှိရမည်။ နံရံတွင် တင်းနစ်ရိုက်အားကစားသရုပ်ဖော်ပန်းချီကားတစ်ချပ်နှင့် ငါးပုစွန်အရုပ်များပါရှိသော ပန်းချီကားတစ်ချပ်ကို ချိတ်ဆွဲပါရှိရမည်။ မြို့သုံးဆက်တီအသစ်တစ်စုံရှိရမည်။ ခေါင်းရင်းထောင့်တွင် ၁၄ လက်မတီဗီတစ်လုံး ရှိရမည်။ ညဘက်မီးချောင်းအလင်းရောင်ခွင်ပြည့် မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(တီဗီက ည ၈ နာရီသတင်းကြေညာခါနီး စံတော်ချိန်တီးလုံး သံထွက်ပေါ်လာစေ။)

(ဒေါ်ခင်မိုးသည် ဆက်တီကုလားထိုင်တွင် ထိုင်လိုက်၊ ထ၍မျှော်ကြည့်လိုက်နှင့်ရှိစေ။)

(အတန်ကြာလျှင်၊ ဇာတ်စင်၏လက်ဝဲဘက်မှ စိုးသန်း ဝင်လာစေ။)

ဒေါ်ခင်မိုး။ ဟဲ့ - ငစိုး၊ မင်းအစ်ကိုလေး သင်္ဘောဆိပ်ကို ဆင်းလာသေးလား။

စိုးသန်း။ ဆင်းမလာဘူး - အစ်မ။ ကျွန်တော်ငါးကွမ်းရှပ်ခြောက် ၉ လိပ်နဲ့ ငါးအုံးခြောက် ၁၅ ထိပ်ကို သင်္ဘောဝမ်းထဲထည့်ပြီးတာနဲ့ သင်္ဘောကလဲ လူဆင်းဂလိုင်ခေါက်တာပဲ။ တန်ဆာခတောင် ကမန်းကတန်း ပေးခဲ့ရတယ်။ ကျွန်တော်သင်္ဘောဆိပ်က ပြန်ထွက်လာတဲ့အထိ အစ်ကိုလေး မလာပါဘူး။ ဘာဖြစ်လို့လဲအစ်မ။

ဒေါ်ခင်မိုး။ ဘာမှမဖြစ်ပါဘူး။ သူတင်းနစ်ကွင်းကနေခုထိ ပြန်မလာသေးလို့။ သင်္ဘောဆိပ်ကိုများ ဆင်းလာသလားလို့ပါ။ အရင်အိမ်လေးမှာ နေတုန်းကတော့ ညနေဘော်လီဘောကစားပြီး ရေမိုးချိုး၊ ထမင်းစား၊ ကလေးကိုစာသင်ပေးပြီးရင်အိပ်။ အချိန်ကိုမှန်လို့။ အခုတင်းနစ်ကို ပြောင်းကစားပြီးမှ အချိန်မမှန်တော့ဘူး။ ကလေးတောင် သူ့ကိုမစောင့်တော့ဘူး။ အိပ်သွားပြီ။

စိုးသန်း။ ဟုတ်တယ်နော် - အစ်မ။ နောက်ပြီး အစ်ကိုလေး အရက်တွေဘာတွေများ သောက်သောက်လာသလားမသိဘူး။ စကားပြောတာအရင်လို ပုံမှန်မဟုတ်သလိုပဲ။



ဒေါ်ခင်မိုး။ ဟုတ်တယ်လေ - ဟုတ်တယ်။ ဘီယာတွေ သောက်သောက်လာတာပေါ့။ - - ကဲကဲ ငစိုး မင်းထမင်းစားနှင့်တော့၊ အစ်မတော့ သူ့ကို စောင့်လိုက်ဦးမယ်။

စိုးသန်း။ ဟုတ်ကဲ့ - ဟုတ်ကဲ့ --။

(စိုးသန်းဇာတ်စင်၏လက်ယာဘက်သို့ ဝင်သွားစေ။ ဒေါ်ခင်မိုးအပြင်သို့ မျှော်နေစေ။)

(တအောင့်အကြာတွင် အပြင်ဘက်မှ မိုးရေ - မိုး -- ဟု အော်ခေါ်သံထွက်လာစေ။ တစ်ဆက်တည်းပင် ဇာတ်စင်၏လက်ဝဲဘက်မှ၊ ပခုံးတွင်တဘက်တစ်ခုတင်ကာ တင်းနစ်ရိုက်အဝတ်အစား၊ ဘောင်းဘီတို၊ အားကစားဂျက်ကက်၊ ရှာဦးထုပ်၊ ကင်းဗတ်ဖိနပ်များ ဝတ်ဆင်ထားသော ဦးဆွေမြင့်သည် တင်းနစ်ရိုက်တန် (ရက်ကက်) ကိုင်လျက်ဝင်လာစေ။ ဒေါ်ခင်မိုးက ကြို၍ ရက်ကက်ကိုယူ၍ နံရံပေါ်ရှိ ချိတ်တွင်ချိတ်လိုက်စေ။)

ဒေါ်ခင်မိုး။ နောက်ကျလိုက်တာ ကိုဆွေရယ်။

ကိုဆွေမြင့်။ (ဆက်တီကုလားထိုင်တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ်ထိုင်လိုက်ပြီး) ဟား -- ဒီတစ်ခါတော့ ဆရာဝန်ကြီးကို ငါနိုင်ခဲ့တယ်ကွ။

ဒေါ်ခင်မိုး။ (ဦးမြင့်ဆွေအနားသွားထိုင်ရင်း) ကိုဆွေတို့ကစားတာကလဲ မိုးချုပ်လိုက်တာ။ (ဦးဆွေမြင့်

မျက်နှာကိုကြည့်လိုက်ပြီး ဘီယာတွေ သောက်လာတာပဲမဟုတ်လား။)

ဦးဆွေမြင့်။ (ဖိနပ်ကြိုးများကိုဖြေရင်း မူးသံဖြင့်ပြော) ဟာ နိုင်တာမသောက်ဘဲ ဖြစ်မလားမိုးရ။ ဆရာဝန်ကြီးကို တစ်ခါမှ မနိုင်ဖူးသေးတာ။ ဒီနေ့တော့ ကိုယ့်ပွဲပေါ့ကွာ။

ဒေါ်ခင်မိုး။ ရှုံးနေတုန်းကလဲ ကိုယ်ကတိုက်ရတာပဲ မဟုတ်ဘူးလား ---။

ဦးဆွေမြင့်။ (ဖိနပ်ချွတ်ပြီးသွား၍၊ ခြေထောက်နှစ်ဖက်ကို ဆက်တီစားပွဲပေါ် သို့တင်ပြီး၊ ခါးကိုစန့်၍ အနားယူနေရင်း) ဒါပေါ့ကွာ - ပေါင်းသင်းဆက်ဆံရေး၊ ဆိုရှယ်ဒီးလိန်းဆိုတာရှိရမှာ မဟုတ်လား။ အခုဆို ကိုယ်ကမြို့နယ်ဦးစီးမှူး ဖြစ်နေပြီလေ။ ဒီတော့ မြို့နယ်အဆင့်ဌာန အကြီးအကဲတွေနဲ့ ဆက်ဆံနေရတာဆိုတော့ အခုလိုတရင်းတနှီးကစားကြ၊ ဘီယာသောက်ကြ။ စကားပြောကြ၊ လုပ်ရတာပေါ့မိန်းမရာ။

ဒေါ်ခင်မိုး။ ကိုဆွေ့ပေါင်းသင်းဆက်ဆံရေးကလဲ ဘီယာ သောက်မှလား။

ဦးဆွေမြင့်။ (ရယ်လျက်) ဟားဟား - ငါ့မိန်းမကလဲ ရိုးသေး အသေးတာပဲ။ မင်းကိုတစ်ခါလောက် တင်းနစ် ကလပ်ကို ခေါ်သွားဦးမှပဲ။

ဒေါ်ခင်မိုး။ အို - မလိုက်ပါဘူး။

ဦးဆွေမြင့်။ မိန်းမရာ - ဘီယာဆိုတာအရက်မဟုတ်ပါဘူး။ ကိုယ်ကခရီးမထွက်ရတဲ့နေ့လောက်ပဲတင်းနစ်



ရိုက်နိုင်တာ မဟုတ်ဘူးလား။ ချောင်းထဲ မြောင်းထဲ၊ ရွာထဲကွင်းထဲမှာ ပင်ပင်ပန်းပန်း လုပ်နေရတဲ့ မင်းယောကျ်ားကို မြို့ပြန်ရောက် တဲ့အခါ ဒီလိုအပန်းလေးဘာလေး မဖြေ စေချင်ဘူးလား မိန်းမရဲ့။

ဒေါ်ခင်မိုး။ အနားယူအပန်းဖြေတာကို မပြောပါဘူး ကိုဆွေရယ်။ အချိန်က မိုးချုပ်လွန်းတော့ စိုးလဲစိုးရိမ်တယ်။ နောက်ပြီးသားလေးက တစောင့်စောင့်နဲ့။ စောင့်ရင်းနဲ့အိပ်ပျော်သွား ရော။ အရင်လို စာလေးဘာလေးတောင် ပြမ ပေးနိုင်တော့ဘူး။

ဦးဆွေမြင့်။ မိုးရယ်- သားကို ကျူရှင်လဲပေးထားတယ် မဟုတ်လား။ လိုအပ်သေးတယ်ဆိုရင် ဆရာမ တစ်ယောက်ကို အိမ်မှာခေါ်သင်ခိုင်းလေ။ ကုန်ကျစရိတ်အတွက် ဘာမှပူစရာမလိုတာကို မိုးသိသားနဲ့ကွာ။ အခုဆိုရင်၊ ကိုဆွေတို့မှာ ကိုယ်ပိုင်တိုက်လေးနဲ့ဖြစ်သွားပြီ။ စီးပွားရေးဆို ရင်လဲ၊ ငါးခြောက်ပွဲရုံလုပ်ငန်းက အောင်မြင် နေပြီ။ အဲဒီတော့ - ကိုယ်တို့ငယ်ငယ်က ချို့ချို့တဲ့တဲ့နေခဲ့ရသမျှ အခုမခံစားသင့်ဘူးလား ကွာ။ မင်းလဲစည်းစိမ်ခံစားလို့ရပြီ၊ ငါ့သားလေး ကိုလဲ ခံစားစေရမယ်။

ဒေါ်ခင်မိုး။ ကျွန်မအဖို့တော့ စည်းစိမ်ခံစားစရာမလိုပါဘူး။ အခုသားလေး ကိုးတန်းရောက်ပြီ။ ၁၀ - တန်း ကျရင်ထူးထူးချွန်ချွန်အောင်ဖို့။ ဆရာဝန်၊

အင်ဂျင်နီယာလိုင်းရဖို့။ မိုးအဖို့တော့ အဲဒါ အဓိကပဲ။

**ဦးဆွေမြင့်။** ကိုဆွေကလဲ ဒီလိုပါပဲ မိုးရဲ့။ အရာရာ သားလေး အတွက်ချည်းပါပဲ။ နောက်ပြီး သားက ငယ်တော့တာ မဟုတ်ဘူး။ အထက်တန်းကျောင်းသားကြီး ဖြစ်နေပြီလေ။ ကိုဆွေ သင်ပေးစရာ မလိုတော့ပါဘူး။

**ဒေါ်ခင်မိုး။** ဒါတော့ - ဒါပေါ့ ကိုဆွေရယ်။ ဒါပေမဲ့ ငယ်ငယ်ကတည်းက သားစာကျက်တဲ့အခါ အဖေလုပ်တဲ့သူက အနားမှာပြောပြပေးခဲ့တာ မဟုတ်လား။

**ဦးဆွေမြင့်။** ဟာ - ဒါက ငယ်ငယ်တုန်းကပဲ။ အခု မလိုတော့ဘူးလေ။ ဒီတော့ သားကိုလဲ အဖေ့ကိုစောင့်မခိုင်းနဲ့တော့ စောင့်မခိုင်းနဲ့ တော့ မိန်းမရေ ဟုတ်ပြီနော် - နော် --။
(ယစ်မူးရီဝေလာသည့် အသံဖြစ်လာစေ။)
(ခန္ဓာကိုယ်ကိုလည်း နောက်မှီသို့ပစ်၍ မှီလိုက်စေ။)

**ဒေါ်ခင်မိုး။** ကဲ - ကဲ - ကိုဆွေကြိုက်သလိုလုပ်။ အခုတော့ - လာထမင်းစားမယ်။ (ဦးဆွေမြင့်ကိုထူစေ။) အဝတ်လဲတော့။

**ဦးဆွေမြင့်။** အဲ - ဟုတ်ပြီ။ ဒါမှငါ့မိန်းမ --။
(ကုလားထိုင်မှဒရီးဒယိုင်ထစေ)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၂)

**နေရာ။** မြို့ပြင်လမ်းမ။

**အချိန်။** ညနေစောင်း။

**အပြင်အဆင်။** အဝေးခပ်လှမ်းလှမ်းတွင် တိုက်တာအိမ်ခြေများပါရှိသော လမ်းမကြီးရေးချက်နောက်ခံကားရှိရမည်။ လမ်းမကြီးမှာအဝေးရှိတိုက်တာအိမ်ခြေအငယ်များမှအစပြု၍ ဝေးရာမှနီးလာသည့် (Perspective) ရေးနည်းအရ ရေးဆွဲထားပြီး။ အနီးကပ်နေရာတွင် ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းဆိုင်းပါရှိရမည်။

ရှေ့ဆုံးနား (ဇာတ်စင်၏အလယ်လောက်) ရှိ ကုက္ကိုပင်ကြီးတစ်ပင်၏ ခြေရင်းနှင့်တည့်တည့်တွင် ကုက္ကိုတုံးခပ်ရှည်ရှည်တစ်ခုကို ထိုင်စရာချထားရမည်။

ညနေစောင်းနေဝင်ခါနီး အရောင်မှိုင်း ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဇာတ်စင်၏လက်ယာဘက်မှ၊ အသက် ၁၆ နှစ်ကျော် အရွယ်ရောက်ရှိနေပြီဖြစ်သော မိုးမြင့်ခေါင်သည် စက်ဘီးစီးလာရာမှ ဆင်းလိုက်ဟန်ဖြင့် စက်ဘီးကိုတွန်း ဝင်လာစေ)

(၎င်းနောက်မှ အရွယ်တူမေသဇင်က စက်ဘီးတစ်စီးဖြင့်ပါလာရာ၊ ၎င်းကလည်း စက်ဘီးပေါ်မှ ဆင်းလိုက်ပြီး စက်ဘီးကိုတွန်းဝင်လာစေ။ ၎င်းစက်ဘီးနောက်ခုံပေါ်တွင် အရွယ်တူသက်နှင်းရည်ပါလာရာ ၎င်းကလည်း စက်ဘီးပေါ်မှဆင်းလိုက်ကာ၊ မေသဇင်နှင့်ယှဉ်လျက်လျှောက်လာစေ)

(၎င်းတို့သုံးဦး ဇာတ်စင်အလယ်သို့ရောက်လာကြစေ။)

မေသဇင်။ ဟဲ့ - ငှက်ကလေး -- တို့ကို အကြော်ကျွေးမလို့ဆို။ ဘယ်မှာလဲ အကြော်ဆိုင်။ နင့်စက်ဘီးနောက်ကနင်းလိုက်လာတာ မြို့ပြင်တောင်ရောက်လာပြီ။ မောလိုက်တာ - - ။

မိုးမြင့်ခေါင်။ အေးပါဟ - ငါကတိတည်ပါတယ်။ မနေ့က တို့ ၁၀ တန်းစာမေးပွဲကြီးပြီးသွားတော့ စိတ်ထဲပေ့ါပါးသွားပြီလေ။ စာမေးပွဲပြီးရင် နင်တို့ကြိုက်တဲ့ အကြော်တွေတစ်ဝကြီး ကျွေးမယ်လို့ ငါကတိပေးထားတဲ့အတိုင်း အခုကျွေးမှာပါဟ။

သက်နှင်းရည်။ အေးလေ - ဘယ်မှာလဲအကြော်ဆိုင်။ တို့စားနေကျအကြော်ဆိုင်က ဟိုဘက်ကျောင်းလမ်းထဲမှာဥစ္စာ။ နင်က ဒီဘက်နင်းလာတော့ ဒီမြို့ပြင်မှာများ အကြော်ဆိုင်ကောင်းကောင်းရှိမှာလားလို့။

မိုးမြင့်ခေါင်။ မိသက် - နင်တို့ကို ငါကအကြော်ရိုးရိုးတော့ မဟုတ်ဘူး။ ငါးသလောက်ကြော်ရော၊ ဆလတ်ရွက်နဲ့အချဉ်ရည်ရော ပါမှာဟ။ ဘူးသီးကြော်



နဲ့ ငါးသလောက်ကြော် ဆလတ်ရွက်အချဉ်ရည်လေးနဲ့တို့စားရမယ်လေ။ ငါ့ဖေဖေက စာမေးပွဲပြီးရင် ကြိုက်တာသုံးဆိုပြီး (၁၀၀၀) တောင်ပေးတာ။

မေသဇင်။ ဩော် - နင်က တို့သွားရည်ကျအောင်ပဲပြောနေ။ ဆိုင်ကဘယ်မှာလဲလို့၊

မိုးမြင့်ခေါင်။ တို့အခုဖြတ်လာတဲ့နားက လမ်းချိုးလေးထဲမှာလေ။

မေသဇင်။ ဟင် - အဲဒီလမ်းချိုးထဲမဝင်ဘဲနဲ့ ဘာဖြစ်လို့ဒီကိုနင်းလာတာလဲ ငှက်ကလေးရဲ့။ ဧကန္တနင်မရိုးဘူးထင်တယ် - -။

မိုးမြင့်ခေါင်။ ဟုတ်တယ်သဇင်ရဲ့၊ ငါမိသက်နဲ့နည်းနည်းဆွေးနွေးချင်လို့။

သက်နှင်းရည်။ အောင်မာ - ငှက်ကလေး၊ နင်က ကြီးကြီးကျယ်ကျယ် -- နင်နဲ့ငါ ဘာဆွေးနွေးဆရာရှိလို့လဲ --။

မေသဇင်။ (ငေါ့တော့တော့လေသံဖြင့်) ဩော် - ဩော် - ဩော် --- ဒီလိုကိုး။ ဒါပါရှင် ကျွန်မက ဟိုနားက အကြော်ဆိုင်ရှိတယ်ဆိုတဲ့ လမ်းချိုးလေးထိပ်မှာ ပြန်စောင့်နေပါ့မယ်တဲ့ရှင်။ လူကြီးမင်းတို့နှစ်ယောက် ဆွေးနွေးစရာရှိတာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပေ့ါနော် --။

(ပြောရင်းစက်ဘီးကိုလာဂင်းသို့ပြန်လှည့်စီးကာ အတွင်းသို့ ဝင်သွားစေ။)

သက်နှင်းရည်။ ဟဲ့ - ငှက်ကလေး - နင်ဘာတွေလုပ်ကြံဖန်တီးနေတာလဲ -- နင်နော် -- နော် --။

မိုးမြင့်ခေါင်။ မိသက်ကလဲဟာ - ငါလုပ်ကြံတာမဟုတ်ပါဘူးဟ။ နင့်ကိုပြောစရာရှိလို့ပါဟ။ လာပါဦး၊ ဒီပေါ်မှာခဏထိုင်ကြရအောင်ဟာ။ (စက်ဘီးကို ဒေါက်ထောက်ပြီး သစ်တုံးပေါ်သို့သွားထိုင်စေ။)

သက်နှင်းရည်။ (ဆန္ဒရှိသော်လည်း၊ ဆန္ဒမရှိသလိုအမူအရာဖြင့်၊ မိုးမြင့်ခေါင်နောက်မှလိုက်ပြီး သစ်တုံးပေါ်တွင်ထိုင်ရင်းပြော) - ငှက်ကလေး - နင်ဘာပြောမလို့လဲ။ နင်ငါတို့အိမ် ခဏခဏရောက်နေတာ၊ ကျောင်းမှာလဲအမြဲတွေ့နေတာ၊ ပြောစရာရှိတာပြောလို့ရသားနဲ့။

မိုးမြင့်ခေါင်။ တို့နှစ်ယောက်တည်း ပြောမှဖြစ်မှာမို့ပါဟာ။ မိသက် - နင်နဲ့ငါဟာ ငယ်ငယ်လေးကတည်းက ကစားဖော်ကစားဖက် ငယ်သူငယ်ချင်းတွေနော်။

သက်နှင်းရည်။ ဟုတ်သားပဲ - နင်နဲ့ငါ အိမ်ချင်းနီးတယ်၊ ကျောင်းစနေတော့လဲ တစ်ကျောင်းတည်း။ အခု ၁၀ တန်းရောက်တဲ့အထိ တစ်တန်းတည်း အတူတူ။ အဲဒါဘာဖြစ်လဲ။

မိုးမြင့်ခေါင်။ နင်နဲ့ငါ ပြောမနာဆိုမနာတွေနော်။

သက်နှင်းရည်။ ဟုတ်တယ်လေ - နင်ကငါ့ကို မိသက်လို့ခေါ်တယ်။ ငါကလဲနင့်ကို ကလေးဘဝတုန်းက ဖိုးခေါင်လို့ခေါ်တယ်။ နောက်တော့ ဖိုးခေါင်ဆို



တာ ငှက်လို့ စာအုပ်ထဲမှာသင်ရတော့ နင့်ကိုငါက ငှက်ကလေးလို့ပြင်ခေါ်တယ်။ ဘယ်လိုခေါ်ခေါ် နင်ကလဲငါ့ကိုစိတ်မဆိုးဘူး။ ငါကလဲနင့်ကို စိတ်မဆိုးဘူး။

မိုးမြင့်ခေါင်။ နောက်ပြီးတော့ - တစ်ယောက်နဲ့တစ်ယောက် စိတ်မကောက်ဘူးနော်။ ရန်ဖြစ်လဲခဏပဲ မဟုတ်ဘူးလား။

သက်နှင်းရည်။ ဟုတ်ပါတယ်ရှင် - ဟုတ်ပါတယ်။ ကဲ - ငှက်ကလေး နင်ငါ့ကို အမေးအဖြေတွေ လုပ်နေတာ။ ဘာလဲနင်ကငါ့ကိုပညာစမ်းမလို့လား ပညာစမ်းရင်တော့ နင်နိုင်မှာပါ။ နင်က အတန်းထဲမှာအတော်ဆုံး။ ဉာဏ်အကောင်းဆုံးလေ။ ဉာဏ်စမ်းမလို့ဆိုရင်တော့ ငါအရှုံးပေးပါတယ်နော်။

မိုးမြင့်ခေါင်။ ဟာ - ဘယ်ကလာ ဉာဏ်စမ်းရမှာလဲဟ။ ငါနင့်ကိုအခုလိုမေးတာ၊ ငါပြောမယ့်စကားကို နင်စိတ်ဆိုးသွားမှာစိုးလို့ပါဟာ။

သက်နှင်းရည်။ ဟင် - နင်ကဘာတွေပြောမှာမို့လို့လဲ။ နင်နဲ့ငါကြားထဲမှာစိတ်ဆိုးစရာ ဘာရှိမှာလဲလို့။

မိုးမြင့်ခေါင်။ အေး - အဲဒါဆိုငါပြောမယ်နော် - အဲ - အဲ နင်နဲ့ငါဟာငယ်ကျွမ်းဆွေလို့ပြောလို့ရတယ်နော်။

သက်နှင်းရည်။ (မိုးမြင့်ခေါင်၏မျက်နှာကို မဝံ့မရဲလှမ်းကြည့်ကာ) အင်း ---။

မိုးမြင့်ခေါင်။ တစ်ယောက်နဲ့တစ်ယောက် အသဲနစ်အောင်ချစ်ရတဲ့သူတွေမို့လို့ ငယ်ကျွမ်းဆွေလို့ခေါ်တာပေါ့နော်။

**သက်နှင်းရည်။** ဟင် - - (ခေါင်းကိုအောက်ငုံ့ပြီး ခြေထောက်နှစ်ဖက်ကို ပွတ်နေစေ။ ရှက်သွေးဖြာနေသည့်ပုံဖြစ်နေစေ။)

**မိုးမြင့်ခေါင်။** ငါလေ ၁၀ တန်းစာမေးပွဲဖြေပြီးတဲ့အချိန်မှာ မဖြစ်စဖူး စိုးရိမ်စိတ်တွေဖြစ်လာတယ်။ နင်နဲ့ငါဝေးသွားပြီး နင်နဲ့ငါမတွေ့ရတော့ဘူးဆိုပြီး စိတ်ထဲမှာအရမ်းစိုးရိမ်သွားတာပဲ။ နင့်ကိုငါမဝေးချင်ဘူးဟာ။ အမြဲတမ်းတွေ့ချင်နေတယ်ဟ။ အဲဒါအချစ်ဆိုတာနဲ့တူတယ် မိသက်။ ဟုတ်လားဟင်။

**သက်နှင်းရည်။** ငါဘယ်သိမလဲ။ (မျက်နှာကိုအောက်သို့ ငုံ့ထားစေ။)

**မိုးမြင့်ခေါင်။** မိသက် -- နင်ရော အဲဒီလို မခံစားရဘူးလား ဟင်။

**သက်နှင်းရည်။** သိဘူး။

**မိုးမြင့်ခေါင်။** ဒီလိုဆို - နင် ငါ့ကို ငယ်ကျွမ်းဆွေလို့မသတ်မှတ်ဘူးလားဟင်။ (သက်နှင်းရည် ဘာမှ ပြန်မပြောဘဲ ခေါင်းကိုအောက်သို့ ငုံ့မြဲငုံ့ထားစေ။)

**မိုးမြင့်ခေါင်။** ငါက နင့်ငယ်ကျွမ်းဆွေမဟုတ်ဘူးလားဟင် - ဟင် - ပြောပါဦး မိသက်ရဲ့။ (မိုးမြင့်ခေါင်က ပြောရင်းအားမလိုအားမရနှင့် သက်နှင်းရည်၏ လက်ကလေးကို ဆွဲကိုင်လှုပ်၍) ကဲ - ပြောမလား - မပြောဘူးလား - မပြောရင် ငါအတင်းဖက်လိုက်မယ်နော် --။

**သက်နှင်းရည်။** (ဘေးသို့ရုန်းဖယ်ပြီး) ဟုတ်တယ် - ဟုတ်တယ်။



**မိုးမြင့်ခေါင်။** ဟာ - ဝမ်းသာလိုက်တာ။ (ပြောပြောဆိုဆို သက်နှင်းရည်၏ ပခုံးကိုဖက်ကိုင်ပြီး မိမိဘက်သို့ ပူးကပ်လိုက်စေ။)

**သက်နှင်းရည်။** အို - အို -- အသက်ရှူကျပ်ပါတယ်။ (ရုန်းထွက်လိုက်စေ။)

**မိုးမြင့်ခေါင်။** နင် ငါ့ကိုချစ်တယ်ပေါ့နော်။

**သက်နှင်းရည်။** ငှက်ကလေးရာ ချစ်တယ်ဆိုတဲ့တဒင်္ဂစကား နှစ်လုံးနဲ့ပြီးတာမဟုတ်ဘူးဟ။ (အတန်ကြာစဉ်းစားပြီး) တို့နှစ်ယောက် အဲဒီချစ်တယ်ဆိုတဲ့စကားကိုမပြောခင်၊ တို့ဘဝအတွက် ဘယ်လိုလျှောက်လှမ်းမယ်ဆိုတာကို စဉ်းစားပြီးပြီလားဆိုတာ အရေးကြီးတယ်လို့ငါထင်တယ် - -။

**မိုးမြင့်ခေါင်။** မိသက်ရာ နင်ဟာလေသိပ်လူကြီးဆန်တာပဲ။ နင်တွေးသလိုငါလဲတွေးတာပါပဲ။ နင်နဲ့ငါက ဘဝအခြေအနေချင်းအတူတူပါ။ ထူးထူးထွေထွေစဉ်းစားဖို့တောင်လိုမယ် မထင်ပါဘူးဟာ။ တို့ဆယ်တန်းအောင်ရင်ဘယ်တက္ကသိုလ်ရမယ်တော့ မသိဘူး။ တက္ကသိုလ်ဆက်တက်ကြမယ်။ ငါကတော့ အနည်းဆုံးစက်မှုတက္ကသိုလ်မှန်းတာပဲ။ ဘွဲ့ရရင်အလုပ်လုပ်ပြီးမိဘကိုတတ်နိုင်သလောက်လုပ်ကျွေးမယ်။ ပြီးရင်လက်ထပ်ကြမယ်။

**သက်နှင်းရည်။** နေဦး-နေဦး၊ နင်နဲ့ငါ့ဘဝ အခြေအနေချင်း အတူတူပဲဆိုတဲ့နင့်စကားက မမှန်သေးဘူးလေ။ ငါ့အဖေက ရုံးအုပ်အဆင့်ပဲရှိတာ။

တို့မိသားစုက ခြေခြေတာတာစားသုံးလို့သာ မှန်မှန်လေးရပ်တည်နိုင်တာ။ မဆင်းရဲဘူးလို့ ပြောနိုင်ရုံပဲရှိတာလေ။ နင့်အဖေက အရာရှိ တစ်ယောက်၊ စီးပွားရေးလုပ်ငန်းလဲရှိတယ်၊ ချမ်းသာနေပြီ။ ဒီတော့နင့်နဲ့ငါ့ဘဝအခြေအနေ ချင်း ဘယ်တူမှာလဲ ငှက်ကလေးရဲ့။

မိုးမြင့်ခေါင်။ ငါက အဲဒါကိုပြောတာမဟုတ်ဘူး မိသက်ရ။ ဆယ်တန်းအောင်ရင် နင်လဲတက္ကသိုလ် ဆက်တက်နိုင်တယ်။ ငါလဲဆက်တက်နိုင်တယ်။ နင့်မိသားစုကလဲ နင်ကတစ်ဦးတည်းသော သမီး။ ငါတို့မိသားစုမှာလဲ ငါကတစ်ဦးတည်း သောသား။ ငါ့အဖေလောက်စီးပွားရေးမရှိ ပေမယ့် နင်တို့လဲတင့်တင့်တယ်တယ် စားနိုင် သောက်နိုင်တဲ့ အခြေအနေရှိတယ်။ ဒါကိုဘဝ အခြေအနေချင်းတူတာလို့ ငါပြောတာပါ။

သက်နှင်းရည်။ အေးပါ - တို့နှစ်ယောက်လျှောက်လှမ်းရမယ့် ဘဝခရီးပန်းတိုင်ကတော့ နင်ပြောသလိုပါပဲ။ အဲဒီတော့ ဘွဲ့ရမှပဲတို့တစ်တွေချစ်သူတွေဖြစ်ရင် မကောင်းဘူးလား။ ခုအချိန်ဟာ ငယ်သေး တယ် ငှက်ကလေးရဲ့။

မိုးမြင့်ခေါင်။ ဟာ - မကောင်းဘူး။ မကောင်းဘူး --။ ၁၀ တန်းက နင်လဲအောင်မှာသေချာတယ်။ ဒီတော့ တက္ကသိုလ်ရောက်ရင် လူအစုံတွေ့ရ မှာ။ တော်ကြာ ငါ့ထက်သံယောဇဉ်ပိုတဲ့သူ တွေ့သွားရင် ဘယ်နှယ်လုပ်မလဲ။



သက်နှင်းရည်။ တို့နှစ်ယောက်က၊ နင်ပြောသလို ငယ်ကျွမ်းဆွေ တွေပဲဟာ။ ငါကနင့်ထက်ပိုပြီး သံယောဇဉ် တွယ်ရမယ့်လူရှိနိုင်မလား ငှက်ကလေးရဲ့။

မိုးမြင့်ခေါင်။ ဟာ - ဘယ်ပြောနိုင်မှာလဲ။ အဲဒီအကြောင်းကို တွေးမိတိုင်း ငါ့ရင်ထဲမှာပူပူလာတယ် မိသက် ရာ။ ဒါကြောင့် တို့အသက်ငယ်သေးပေမယ့်၊ တက္ကသိုလ်မသွားခင် ငါနင့်ကိုဖွင့်ပြောမှဖြစ် မယ်ဆိုပြီး အခုလိုနင့်ကိုငါဖွင့်ပြောတာပဲ။ ဒီတော့ - မိသက်၊ အခုကျောင်းတွေလဲပိတ်ပြီ။ နင်နဲ့ငါကျောင်းတက်တုန်းကလို အမြဲတမ်း တွေ့နိုင်မှာမဟုတ်ဘူး။ ငါ့ကို အခုပဲ အဖြေ ပေးပါဟာ။ ငါ စိတ်တထင့်ထင့်မနေပါရစေ နဲ့ဟာ။

သက်နှင်းရည်။ နင်ကတော့လေ၊ ဇွတ်ကြီးပဲ။ (ခဏဆိုင်းပြီး) တကယ်တော့ ငါလဲနင့်လိုပါပဲဟာ။ ငါနင့် အပေါ် ထားရှိတဲ့သံယောဇဉ်ဟာ ခိုင်မာတယ်။ နင့်ကိုငါချစ်တယ်ဆိုတာ မငြင်းပါဘူး။

မိုးမြင့်ခေါင်။ (သက်နှင်းရည်၏ လက်ကလေးကို တယုတယ ဆုပ်ကိုင်လိုက်ပြီး ဝမ်းသာလိုက်တာ မိသက်ရာ။ နင် တက္ကသိုလ်ရောက်ရင်လဲ ငါ့ကိုမမေ့မသွားရဘူးနော် --။)

သက်နှင်းရည်။ အောင်မာ - အဲဒါ ငါကနင့်ကို ပြောရမှာပါဟ။ ဘာဖြစ်လို့လဲဆိုတော့ နင်ကဉာဏ်လဲကောင်း တယ်၊ ချမ်းလဲချမ်းသာတယ်။ ရုပ်ကလဲဖြောင့် တယ်၊ တက္ကသိုလ်ရောက်ရင် နင့်အနားမှာ ဝိုင်းဝိုင်းလည်နေမှာ။

မိုးမြင့်ခေါင်။ တော်စမ်းပါမီသက်ရာ။ ငါ့ဘဝမှာ နင် တစ်ယောက်တည်းပါနော် -။ ငါ့နှလုံးသားထဲ မှာ သက်နှင်းရည်ဆိုတဲ့ ကောင်မလေးကလွဲလို့ ဘယ်မိန်းကလေးမှမရှိဘူးမှတ်။

သက်နှင်းရည်။ ငှက်ကလေး - စကားကိုကုန်အောင်မပြောနဲ့ လေ။ -- ကဲကဲ ညနေစောင်းလာပြီ။ သွားကြစို့ လား။ လမ်းဆုံမှာသဇင်တစ်ယောက်တည်း စောင့်နေတာ။

မိုးမြင့်ခေါင်။ အေးပါ - သွားတာပေ့ါ။

(မိုးမြင့်ခေါင်က သက်နှင်းရည်၏ လက်ကလေး ကိုင်ကာ ကြည်နူးပြုံးရွှင်စွာ သစ်တုံးပေါ်မှ ဆင်းလိုက်ကြစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၃)

နေရာ။ တိုးချဲ့မြို့သစ်၊ ဦးဆွေမြင့်+ဒေါ်ခင်မိုးတို့၏ တိုက်ရှေ့မြက်ခင်းပြင်။

အချိန်။ ညဦးပိုင်း။

အပြင်အဆင်။ တစ်ထပ်တိုက်ကလေးတစ်လုံး၏ ရှေ့မြင်ရေး ချက် နောက်ခံကားရှိရမည်။

ဇာတ်စင်၏လက်ယာဘက်အစွန်တွင် စားပွဲရှည် တစ်လုံးကို ပရိသတ်နှင့်တစ်စောင်းအနေ အထားပြင်ထားပြီး အပေါ်မှစားပွဲခင်းလျက် ကန်တော့လက်ဆောင်ထုပ်များ တင်ထားရ မည်။ ဘီယာ၊ အရက်၊ အချိုရည်ပုလင်းများ ရေခဲဘူးများလည်း အစီအရီထားရှိရမည်။ ၎င်း၏ အရှေ့ဘက်ဇာတ်စင်၏ အလယ်ပိုင်း တွင် ပေ့ါပါးစွာသယ်နိုင်သော စားပွဲငယ် ငါး လုံးခန့် ကုလားထိုင် လေးလုံးစီနှင့်အတူ စားပွဲခင်းများဖြင့် စနစ်တကျ ခင်းကျင်းထားရ မည်။ စားပွဲငယ်များအပေါ်တွင် စားသောက် ဖွယ်ရာများကို ကြွေပန်းကန်များဖြင့် ထည့် လျက်ထားရှိရမည်။ လက်သုတ်ပဝါ၊ တစ်ရှူး လက်သုတ်စက္ကူစသည်များလည်း ပုံစံတကျ

ထားရှိရမည်။ ၎င်းအခင်းအကျင်းကို ရောင်စုံမီးဆိုင်းများဖြင့် ဝိုင်းပတ်လျက်၊ ညပိုင်း မှိန်ပြာလဲ့ မီးအလင်းပေးထားရမည်။ ခေတ်ပေါ်စတီရီယိုတေးသံများ ပျံ့လွင့်နေစေရမည်။

(ရှေ့ဖုံးကားဖွင့်)

(စားပွဲများတွင် ဖိတ်ကြားထားသော ဧည့်သည်အချို့နေရာယူပြီး ရှိကြစေ။ ဧည့်သည်များ ဝင်လာနေကြဆဲဖြစ်ပြီး ဦးဆွေမြင့်+ဒေါ်ခင်မိုးနှင့်မိုးမြင့်ခေါင်တို့က ဧည့်သည်များကို ပြုံးရွှင်စွာနှင့်ဧည့်ဝတ်ပျူငှာစွာ ကြိုဆိုနေရာချပေးနေကြစေ။)

(သီးခြားလုပ်ရှားမှုတစ်ခုအနေဖြင့် သက်နှင်းရည်နှင့်သဇင် တို့ဝင်လာကြရာ၊ မိုးမြင့်ခေါင်က "ဟေး - မိသက်နဲ့သဇင်၊ နင်တို့လာမှလာပါ့မလားလို့" ဟု ဝမ်းသာ အားရပြောပြီး ကြိုဆိုခေါ်လာစေ။ နောက်ဆုံး အနားမှစားပွဲတွင် နေရာယူကြစေ။)

(အတန်ကြာသောအခါ စားပွဲအသီးသီးတွင် ဧည့်သည်များ ကုလားထိုင်စေ့၊ နေရာယူပြီးဖြစ်စေ။ ထိပ်စားပွဲတစ်လုံးတွင် ဦးဖေမြင့် နေရာယူထားစေ။ အထက



ဆရာမကြီးဒေါ်သန်းမြနှင့် မိုးမြင့်ခေါင်၏ အတန်းပိုင်ဆရာမဒေါ်ဝင်းမြင့်တို့လည်း ထိပ်စားပွဲတွင် နေရာယူထားကြစေ။)

(အဖျော်ယမကာများ တင်ထားသည့်စားပွဲရှည်တွင် စိုးသန်းနှင့် မောင်ဦးတို့ မတ်တတ်ရပ်လျက် ရှိနေကြစေ။)

(စားပွဲများတွင် ဧည့်သည်များ နေရာယူပြီးသဖြင့် ပရိသတ်ငြိမ်သွားချိန်တွင် ဦးဆွေမြင့်နှင့်ဒေါ်ခင်မိုးတို့သည် စားပွဲရှည်၏ရှေ့ဘက်နားသို့ လာရောက်ကြစေ။ မိုးမြင့်ခေါင်က ၎င်းတို့နောက်နားမှ ပါလာစေ။)

ဦးဆွေမြင့်။ (မောင်ဦးကမ်းပေးသော စကားပြောမိုက်ကို လှမ်းယူပြီးပြောစေ။) မင်္ဂလာရှိသော ညဦးချိန်ခါပါခင်ဗျာ။ ဆရာ၊ ဆရာမများ၊ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးညာတကာများ အနေနဲ့ယခုလို ဝမ်းသာအားရတက်ရောက်လာကြတာကို ကျွန်တော်တို့မိသားစုက အထူးဝမ်းမြောက်ကြည်နူးကြရပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယခုကျင်းပတဲ့ အခမ်းအနားကလေးကတော့ ဖိတ်စာမှာရေးသားပါရှိတဲ့အတိုင်း ကျွန်တော်ဦးဆွေမြင့်နဲ့ ဒေါ်ခင်မိုးတို့ရဲ့သား မောင်မိုးမြင့်ခေါင်၊ ၁၀ တန်းစာမေးပွဲမှာ ဂုဏ်ထူးများနဲ့အောင်မြင်တဲ့အတွက် ပြုလုပ်တဲ့ ကျွေးမွေးဧည့်ခံပွဲဖြစ်ပါတယ်ခင်ဗျာ။

ဒီအခမ်းအနားမှာ ကျွန်တော်ရဲ့မြို့နယ်အကြီးအကဲများ၊ ဌာနဆိုင်ရာမိတ်ဆွေများ၊ ကျွန်တော့်သားလေးရဲ့ ဆရာ၊ ဆရာမများနဲ့ ကြုံကြိုက်တုန်း ကျွန်တော့်ရင်ထဲကစကား အနည်းငယ်မျှ ပြောပြလိုပါတယ်။

ကျွန်တော်ဟာ အုန်းညီနောင်ရွာ ဇာတိဖြစ်ပါတယ်။ ဖေမြင့်၊ ဆွေမြင့်ဆိုတဲ့ မွေးချင်းညီအစ်ကို နှစ်ယောက်ပဲရှိပါတယ်။ (ဦးဖေမြင့်သို့ လက်ညွှန်ပြပြီး) အခုရှေ့ဆုံးက စားပွဲမှာ ထိုင်နေသူဟာ ကျွန်တော်ရဲ့အစ်ကို ဦးဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ဖခင်ကြီးဟာ ကျွန်တော်တို့ငယ်စဉ်ကပင် ကွယ်လွန်ခဲ့တော့ ကျွန်တော့်အစ်ကိုကြီးကပဲ အစ်ကိုကြီးအပေ အရာအဖြစ်နဲ့ အိမ်ထောင်မပြုရှာဘဲ မိခင်အိုကြီးကို လုပ်ကျွေးပြီး ကျွန်တော့်ကိုပြုစုခဲ့လို့ ကျွန်တော်ဟာ ၁၀ တန်းအောင်ခဲ့ပါတယ်။ ကျွန်တော်တို့မိသားစုဟာ ချို့တဲ့လေတော့ ၁၀ တန်းအောင်ပေမယ့် တက္ကသိုလ်ဆက်မတက်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်ရဲ့သားကျရင်၊ ပညာရေးမှာလဲ ထွန်းပေါက်အောင် စီးပွားရေးမှာလဲ ချမ်းချမ်းသာသာနေရအောင် ဆိုပြီး သန္နိဋ္ဌာန်ချပြီးတော့ ကြိုးစားခဲ့ပါတယ်။ ကြိုးစားတဲ့အတိုင်း အခုဆိုရင် သားလေး မိုးမြင့်ခေါင်ဟာ ၁၀ တန်းကို ဂုဏ်ထူး (၃) ဘာသာနဲ့ အောင်မြင်ပါပြီ။ ကျောင်း[illegible]



တစ်ခုကို အဆင့်မြင့်မြင့်ရရှိဖို့ပဲလိုပါတော့တယ်။ စီးပွားရေးမှာလဲ ကျွန်တော်ရည်မှန်းထားတဲ့အတိုင်း ယခုထက်ပိုပြီး စီးပွားဥစ္စာတိုးတက်အောင်၊ ကျွန်တော်တို့သားလေး မိုးမြင့်ခေါင်အတွက် ကြိုးစားလျက်ရှိပါတယ်ဆိုတာကို ခင်မင်ရင်းနှီးစွာအသိပေးအပ်ပါတယ် ခင်ဗျား။

အခု ဒီအခမ်းအနားမှာ သားလေးမိုးမြင့်ခေါင်က ကျောင်းအုပ်ဆရာမကြီးနဲ့သူ့ရဲ့ဆရာ၊ ဆရာမများကို ကန်တော့လက်ဆောင်များ ပေးအပ်ပြီး ဂါရဝပြုတဲ့အခါ ဆရာမကြီးအနေနဲ့ မိုးမြင့်ခေါင်ကို ဆုံးမစကားများပြောကြားချီးမြှင့်ပေးပါလို့ ပန်ကြားပါတယ်ခင်ဗျာ။

ဒီအခမ်းအနားမှပဲ ကျွန်တော့်အနေနဲ့ အထကရဲ့ ဓမ္မာရုံတည်ဆောက်ရေးအတွက် မတည်ငွေ တစ်သိန်းလှူဒါန်းမှာဖြစ်ပါတယ်။

(အားလုံး လက်ခုပ်တီး၍ ဝမ်းမြောက်မှုကို ပြကြစေ။)

အခုအချိန်မှစပြီး၊ သားလေးမိုးမြင့်ခေါင်က ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းမြနဲ့ သူ့ရဲ့ဆရာ၊ ဆရာမများရဲ့ကိုယ်စားအတန်းပိုင် ဆရာမဒေါ်ဝင်းမြင့်တို့ကို ကန်တော့လက်ဆောင်ပေးအပ်ပြီး ဂါရဝပြုမှာဖြစ်ပါတယ်။

(ဆရာမကြီးဒေါ်သန်းမြနှင့် ဆရာမဒေါ်ဝင်းမြင့်တို့ နေရာမှထပြီးစားပွဲရှည်အနီးသို့ လာရောက်

နေရာယူကြစေ။ မိုးမြင့်ခေါင်က စားပွဲရှည်ပေါ်မှ ကန်တော့လက်ဆောင်ထုပ်များကို တစ်ခုချင်းယူ၍၊ ဒေါ်သန်းမြနှင့် ဒေါ်ဝင်းမြင့်တို့အား ရိုသေစွာ ပေးအပ်ပြီး ထိုင်၍ ကန်တော့စေ။)

(ထို့နောက် ဒေါ်ဝင်းမြင့်က နေရာတွင် ပြန်ထိုင်စေ။ ဆရာမကြီး ဒေါ်သန်းမြက စကားပြောမိုက်ကိုယူပြီး ဆုံးမစကားပြောစေ။)

ဆရာမကြီးဒေါ်သန်းမြ ။ ကျွန်မတို့ အထကရဲ့ ဂုဏ်ဆောင်တပည့်ကလေး မိုးမြင့်ခေါင်၊ ကျွန်မတို့ ကတော့ ဖိုးခေါင်လို့ပဲ ချစ်စနိုးခေါ်ကြပါတယ်။ ဖိုးခေါင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတဲ့ ဒီအခမ်းအနားကလေးမှာ ဖိုးခေါင်လေးကို ဆုံးမစကားပြောပါလို့ ဖခင်ဖြစ်သူက မေတ္တာရပ်ခံထားတဲ့အတွက် ကျွန်မအနည်းငယ် ပြောပါ့မယ်။ တကယ်တော့ ဒီကလေးဟာ လိမ္မာရေးခြားရှိပြီးကြိုးစားတဲ့ ကလေးဖြစ်လို့ အထူးဆုံးမဆရာတောင် မရှိပေမယ့် ချီးကျူးထိုက်တဲ့ကလေးဖြစ်တာကိုတော့ ပြောရပါလိမ့်မယ်။

အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒဂုဏ်ထူး သုံးဘာသာနဲ့အောင်မြင်သူကလေးဖြစ်လို့ ကျွန်မတို့ကျောင်းရဲ့ဂုဏ်ကိုဆောင်တဲ့ကလေး ဖြစ်ပါတယ်ရှင်။



အမ်စီ၊ အာအိုင်တီရနိုင်တဲ့ကလေးဖြစ်လို့ အခုအတိုင်းကြိုးစားသွားမယ်ဆိုရင်၊ ဖိုးခေါင်လေးရဲ့ အနာဂတ်ခရီးလမ်းဟာ ဖြောင့်ဖြူးနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ရောက်ရင်လဲ ရိုးသားမှုနဲ့ကြိုးစားမှုကို ယခုထက်မလျှော့ဘဲ နေထိုင်သွားဖို့ဆရာမကြီးက တပည့်လေး မိုးမြင့်ခေါင်ကို ဆုံးမစကားပြောရင်းနိဂုံးချုပ်ပါတယ်။

(ဦးဆွေမြင့် စကားပြောမိုက်ကို ဒေါ်သန်းမြထံမှ ပြန်ယူလိုက်စေ။ ဒေါ်သန်းမြနေရာတွင် ပြန်ထိုင်စေ။)

ဦးဆွေမြင့်။ လေးစားအပ်ပါသောဆရာ၊ ဆရာမများနဲ့ မိတ်သင်္ဂဟအပေါင်းတို့ခင်ဗျာ -- အခုကျွန်တော်တို့ မိသားစုအနေနဲ့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်ဖို့စီစဉ်ထားတဲ့ ကျောင်းဓမ္မာရုံအတွက် မတည်ငွေ တစ်သိန်းကို ပေးအပ်လှူဒါန်းမှာဖြစ်တဲ့အတွက် ကျောင်းအုပ်ဆရာမကြီးအနေနဲ့ လက်ခံယူပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။

(ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမြစားပွဲမှ ထလာစေ။ ဒေါ်ခင်မိုးက အသင့်စီစဉ်ထားသော အလှူငွေထုပ်ကို ဆရာမကြီး ဒေါ်သန်းမြသို့ ပေးအပ်စေ။ လက်ခုပ်သံများ ညံသွားစေ။)

ဆရာမကြီး ဒေါ်သန်းမြ။ (ဦးဆွေမြင့်ထံမှ စကားပြောမိုက်ကိုယူပြီး)
အခုအချိန်ဟာ ကျွန်မတို့ အခြေခံပညာ အထက်တန်းကျောင်းကြီးကို ပြုပြင်တည်ဆောက်မှုများ ပြုလုပ်နေတဲ့ ကာလဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူများ ဘုရားဝတ်တက်ဖို့နဲ့ ကျောင်းရဲ့ဘာသာရေးကိစ္စများ ဆောင်ရွက်ဖို့ ဓမ္မာရုံတစ်ဆောင်ကို တင့်တင့်တယ်တယ်တည်ဆောက်ဖို့ မိဘဆရာအသင်းက ကြိုးပမ်းနေစဉ်မှာ အခုလိုဦးဆွေမြင့်တို့မိသားစုက မတည်ငွေတစ်သိန်းလှူဒါန်းတာကို ကျွန်မတို့မိဘဆရာအသင်းအနေနဲ့ အထူးပဲ ကျေးဇူးတင်ပါကြောင်း ပြောကြားအပ်ပါတယ်ရှင်။

(လက်ခုပ်သံများ)

(ဆရာမကြီး ဒေါ်သန်းမြ၊ စကားပြောမိုက်ကို ဦးဆွေမြင့်အား ပြန်ပေးပြီး၊ နေရာတွင်ပြန်ထိုင်စေ။)

ဦးဆွေမြင့်။ ကြွရောက်ချီးမြှင့်ပေးကြတဲ့ ဆရာ၊ ဆရာမများနဲ့ မိတ်ဆွေသင်္ဂဟအပေါင်းတို့ခင်ဗျား အခုအချိန်မှစပြီး အသင့်တည်ခင်းထားတဲ့ စားသောက်ဖွယ်ရာများကို စိတ်အေးချမ်းသာစွာဖြင့် စားသုံးကြပါခင်ဗျား။
အမျိုးသားမိတ်ဆွေများခင်ဗျား - ညဦးချိန်ခါရဲ့ သာယာချမ်းမြေ့မှုကို အထောက်အကူပြုစေဖို့အတွက် အဖျော်ယမကာများကိုလဲ စီစဉ်



ထားပါတယ်။ ကောင်တာစားပွဲမှာကြွရောက်ပြီး စိတ်ကြိုက်ယူဆောင်သုံးဆောင်ကြပါခင်ဗျား။

(အမျိုးသားများ၏ "ဒီအစီအစဉ်ကောင်းတယ် - သိပ်ကောင်းတယ်" ဟူသော အသံများ ထွက်ပေါ်လာပြီး၊ ယမကာထားရှိရာ စားပွဲရှည်သို့သွားကြ၊ ဘီယာ၊ အရက်စသည့် ငှဲ့ယူပြန်ထိုင်ကြနှင့် အခမ်းအနားကလေးမှာ ပိုမိုအသင်ဝင်လှုပ်ရှားသွားစေ။)

(ဦးဆွေမြင့်က အမျိုးသားများနှင့် ရောထွေးကာ ယမကာဖြင့် ပျော်ရွှင်ကြည်နူးစွာ မိမိကိုယ်တိုင်လည်းသောက်၊ ဧည့်သည်များကိုလည်း ဧည့်ခံလျက်ရှိစေ။ ဒေါ်ခင်မိုးက ဆရာမများထံသို့ လှည့်လည်ဧည့်ခံလျက်ရှိစေ။)

(မိုးမြင့်ခေါင်က သက်နှင်းရည်နှင့်သဇင်တို့ စားပွဲသို့သွားရောက်ပြီး ကြည်နူးစွာပြောဆိုစားသောက်နေစေ။)

(ထိုစဉ် ဦးဖေမြင့်သည် စားပွဲမှထပြီး အပြင်သို့ ထွက်လာရာ စိုးသန်းက နောက်မှကမန်းကတန်းလိုက်လာစေ။ ဇာတ်စင်၏ရှေ့ပိုင်း အလယ်နားသို့ ၎င်းတို့နှစ်ယောက်သီးခြား ရောက်လာကြစေ။)

စိုးသန်း။ အစ်ကိုကြီး - အစ်ကိုကြီး ဘာမှမစားဘူးလား။ ဒီဟင်းတွေမစားချင်ရင်လဲ ကျွန်တော်ထမင်းသပ်သပ်ယူပေးမယ်လေ။

ဦးဖေမြင့်။ မစားတော့ပါဘူးကွာ။ ငါက ဆရာတွေကို ကန်တော့တဲ့ပွဲမှတ်လို့လာတာ။ အခုလိုအရက်တွေဘာတွေ ပါတာသိရင် လာတောင်မလာဘူး။ ဘယ့်နှယ်ကွာ ကလေး ၁၀ တန်း စာမေးပွဲအောင်လို့ ဆရာတွေကန်တော့ လူတွေကျွေးမွေးတာပဲ အရက်နဲ့ ဧည့်ခံရတယ်လို့။

စိုးသန်း။ အစ်ကိုလေးက သူ့သားကိုချီးကျူးဂုဏ်ပြုပွဲမှာ စည်စည်ကားကားပျော်ပျော်ရွှင်ရွှင်ဖြစ်စေချင်လို့ လုပ်တာနေမှာပါ အစ်ကိုကြီးရာ။

ဦးဖေမြင့်။ ဟ - ကလေးကိုချီးကျူးဂုဏ်ပြုတာ အရက်နဲ့မှလားကွ။ ကဲ - ကဲ - ငါတိုက်ပေါ်သွားတော့မယ်။

စိုးသန်း။ ဟုတ်ကဲ့ - ဟုတ်ကဲ့ ကျွန်တော် ထမင်းလိုက်ပြင်ပေးမယ် အစ်ကိုကြီး လာ --။

(စိုးသန်းနှင့် ဦးဖေမြင့်တို့ ဇာတ်စင်၏ လက်ဝဲဘက်အတွင်းသို့ ဝင်သွားစေ။ ဧည့်သည်များ ဆူညံစွာ ပြောဆိုစားသောက်နေကြဆဲ --)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၄)

နေရာ။ တိုးချဲ့မြို့သစ်၊ ဦးဆွေမြင့်၊ ဒေါ်ခင်မိုးတို့၏ တိုက်အိမ်။

အချိန်။ နေလယ်ပိုင်း။

အပြင်အဆင်။ အခန်း (၁၁) အတိုင်း၊ တစ်ထပ်တိုက်၏ ဧည့်ခန်းအပြင်အဆင်ဖြစ်ရမည်။ ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ဦးဆွေမြင့်သည် ဧည့်ခန်းဆက်တီတွင်ထိုင်လျက် သတင်းစာ ဖတ်နေစေ။ ဒေါ်ခင်မိုးဧည့်ခန်းထဲသို့ဝင်လာပြီး၊ ဆက်တီကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်းပြောစေ။

ဒေါ်ခင်မိုး။ ကိုဆွေ ဒီနေ့ခရီးထွက်စရာမရှိရင် ရန်ကုန်ကို သွားဖို့ကောင်းတာပေါ့။ အခုတော့ ငစိုးကို လွှတ်လိုက်ရတယ်။ ရစရာရှိတဲ့ငွေတွေက ငစိုးနဲ့ဆိုအကုန်ရချင်မှရမှာ။ ကိုဆွေသွားရင် ပိုအဆင်ပြေတာပေါ့။

ဦးဆွေမြင့်။ ရပါတယ်မိန်းမရာ၊ ငစိုးလဲစာရင်းရှင်းတတ်နေပြီပဲဥစ္စာ။ နောက်ပြီး ရန်ကုန်ငါးခြောက်ပွဲရုံ အနေနဲ့လဲ၊ ဟုန်မြအောင်ဟာ ကိုယ်တို့အပေါ် တကယ်ကောင်းတာပါကွာ။ သူ့မှာရှိရင် အကုန်ရှင်းပေးလိုက်မှာပါ။

**ဒေါ်ခင်မိုး။** ဟုတ်ပါတယ်။ ဟန်မြအောင်ကယုံရပါတယ်။ သူကူညီလို့လဲ မိုးတို့တစ်ခါမှအရှုံးမရှိခဲ့ဘူး။ ဒါပေမယ့် မိုးပြောတာက ကိုဆွေသွားရင် ဟန်မြအောင်နဲ့လဲ စီးပွားရေးတိုးချဲ့ရေးကိစ္စ ဆွေးနွေးလို့ရတာပေါ့။ နောက်ပြီး သားလေးတို့ ကျောင်းကိုလဲသွားတွေ့နိုင်တာပေါ့။

**ဦးဆွေမြင့်။** သားလေး စက်မှုတက္ကသိုလ် တက်နေတာ နှစ်ဝက်ကျော်သွားပြီလေ။ ကျောင်းပိတ်တုန်းက လဲ ကိုယ်ရောမိုးရောသွားပို့ကြတာပဲ မဟုတ်လား။ အဆင်ပြေကြောင်းလဲ သားလေးဆီက စာထဲမှာ ပါနေသားပဲကွာ။ နောက်ပြီး ငွေလိုရင်လဲ ရန်ကုန် ဟန်မြအောင်ပွဲရုံမှာ အချိန်မရွေးယူနိုင် အောင် စီစဉ်ထားပြီးသားမဟုတ်လား။

**ဒေါ်ခင်မိုး။** မိဘနဲ့ခွဲနေရတော့ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားမှာလဲ စိုးတယ်ကိုဆွေရဲ့။ သားလေး ၁၀ တန်းစာမေးပွဲအောင်တဲ့ ဧည့်ခံပွဲညတုန်း က သက်နှင်းရည်နဲ့သားလေးတို့ အနေ အထားကို ကိုဆွေ သတိထားမိလား။

**ဦးဆွေမြင့်။** ဩော် - ရုံးအုပ်စာရေးကြီး ဦးကျင်ဌေးရဲ့ သမီးလေးကိုပြောတာလား။ သားနဲ့ ငယ်ငယ် လေးကတည်းက ငယ်သူငယ်ချင်းတွေပဲ။ ကိုယ်သိပါတယ်။

**ဒေါ်ခင်မိုး။** အခု ငယ်သူငယ်ချင်း မဟုတ်တော့ဘူးရှင့်။ သူတို့ချစ်သူတွေ ဖြစ်နေကြပြီလို့ပြောတယ်။ အဲဒီဧည့်ခံပွဲညတုန်းကလဲ သူတို့ဆက်ဆံပုံကို



မိုးသတိထားမိတယ်။ ကောင်မလေးက ၁၀ တန်းမှာ ဂုဏ်ထူးတစ်ခုပါတယ်လေ။ အခု သူလေးက ဥပဒေရတယ်။ ရန်ကုန်တက္ကသိုလ် မှာဆိုတော့ သားလေးက ခဏခဏသွားတွေ့ နေရင် စာဘက်မှာ လျှော့သွားမှာစိုးလို့ ကိုဆွေရဲ့။

**ဦးဆွေမြင့်။** ဒါကတော့ကွာ လူငယ်တွေပဲ အချိန်တန် အရွယ်ရောက်ရင် အချစ်စိတ်ဆိုတာ ရှိလာ ကြစမြဲပါ။ သားလေးကလိမ္မာပါတယ်။ နောက် တစ်ခုက၊ သက်နှင်းရည်လေးဟာ တည်တည် တံ့တံ့ဣန္ဒြေရရလေးပါ။

**ဒေါ်ခင်မိုး။** ဟုတ်တော့ဟုတ်ပါတယ်လေ။ သက်နှင်းရည် က သားလေးထက်တောင် လပိုင်းလောက် အသက်ကြီးသေးတယ်။ တည်တည်ငြိမ်ငြိမ် လေးမို့လို့ သားလေးကိုတောင် မှန်မှန်ကန်ကန် ထိန်းသိမ်းနိုင်မှာပါ။

**ဦးဆွေမြင့်။** ဒါနဲ့တောင် မင်းကစိုးရိမ်နေရသေးတယ်။

**ဒေါ်ခင်မိုး။** မအေကိုး၊ စိုးရိမ်တာပေါ့။ မိဘကမကြာခဏ တွေ့တွေ့ပေးနေရင် စိတ်လွတ်ကိုယ်လွတ် မဖြစ်ဘူး။ ပိုပြီး ထိန်းတာပေါ့ ကိုဆွေရဲ့။ ဒါကြောင့် ကိုဆွေကိုရန်ကုန်သွားပြီး သားလေး ကို တွေ့ပေးစေချင်တယ်။

**ဦးဆွေမြင့်။** ဟုတ်ပါတယ်ကွာ။ ကိုယ်လဲသွားချင်တာပါပဲ။ ဒါပေမယ့် ကိုယ်ရုံးအလုပ်တာဝန်တွေကလဲ မင်းသိတဲ့အတိုင်း ပိုပြီးများများလာတယ်။

နယ်လဲဆင်းရ၊ မြို့ပေါ်ကျတော့လဲ ကိုယ့်ဌာန လုပ်ငန်းအပြင် ပါတီ၊ ကောင်စီတာဝန်တွေက တစ်ခုပြီးတစ်ခု၊ ဧည့်ခံကျွေးမွေးရေးတာဝန် မှန်သမျှ ငါးလုပ်ငန်းဦးစီးပဲ။ ဒီတော့ ဒီနေ့လို တနင်္ဂနွေရုံးပိတ်ရက်၊ တခြားတာဝန်တွေ လဲမရှိတဲ့နေ့မျိုးမှာ အိမ်မှာအေးအေးဆေးဆေး လေး နားချင်တာပေါ့ မိန်းမရာ။

ဒေါ်ခင်မိုး။ ဘာလဲ ဘီယာလေးနဲ့ နေ့ခင်းကတည်းက ငြိမ့်မလို့လား။

ဦးဆွေမြင့်။ မဟုတ်ဘူးမိန်းမရဲ့။ အပေါင်းအသင်းတွေကို နေ့လယ်ပိုင်း ဒီမှာချိန်းထားတယ်။

ဒေါ်ခင်မိုး။ ဟင် -- ဟုတ်လား။ ဘာလုပ်မလို့လဲ --။

ဦးဆွေမြင့်။ ပိုကာဒေါင်းကြမလို့။ စိတ်အနားယူကြမှာ မိန်းမရဲ့။

ဒေါ်ခင်မိုး။ ကိုဆွေနော်၊ ကိုဆွေ့ အရက်ကနေ ဖဲဖြစ်လာပြီ။

ဦးဆွေမြင့်။ ဖဲမဟုတ်ပါဘူးကွ။ ပိုကာဒေါင်းမှာပါ။ ဌာန ဆိုင်ရာလုပ်ဖော်ကိုင်ဖက်တွေရယ် စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေရယ် အပျင်းပြေလုပ်ကြ မှာပါ။ အဲဒါ - မိန်းမက ပါရမီဖြည့်ပါဦးကွာ၊ အကြော်လေး၊ အလျှော်လေး၊ အသုပ်လေး ပေါ့ကွာ။

ဒေါ်ခင်မိုး။ ဟင်းနော် - - ကိုဆွေ - -။ ဘီယာစသောက် တုန်းကလဲဘီယာလေးပဲ၊ အရက်မဟုတ်ပါဘူး ဆိုပြီးစခဲ့တာ။ နောက်တော့ ရမ်၊ ဘရန်ဒီ၊ အခုလဲ ဖဲမဟုတ်ပါဘူး။ ပိုကာပါတဲ့။



(မျက်နှာကိုစူပုပ်ပုပ်လုပ်ပြီး အထဲဝင်မည့်ဟန် ပြုစေ။)

ဦးဆွေမြင့်။ (ဒေါ်ခင်မိုး၏ လက်ကိုလှမ်းဆွဲပြီး။) ကိုယ့်ကိုအပန်းမဖြေစေချင်ဘူးလား မိန်းမရာ။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၅)

နေရာ။ အင်းလျားကန်စောင်း။

အချိန်။ နံနက်ခင်း။

အပြင်အဆင်။ အဝေးတွင် ကျွန်းကလေးများနှင့် တကွ အင်းလျားကန်ရေပြင်ကြီးအား ကန်ပေါင် နှင့် အနားသတ်ထားသည့် ရေးချက်နောက်ခံကား ရှိရမည်။ ကန်ပေါင်နှင့် ဇာတ်စင်ခွင်သည် တစ်ပြေးတည်းရှိအောင် ရေးထားရမည်။ ရှေ့နားတွင် ထိုင်ခုံပုပုကလေးနှစ်ခု၊ သုံးခု ထားရှိရမည်။
ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(သက်နှင်းရည်သည် အလယ်ထိုင်ခုံပုကလေးပေါ်တွင် ထိုင်လျက် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်ရှုနေစေ။ မကြာခဏလည်း ဇာတ်စင်၏လက်ယာဘက်သို့ မျှော်ကြည့်လိုက်၊ လက်ပတ်နာရီကိုလည်း ကြည့်လိုက်လုပ်နေစေ။)
(အတန်ကြာလျှင် ကားတစ်စီးအဝေးမှအနီးသို့ မောင်းလာသံ ထင်ရှားစွာထွက်ပေါ်လာစေ။ ကားစက်ရပ်သံ၊ ကားတံခါး





ဖွင့်သံ၊ ပြန်ပိတ်သံတို့ကြားရပြီး မရှေးမနှောင်းပင် မိုးမြင့်ခေါင် မြင်ကွင်းသို့ဝင်လာစေ။)

သက်နှင်းရည်။ (အံ့သြလျက်) ဟင် ငှက်ကလေး၊ နင်ကကားနဲ့ လာတာလား။ အောင်မာ - ဘောင်းဘီအသစ်နဲ့ ရှူးနဲ့မိုးနဲ့ နင့်ပုံစံ တကယ်သားနားနေပါလား။

မိုးမြင့်ခေါင်။ (သက်နှင်းရည်နှင့်ယှဉ်လျက် ဝင်ထိုင်ရင်း) နင်နဲ့ငါကျောင်းမပိတ်ခင် ရန်ကုန်အပြင်ဘက် ထွက်လည်ချင်လို့ နင့်ကိုမနက်ဘက်ချိန်းလိုက်တာလေ။

သက်နှင်းရည်။ အေးလေ - ငါလဲ၊ ခါတိုင်းညနေဘက် တွေ့နေကျဟာ၊ အခုဘာဖြစ်လို့ မနက်ဘက်ချိန်းတာလဲလို့ နင့်ကိုမေးမလို့ဟာ။ နင်က ဖုန်းချက်ချင်းချလိုက်လို့။

မိုးမြင့်ခေါင်။ အေးလေ ဒီနေ့ကျောင်းပိတ်ရက်လေ။ နင်နဲ့ငါ လျှောက်လည်ကြရအောင်။ နောက်လဆိုရင် စာမေးပွဲတွေဖြေရတော့မယ်။ ဘာလိုလိုနဲ့ တို့နှစ်ယောက်စတုတ္ထနှစ်ထဲ ရောက်လာကြပြီ။ နင်ကနောက်နှစ်ဆိုကျောင်းပြီးသွားပြီနော်။ ငါကတော့ တစ်နှစ်ဆက်နေရဦးမှာပေါ့ဟာ။

သက်နှင်းရည်။ အေးပေါ့ဟာ - တို့ရဲ့ရည်မှန်းချက်ပန်းတိုင် ရောက်တော့မှာပါ။ နင်လဲကြိုးစားမှုမလျှော့နဲ့နော်။ အဲ - ငှက်ကလေး ငါနင့်ကို မေးရဦးမယ်။ နင်နဲ့ငါ နှစ်စဉ်နှစ်တိုင်း အမှတ်ကောင်းကောင်းနဲ့အောင်နေတာဆိုတော့ နင်လဲမှန်မှန်ကြိုးစားနေတယ်ဆိုတာ ငါယုံပါ

တယ်။ ဒါပေမယ့် တို့ အခု တက္ကသိုလ်ကျောင်းသူကျောင်းသားဘဝရောက်တဲ့ ၄ နှစ်ထဲမှာ၊ နင်ကတော့ ငါ့ကို ဘယ်လိုမြင်သလဲမသိဘူး။ ငါက နင်နည်းနည်းပြောင်းလဲသွားတယ်လို့ထင်နေတယ်။

မိုးမြင့်ခေါင်။ ဘာများပြောင်းလဲလို့လဲ မိသက်ရ။ ငါနင့်အပေါ်ထားခဲ့တဲ့အချစ်ဟာ ဘယ်တော့မှ မပြောင်းပါဘူးဟာ။

သက်နှင်းရည်။ တို့နှစ်ယောက်ရဲ့ မေတ္တာဟာ ခိုင်မြဲတယ်ဆိုတာ ငါသိပါတယ်။ ပြောင်းလဲတယ်လို့ထင်တာကတော့ နင့်ရဲ့အနေအထိုင်၊ အသုံးအစွဲ၊ ဝတ်စားဆင်ယင်မှု အဲဒါလေးတွေကို ပြောတာပါ။အခုပဲကြည့်၊ နင်ဝတ်စားထားတာ အပျံစားပဲ။

(မိုးမြင့်ခေါင်၏ လက်ပတ်နာရီကိုကိုင်ပြီး)

ဟောဒီနာရီဟာ သူများတွေနာရီနဲ့မတူဘူးထင်တယ်ဟ။ ဟောဒီဟန်းချိန်းကလဲ အရင်က သေးသေးလေး၊ အခုအကြီးကြီးပဲ၊ နောက်ပြီးတော့ နင်အခုမောင်းလာတဲ့ ကားက ဘယ်သူ့ဟာလဲ။ နင်ကကားနဲ့ငါ့ကိုလာပြီး ရှိုးပြတာ လား ငှက်ကလေးရာ။

မိုးမြင့်ခေါင်။ ဩော် - ဒါလား။ မိသက် ငါက နင့်ကိုလာပြီး ရှိုးပြစရာလိုလို့လား။ တို့နှစ်ယောက်ဟာငယ်ချစ်၊ ငယ်ကအချစ်အနှစ်တစ်ရာ မမေ့သာဆိုထားတယ် မဟုတ်လား။ တို့နှစ်ယောက်ကြားမှာ



ဘာမှ ရှိုးပြစရာလဲမရှိဘူး။ ကွယ်ဝှက်ဖုံးအုပ်ထားစရာလဲ မရှိပါဘူးဟာမိသက်ရာ။ ဒီကားကဒီလိုပါ။ အဲဒါငါ့အဖေက ဝယ်ပေးထားတာလေ။ လွန်ခဲ့တဲ့လကတည်းက ဝယ်ပြီးတော့၊ ဟန်မြဲအောင် ငါးခြောက်ပွဲရုံမှာထားတာ။ အဖေတို့ ရန်ကုန် လာတဲ့အခါလဲစီး၊ ငါလဲလိုတဲ့အခါစီးပေါ့။ ကားဝယ်ပြီးပြီးချင်း ငါတောင်ကားမောင်းသင်ရ၊ လိုင်စင်ရအောင် လုပ်ရနဲ့ အတော်လေး အလုပ်များသွားတယ်။ မြို့ထဲမှာမကြာခဏ မောင်းတာအခုတော့ ကျွမ်းကျင်သွားပြီလေ။ ဒါကြောင့် နင့်ကိုခေါ်ပြီး လျှောက်လည်မလို့ကားပါယူလာတာလေ။

သက်နှင်းရည်။ ဩော် - နင့်အဖေကလဲ နင့်ကိုတော်တော်အလိုလိုက်တာပဲနော်။ ပညာသင်ဆဲအခါမှာ ကားတို့ဆိုင်ကယ်တို့ ပေးမထားသင့်ဘူး ငှက်ကလေးရ။

(သက်နှင်းရည်ကထိုင်ခုံမှထပြီး ရှေ့သို့ လျှောက်လာစေ။ မိုးမြင့်ခေါင်လည်း ထလိုက်လာပြီး ယှဉ်တွဲလျက်စကားဆက်ပြောစေ။)

မိုးမြင့်ခေါင်။ ဟာ - မိသက် ကားကို ငါကဝယ်ခိုင်းတာ မဟုတ်ဘူး။ ဖေဖေကသူ့စိတ်ကူးနဲ့သူဝယ်ပြီးမှ ငါ့ကိုစီးခိုင်းတာ။ ငါကလိုချင်တယ်လို့ ပူဆာတာလဲ မဟုတ်ဘူးဟာ။

ဒါ့အပြင်နောက်နှစ်ကျရင်၊ မြို့ထဲမှာတိုက်ခန်းတစ်ခန်းဝယ်ဖို့တောင် စီစဉ်နေတယ်။

တောင်းအဆောင်မှာနေရစားရ ကျဉ်းကျပ်တယ်ဆိုပြီး ငါကျယ်ကျယ်ဝန်းဝန်းနဲ့ ခမ်းခမ်းနားနားနေရအောင် စားချင်တာစားလို့ရအောင် စီစဉ်ပေးမှာတဲ့။

ဖေဖေတို့မေမေတို့က ငါ့ကိုဘယ်လောက်ချစ်တယ်ဆိုတာ မိသက်နှင်သိပါတယ်ဟာ။ တို့တက္ကသိုလ်မှာ တစ်လလေးငါးထောင်ဆိုလောက်ရဲ့သားနဲ့ ငါ့ကိုတစ်သောင်းခွဲလောက်ပို့ပို့ပေးတယ်လေ။ အများထဲမှာ မျက်နှာငယ်မှာစိုးလို့တဲ့။ နောက်ပြီး ဟန်မြအောင်ပွဲရုံမှာလဲ ငါလိုသလောက်ပိုက်ဆံယူသုံးလို့ရတယ်။

သက်နှင်းရည်။ အေးပေါ့ဟာ ပိုက်ဆံတွေက ပိုနေလေတော့ နှင်ကအဝတ်အစားဆိုလဲ အကောင်းစား၊ နာရီဆိုလဲအကောင်းစား၊ အရာရာအကောင်းစားချည်းပဲပေါ့။ ဒါကြောင့်လဲ ငှက်ကလေးနှင့်အနေအထိုင် အဝတ်အစား အဆင်အယင်တွေပြောင်းလဲလာတယ်လို့ ငါပြောတာ။

မိုးမြင့်ခေါင်။ ငါ့အဖေက သူငယ်ငယ်က ဆင်းရဲခဲ့ပြီး တက္ကသိုလ်ပညာ မသင်ခဲ့ရလေတော့ ငါ့ကိုပြည့်ပြည့်စုံစုံချမ်းချမ်းသာသာနဲ့ တက္ကသိုလ်ပညာသင်စေချင်တာဟ။ ငါကျောင်းပိတ်လို့မြို့ပြန်တဲ့အခါမှာတောင် ငါကခပ်ကုပ်ကုပ်နေရင် သူမကြိုက်ဘူး။ ငါ့သားက အင်ဂျင်နီယာဖြစ်မယ့်သူ၊ သူများအောက်နေရမယ့်သူမဟုတ်ဘူး။ ထည်ထည်ဝါဝါနေရမယ်၊



သစ်သစ်လွင်လွင် ဝတ်ရမယ်လို့ပြောတာ။ ဒီတော့ ငါလဲဝယ်စရာ ရှိဝယ်ချလိုက်တာပဲ။ သုံးချင်သလောက်သုံး လိုက်တာပဲ။

သက်နှင်းရည်။ အေး နှင်ဟာ ဘဝပေးကုသိုလ်ကောင်းတယ်လို့ဆိုရမှာပေါ့ဟာ။ ဒါပေမယ့် ငှက်ကလေးရေ အသုံးနဲ့အဖြုန်းတော့ ခွဲခြားသိဖို့လိုတယ်နော်။

မိုးမြင့်ခေါင်။ အေးပါဟာ၊ နှင်ကလဲငါ့ထက်နှစ်လကြီးတာနဲ့ ငါ့ကိုအမေကျနေတာပဲ။ အမြဲဆုံးမနေတာ။

သက်နှင်းရည်။ တို့နှစ်ယောက်ရဲ့ ဘဝရည်မှန်းချက်ကိုရောက်ဖို့ အတွက် တစ်ယောက်နဲ့တစ်ယောက်မှားတာရှိ ပြင်ရမယ်လေ - ငှက်ကလေးရဲ့။ မဟုတ်ဘူးလား။

မိုးမြင့်ခေါင်။ ဟုတ်ပါသတဲ့ဗျာ၊ မမ - ဥပဒေပညာရှင်ကြီးရဲ့။

သက်နှင်းရည်။ ငှက်ကလေး၊ နှင် - မသရော်နဲ့နော်။

မိုးမြင့်ခေါင်။ အလကားစတာပါ မိသက်ရာ။ ကဲ တို့တစ်နေရာသွားကြရအောင်လေ။ နှင်ဘယ်သွားချင်လဲ။

သက်နှင်းရည်။ ငါစဉ်းစားထားတာ မရှိပါဘူးဟာ။ နှင်သွားချင်ရင်တော့ သိပ်လဲမဝေးတဲ့ မယ်လမုဘုရားသွားမလား။

မိုးမြင့်ခေါင်။ / အေး အေး ကောင်းတယ်။ လာ - လာ မယ်လမုဘုရားသွားဖူးပြီး တို့ဇနီးမောင်နှံရာသက်ပန်ပေါင်းရပါစေသားလို့ ဆုတောင်းကြမယ်။

(သက်နှင်းရည်၏ လက်ကလေးကို ဆွဲခေါ်စေ။)

သက်နှင်းရည်။ (ရှက်စနိုးမျက်စောင်းကလေးထိုးကာ)
ဘာဇနီးမောင်နှံလဲ-
ဟင်း - တော်တော်အသားယူ။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၆)

ကာလ။ ၁၉၈၈ - နောက်ပိုင်း

နေရာ။ တိုးချဲ့မြို့သစ်၊ ဦးဆွေမြင့်၊ ဒေါ်ခင်မိုးတို့၏ တိုက်အိမ်။

အချိန်။ နေ့လယ်ပိုင်း။

အပြင်အဆင်။ အခန်း (၁၁) အတိုင်း၊ တစ်ထပ်တိုက်၏ ဧည့်ခန်းအပြင်အဆင်ဖြစ်ရမည်။ Dream Bed တစ်လုံးကို အသင့်ထားရှိရမည်။ ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဒေါ်ခင်မိုးသည် Dream Bed အပေါ်တွင်လှဲနေပြီး မျက်စိကို မှိတ်ထားလျက်ရှိစေ။ မိုးမြင့်ခေါင်သည် ၎င်းဘေးတွင် ဒူးထောက်ထိုင်ပြီး သံပရာဖျော်ရည် ဖန်ခွက်ကိုကိုင်ထားစေ။)

မိုးမြင့်ခေါင်။ မေမေ ဒီမှာသံပရာရည်လေး သောက်လိုက်ပါဦး။

ဒေါ်ခင်မိုး။ (မျက်စိကိုဖွင့်ကြည့်ပြီး) ဪ အေး အေး သောက်မယ်။

(သံပရာဖျော်ရည်ဖန်ခွက်ကို သောက်စေ။)

မိုးမြင့်ခေါင်။ မေမေ- သား ဆရာဝန် သွားခေါ်ပေးရမလား ဟင်။

ဒေါ်ခင်မိုး။ (သံပရာရည်သောက်နေရာမှ ခဏနားလိုက်ပြီး)
ဟင့်အင်း --- သား မခေါ်နဲ့ ၊ မခေါ်နဲ့။ မေမေ့သွေးတိုးရောဂါက ဆရာဝန်ခေါ်စရာမလိုပါဘူး။ ဆရာဝန်ပေးထားတဲ့ဆေးသောက်ထားပါတယ်။ ဒီလိုပဲ အစားလေးများရင် သွေးတက်လာတာပဲ။ မေမေသိတယ် မနက်တုန်းက အေးအေးမာတို့အိမ်က ကင်ပွန်းတပ်မှာ အုန်းနို့ခေါက်ဆွဲစားခဲ့မိတယ်လေ။

မိုးမြင့်ခေါင်။ မေမေကလဲ ဖြစ်တတ်မှန်းသိရင်မစားဘဲရှောင်မှပေါ့။

ဒေါ်ခင်မိုး။ အားနာလို့ပါသားရယ်၊ နည်းနည်းလေးစားတာပါ။ ဒါကြောင့် အိမ်ရောက်ရောက်ချင်း သွေးပေါင်ကျဆေးသောက်ပြီးပါပြီ။ အခုလို သံပရာရည်လေးသောက်၊ နည်းနည်းလေး ငြိမ်နေလိုက်ရင် သက်သာသွားမှာပါ။ အခုတောင်ခေါင်းနောက်တာပြေသွားပါပြီ။

မိုးမြင့်ခေါင်။ မေမေ သား အာအိုင်တီ မတက်ခင်က ဒီလို သွေးတိုးမရှိဘူးနော်။ အခုမှ ဘာဖြစ်လို့ သွေးတိုးရောဂါရယ်လို့ ဖြစ်လာတာလဲဟင်။

ဒေါ်ခင်မိုး။ ဟုတ်တယ်သားရဲ့၊ မကြာခဏ မူးနောက်မူးနောက်ဖြစ်လာလို့ ဆရာဝန်ပြကြည့်တော့မှ သွေးတိုးရောဂါဖြစ်နေတာကို သိရတော့တယ်။



သွေးတိုးရောဂါဆိုတာကတော့ အလုပ်တွေ သိပ်များရင် အအိပ်အနေမမှန်ရင် စိတ်ရှုပ်စရာတွေသိပ်များရင် ဖြစ်တတ်တယ်လို့ ပြောတာပဲ။

မိုးမြင့်ခေါင်။ ဟုတ်မယ် - ဟုတ်မယ်။ မေမေက ရုံးအလုပ်ရော၊ ငါးခြောက်အလုပ်ရော မနားမနေလုပ်လို့ နေမှာ။

ဒေါ်ခင်မိုး။ ဒါလဲဖြစ်နိုင်ပါတယ်။ ဒါပေမယ့် နောက်ပိုင်းတော့ ငါးခြောက်လုပ်ငန်းကို မင်းလေးလေးစိုးပဲ လုပ်နေတာပါ။ တစ်ခုတော့ရှိတယ်၊ မေမေ ငယ်ငယ်ကတည်းက အုန်းနို့ခေါက်ဆွဲတို့၊ ငါးသလောက် တို့ ဒါတွေသိပ်ကြိုက်တော့၊ အခု အသက်ကြီးပိုင်းမှာ သွေးတိုးဖြစ်လာတယ်လို့ မေမေထင်တယ်။

မိုးမြင့်ခေါင်။ အဲဒါဆိုရင် မေမေမတည့်တဲ့အစာကို လုံးဝ မစားနဲ့တော့လေ။

ဒေါ်ခင်မိုး။ အင်းပါသားရယ်၊ မေမေဆင်ခြင်နေတာကြာပါပြီ။ သံပရာရည်ကိုလဲမှန်မှန်သောက်တယ်။ မေမေ့အတွက် မစိုးရိမ်ပါနဲ့သားရယ်။ အခုဆိုရင် ဟောဒီသားလေးကကျောင်းပြီးသွားပြီဆိုတော့ မေမေ့အနားမှာ သားရှိနေပြီပဲ။ မေမေ့ကိုပြုစုမယ့်သား မေမေ့အနားမှာရှိရင် မေမေရောဂါတွေအလိုလို ပျောက်သွားမှာပါသားရဲ့။ မေမေ့ကို သားကခွဲမသွားဘူးမဟုတ်လား။

မိုးမြင့်ခေါင်။ မေမေကဘာကိုပြောတာလဲ သားကမေမေ့ကို ဘာဖြစ်လို့ခွဲသွားရမှာလဲလို့။

ဒေါ်ခင်မိုး။ မသိဘူးလေ၊ သက်နှင်းရည်ကလဲ LL.B ဘွဲ့ရပြီးတာကြာပြီ။ သားလဲ B.E ဘွဲ့ရပြီးပြီ။ သားတို့ယူများယူကြတော့မှာလားလို့။

မိုးမြင့်ခေါင်။ အို့ မေမေကလဲ၊ သားတို့နှစ်ယောက်ကဘွဲ့ရပြီးပေမယ့် မိဘကိုလုပ်ကျွေးကြဦးမှာလေ၊ မိသက်က LL.B ဘွဲ့ရပြီးပြီးချင်း ဥပဒေဝန်ထမ်းအဆင့် (၄) ရာထူးရသွားတော့ သူ့မိဘကို လုပ်ကျွေးနိုင်ပြီလေ။ အခု ကချင်ပြည်နယ် ဗန်းမော်မှာ တာဝန်ကျနေတယ်၊ သားကတော့ ဘွဲ့ရပြီးနောက်နှစ်မှာပဲ ရှစ်ဆယ့် ရှစ်အရေးအခင်းဖြစ်လို့၊ အလုပ်မလျှောက်နိုင်ဘဲ ဖြစ်သွားတာမဟုတ်လား၊ အခု နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရက အရေးအခင်းကာလတုန်းက မသမာသူတွေဖျက်ဆီးခဲ့တဲ့ အပျက်အစီးတွေကို ပြန်ပြုပြင်နေပြီး နိုင်ငံတော်ကို အဘက်ဘက်မှာ တိုးတက်အောင် ဆောင်ရွက်နေတယ်လေ။ အင်ဂျင်နီယာအလုပ်တွေလဲ ပေါ်လာတော့မှာပါ။ သား အလုပ်အကိုင်ခေါ်တဲ့ ကြေညာချက်တွေကို သတင်းစာမှာ စောင့်ကြည့်ထားပါတယ် မေမေရဲ့။ အစိုးရအလုပ်မရခင် မေမေတို့အလုပ်ကို သားဝင်လုပ်နေမှာပေါ့။



ဒေါ်ခင်မိုး။ (မိုးမြင့်ခေါင်၏ခေါင်းကို မိမိရင်ခွင်ထဲသို့ဆွဲယူပွေ့ဖက်ကာ မိမိ၏ပါးနှင့်ဖိကပ်လိုက်ပြီး) ဝမ်းသာလိုက်တာသားလေးရယ်၊ ဒီစကားကြားရတာကိုပဲ မေမေကျေနပ်ပါပြီ။ မေမေတို့မှာ စီးပွားရေးပြည့်စုံပါတယ်၊ သားအလုပ်မလုပ်ဘဲနေလဲရပါတယ်။

(ထိုစဉ်အပြင်ဘက်မှ "ဟေ့ - ဖိုးခေါင်တို့ရှိကြလား ဟေ့" ဟူသော အော်ပြောသံကြားရပြီး မရှေးမနှောင်းမှာပင် ဦးဖေမြင့် ဇာတ်စင်လက်ဝဲဘက်မှ ဝင်လာစေ၊ ဦးဖေမြင့်သည် ဖီးကြမ်းငှက်ပျောသီးသုံးဖီးကိုကြိုးနှင့်ဆွဲလာစေ၊)

ဦးဖေမြင့်။ ဩော် သားအမိနှစ်ယောက်ဖက်ပြီး ဘာတွေအလွမ်းသယ်နေကြတုံး။

(ဒေါ်ခင်မိုးရော၊ မိုးမြင့်ခေါင်ပါကမန်းကတန်းထလိုက်ကြစေ။ ဦးဖေမြင့် မမျှော်လင့်ဘဲရောက်လာသဖြင့် အံ့အားသင့်နေကြစေ၊)

ဒေါ်ခင်မိုး။ အစ်ကိုကြီး၊ ဆိုင်းမဆင့်ဗုံမဆင့်နဲ့၊

ဦးဖေမြင့်။ ကိစ္စလေးတစ်ခု တို့မိသားစုနဲ့တိုင်ပင်လုပ်ဖို့ရှိနေတာကြာပြီ။ လာမယ်လာမယ်နဲ့မလာဖြစ်ဘူး။ မင်းတို့နဲ့ မတွေ့တာလဲကြာလို့ အခုမဖြစ်ဖြစ်အောင် ထလာခဲ့တာ။

ဒေါ်ခင်မိုး။ အစ်ကိုကြီးထိုင်လေ။ နားလိုက်ပါဦး။

ဦးဖေမြင့်။ ရော့ - ရော့ ဖိုးခေါင်သိပ်ကြိုက်တဲ့ ဖီးကြမ်းငှက်ပျောသီး။ (ဆက်တီတွင် ဝင်ထိုင်ရင်း ငှက်ပျောသီးအတွဲကို မိုးမြင့်ခေါင်သို့ လှမ်းပေးစေ။)

မိုးမြင့်ခေါင်။ (ငှက်ပျောသီးတွဲကို စိတ်မပါ့တပါလှမ်းယူရင်း) အင်း - အာအိုင်တီမှာတုန်းက ညနေကျောင်းဆင်းဆင်းချင်း လေဟာပြင်စျေးကို ကားလေးမောင်းသွားပြီး ရွှေငှက်ပျောသီးဖျော်ရည်သွားသွားသောက်နေကျဆိုတော့ ငှက်ပျောသီးကို ဒီအတိုင်းမစားဖြစ်တာကြာပြီ ဘကြီးရဲ့

(ဦးဖေမြင့် အံ့ဩသောမျက်နှာဖြစ်သွားစေ။)

ဒေါ်ခင်မိုး။ သားလေး၊ ငှက်ပျောဖီးတွေ ရေခဲသေတ္တာထဲသွားထည့်ထားလိုက်နော်။ မနက်ကျမေမေ ဆွမ်းတော်တင်လိုက်မယ်။

(မိုးမြင့်ခေါင်၊ ငှက်ပျောဖီးများယူပြီး ဝင်သွားစေ)

ဒေါ်ခင်မိုး။ (ဆက်တီတွင်ထိုင်ရင်း ဦးဖေမြင့်သို့ကြည့်ကာ) အစ်ကိုကြီးကိစ္စရှိတယ်ဆိုတာဘာလဲဟင်။

ဦးဖေမြင့်။ ညီလေး - မောင်ဆွေရော။ ဒီနေ့ရုံးပိတ်တယ်မဟုတ်လား။

ဒေါ်ခင်မိုး။ ကိုဆွေရန်ကုန်ကိုသွားတယ်။ ရုံးပိတ်ရက်မို့လို့ စီးပွားရေးလုပ်ငန်းတိုးချဲ့ဖို့အတွက် ဟန်မြအောင်တို့နဲ့ သူကိုယ်တိုင်သွားဆွေးနွေးတယ် အစ်ကိုကြီးရဲ့။ အစ်ကိုကြီးလာတုန်းအတော်ပဲ။ ဒီမှာစီစဉ်ထားတဲ့ကိစ္စလေးတွေလဲ အစ်ကိုကြီးကို ပြောပြရဦးမယ်။ အစ်ကိုကြီး လာတဲ့အကြောင်း ပြောပြဦး။

ဦးဖေမြင့်။ ဩော် အရေးတကြီး မဟုတ်ပါဘူးကွာ။ အဖေတို့အမေတို့ရှိတုန်းက တို့ရွာဦးကျောင်း



အာရုံခံဇရပ်မှာ နှစ်ကျိပ်ရှစ်ဆူဘုရားတစ်ဆူ လှူထားတာရှိတယ်။ ဒီပင်္ကရာဘုရားလေ။ အဲဒါနှစ်ပေါင်းများစွာကြာပြီဆိုတော့ ရွှေချထားတာတွေလဲကွာ၊ ကိန်းဝပ်တဲ့နေရာကအစ ပျက်စီးယိုယွင်းမှုတွေဖြစ်နေလို့ ဆရာတော်က မူလဘုရားဒကာတွေပြင်ဆင်ချင်တယ်ဆိုရင် ပြင်ဆင်ပါတဲ့။ ပြင်ဆင်မယ့်သူမရှိမှ သူက အလှူရှင်ရှာမယ်တဲ့။ ဒါကြောင့် တို့မိသားစုရဲ့ ဒီပင်္ကရာဘုရားကိုတော့ တပည့်တော်တို့ပြင်ပါ့မယ်ဘုရားလို့ အစ်ကိုကြီးလျှောက်ခဲ့တယ်။

(မိုးမြင့်ခေါင် အတွင်းမှပြန်ထွက်လာပြီး၊ ဒေါ်ခင်မိုးအနီးရှိ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်စေ။)

ဒေါ်ခင်မိုး။ ဟာ ကျွန်မတို့မိသားစုဘုရားပဲဟာ ကျွန်မတို့ပဲပြင်မှာပေါ့ ဘယ်လောက်ကုန်ကျမလဲ။

ဦးဖေမြင့်။ တစ်ဆူကိုတစ်သောင်းလောက်ကျမယ်။

မိုးမြင့်ခေါင်။ ၊ သားကျောင်းတက်တုန်းက တစ်လစာမုန့်ဖိုးလောက်တောင်မရှိဘူး။ သားတို့ပဲခံလိုက်ပေါ့ မေမေရဲ့။ ဘဘကြီးက ဒီကိစ္စလေးနဲ့များ အပင်ပန်းခံလာရသေးတယ်။

ဦးဖေမြင့်။ ဒါကဒီလိုရှိတယ် ဖိုးခေါင်ရဲ့။ မင်းအဘိုးအဘွားများရဲ့ ဘုရားဆိုတော့ အခုပြင်ဆင်တဲ့ အလှူကို ဘကြီးရော မင်းတို့ရော ပူးပေါင်းပြီး လှူကြရမယ်လေ။

မိုးမြင့်ခေါင်။ ဩော် - ဩော် --။

ဦးဖေမြင့်။ အဲဒါ ညီလေးပြန်လာရင်လဲ ပြောပြပေါ့။ ငါတော့ သူ့ကိုမစောင့်တော့ဘူး။ ညနေကားနဲ့ ပြန်မယ်။

ဒေါ်ခင်မိုး။ အစ်ကိုကြီးပြန်ရင်၊ ကျွန်မ ဘုရားအလှူအတွက် ငါးထောင်ပေးလိုက်မယ်နော်။ ကဲအစ်ကိုကြီး ရေချိုးဦးမလား။ ထမင်းစားရအောင်။ ကျွန်မတို့တော့ စားပြီးပြီ။

ဦးဖေမြင့်။ ရေမချိုးတော့ပါဘူး။ ညနေရွာပြန်ရောက်မှ ချိုးတော့မယ်။

ဒေါ်ခင်မိုး။ (အတွင်းဘက်သို့လှမ်းပြောစေ။)
ဟဲ့ - မသွယ်ရေ --။
("ရှင် - မမ" ဟု ထူးပြီး အိမ်ဖော် မသွယ်ထွက်လာစေ)

ဒေါ်ခင်မိုး။ အစ်ကိုကြီး စားဖို့ထမင်းပွဲပြင်ထား။

မသွယ်။ ဟုတ်ကဲ့ - မမ။ (မသွယ်ပြန်ဝင်သွားစေ။)

ဦးဖေမြင့်။ ဩော် - အိမ်ဖော်ခေါ်ထားတာလား။

ဒေါ်ခင်မိုး။ ဟုတ်တယ်အစ်ကိုကြီး၊ အလုပ်တွေက မနိုင်ဘူး။ အရင်တုန်းကတော့ ကိုဆွေကလဲ ခရီးထွက်တာများတယ်။ ဒီတော့ ငစိုးနဲ့ မောင်နှမ နှစ်ယောက်စာ သင့်သလို ချက်ပြုတ်စားလိုက်တာပဲ။ အခုနောက်ပိုင်း ဖိုးခေါင်ကလဲ ကျောင်းပြီးလို့ အိမ်ပြန်ရောက်လာတော့၊ သားလေးရန်ကုန်မှာလို ဖွယ်ဖွယ်ရာရာ ကောင်းကောင်းစားရအောင် အချက်အပြုတ် ကျွမ်းကျင်တဲ့ မသွယ်ကို ငှားထားရတာ အစ်ကိုကြီးရဲ့။



မိုးမြင့်ခေါင်။ ဒေါ်သွယ်က အချက်အပြုတ်ကောင်းတဲ့အပြင် သားစားချင်တာ အကုန်ဖြစ်အောင်လုပ်ပေးတတ်တယ်။ သားက နေ့လယ်ပိုင်းမှာ ကားနဲ့ မြို့ထဲသွားပြီး နက်(စ်)ကဖီး သောက်လေ့ရှိတာ။ အခု ဖေဖေကရန်ကုန်ကို ကားယူသွားတော့ ဒေါ်သွယ်က နေ့လယ်တစ်ဖင်တိုင်းမှာ နက် (စ်)ကဖီး သူကိုယ်တိုင်ဖျော်ပေးတယ် ဘကြီးရဲ့။

(ဦးဖေမြင့် ပါးစပ်အဟောင်းသားနှင့် အံ့ဩစွာနားထောင်နေစေ။ မိုးမြင့်ခေါင်ငယ်စဉ်က ဘဝစရိုက်နှင့်ယခုဥစ္စာစည်းစိမ်ဖြင့် ထည်ဝါလျက်ရှိသည့် ဘဝစရိုက်ကို နှိုင်းယှဉ်စဉ်းစားမိသည့်ဟန်နှင့် -)

ဦးဖေမြင့်။ ဩော် - ဩော် --။ အင်းအင်း -- ဒါနဲ့ ငါ့ညီမတို့ဒီမှာစီစဉ်နေတဲ့ ကိစ္စလေးတွေဆိုတာ ဘာပါလိမ့်။

ဒေါ်ခင်မိုး။ အဲဒါက ဒီလိုပါအစ်ကိုကြီး။ အခုနိုင်ငံတာဝန်ယူထားရတဲ့ နဝတအစိုးရလက်ထက်မှာ နိုင်ငံတော်ရဲ့စီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ်နဲ့အကောင်အထည်ဖော်နေတာလေ။ နိုင်ငံတကာနဲ့ ဆက်သွယ်လုပ်ကိုင်နေတဲ့ ကုမ္ပဏီလုပ်ငန်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေ တိုးတက်နေပြီ။ ကျွန်မတို့ဒေသအဓိကထွက်ကုန် ဖြစ်တဲ့ ရေထွက်ပစ္စည်း ငါး၊ ပုစွန်တွေဆိုရင် အေးခဲစက်ရုံတွေမှာ အေးခဲပြီး

နိုင်ငံခြားပို့ကုန်အဖြစ် လုပ်ကိုင်နေတဲ့ ငါးခြောက်လုပ်ငန်းကိုရပ်ပြီး၊ ရေခဲရိုက်တင်ပို့တဲ့လုပ်ငန်းကို ပြောင်း လုပ်တော့မယ်။ ကျားပုစွန်နဲ့ ရေချိုပုစွန်ကို မိုးတွင်းမှာလုပ်မယ်။ ဆောင်းတွင်းမှာငါးမုတ်နဲ့ ငါးခွေးရှာ လုပ်မယ်။

ဦးဆွေမြင့်။ ငါးမုတ်တို့ငါးခွေးရှာတို့ဆိုတာ လူတွေစားကြရဲ့လား။

ဒေါ်ခင်မိုး။ အစ်ကိုကြီးကလဲ ဂျပန်နိုင်ငံတို့ တရုတ်နိုင်ငံတို့မှာ သိပ်ကြိုက်ကြတာ။

ဦးဖေမြင့်။ ဪ - ဪ --။

ဒေါ်ခင်မိုး။ အဲဒီလို ငါးမုတ်နဲ့ပုစွန်ကို ရေခဲရိုက်တင်ပို့တဲ့ လုပ်ငန်းကို ပြောင်းလုပ်ဖို့ အခု ကိုဆွေရန်ကုန်ကို ကုမ္ပဏီတစ်ခုနဲ့ သွားစကားပြောတာ။ အစ်ကိုကြီးရဲ့။ အလုပ်ဖြစ်မယ်ဆိုရင် ကိုဆွေလဲ အစိုးရဌာနအလုပ်က ထွက်ဖို့ ရည်ရွယ်ထားတယ်။

ဦးဖေမြင့်။ ဟုတ်လား၊ မြို့နယ်ဦးစီးမှူးအလုပ်ကထွက်မှာလား။ နှမြောစရာကြီး။

ဒေါ်ခင်မိုး။ ဟုတ်တယ်အစ်ကိုကြီး။ အခု ကျွန်မတို့လုပ်မယ့် အလုပ်က အတော့်ကိုကျယ်ပြန့်မယ်။ တဖြည်းဖြည်းလဲ တိုးချဲ့တိုးချဲ့သွားမှာ။ ငါးခြောက်လုပ်ငန်းတုန်းကလို၊ အချိန်ပိုင်းလုပ်လို့ မရတော့ဘူးလေ။ ကမ်းနားမှာ အဝယ်ဒိုင်တစ်ခုဖွင့်ရမယ်။ ပင်လယ်ငါးဖမ်းရေယာဉ်တွေနဲ့



ဆက်နေရမယ်။ ရန်ကုန်ကကုမ္ပဏီနဲ့ ဆက်သွယ်နေရမယ်။ ဒါကြောင့် ကိုဆွေ အလုပ်ကထွက်မှ ဖြစ်တော့မှာ။ နောက်ပြီး ကိုဆွေတို့ဌာနက ဟိုအရင်ကနဲ့ မတူတော့ဘူး။ ဖွဲ့စည်းပုံတွေကျယ်ပြန့်လာပြီ။ ဒီတော့ ကိုဆွေလဲ ပြောင်းရွှေ့ရမှာ မလွဲဘူးလေ။ ဒါကြောင့်လဲ ကိုဆွေ လုပ်သက်ပင်စင်ယူဖို့ စီစဉ်ရတာ။ ဝန်ထမ်းဘဝကိုနှမြောတော့ နှမြောတာပေါ့။

ဦးဖေမြင့်။ အင်း စီးပွားရေးကိုဦးစားပေးရမှာပေါ့။

ဒေါ်ခင်မိုး။ မိုးရွာတုန်းရေခံဆိုသလို ငါးပုစွန်အေးခဲတင်ပို့လုပ်ငန်း နိုင်ငံတော်ကအားပေးတဲ့အချိန်အခါမျိုးမှာ ဒီလုပ်ငန်းလုပ်သင့်တယ်လို့ ထင်လို့ပါ။ ကိုဆွေအနေနဲ့လဲ ငါးပုစွန်သဘာဝတွေကို ကျွမ်းကျင်ပြီးသားဆိုတော့ ဒီလုပ်ငန်းနဲ့ အကိုက်ပဲလေ။ ဒါကြောင့် အခုထက်ပိုပြီး တိုးတက်မှာမလွဲဘူးအစ်ကိုကြီးရဲ့။

ဦးဖေမြင့်။ အင်း အင်း ကောင်းပါတယ်။ ဒါနဲ့ ငါ့ညီမဌာနအလုပ်ကရော။

ဒေါ်ခင်မိုး။ ကျွန်မကတော့ မကြာခင်ဌာနခွဲစာရေးကြီးဖြစ်တော့မှာမို့၊ ဆက်လုပ်ဦးမယ်လေ။

မိုးမြင့်ခေါင်။ သားလဲအစိုးရအလုပ် လျှောက်ထားတာ မရခင် ဒီအလုပ်ကိုဝိုင်းလုပ်မယ်ဘကြီး။ အထူးသဖြင့်တော့ ရန်ကုန်မှာအထိုင်ချပြီး၊ ဒီက ပို့လိုက်တဲ့ ရေခဲရိုက်ငါးပုစွန်တွေကို

သက်ဆိုင်တဲ့ ကုမ္ပဏီစက်ရုံတွေလက်ထဲ မှန်မှန်ရောက်ဖို့တာဝန်ကို သားယူမယ်။

ဒေါ်ခင်မိုး။ အဲဒီအတွက် ရန်ကုန်မှာတိုက်ခန်းတစ်ခန်း ဝယ်မယ်လို့လဲ ကိုဆွေကပြောသွားတယ်။ ကားကတော့ သား အာအိုင်တီတက်တုန်းက ဝယ်ပေးထားတဲ့ အက်အီးကားကိုဆက်သုံးမယ်။

ဦးဖေမြင့်။ ဒီက အဝယ်ဒိုင်အတွက်ရော နေရာရပြီးပြီလား။

ဒေါ်ခင်မိုး။ စီစဉ်ပြီးသားပါ အစ်ကိုကြီး။ နှစ်ခန်းတွဲ တစ်ထပ်တိုက်ခန်း ဆောက်နေပါပြီ။ အဲဒီ အဝယ်ဒိုင်မှာ ငစိုးကို ထိုင်ခိုင်းမှာလေ။

ဦးဖေမြင့်။ အဝယ်ဒိုင်နာမည်ရော ပေးပြီးပြီလား။

ဒေါ်ခင်မိုး။ ပေးပြီးပါပြီ။ ဒီလုပ်ငန်းက သားလေးမိုးမြင့်ခေါင် အတွက်ပဲလေ။ သားလေးဘဝတစ်လျှောက်လုံး ချမ်းချမ်းသာသာဖြစ်စေရမယ်လို့ သူ့အဖေရဲ့ ရည်ရွယ်ချက်အတိုင်း ဒီလုပ်ငန်းကို တည်လိုက်တာ အစ်ကိုကြီးရေ။ ဒါကြောင့် အဝယ်ဒိုင်နာမည်က ရွှေဖိုးခေါင် ငါးပုစွန် အဝယ်ဒိုင်တဲ့။

ဦးဖေမြင့်။ ဩော် ရွှေဖိုးခေါင် ရွှေဖိုးခေါင် - ရွှေဖိုးခေါင်။ (မသွယ်ဝင်လာပြီး ထမင်းပွဲပြင်ပြီးကြောင်း ပြောစေ)

ဒေါ်ခင်မိုး။ ထမင်းစားရအောင် အစ်ကိုကြီး။ (အားလုံးမတ်တတ်ရပ်လိုက်စဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၇)

နေရာ။ ရန်ကုန်မြို့တစ်နေရာရှိ SEVEN NIGHTS RESTAURANT

အချိန်။ ည (၈) နာရီခန့်။

အပြင်အဆင်။ မိန်းကလေးတို့၏ သီဆို/ဧည့်ခံခြင်းများဖြင့် ဆွဲဆောင်မှုပြုထားသော RESTAURANT တစ်ခု၏အတွင်းပိုင်း။

စိမ်းပြာနုရောင်နံရံတွင် အလယ်၌ အတွင်းပိုင်း လှုပ်ရှားမှုများကို လှမ်းမြင်နိုင်သည့်၊ ၆-ပေ ×၄ ပေခန့် မှန်ပေါက်ပါရှိသည့် ဖောက်ကား ရှိရမည်။ (မှန်အပေါက်အသွင်ဖြင့် ပိတ်ပါးကို ဆင်ထားရမည်။)

၎င်းမှန်ပေါက်မှဖြတ်၍ အတွင်းပိုင်းမှစတိတ်ရှိုး (Stage Show)စတီရီယို/မိုနို/အဆို/အက များကို လှမ်းမြင်နိုင်ရမည်။

၎င်းဖောက်ကား၏ ရှေ့ပိုင်းတွင် စားပွဲဝိုင်း သုံးဝိုင်းခန့် (ဇာတ်စင်တွင် ဆံ့သလောက်) ကို ခင်းကျင်းထားရမည်။ စားပွဲနှင့်ကုလားထိုင်များသည် နောက်ဆုံးပေါ်ဒီဇိုင်းများဖြစ်ရမည်။

စားပွဲဝိုင်းတစ်ခုကို စကားပြောမိုက်များဖြင့် ပြော - စကားများကို ကောင်းစွာကြားနိုင်အောင်နှင့် ပရိသတ်သီးခြားမြင်သာအောင် ဇာတ်စင်၏အလယ်တွင် ရှေ့သို့ထုတ်၍ စီစဉ်ခင်းကျင်းထားရမည်။

ညအလင်း (Dim Light) ပေးထားရမည်။ ဖောက်ကားနံရံတွင် အော်တိုရောင်စုံမီးဆိုင်းများလှပအောင် စီစဉ်ထားရမည်။ ထို့ပြင် အတွင်းပိုင်းစတိတ်ရှိုးတွင်လည်း အော်တိုရောင်စုံမီးများသင့်အောင်စီစဉ်ထားရမည်။

ဖောက်ကားနံရံတွင် SEVEN NIGHTS RESTAURANT ဟူသော ခေတ်မီရွှေရောင် စာတန်းဆိုင်းဘုတ်တစ်ခုရှိရမည်။ ထို့ပြင် အဆင့်မီ စားသောက်ခန်းဖြစ်ကြောင်း ပေါ်လွင်စေရန်

Imported Top Quality Meat
Imported Top Quality Beer
Music Show performed every night

စသည့် အင်္ဂလိပ်စာတန်းများကို လည်း သင့်သလိုရေးထားရမည်။

(ရှေးဖုံးကားဖွင့်)

(မှန်ပေါက်မှဖြတ်မြင်နေရသော နောက်ဘက်ပိုင်း Stage Show တွင် စတီရီယိုသီဆိုနေသူမိန်းကလေး၏ သီချင်းသံများ



သဲ့သဲ့ကြားနေစေ။ အဆိုတော်မိန်းကလေးသည် စကပ်တိုနှင့် လည်ဟိုက်အကျႌဝတ်ဆင်ထားပြီး အနောက်တိုင်း သရုပ်ပျက် ကဟန်များဖြင့် သီဆိုနေစေ။ ၎င်းအား ပန်းကုံးတက်စွပ်ပေးခြင်းများလည်း မြင်နေရစေ။)

(စားပွဲဝိုင်းများတွင် အနောက်တိုင်းဆန်ဆန်ဝတ်ဆင်ထားသူများ၊ ဘီယာ၊ အရက်၊ စားသောက်ဖွယ်ရာများ သောက်စား ပြောဆိုနေကြစေ။ ရယ်ရယ်မောမောနှင့်ပြောဆိုနေကြသူများရှိသလို၊ အချို့လည်း ဟားတိုက်ရယ်မောနေကြစေ။)

(ဟိုတယ်စားပွဲထိုးလူရွယ်အမျိုးသား၊ အမျိုးသမီးကလေးများသည် စားသောက်ဖွယ်ငွေဗန်းများကို ကိုင်လျက်တချို့၊ စတီးလက်တွန်းလှည်း ကလေးများပေါ်တွင် အရက်ပုလင်းများတင်တွန်းလျက်တချို့ သွားလာလှုပ်ရှားဆောင်ရွက်ပေးနေကြစေ။ စားသောက်နေသူများအား ရှင်ပျစွာဆက်ဆံလျက်ရှိကြစေ။)

(သီးခြားမြင်သာအောင် ရှေ့ဘက်သို့ထုတ်၍ စီစဉ်ထားရှိသော စားပွဲဝိုင်းတွင် ဦးဆွေမြင့်၊ ဦးတင့်လူ၊ ဦးဟန်မြအောင်၊ မစ္စတာဟွာ (Mr.Hwa) နှင့် မိုးမြင့်ခေါင်တို့သည် ရှေ့ဖုံးကားဖွင့်လိုက်သည့်အချိန်တွင် ကုလားထိုင်များ၌ ထိုင်စပြုနေစေ။ မိုးမြင့်ခေါင်ကို ပရိသတ်က တည့်တည့်မြင်သာအောင်နေရာချထားစေ။ အားလုံးနေရာယူထိုင်ပြီးသည့်အချိန်တွင်)

ဦးဆွေမြင့်။ (မတ်တတ်ရပ်ပြီး) ဒီကနေ့တော့ ကျွန်တော့်သားကို အားလုံးနဲ့မိတ်ဆက်ပေးချင်လို့ အခုလို Dinner စီစဉ်လိုက်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ရွှေဖိုးခေါင်ပွဲရုံ လုပ်ငန်းအတွက် ကျွန်တော့်သား မိုးမြင့်ခေါင်က ရန်ကုန်မှာ အထိုင်ချပြီး လုပ်ကိုင်တော့မှာမို့ဖြစ်ပါတယ်။

အားလုံး။ (ပြုံးရယ်ရွှင်ပျစွာဖြင့်) ကောင်းတယ်- ကောင်းတယ်။

ဦးဆွေမြင့်။ (မိုးမြင့်ခေါင်သို့ညွှန်ပြပြီး) ဟောဒီဟာ ကျွန်တော့်သား မိုးမြင့်ခေါင်ပါ။ ဖိုးခေါင်လို့လဲ ချစ်စနိုးခေါ်ကြပါတယ်။ (မိုးမြင့်ခေါင် မတ်တတ်ရပ်ပြီး ပြန်ထိုင်စေ။) ဘီအီးဘွဲ့ရပြီး သားဖြစ်ပါတယ်။ အစိုးရအလုပ်ကိုမဝင်ခင် ကျွန်တော်တို့ အခုလုပ်ကိုင်မယ့် စီးပွားရေး လုပ်ငန်းခွင်ကိုသိသွားအောင် လုပ်မှာပါ။ သား - (ဦးတင့်လူသို့ ညွှန်ပြပြီး) ဟောဒီ ပုဂ္ဂိုလ်က ဦးတင့်လူတဲ့။ ဖေဖေနဲ့ ရန်ကုန် မှာလုပ်ဖော်ကိုင်ဖက်ပေါ့။

ဦးတင့်လူ။ (ရယ်မောလျက်) ပုလင်းတူဘူးဆို့ ဆိုရင် ပိုမှန် မယ်ကွ။ ဒီဆဲဗင်းနိုက်ရဲ့ထာဝရဖောက်သည် တွေဆိုလဲ မမှားဘူးနော်။ (အားလုံးရယ်မော ကြစေ။)

ဦးဆွေမြင့်။ (ဦးဟန်မြအောင်သို့ ညွှန်ပြပြီး) ဒီက ကိုဟန်မြအောင်ကိုတော့ သား အာအိုင်တီမှာ နေကတည်းက ရင်းနှီးပြီးသားပေါ့။ ဖေဖေတို့ မိသားစုကို စီးပွားရေးလောကထဲကို စပြီး ခေါ်သွင်းခဲ့တဲ့သူ တစ်နည်းပြောရရင် ငါ့သား အခုလိုချမ်းချမ်းသာသာနဲ့ နေနိုင်တာဟာ ကိုဟန်မြင့်အောင်ရဲ့ကျေးဇူးတွေကြောင့်ပဲနော်။ (ဦးဟန်မြအောင်ပြုံး၍ ခေါင်းညိတ်လျက် ရှိစေ။)



(ထိုစဉ်၊ စားပွဲထိုးအမျိုးသားကလေးတစ်ဦးက၊ ဘီယာနှင့်ဝီစကီ၊ ဆိုဒါပုလင်းများ ဖန်ခွက် များ၊ ရေသန့်ပုလင်းများ ရေခဲများကို စတီး လက်တွန်းလှည်းဖြင့် ယူလာပြီး စားပွဲပေါ်တွင် ချပေးနေစေ။)

စားပွဲထိုး။ အန်ကယ်တို့ ဘာမှာမလဲခင်ဗျာ။

ဦးဆွေမြင့်။ (စားပွဲအလယ်ခေါင်တွင် ထောင်ထားသော Menu ကို လှမ်းယူပြီး၊ စားပွဲထိုးကလေးအား လက်နှင့်ထောက်ပြကာ ချိ(စ်) ရယ် အာလူးကြော် နဲ့ သီဟိုဠ်စေ့ကိုတော့ အမြန်ဆုံး ယူခဲ့နော်။)

စားပွဲထိုး။ (ရိုသေစွာဖြင့်) ဟုတ်ကဲ့ပါခင်ဗျာ။ (အမြန်ပြန်ထွက်သွားစေ။)

ဦးဆွေမြင့်။ သားရေ - (မစ္စတာဝှာသို့ညွှန်ပြပြီး) ဒီပုဂ္ဂိုလ်ကြီးကတော့ Mr. Hwa ။ ဖေဖေတို့အခု လုပ်ကြမယ့် ငါးပုစွန် Export လုပ်ငန်းမှာ မစ္စတာဝှာက အဓိက Buyer ဖြစ်တယ်။ သူကပြည်ကြီးပေါက်ပဲ။ ဒါပေမယ့် ဖေဖေတို့ တိုင်းပြည်မှာ အတော်ကြာကြာနေဖူးတော့ မြန်မာစကားလဲ နည်းနည်းပါးပါးပြော တတ်တယ်။ မစ္စတာဝှာ ဒါကျွန်တော့်သား။ နာမည်ကမိုးမြင့်ခေါင်။

မစ္စတာဝှာ။ (ပြုံးရွှင်စွာလက်ဆွဲနှုတ်ဆက်ပြီး) ဝမ်းသာ တယ် - ဝမ်းသာတယ်။ (စားပွဲထိုးလေးက ချိ(စ်)၊ အာလူးကြော်၊ သီဟိုဠ်စေ့များကို ငွေလင်ဗန်း တွင် ထည့်လျက်ယူဆောင်လာပြီး ချပေးစေ။)

ဦးဆွေမြင့်။ (မတ်တတ်ရပ်ပြီး မိတ်ဆက်ပေးနေရာမှ ပြန်ထိုင်စေ။ တစ်ဦးစီ၏ရှေ့တွင်ရှိနေသော ဖန်ခွက်များထဲသို့ ဝီစကီတစ်ပက်ခန့်စီ လိုက်ထည့်ပေးစေ။ မိုးမြင့်ခေါင်ဖန်ခွက်ကို ချန်ထားစေ။)

ကဲ-ကျွန်တော့်မိတ်ဆွေကြီးများ နှစ်သက်သလို သုံးဆောင်ကြပါခင်ဗျား။

(ဆိုဒါများ၊ ရေခဲတုံးများ၊ ရေများကို မိမိတို့၏ အရက်ခွက်အသီးသီးတွင် ရောစပ်ကြစေ။)

ဦးတင်လှ။ ကိုဆွေရေ-အင်ထရိုလုပ်တဲ့ပွဲဆိုတော့ မစ္စတာ မိုးမြင့်ခေါင်ကလဲ ဂုဏ်ပြုရဦးမှာလေ။

(ဘီယာပုလင်းကို ယူဖွင့်လိုက်ပြီး) ပထမဆုံး အကြိမ်ဆိုတော့ ဘီယာနဲ့စတာပေါ့။ ဟုတ် ဘူးလား။

(မိုးမြင့်ခေါင်ရှေ့ရှိ ဖန်ခွက်ထဲသို့ဘီယာများ ငှဲ့ထည့်ပေးစေ။)

ဦးဆွေမြင့်။ (မိမိ၏အရက်ခွက်ကိုကိုင်မြှောက်ပြီး)

ကဲ-မိုးမြင့်ခေါင်ရဲ့ရွှေဖိုးခေါင်ပွဲရုံလုပ်ငန်းကြီး အောင်မြင်ဖို့ဆုတောင်းကြရအောင်လား. . ။

(ကျန်သူများအားလုံး အရက်ခွက်များကို ကိုင်မြှောက်စေ။

မိုးမြင့်ခေါင်လည်း မိမိ၏ ဘီယာခွက်ကို ကိုင်မြှောက်စေ။)



အားလုံး ။ (ဦးဆွေမြင့်က ဦးဆောင်လျက်)ရွှေဖိုးခေါင်-အောင်ပါစေ. . ။

(အားလုံးမော့သောက်လိုက်ကြစေ။)

(အာလူးကြော်၊ သီဟိုဠ်စေ့ များကိုစားကြပြီး ဝီစကီထပ်ဖြည့်ကြစေ)

ဦးတင်လှ။ ဖိုးခေါင်-ဘီယာနဲ့ချိ(စ်)နဲ့လိုက်ဖက်တယ်ကွ။

(ချိစ်ကိုခက်ရင်းကလေးဖြင့်ထိုးပြီး၊ မိုးမြင့်ခေါင် ကိုပေးစေ။ မိုးမြင့်ခေါင်ယူ၍စားစေ။)

ရော့-ဘီယာထပ်ဖြည့်။ ဘီယာကမမူးဘူးကွ။ မိတ်ဖြစ်ဆွေဖြစ်ပေါ့ကွာ။

မိုးမြင့်ခေါင်။ ဟုတ်ကဲ့ပါအန်ကယ်။ (ဘီယာပုလင်းမှ ဘီယာ များကိုဖန်ခွက်ထဲသို့ထည့်စေ။)

(စားကြသောက်ကြရင်း စကားများ ပြောကြ စေ။ တဖြည်းဖြည်းနှင့်စကားဝိုင်းသည် မူးယစ် ဝေကာ စိုပြည်လာစေ။)

ဦးဆွေမြင့်။ ဟဲလို-မစ္စတာဂုှ၊ ကိုတင့်လှကို ခင်မင်တယ် မဟုတ်လား။

မစ္စတာဂုှ။ ဟုတ်တယ်-မစ္စတာလှ ကျွန်တော့်ကို အများကြီး ကူညီ။ အများကြီးခင်တယ်။

ဦးဆွေမြင့်။ ကျွန်တော်တို့ကိုလဲခင်မင်ပါ-နော့။

မစ္စတာဂုှ။ အိုး-ရက်(စ်) ခင်တယ်-ခင်တယ်။

ဦးတင့်လှ။ မစ္စတာဂုှ၊ သူတို့မြို့ကိုသွားရအောင်။ ရွှေဖိုးခေါင်ကိုင်က ငါးတွေကိုသွားကြည့် ရအောင်။

ဦးဆွေမြင့်။ ရွှေအပတ်ထဲမှာ၊ ကျွန်တော်စီစဉ်လိုက်မယ်။ ကျွန်တော့်အိမ်မှာပဲ အေးအေးဆေးဆေး တည်းတာပေါ့။ ရေမီးအစုံ ဟား ဟား။

(အားလုံးသဘောကျရယ်ကြစေ။)

(တဖြည်းဖြည်းမူးလာပြီး၊ မူးယစ်သံများဖြင့် ပြောလာကြစေ။)

ဦးဆွေမြင့်။ ကိုဟန်မြအောင်လဲ၊ ဒီတစ်ခါတော့လိုက်ခဲ့ဗျာ။ မရောက်တာကြာပြီမဟုတ်လား။

ဦးဟန်မြအောင်။ လိုက်မယ်-လိုက်မယ်-ရွှေဖိုးခေါင်အဝယ်ဒိုင် ဖွင့်ပွဲဖြစ်သွားတာပေါ့။

ဦးတင့်လူ။ ဟုတ်တယ်-ဟုတ်တယ်။ ကဲ-ဖိုးခေါင်ရေ မင်းရဲ့ဒိုင်ဖွင့်ပွဲမှာ တို့ကိုဘာနဲ့ဧည့်ခံမှာလဲကွ။

မိုးမြင့်ခေါင်။ (ဘီယာအရှိန်နှင့်စကားခပ်လေးလေးဖြင့်ပြော) ဟာအန်ကယ်တို့ကြိုက်တာစီစဉ်ပေးမှာပေါ့။ လိုအပ်တာတွေကိုအန်ကယ်တို့က ပြောနော်။ ကျွန်တော်ကအလုပ်သင်ပဲရှိသေးတာ။

ဦးတင့်လူ။ အေး-အေး-ဟုတ်တယ်၊ အလုပ်သင်. . အလုပ်သင်။ ဟုတ်ပြီ-ဖိုးခေါင်ကို အန်ကယ်က အစုံအလင် သင်ပေး ပေးမှာပေါ့။

(နောက်ဘက်သို့လှည့်ကြည့်ပြီး၊ စားပွဲထိုး ကလေးအား မျက်ရိပ်ပြခေါ် လိုက်စေ။ စားပွဲထိုးကလေး ၎င်းအနားရောက်လာစေ။)

တို့ညီမလေး ဖွေးဖွေးကို သွားခေါ်ကွာ။

စားပွဲထိုး။ (မှန်ပေါက်ကိုလက်ညိုးထိုးပြပြီး)ဟိုမှာ-သီချင်း ဆိုနေတယ် အန်ကယ်။



ဦးတင့်လူ။ (လှမ်းကြည့်လိုက်ပြီး) ဩော်-ဩော်ဟုတ်သားပဲ။ အေးကွာ အဲဒီသီချင်းပြီးရင် ခဏလေးလာခဲ့ ပါဦးလို့။ အစ်ကိုကြီးတို့ ရောက်နေတယ် ပြောလိုက်နော်။

စားပွဲထိုး။ ဟုတ်ကဲ့ - ဟုတ်ကဲ့။

ဦးဆွေမြင့်။ ဟော့ - ဟော့ပေါ့ရရင် ချတော့နော်။

စားပွဲထိုး။ ဟုတ်ကဲ့ပါ။ (ထွက်သွားစေ။)

(ဆက်လက်၍သောက်စားနေကြစေ)

ဦးတင့်လူ။ ကိုဆွေမြင့်သားလေးကို စီးပွားရေးနယ်ထဲမှာ ဝင်ဆံ့အောင် လုပ်ပေးရမယ်ဗျ။ သူ့ကို အဘက်ဘက်မှာ ကျွမ်းကျင်နေအောင် သင်ပေးရမယ်လေ။

ဦးဆွေမြင့်။ ခင်ဗျားကို အပ်ထားတာပဲ-ကိုတင့်လူရာ။ ကျွန်တော်ကတော့ ကျွန်တော့်သားကို အဘက် ဘက်မှာထူးချွန်ပြီး သူများနဲ့ယှဉ်လိုက်ရင် အထက်မှာရှိရမယ်။ ပညာတတ်ဖြစ်ရမယ်။ ချမ်းသာရမယ်၊ ချမ်းသာသုခကို အပြည့်အဝ ခံစားစေရမယ်။ အဲဒါကျွန်တော့်ရဲ့ အဓိကမ ရည်မှန်းချက်ပဲဗျ။

ဦးတင့်လူ။ သိပ်ကောင်းတဲ့ ရည်မှန်းချက် ပေါ့ဗျာ။ ကျွန်တော်ကတော့ သူ့ကိုပညာတွေအားလုံး တတ်အောင်သင်ပေးရမယ်။ ဟုတ်တယ် မဟုတ်လား-ဖိုးခေါင်. . ။

မိုးမြင့်ခေါင်။ ဟုတ်-ဟုတ်တယ်ပေါ့အန်ကယ်ရဲ့။

(ထိုစဉ် စားပွဲထိုးကလေးက ဟော့ပေါ့ပွဲကို

သယ်ဆောင်လာပြီး စားပွဲတွင်တည်ခင်း ပေးစေ။)

ဦးတင့်လူ။ ဟော့ - ဖွေးဖွေး မလာသေးဘူးလားကွ။ တို့မှာလာပါပြီ။ (စားပွဲထိုးထွက်သွားစေ။ စကပ်တိုတိုနှင့် ဖြူဖြူချောချောအမျိုးသမီးငယ် ဖွေးဖွေး ရောက်လာစေ။)

ဖွေးဖွေး ။ (ပြုံးရယ်ရွှင်မြူးစွာ ဦးဆွေမြင့်နှင့်ဦးတင့်လူ တို့၏ ပခုံးများတွင်လက်တစ်ဖက်စီ တင်လိုက် ပြီး) အစ်ကိုကြီးတို့ရောက်နေတာကိုး။ဆွေ အစ်ကိုကြီးက ရန်ကုန်ကို ဘယ်တုန်းက ရောက်တာလဲဟင်၊ ဖွေးတို့ဆီမလာဘဲ ဘယ်သွားနေတာလဲ။ ဟောဒီ-လူအစ်ကိုကြီး ကတော့ ပျောက်နေတာကြာပြီ။

ဦးဆွေမြင့်။ ဘယ်မှမသွားပါဘူးဖွေးရဲ့။ အစ်ကိုကြီးတို့ တစ်တွေ လုပ်ငန်းသစ်တစ်ခုစဖို့ ကုမ္ပဏီဖွဲ့ဖို့ ပါ လုံးပန်းနေကြလို့ပါ။ နွေးနွေးတစ်ယောက် ကောမတွေ့ပါလား။

ဖွေးဖွေး ။ နွေးနွေး-နေမကောင်းလို့တဲ့ ဆွေအစ်ကိုကြီးရဲ့။ သတင်းသွားမေးလိုက်ဦးလေ။

ဦးတင့်လူ။ ဟုတ်လား။ ကိုဆွေရေ-နက်ဖြန်သွားကြည့် လိုက်ဦးနော်။ (နောက်ပြန်လှည့်ကာ ဖွေးဖွေး ၏လက်ကလေးကိုအသာကိုင်ပြီး)ကဲ-ဖွေးရေ - ဟောဒီမှာ အသစ်စက်စက်ဧည့်သည်လေး၊ ရွှေဖိုးခေါင်ပွဲရုံပိုင်ရှင်၊ နောက်ဆို ရွှေဖိုးခေါင် ကုမ္ပဏီသူဌေးလေးဖြစ်မယ့် မိုးမြင့်ခေါင်၊ ဖိုးခေါင်လို့လဲခေါ်နိုင်တယ်။ ကိုဆွေရဲ့တစ်ဦး တည်းသောသား အင်ဂျင်နီယာဘွဲ့ရပြီးသား၊



ဖွေးဖွေး ။ (မိုးမြင့်ခေါင်ဘက်သို့လျှောက်သွားပြီး)ဟယ် - ဖိုးခေါင်တဲ့လား။ နာမည်လေးကလှလိုက်တာ။ ဆွေအစ်ကိုကြီးက၊ ဒီလောက်ချောတဲ့သား အင်ဂျင်နီယာလေးရှိတာ အစကမပြောဘူး ကြည့်စမ်း။

(မိုးမြင့်ခေါင်၏ပခုံးလေးများအား လှမ်းကိုင် ၍ တရင်းတနှီးပြောနေရာ၊ မိုးမြင့်ခေါင် မျက်နှာအောက်ငုံ့ထားစေ။ ဦးဆွေမြင့်ပြုံးပြုံး ကြီးကြည့်နေစေ။)

ဦးတင့်လူ။ ဟေး-ဖိုးခေါင်-အဲဒါဖွေးတဲ့။ ဖြူဖြူဖွေးဖွေးလေး နဲ့ သိပ်လှတဲ့စတားလေးပေါ့ကွာ။ ကဲ ဖွေးရေ- ဖိုးခေါင်ကို ဖွေးတို့ stage ဘက်ကို ခေါ်သွား လိုက်နော်။ သူ့အဖေ ကိုဆွေကြိုက်တဲ့ ချစ်မိုး ကြီးသီချင်း ဖွေးဆိုပြလိုက်ရင် ဖိုးခေါင် သိပ်ကြိုက်သွားမှာကွဲ့။

ဦးဆွေမြင့်။ ကောင်းတယ်-ကောင်းတယ်---။

ဖွေးဖွေး။ အို-ရတယ် ရတယ်--(မိုးမြင့်ခေါင်၏ လက်ကို ဆွဲကိုင်ပြီး) လာ ဖိုးခေါင် ----။

ဦးတင့်လူ။ ဖွေးရေ-ဖိုးခေါင်က အစဆိုတော့ရှက်နေမှာ၊ ပညာစုံအောင်သင်ပေးလိုက်နော်----။

ဖွေးဖွေး။ အိုကေပါ အစ်ကိုကြီးရ။

(မိုးမြင့်ခေါင် ဘီယာအရှိန်နှင့် ရီဝေစွာဖြင့် ဖွေးဖွေးခေါ်ရာသို့ လိုက်ပါသွားစဉ်၊ ဦးဆွေမြင့် သည် လှမ်းကြည့်ကာသဘောကျလျက်ရှိစေ)

(ရှေ့ကားပိတ်)

## အခန်း(၁၈)

နေရာ။ ရန်ကုန်မြို့ရှိ ဦးဆွေမြင့်၏တိုက်ခန်း၊ ထမင်းစားခန်း။

အချိန်။ နေ့လယ်ပိုင်း။

အပြင်အဆင်။ ရန်ကုန်ခေတ်မီတိုက်ခန်းအတွင်းနံရံရေးချက်၊ နောက်ခံကားရှိရမည်။
ရေခဲသေတ္တာအပါအဝင် စားသောက်ခန်းဆိုင်ရာခေတ်မီအသုံးအဆောင်များထားရှိရမည်။ နောက်ဆုံးပေါ် ဒီဇိုင်းမတ်တတ်စားပွဲဝိုင်းကြီးတစ်လုံးနှင့် ကုလားထိုင် ၅ လုံးထားရှိရမည်။ နံရံတွင်အမျိုးသမီးလှလှပုံများ ချိတ်ဆွဲထားရှိရမည်။
ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဦးဆွေမြင့်၊ ဦးတင့်လူ၊ ဦးဟန်မြအောင်နှင့် အမျိုးသမီးကြီးနှစ်ဦးတို့ စားပွဲဝိုင်းတွင် ဝိုင်းထိုင်ပြီး ဟောလီးဝု ဖဲကစားနေကြစေ။ စားပွဲပေါ်တွင် ဖဲချပ်အပုံများ၊ ငွေစက္ကူ အပုံများ ကိုယ်စီကိုယ်စီ ရှိနေကြစေ။)





(ခဏအကြာတွင် တယ်လီဖုန်းမြည်သံထွက်ပေါ်လာရာ၊ ဦးဆွေမြင့်ထပြီး ဧည့်ခန်းသို့သွားသည့်အနေဖြင့် ဇာတ်စင်အတွင်းသို့ ဝင်သွားစေ။ တယ်လီဖုန်းပြောသံကြားနေရစေ။ ကျန်လူများ ဖဲဆက်မရိုက်သေးဘဲ စီးကရက်သောက်ရင်းနားနေကြစေ။)

ဦးဆွေမြင့်အသံ။ ဟဲလို-ဆွေမြင့်ပါ။

တစ်ဖက်မှအသံ။ × × × × × ×

ဦးဆွေမြင့်အသံ။ ဩော်-နွေးလား။
(ဦးတင့်လူက ဖဲချပ်များကြည့်နေရာမှ ဦးဆွေမြင့်သို့ ပြုံးစေ့စေ့လှမ်းကြည့်စေ။)

တစ်ဖက်မှအသံ။ × × × × × ×

ဦးဆွေမြင့်အသံ။ နေကောင်းသွားရင် အားရှိဖို့လိုတာပေါ့။ ဘာစားချင်တုံးပြောလေ။

တစ်ဖက်မှအသံ။ × × × × × ×

ဦးဆွေမြင့်အသံ။ အစ်ကိုကြီး ညနေကျလိုက်ပို့မှာပေါ့။

တစ်ဖက်မှအသံ။ × × × × × ×

ဦးဆွေမြင့်အသံ။ ခုပဲလား. . . အင်း. . . ကဲလေအစ်ကိုကြီး အလုပ်ကိုအမြန်ဆုံးဖြတ်လိုက်ပါ့မယ်။ ကိုယ့်ညီမလေး အတွက်ဆိုအစ်ကိုကြီးက အလိုလိုက်ရမှာပေါ့၊ ဟင်း ဟင်း။

တစ်ဖက်မှအသံ။ × × × × × ×

ဦးဆွေမြင့်အသံ။ ဟုတ်ပြီ-အိုကေ-ဘိုင်ဘိုင်-
(ဖုန်းခွက်ကို ပြန်ချသံကြားရစေ။ ဦးဆွေမြင့်ပြန်ဝင်လာပြီး ဖဲဝိုင်းသို့ပြန်ထိုင်စေ။)
(ဖဲဆက်ရိုက်ရင်း ပြောဆိုနေကြစေ။)

ဦးတင့်လူ။ အင်း-ချစ်ညီမလေးက လှမ်းခေါ်တာ မဟုတ်လား။

ဦးဆွေမြင့်။ ဟုတ်တယ်-ဒီတစ်ဝိုင်းပြီးရင်တော့ သိမ်းလိုက်ရအောင်။

အမျိုးသမီးကြီးတစ်ဦး။ အို-ဘယ်ရမလဲ။ ကျွန်မတို့ကအရမ်းရှုံးနေတာ။ မရဘူး၊ မရဘူး-ဆက်ကစားရမှာပဲ၊ ဦးဆွေနော် ဦးဆွေ-ဦးဆွေကသူ့ကောင်မလေးဆို အားကြီးအလိုလိုက်တာ။

ဦးဆွေမြင့်။ မဟုတ်ပါဘူးဗျာ. . ။

(ထိုစဉ်မိုးမြင့်ခေါင်ဝင်လာစေ။)

ဦးဆွေမြင့်။ သားပြန်လာပြီလား။ ကုန်တွေဘယ်လောက်ပါလဲသား။ အဆင်ပြေရဲ့လား။

မိုးမြင့်ခေါင်။ (ဂျာကင်အင်္ကျီကိုချွတ်ပြီးချိတ်လိုက်ကာ) ငါးမုတ်တစ်ထောင်လောက်နဲ့ ငါးခွေးရှာနှစ်ရာလောက်ပါတယ်။ အဆင်ပြေပါတယ်ဖေဖေ။ မစ္စတာဝှာတို့ကား ဆိပ်ကမ်းမှာအသင့်စောင့်နေတယ်။ သူ့မန်နေဂျာ ကိုဇော်လဲပါတယ်။

ဦးဆွေမြင့်။ ကောင်းတယ်၊ ကောင်းတယ်၊ ဩော်သား နေ့လယ်စာထမင်းစားပြီးပြီလား။

မိုးမြင့်ခေါင်။ ပြီးခဲ့ပြီ ဖေဖေ-သားနဲ့မန်နေဂျာ ကိုဇော်ဇော်ခိုင်တို့ ဆိပ်ကမ်းဟိုတယ်မှာပဲ စားလိုက်ကြတယ်။ ဖေဖေရောစားပြီးပြီလား။

ဦးဆွေမြင့်။ သားလာတာအတော်ပဲ၊ ဖေဖေလဲ-ဒီတစ်ဝိုင်းပြီးသွားရင် အပြင်သွားပြီးထမင်းစားမလို့၊ အခုပဲဖေဖေ့နေရာမှာသားခဏဝင်ထားပေးနော်။



မိုးမြင့်ခေါင်။ ဖြစ်ပါ့မလား ဖေဖေ။ သားကသိပ်မှမကျွမ်းကျင်သေးဘဲနဲ့။

ဦးတင့်လူ။ ရပါတယ်၊ ဖိုးခေါင်ရဲ့။ ဟိုတစ်ခါဦးတို့နဲ့ ကစားတုန်းကလိုပါပဲကွ။ မင်းလဲပညာတွေပိုပြည့်တာပေါ့ကွာ။ မင်တတ်ထားတဲ့ အင်ဂျင်နီယာပညာလောက်မခက်ပါဘူး။ ဖဲဆိုတာလဲ စီးပွားရေး၊ လူမှုရေးလောကမှာ တတ်ထားသင့်တဲ့ပညာတစ်ခုပေါ့ ဟား. . ဟား. . ။

မိုးမြင့်ခေါင်။ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကဲ ဖေဖေထတော့။ ရော့ ဒီမှာကားသော့၊ ဖေဖေ ဘယ်သွားစားမလဲ။

ဦးဆွေမြင့်။ ကြုံရာပေါ့သားရယ်။ စီနာကိုသွားရကောင်းမလားပဲ။

ဦးတင့်လူ။ ကောင်းတယ်၊ ကောင်းတယ်။ နွေးနွေးကိုလဲခေါ်သွားဖို့မမေ့နဲ့ဦး ကိုဆွေရေ-စီနာမှာ နွေးနွေးကြိုက်တဲ့ ပူတင်းကောင်းကောင်းရတယ်။

ဦးဆွေမြင့်။ အိုကေ။

(ဖဲဝိုင်းမှထလိုက်စေ။)

(မိုးမြင့်ခေါင် - ၎င်းနေရာတွင်ဝင်လိုက်စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၉)

နေရာ။ ဆဲဗင်းနိုက်စားသောက်ခန်း
SEVEN NIGHTS RESTAURANT

အချိန်။ (၈) နာရီခန့်

အပြင်အဆင်။ အခန်း (၁၇) အတိုင်းပြင်ဆင်ထားရမည်။ ၎င်းအခန်းအတိုင်းပင်၊ မီးအလင်း (Dim Light) နှင့်ရောင်စုံမီးများ ပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

မှန်ပေါက်မှဖြတ်မြင်နေရသော နောက်ဘက်ပိုင်း Stage Show တွင် စကပ်တိုနှင့် အမျိုးသမီးငယ်များ စတီရီယို/ မိုနိုသီချင်းများ သီဆိုနေစေ။ ၎င်းတေးသံများ သဲ့သဲ့ကြားနေရစေ။

(စားပွဲဝိုင်းအသီးသီးတွင်လည်း စားကြ၊ သောက်ကြ၊ ပြောဆိုကြနှင့် ပျော်ပါးလျက်ရှိကြစေ။)

(စားပွဲထိုးကလေးများလည်း လှုပ်ရှားသွားလာဆောင်ရွက်လျက်ရှိကြစေ။)

(သီးခြားမြင်သာအောင်ရှေ့ဘက်သို့ထုတ်၍ စီစဉ်ထားရှိသော စားပွဲဝိုင်းတွင် ဦးဆွေမြင့်၊ ဦးတင့်လူ၊ ဦးဟန်မြအောင်နှင့် မိုးမြင့်ခေါင်တို့ ဇော်ဇော်ခိုင်တို့ နေရာယူပြီး စဖြစ်စေ။ စားပွဲထိုးက မှာကြားသည်များကို မှတ်သားရန် အသင့်ရှိနေစေ။)





ဦးဆွေမြင့်။ ထုံးစံအတိုင်းပေါ့ကွာ။ ဟော့ပေါ့စားမယ်၊ ပူတင်းနဲ့အပြီးသတ်မယ်။ ပထမဆုံးဝီစကီနဲ့ဘီယာ၊ အမြည်းအမြန်ဆုံးချ။

မိုးမြင့်ခေါင်။ ဖေဖေ-ဘီယာဘယ်သူ့အတွက်လဲ။ ကိုဇော်ဇော်ခိုင်လဲ ဘီယာမသောက်ဘူး။ ကျွန်တော်နဲ့သူလဲ ဝီစကီပဲသောက်မယ်။

ဦးတင့်လူ။ (မိုးမြင့်ခေါင်ကို ကြည့်ပြီး ပြော) ဩော - ဖိုးခေါင်လဲ အဆင့်မြင့်လာပြီလား။ အေးကောင်းတယ် - အပန်းဖြေတယ်ဆိုတာ ဘီယာလောက်နဲ့ မပီပြင်ဘူးကွ။ အပြင်းစားနဲ့မှ။

ဦးဆွေမြင့်။ ဒါဆို (စားပွဲထိုးသို့ပြော) ဘီယာမယူခဲ့နဲ့တော့နော်။ အားလုံးဝီစကီ။ အာလူးကြော်များများချပေးကွာ။

ဦးတင့်လူ။ ဖွေဖွေနဲ့နွေးနွေးကို ပြောလိုက်ပါဦးကွာ၊ တို့ရောက်နေပြီလို့။

စားပွဲထိုး။ ဟုတ်ကဲ့ - ဟုတ်ကဲ့။

(စားပွဲထိုးလေး ထွက်သွားစေ။)

ဦးဆွေမြင့်။ ကိုဇော်ခိုင်ဘော့(စ်) မစ္စတာဝှာလဲ ပြည်ကြီးပြန်သွားတာ ဘယ်တော့လောက် ပြန်ရောက်လာမလဲ ကိုဇော်။

ကိုဇော်ဇော်ခိုင်။ သိပ်မကြာပါဘူး။ အအေးခဲပြီးသားငါးတွေ ကွန်တိန်နာ (၂) လုံးစာ ရတော့မှာမို့ ကွန်တိန်နာသယ်ဖို့ကိစ္စပါ တစ်ခါတည်းညှိနေလို့တဲ့။

ဦးတင့်လူ။ သူပြန်လာရင် ငွေပါလာမယ်မဟုတ်လား။

ကိုဇော်ဇော်ခိုင်။ ဟုတ်ကဲ့ - ပါလာမှာပါ။

မိုးမြင့်ခေါင်။ ငွေရောက်ရောက်ချင်း၊ နောက်တစ်ကြိမ်ပို့ဖို့၊

ငွေတွေချပေးရဦးမယ်နော်ဖေဖေ။

ဦးဆွေမြင့်။ ဖေဖေသိပါတယ်။ သားမပူပါနဲ့။ သားက ရန်ကုန်ကိစ္စသာလုပ်ပါ။ ဟိုမှာငစိုးနဲ့ မင်းအမေလဲအလုပ်အဆက်မပြတ်အောင်လုပ်နေကြတယ်လေ။

မိုးမြင့်ခေါင်။ သားက စာရင်းရှုပ်သွားမှာစိုးလို့ပါ။

ဦးဟန်မြအောင်။ ဖိုးခေါင်စိတ်မပူနဲ့။ မစ္စတာဟှာပြန်လာရင် အခုကွန်တိန်နာတွေအတွက် စာရင်းတစ်ခါရှင်းကြမှာပါ။

(ထိုစဉ်တွင် ဖွေးဖွေးနှင့်နွေးနွေးတို့ဝင်လာကြပြီး၊ ဖွေးဖွေးက ဦးတင့်လူဘေးတွင်၊ နွေးနွေးက ဦးဆွေမြင့်ဘေးတွင် ခုံများယူ၍ ထိုင်ကြရင်းပြောစေ။)

ဖွေးဖွေး။ အစ်ကိုကြီးတို့ရောက်လာပြီကိုး။ ဖိုးခေါင်လေးလဲပါတယ်နော်။

ဦးဆွေမြင့်။ နွေးနွေး-အစ်ကိုကြီးဝယ်ပေးထားတဲ့အားဆေးတွေသောက်ရဲ့လား။

နွေးနွေး။ သောက်ပါတယ်အစ်ကိုကြီးရဲ့။ အားရှိလာလို့ ဒီလိုပုံစံပြန်ဖြစ်လာတာပေါ့။ မဟုတ်ဘူးလားလို့။
(၎င်း၏ကိုယ်ခန္ဓာကိုကြော့ကြော့မော့မော့ဟန်ပြုလုပ်ပြစေ။)

ဦးတင့်လူ။ ဟုတ်တယ်-နည်းနည်းပိန်သွားတော့ စလင်း(မ်)ဘော်ဒီ လေးဖြစ်သွားတာပေါ့။
(အရက်ပုလင်းများနှင့် အမြည်းစားဖွယ်များ၊ ဆိုဒါပုလင်းများ၊ ရေသန့်ဘူးများနှင့် ဖန်ခွက်များကိုစားပွဲထိုးက လာချစေ။)



ဖွေးဖွေး/နွေးနွေး။ ကဲ-အစ်ကိုကြီး တို့ကို ဖွေး/နွေးတို့ ပြုစုမယ်။
(အရက်များကို ဖန်ခွက်များထဲသို့ ငှဲ့ထည့်ပေးစေ။)

ဦးတင့်လူ။ (ဖွေးဖွေးနှင့် နွေးနွေးတို့အတွက်လည်း ဖန်ခွက်များစီစဉ်ပေးရင်း)
ဟာ -- တစ်ခုလိုနေပါလား။

အားလုံး။ ဘာပါလိမ့် -- ။

ဦးတင့်လူ။ တို့အကြီးတန်းတွေအတွက်တော့၊ ဝီစကီငှဲ့ပေးမယ့်သူတွေရှိပြီး၊ ဖိုးခေါင်လေးအတွက်တော့လိုနေတာပေါ့၊ မဟုတ်ဘူးလားဖွေးရယ်။
(မိုးမြင့်ခေါင် စီးကရက်တစ်လိပ် ထုတ်သောက်စေ။)

ဖွေးဖွေး။ ဪ- ဟုတ်တယ်နော်။ (အရက်ပုလင်းကို ခဏပြန်ချလိုက်ပြီး) နေဦး-ဖိုးခေါင်လေးကိုစရောက်တဲ့ညက၊ သူနဲ့သီချင်းတွဲဆိုတဲ့ ခက်ခက်ဇာခြည်နဲ့ဆိုအရွယ်တူပဲ။

ဦးဆွေမြင့်/ဦးတင့်လူ။ ဟုတ်လား --။

နွေးနွေး။ ဒါဆို-ဖွေး-ခက်ခက်ကို သွားခေါ်ခဲ့ပါလား။ သူအောက်က အနားယူခန်းမှာထင်တယ်။

ဖွေးဖွေး။ ဟုတ်ပြီ-သွားခေါ်ခဲ့မယ်။
(နွေးနွေးက အရက်များဆက်ငှဲ့ထည့်ပေးနေစေ။ ခဏချင်းပင် ဖွေးဖွေးနှင့်ခက်ခက်ဇာခြည်တို့ဝင်လာကြစေ။ ခက်ခက်ဇာခြည်က ဖိုးခေါင်အနားသို့တန်းသွားပြီး ကုလားထိုင်လွတ်တွင်ဝင်ထိုင်စေ။ ဖိုးခေါင်က ပြုံးပြစေ။)

ခက်ခက်ဇာခြည်။ (ပြုံးရွှင်စွာဖြင့်) ကဲ-ဖိုးခေါင်လေး-ပြန်တွေ့ကြပြီ။ 'ရှေးရေစက်' သီချင်းဆိုကြဦးစို့လား။

(ပြောရင်းပင် ဝီစကီပုလင်းကိုကိုင်ပြီး၊ မိုးမြင့်ခေါင်၏ ဖန်ခွက်ထဲသို့ ငှဲ့ထည့်ပေးစေ။)

(ဖန်ခွက်များတွင် အရက်များအားလုံးထည့်ပြီးသွားစေ၊ ဖွေးဖွေး၊ နွေးနွေးနှင့် ခက်ခက်ဇာခြည်တို့က ဆိုဒါများနှင့် ရောပေးစေ။ အားလုံးပြီးသွားလျှင် ဖန်ခွက်များ ကိုယ်စီမြှောက်ပြီး Cheer လုပ်ကြစေ။)

(အရက်သောက်ကြ၊ အမြည်းစားကြရင်း စကားများပြောကြဆိုကြနှင့် ပျော်ရွှင်ကြည်နူးလျက်ရှိကြစေ။ ဖွေးဖွေး၊ နွေးနွေးနှင့် ခက်ခက်ဇာခြည်တို့က ဧည့်ခံသည့်အနေဖြင့် နည်းနည်းစီသာသောက်ကြစေ)

ဦးတင့်လူ။ ဟေး- ခက်ခက်ဟိုညတုန်းက၊ ခက်ခက်နဲ့မိုးမြင့်ခေါင်တို့ 'ရှေးရေစက်' စုံတွဲသီချင်း ဆိုကြတယ်ဆိုဟုတ်လား။

အစ်ကိုကြီးတို့ အဲဒီတုန်းက မူးနေကြလို့မတွေ့လိုက်ရဘူး။

ဦးဆွေမြင့်။ ဟုတ်တယ်-ငါ့သားသီချင်းဆိုတာ မတွေ့ဖူးဘူး။ သွားဆို-သွားဆို --။

ခက်ခက်ဇာခြည်။ လာလေ- ဖိုးခေါင်လေး၊ ဆိုကြမယ်။ (မိုးမြင့်ခေါင်လိုက်ပါသွားစေ။)

(မကြာခင်ပင် Stage ပေါ်တွင် မိုးမြင့်ခေါင်နှင့် ခက်ခက်ဇာခြည်တို့ 'ရှေးရေစက်' စုံတွဲသီချင်းဆိုနေကြသည်ကို လှမ်းမြင်နေရစေ။ ခက်ခက်ဇာခြည်က ဖီး(လ်)နှင့် သီဆိုသဖြင့် မိုးမြင့်ခေါင်လည်း ရှာန်ဝင်လာပြီး ခက်ခက်ဇာခြည်၏ လက်ကလေးများကိုပင် ကိုင်တွယ်ကာ၊ ဟန်နှင့်ပန်နှင့် သီဆိုနေ



သည်ကိုလှမ်းမြင်နေကြရစေ။ အားရနေကြစေ။ အထူးသဖြင့် ဦးဆွေမြင့်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခုပ်များတီးလျက်ရှိစေ။)

ဦးတင့်လူ။ ကိုဆွေရေ- ဖိုးခေါင်ကတော့ ပညာတွေ အတော်တတ်လာပြီဗျ။ ဒါပေမယ့် အဆင့်မြင့်ပညာတော့ ကျန်သေးတယ်နော်။

ဦးဆွေမြင့်။ ဟုတ်တယ်- ကျွန်တော့်သားကို အဘက်ဘက်မှာ ထူးချွန်ပြီး စွယ်စုံဖြစ်စေချင်တယ်။ (မူးရီဝေစွာဖြင့်ပြော) သူ့ကို ရန်ကုန်လောကရဲ့ ထိပ်ဆုံးမှာ တောင်ရှိစေချင်တာ ကိုတင့်လူရဲ့။

ဦးတင့်လူ။ ဟာ-ဖိုးခေါင်လေး ပညာတွေစုံအောင်ကတော့ ကျွန်တော်တာဝန်ယူထားတာပဲ။ မပူနဲ့ကိုဆွေ။ (ဦးတင့်လူ ဖွေးဖွေး၏ နားနားသို့ကပ်ပြီး တိုးတိုး၊ တိုးတိုးနှင့်ပြောစေ။)

ဖွေးဖွေး။ ဖြစ်ပါတယ် လူအစ်ကိုကြီးရဲ့။

ဦးတင့်လူ။ ကဲ-အပြန်ခရီးအတွက် အစီအစဉ်ဆွဲမယ်။ ကိုဆွေကို ကျွန်တော်ကားနဲ့ လိုက်ပို့မယ်။ ကိုဇော်ဇော်ခိုင်ကို ကိုဟန်မြအောင်က လိုက်ပို့ပေးပါ။ ဖိုးခေါင်က သူ့ကားလေးနဲ့ ခက်ခက်ကိုလိုက်ပို့ရမယ်။ ကဲ-သဘောတူကြလား။

ကျန်လူများ။ သဘောတူတယ် --။

(ထိုစဉ်မိုးမြင့်ခေါင်နှင့် ခက်ခက်ဇာခြည်တို့ ပြန်ဝင်လာစေ။)

ခက်ခက်ဇာခြည်။ အစ်ကိုကြီးတို့ ဘာတွေသဘောတူနေကြတာလဲ-ဟင်။

ဦးတင့်လူ။ ခက်ခက်တို့ သဘောတူတာလေ။
ခက်ခက်ဇာခြည်။ ဘာတူတာလဲလို့။
ဦးတင့်လူ။ ဖိုးခေါင်နဲ့။
ခက်ခက်ဇာခြည်။ အို - - ။ (အားလုံးရယ်မောနေစဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၀)

နေရာ။ ရန်ကုန်မြို့ရှိ ဦးဆွေမြင့်၏ တိုက်ခန်း၊ ဧည့်ခန်း။
အချိန်။ နေ့လယ်ပိုင်း။
အပြင်အဆင်။ ရန်ကုန်ခေတ်မီတိုက်ခန်း၊ အတွင်းနံရံရေးချက်နောက်ခံကားရှိရမည်။
တီဗွီ၊ ဗွီဒီယိုအပါအဝင် ခေတ်မီဧည့်ခန်း၊ နောက်ဆုံးပေါ်ခေတ်မီအသုံးအဆောင်များရှိရမည်။ တယ်လီဖုန်းကိုလည်း လှပသောစင်တစ်ခုဖြင့်ထားရှိရမည်။ ဆိုဖာဆက်တီတစ်စုံ ခံ့ညားစွာထားရှိရမည်။ ဆက်တီစားပွဲပေါ်တွင် ပန်းအလှပန်းအိုးတစ်ခုလည်းရှိရမည်။ ဆယ်လူလာဖုန်းတစ်လုံးလည်း စားပွဲပေါ်တွင်ထောင်ထားလျက် ရှိရမည်။ နံရံတွင်ပန်းချီကားများ၊ ပြက္ခဒိန်များကို လှပစွာချိတ်ဆွဲထားရှိရမည်။
ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(မိုးမြင့်ခေါင် စီးကရက်သောက်ရင်း ဖုန်းဆက်လျက်ရှိစေ။)
မိုးမြင့်ခေါင်။ ဟဲလို -- ။ ခက်ခက်ရှိပါလား။
တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ဟုတ်ကဲ့၊ ခက်ခက်ဇာခြည်နဲ့ပြောချင်လို့ပါ။

တစ်ဖက်မှအသံ။ XXXX

(မိုးမြင့်ခေါင် ဖုန်းကိုင်စောင့်နေစေ။)

မိုးမြင့်ခေါင်။ ဟဲလို -- ။ ခက်ခက်လား။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ အောင်မယ်လေး ရှာလိုက်ရတာခက်ခက်ရယ်။ ခက်ခက်ပေးထားတဲ့ဖုန်းနံပါတ် ၃-ခုမှာ၊ ဒီဖုန်းနံပါတ်ကို နောက်ဆုံးဆက်လို့မှ မရရင်တော့သွားပြီ။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ခက်ခက်အသံလေးကို အမြဲကြားချင်လို့ရယ်၊ ဒီကနေ့ည ခက်ကို ခေါင်လိုက်ပို့ချင်လို့ရယ်--။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ဟုတ်တယ်လေ၊ ဟိုနေ့ကလိုပေါ့။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ဩော်-ပြောရခက်လိုက်တာခက်ရယ်။ ပျော်လိုက်တာမှ လောကကြီးကိုမေ့သွားချင်တယ်သိလား။ အဲဒီလို။ ခက်နဲ့အမြဲစကားပြောနေချင်တယ်

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ဆယ်လူလာ- အင်း ဟုတ်တာပေါ့။ ခက်ဆီမှာ ဆယ်လူလာဖုန်းရှိနေရင်ခေါင်နဲ့အမြဲပြောလို့ရတာပေါ့။ ခုလို-နေရာအနှံ့လိုက်ဆက်မေးနေစရာမလိုတော့ဘူးနော်။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ခက်အတွက် ဆယ်လူလာဖုန်းတစ်လုံးရအောင် ခေါင်ကြံမယ်သိလား။



တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ အို-ရရစေ့မယ်၊ စိတ်ချ။ ကဲ-ဒီကနေ့ည ခက်ကို ဘယ်မှာလာကြိုရမလဲ။ ဆဲဗင်းနိုက်မှာပဲလား။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ည (၁၀)နာရီ-- ဟုတ်ပြီ။ အဲဒီကမှ ညစာသွားစားကြမယ်၊ ညစာစားပြီးမှ -----

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ စကားဆုံးအောင်လဲ နားမထောင်ဘူး။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ အိုဒါကတော့--နတ်မိမယ်လေးကိုစွဲလန်းမိတာ ကိုးဗျ-ကဲ ညကျတော့စောင့်နေနော်။ ဘိုင့်ဘိုင်။

(မိုးမြင့်ခေါင် ဖုန်းခွက်ကိုပြန်ချပြီး ဆိုဖာထိုင်ခုံရှည်ပေါ်သို့ ဟူး - - ဆိုကာ၊ ပစ်လှဲအိပ်လိုက်စေ။)

(ထိုစဉ် ဦးဆွေမြင့် ဝင်လာစေ)

ဦးဆွေမြင့်။ (ကားသော့ကို စားပွဲပေါ်ပစ်တင်လိုက်ရင်း) ကားက ဂတ်(စ်)ကက်ပေါက်လို့ ဝပ်ရှော့မှာ သွားပြင်ခဲ့ရတယ်သားရေ။ ကောင်းသွားပါပြီ။

(ဆိုဖာတစ်လုံးပေါ် ထိုင်လိုက်စေ။)

မိုးမြင့်ခေါင်။ (ဆိုဖာပေါ်တွင် လှဲနေရာမှ မတ်မတ်ထိုင်လိုက်ပြီး) ဖေဖေ သားတစ်ခုစဉ်းစားမိတယ်။

ဦးဆွေမြင့်။ ဘာများပါလိမ့် သားရဲ့။

မိုးမြင့်ခေါင်။ သားနဲ့အဖော်အလျှော်ရအောင် သားသူငယ်ချင်းမုံလာဥကို ဒီမှာခေါ်ထားရကောင်းမလားလို့။ မြို့ကကုန်တွေရောက်တဲ့အခါ၊ ဆိပ်ကမ်းမှာစောင့်ဖို့ အလုပ်သမားကိစ္စ၊ ဘာကိစ္စ၊ ညာကိစ္စ လိုက်လုပ်ဖို့ပေါ့။

နောက်ပြီးသားတို့ဆိုင်မှာ ထမင်းမစားချင်တဲ့ အခါ။ တိုက်ခန်းမှာပဲ သူ့ကိုချက်ခိုင်းလို့ရတာပေါ့။

ဦးဆွေမြင့်။ အေး- ကောင်းသားပဲသားရဲ့။ မုံလာဥဆိုတာ ဘယ်သူလဲ။

မိုးမြင့်ခေါင်။ သားနဲ့ (၁၀) တန်းမှာ တစ်တန်းတည်းလေ။ သူ့နာမည်ရင်းက- လှဦး။ (၁၀) တန်းမအောင်လို့ ရေခဲရုံမှာ အလုပ်လုပ်နေတယ်တဲ့။

ဦးဆွေမြင့်။ ဟုတ်ပြီ။ ကောင်းတယ်။ သူ့ကိုခေါ်လိုက်လေ။ ဖေဖေလဲ သန်ဘက်ခါ မြို့ပြန်လိုက်ဦးမယ်။ ဖေဖေနဲ့ စာပေးလိုက်ပေါ့။ အဲဒီ-မောင်လှဦးကိုလဲ ဖေဖေ တွေ့ရတာပေါ့။

မိုးမြင့်ခေါင်။ မုံလာဥက သားနဲ့ တစ်ခုံတည်းယှဉ်ပြီး ကျောင်းတက်ခဲ့တာ။ (၁၀) တန်းမှာတုန်းကတော့ ရိုးရိုးအေးအေးပါ။ သားမြို့ပြန်လာတဲ့အခါလဲ ခင်ခင်မင်မင်ပါပဲ။ သူ့မိဘက ဆင်းရဲတယ်။

ဦးဆွေမြင့်။ လုပ်ကြည့်ပေါ့သားရယ်။ တကယ်လို့ ရိုးသားပြီး ယုံကြည်ရရင်လဲ၊ နောင်တစ်ချိန်သားက အစိုးရ အလုပ်ထဲ ဝင်သွားရင်၊ သူ့ကိုဖေဖေတို့လုပ်ငန်းမှာ လူရင်းအနေနဲ့ထားလို့ရတာပေါ့။

မိုးမြင့်ခေါင်။ အင်း -- (တစ်စုံတစ်ရာကို စဉ်းစားသလိုပြုပြီး) သားကတော့အစိုးရအလုပ်တောင် မလုပ်ချင်တော့ဘူး ဖေဖေရာ။ အခု- ဒီစီးပွားရေးလုပ်ငန်းက တော်တော့ကို အကျိုးအမြတ်ရှိတယ်လေ။ တဖြည်းဖြည်းနဲ့ ကုမ္ပဏီဖွဲ့ဖို့လဲ ဖေဖေရည်ရွယ်ထားတယ် မဟုတ်လား။ ဒီတော့- သားစီးပွားရေးလုပ်ငန်းကိုပဲ



ဖောက်ချလုပ်မယ်လို့ စဉ်းစားမိလာတယ်။

ဦးဆွေမြင့်။ (စဉ်းစားပြီး) အခုလို ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတဲ့အချိန်မှာ စီးပွားရေးကို လွတ်လွတ်လပ်လပ်ဖောက်ချပြီး လုပ်နိုင်တာမို့လို့ သားစဉ်းစားမိတာလဲမမှားပါဘူး။ နောက်ပြီး ဝန်ထမ်းဆိုတာကတော့၊ ဖေဖေလဲ ဝန်ထမ်းဘဝနဲ့ နှစ်ပေါင်းများစွာလုပ်ခဲ့တာလေ။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့ဆိုတော့ ကိုယ်ပိုင်စီးပွားရေးသမားလို မလွတ်လပ်တာအမှန်ပါပဲ။ ဒါပေမယ့်သား သင်ထားတဲ့ အင်ဂျင်နီယာပညာကို နမြောစရာမကောင်းဘူးလား။

မိုးမြင့်ခေါင်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးပြီး ပြည်သူတွေ ချမ်းသာရင် နိုင်ငံအနေနဲ့လဲ ချမ်းသာတာပဲ မဟုတ်ဘူးလား ဖေဖေရဲ့။ အင်ဂျင်နီယာပညာကတော့ လိုအပ်တဲ့အခါတိုင်း အသုံးပြုလို့ရတာပဲ။ ဖေဖေတို့ကုမ္ပဏီထောင်တဲ့အခါ ငါးပုစွန်အအေးခန်းစက်ရုံတည်ဆောက်ပြီး၊ အေးခဲလုပ်ငန်းလုပ်မှာ မဟုတ်လား။ အဲဒီအခါ အေးခဲစက်ရုံကို သားက ဦးစီးမှာပေါ့။

ဦးဆွေမြင့်။ အေးကွ- ဟုတ်တယ်- ဟုတ်တယ်- သားကအစိုးရ အလုပ်ကို မဝင်နဲ့တော့။ နောက်ပြီးတော့- ဖေဖေ ငယ်ငယ်ကတည်းက သားအတွက် ရည်ရွယ်ထားခဲ့တာတွေလဲ အားလုံးအောင်မြင်နေပြီလေ။ အရာရာမှာ ငါ့သားဟာ သူများရဲ့ ထိပ်မှာရှိနေပြီ။ လောကီစည်းစိမ်ခံစားစရာသမျှ ငါ့သား ခံစား

နိုင်ပြီ။ အဲဒါ ဖေဖေကျေနပ်တယ်။

မိုးမြင့်ခေါင်။ ဖေဖေ - မြို့မပြန်ခင် သားကိုဆယ်လူလာဖုန်း တစ်လုံး ဝယ်ပေးခဲ့ဦးနော်။

ဦးဆွေမြင့်။ ဟင်- ဆယ်လူလာ သားမှာရှိသားပဲဟာ။

မိုးမြင့်ခေါင်။ နောက်တစ်လုံး လိုတယ်လေ။ မုံလာဥလာတဲ့အခါ သူနဲ့သားနဲ့ ဆက်သွယ်ဖို့လိုမယ်။ နောက်ပြီး- စီးပွားရေးကိစ္စတွေမှာ လိုအပ်တဲ့သူကို ခဏပေးထားလို့ လဲရတာပေါ့။

ဦးဆွေမြင့်။ ဩော်- အင်းအင်း- ဟုတ်တာပေါ့။ ဖေဖေ ကိုတင့်လူကို စီစဉ်ခိုင်းခဲ့မယ်။ သူ့က အဆက်အသွယ်တွေရှိတယ်လေ။

မိုးမြင့်ခေါင်။ ရရင်ပြီးတာပဲလေ။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၁)

နေရာ။ ရန်ကုန်မြို့တစ်နေရာရှိ SINA RESTAURANT အဝင်ဝ။

အချိန်။ ညဦးပိုင်း။

အပြင်အဆင်။ SINA RESTAURANT ဟု ရေးထားသည့် ဝင်ပေါက်ပါရှိသော အဆောက်အအုံတစ်ခု ရေးချက်နောက်ခံကားရှိရမည်။

ရန်ကုန်၏ ညဦးပိုင်းမီးရောင်စုံထွန်းလေ့ရှိသည့်အတိုင်း RESTAURANT အဝင်ဝကို ရောင်စုံမီးဖြင့် တန်ဆာဆင်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(SINA RESTAURANT အဝင်အဝတွင် ဧည့်ကြိုအမျိုးသမီးကလေး (၂) ဦးနှင့် အမျိုးသား (၂) ဦးရှိနေစေ။ အမျိုးသမီးကလေးများသည် စကပ်တိုကလေးများဖြင့် ဆင်တူဝတ်ထားပြီး အမျိုးသားများသည် ဘောင်းဘီရှည်များဖြင့် ဆင်တူဝတ်ထားကြစေ။)

(ဇာတ်စင်၏ လက်ယာဘက်မှ ကားရပ်သံထွက်ပေါ်လာစေ။

ညေ့်ကြိုအမျိုးသမီးကလေးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့က လက်ယာဘက်ထောင့်သို့ သွားရောက်ပြီး ပြုံးရွှင်စွာ ကြိုဆိုကြစေ။ မိုးမြင့်ခေါင်နှင့် ကိုဇော်ဇော်ခိုင်တို့အား ကြိုဆိုခေါ်ဆောင်လာကြစေ။)

(ဝင်ပေါက်နားအရောက်တွင်၊ မိုးမြင့်ခေါင်သည် ၎င်း၏ ခါးတွင်ချိတ်ထားသော ဆယ်လူလာဖုန်းကို ဖြုတ်လိုက်ပြီး၊ နံပါတ်များကိုနှိပ်စေ။)

မိုးမြင့်ခေါင်။ (ဆယ်လူလာဖုန်းကို နားတွင်ကပ်၍ နားထောင်ရင်း ဇာတ်စင်၏ ရှေ့နားသို့ ထွက်လာကာ ဖုန်းပြောစေ) ဟဲလို ခက်ခက်၊ ဘယ်မှာရှိနေတာလဲ ဟင် -- ။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ သြော် SEVEN NIGHTS မှာပဲလား။ ခေါင် ဒီညတော့ မလာတော့ဘူးနော်။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ဒီလိုမဟုတ်ပါဘူးခက်ရဲ့။ ခေါင့်မှာ ခက်ခက်က လွဲလို့ ရန်ကုန်မှာ ဘာအတွဲမှမရှိပါဘူး ခက်ခက်ရာ။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ယုံပါဗျာယုံပါ။ ခက်ကသာ ခေါင့်ကို ပစ်သွားမှာစိုးတာ။ အခုလဲ ခက်ခက်အနားမှာ ဝိုင်းနေတာပဲ မဟုတ်ဘူးလား။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ခေါင်က သဝန်မတိုပါဘူး။ အခု ခက်ကိုပြောစရာ ရှိလို့။

တစ်ဖက်မှအသံ။ XXXX



မိုးမြင့်ခေါင်။ တိုက်ခန်းမှာအဘိုးကြီးမရှိဘူး။ မြို့ပြန်သွားတယ်လေ။ နက်ဖြန်ကျရင် ခက်ခက်ဘယ်မှ မသွားနဲ့ သိလား။ ခေါင်လာခေါ်မယ်။ ခက်စားချင်တာတွေ လမ်းမှာဝယ်ခဲ့ပြီး ခေါင့်တိုက်ခန်းမှာပဲ စားကြတာပေါ့။ ခေါင်ကတော့ ဘီယာလေးနဲ့ပေါ့နော်။ တစ်နေ့လုံးစကားတွေ တစ်ဝကြီး ပြောရအောင်။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ မပြန်နဲ့တော့လေ။ အိမ်ပြန်မအိပ်ဘူးလို့ ခက်ခက်အိမ်ကိုပြောခဲ့ပေါ့။ မနက် ဘယ်နှစ်နာရီလာခေါ်ရမလဲ။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ အိုကေ မနက် (၁၀) နာရီခွဲလာခေါ်မယ်။ စောင့်နေကျနေရာက စောင့်နေ ဟုတ်လား။

တစ်ဖက်မှအသံ။ XXXX

မိုးမြင့်ခေါင်။ ဘိုင့်ဘိုင် - -

(ဆယ်လူလာဖုန်းကို ပြန်သိမ်းပြီး ခါးတွင်ပြန်ချိတ်စေ။ RESTAURANT အဝင်ဘက်သို့ ပြန်လှည့်စေ။ ညေ့်ကြိုအမျိုးသမီး၊ အမျိုးသားကလေးတို့က မိုးမြင့်ခေါင်နှင့် ဇော်ဇော်ခိုင်တို့အား ဦးခေါင်းများ ညွတ်၍ RESTAURANT ဝင်ပေါက်သို့ ညွှန်ပြကြစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၂)

နေရာ။ ရန်ကုန်မြို့ရှိ ဦးဆွေမြင့်၏ တိုက်ခန်း၊ ဧည့်ခန်း။

အချိန်။ မွန်းလွဲပိုင်း။

အပြင်အဆင်။ အခန်း (၂၀) အတိုင်း ပြင်ဆင်ထားရမည်။ ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(မိုးမြင့်ခေါင်ကရှေ့မှ၊ မုံလာဥ (ခေါ်) လှဦးကနောက်မှ မြင်ကွင်းသို့ ဝင်လာကြစေ။ မိုးမြင့်ခေါင်က မိမိကိုင်လာသော သော့တွဲနှင့် လက်ကိုင်ပိုက်ဆံအိတ်ကို ဆက်တီစားပွဲပေါ်သို့ ပစ်တင်လိုက်စေ။)

(မုံလာဥက မိမိဆွဲလာသော ခရီးဆောင်လက်ဆွဲသားရေအိတ်ကို နံရံဘေးနားကပ်၍ အသာချထားစေ။)

မိုးမြင့်ခေါင်။ (မောပန်းဟန်နှင့် လေပူမှုတ်ထုတ်ရင်း ဆိုဖာခုံ တစ်လုံးတွင် ပစ်ထိုင်လိုက်ရင်း) ဟူး- မောတယ်ကွာ။ ကဲ မုံလာဥရေ- ထိုင်ကွာ။

(မုံလာဥ ဆိုဖာခုံတစ်လုံးတွင် ထိုင်လိုက်စေ။)

မိုးမြင့်ခေါင်။ မင်းငါနဲ့လာပြီး အလုပ်လုပ်တာကို၊ မင်းအဖေနဲ့အမေတို့ သဘောတူတယ်မဟုတ်လား။





ငါက မင်းချက်ချင်းရောက်မလာလို့၊ လာမှ လာဖြစ်ပါ့မလားလို့ စိုးရိမ်နေသေးတယ်။

မုံလာဥ။ ဒီကိုလာဖို့အတွက် မြို့မှာလုပ်နေတဲ့အလုပ်ကလေးကို လက်စသတ်နေလို့ နည်းနည်းကြာသွားတာပါကွ။ ငါ့အဖေတို့အမေတို့ကလဲ သဘောတူပါတယ်။ မင်းတို့စီးပွားရေး လုပ်ငန်းတွေ သိပ်ကောင်းနေတာ သိပြီးသားဆိုတော့ သူတို့ကပိုပြီးတော့ သဘောကျနေကြတာကွ။ မင်းကိုလဲသိပ်ကျေးဇူးတင်နေကြတယ်။

မိုးမြင့်ခေါင်။ ငါတို့မိသားစုမှာလဲ ဖေဖေက ရန်ကုန်နဲ့မြို့ သွားချည်လာလှည့်လုပ်နေရပြီး၊ မေမေက တော့ရုံးအလုပ်ကရှိနေတော့ မြို့မှာပဲ အထိုင်ချနိုင်တယ်။ လေးလေးစိုးကလဲမြို့မှာပဲ အဝယ်လုပ်ငန်းကို တာဝန်ယူလုပ်နေရတယ်ကွာ။ ရန်ကုန်မှာကလဲ ငါနဲ့တွဲလုပ်ဖို့တစ်ယောက်ရှိမှ ဖြစ်မှာဆိုတော့- ငါလဲမင်းကို ချက်ချင်းသတိရလိုက်တာပဲ။

မုံလာဥ။ အေးပါ- ငါကလဲ (၁၀) တန်းမအောင်တော့ အစိုးရအလုပ်လဲလုပ်လို့မရ။ မြို့မှာ တလည်လည်နဲ့၊ ဟိုအလုပ်လုပ်လိုက်၊ ဒီအလုပ်လုပ်လိုက်နဲ့၊ ဟုတ်ဟုတ်ပတ်ပတ်- အဆင်ပြေတယ်ကိုမရှိပါဘူးကွာ။

မိုးမြင့်ခေါင်။ အေးကွာ- ငါနဲ့တွဲလုပ်စမ်းပါ။ တို့နှစ်ယောက် ရန်ကုန်မှာ ကောင်းကောင်းစားသောက်ကြ

တာပေါ့။ မင်းမိဘဆီကိုလဲ မှန်မှန်ပို့နိုင်အောင် ငါပေးပါ့မယ်။

မုံလာဥ။ မင်းတို့လုပ်ငန်းတွေမှာ ငါအကောင်းဆုံး လုပ်ပေးပါ့မယ်ကွာ။ မင်းကျေးဇူးကို ငါမမေ့ပါဘူး။

မိုးမြင့်ခေါင်။ ကျေးဇူးမမေ့တာထက် ငါ့အပေါ်မှာ သစ္စာရှိဖို့ အရေးကြီးပါတယ်ကွာ။ အတူနေအတူစား၊ အတူသွား၊ အတူလုပ်ကြရမှာ၊ ယုံကြည်စိတ်ချရဖို့လိုတယ် မုံလာဥရ။

မုံလာဥ။ စိတ်ချပါကွာ။ မင်းနဲ့ငါကျောင်းနေဘက်တွေ၊ တစ်ယောက်စိတ်ခါတ်တစ်ယောက်သိပြီးသားပါ။ ငါလုပ်ရမယ့်အလုပ်တွေကိုသာ ငါ့ကိုသင်ပေး။

မိုးမြင့်ခေါင်။ သင်ပေးမှာပေါ့ကွ။ ကဲ- အခုတော့အမောပြေ တစ်ခုခုသောက်ကြရအောင်။

မုံလာဥ။ ငါ ဆိုင်မှာ အအေးပုလင်းသွားဝယ်ပေးရမလား။

မိုးမြင့်ခေါင်။ မလိုပါဘူးကွာ။ ငါ့တိုက်ခန်းထဲမှာ စားစရာ သောက်စရာတွေ အဆင်သင့်ရှိတယ်ကွ၊ ထမင်းချက်တာတစ်ခုပဲ ငါမချက်တတ်ဘူး၊ မင်းရောက်လာတော့ မင်းကတို့နှစ်ယောက် အတွက် ထမင်းချက်ပေါ့ကွာ။ ဒါပေမဲ့ ဟိုတယ်တို့၊ စားသောက်ဆိုင်တို့မှာ မကြာမကြာ စားကြရမှာဆိုတော့ ချက်ပြုတ်မှုတာဝန်က သိပ်မကြီးပါဘူး။ အဲ-အဲ-တို့အခု ဘီယာသောက်ရအောင်ကွာ။ ပြီးမှ နေ့လယ်စာ



ထမင်းကို စားသောက်ဆိုင်တစ်ခုမှာ သွားစားကြတာပေါ့။

မုံလာဥ။ ဟာ- မင်းက ဘီယာသောက်တတ်ပြီလား ဖိုးခေါင်။

မိုးမြင့်ခေါင်။ အို- မုံလာဥရာ ဒီအရွယ်ရောက်မှ ဘီယာလေး အရက်ကလေးသောက်ရမှာပေါ့ကွ။ (မိုးမြင့်ခေါင်သည် ပြောရင်းပင်ထလိုက်ပြီး) လာ-စားသောက်ခန်းထဲသွားပြီး မင်းကို ရေခဲသေတ္တာပြထားမယ်။ အဲဒီထဲမှာ သောက်စရာအားလုံးရှိတယ်ကွ။ လာ လာ- မင်းလက်ဆွဲအိတ်လဲယူခဲ့ကွာ၊ အိပ်ခန်းထဲမှာ နေရာချထားလိုက်ပေတော့။

(မုံလာဥ- အံ့သြသည့်မျက်နှာဖြင့် လက်ဆွဲအိတ်ကိုပါ ဆွဲယူလျက်၊ မိုးမြင့်ခေါင်နောက်လိုက်သွားစေ။ ၎င်းတို့အတွင်းသို့ ဝင်သွားကြစေ။)

(ခဏချင်းပင် မိုးမြင့်ခေါင်နှင့် မုံလာဥတို့ ဘီယာဘူး (၄) လုံးကိုင်ပြီးပြန်ထွက်လာကြစေ။)

(ဘီယာဘူးများကို ဆက်တီစားပွဲပေါ်သို့ တင်လိုက်ပြီး၊ ဆိုဖာများတွင်ထိုင်ကြစေ။)

မိုးမြင့်ခေါင်။ ကဲ- မုံလာဥရေ-လွတ်လွတ်လပ်လပ်နဲ့ အေးအေးဆေးဆေးပေါ့ကွာ။ မင်းဘီယာသောက်ဖူးတယ်မဟုတ်လား။

မုံလာဥ။ ဘီယာတင်ဘယ်ကမလဲ။ ငါကအလုပ်ကြမ်းတွေ အမျိုးမျိုးလုပ်ဖူးပြီး၊ လူမျိုးစုံနဲ့အတူလုပ်

ရတာဆိုတော့- အရက်ကြမ်းလဲ သောက်တာပဲကွ။

**မိုးမြင့်ခေါင်။** အေး- ခုတော့ဘီယာသောက်ကွာ။

(ဘီယာဘူးများကိုဖွင့်ပြီးသောက်ကြစေ။ သောက်ရင်း စကားပြောစေ။)

**မုံလာဥ။** ဖိုးခေါင်-ငါလုပ်ရမယ့်အလုပ်ကိုအကြမ်းဖျင်းပြောပြပါဦးကွ။

**မိုးမြင့်ခေါင်။** ဩော်- တို့မြို့က၊ လေးလေးစိုးတို့ ပို့လိုက်တဲ့ ရေခဲရိုက်ငါးတွေပေါ့ကွာ။ တာတွေနဲ့ရေခဲရိုက်ပို့လိုက်တာလေ။ အဲဒါကိုသင်္ဘောဆိုက်တဲ့အချိန်မင်းကသွားစောင့်။ မင်းအခုလိုက်လာတဲ့ သင်္ဘောကပ်တဲ့ ဆိပ်ပဲလေ။ အလုပ်သမားနဲ့ကြိုညှိ။ ပါမစ်တွေ ဘာတွေ ရအောင်လုပ်ထား။ မစ္စတာဟွာတို့ကုမ္ပဏီက လာယူမယ့်ကားနဲ့ ချိတ်ဆက်လုပ်။ တစ်ခါတစ်လေလဲ တခြားဝယ်လက်ကို ရောင်းတာလဲရှိတယ်။ အဲဒါ - ကုန်ရောက်လာရင် ကားပေါ်တင်။ အဓိကလုပ်ငန်းစဉ်ကတော့ ဒါတွေပါပဲ။ ဒါပေမဲ့ အခက်အခဲတွေလဲရှိတတ်တာပေါ့။ ရန်ကုန်လောကဆိုတာ အရာရာ ချောချောမောမောဖြစ်အောင် မနည်းလုပ်ရတယ်။

**မုံလာဥ။** တဖြည်းဖြည်းနဲ့ ကျွမ်းကျင်လာအောင် ငါကြိုးစားပါ့မယ်ကွာ။



**မိုးမြင့်ခေါင်။** စီးပွားရေးလောကအကြောင်း မင်း တဖြည်းဖြည်းသိလာမှာပါ။ အဲ- မင်းလုပ်ရမယ့် အရေးကြီးအလုပ်ရှိသေးတယ်။

**မုံလာဥ။** ဘာလဲ- ထမင်းချက်ဖို့လား။ အဲဒါကတော့ မင်း မပူနဲ့။

**မိုးမြင့်ခေါင်။** ထမင်းချက်ဖို့က အရေးမကြီးပါဘူးကွ။ ရန်ကုန်မှာ စားသောက်ဆိုင်အများကြီးရှိတယ်။ ငါပြောမယ့် အရေးကြီးအလုပ်ဆိုတာ ညဘက်ဟိုတယ်တို့ RESTAURANT တို့သွားတဲ့အခါ ငါနဲ့လိုက်ခဲ့။ ငါပျော်အောင် မင်းကကူညီပေး။ အဲဒီအလုပ်ပဲ။

**မုံလာဥ။** (အံ့ဩလျက်) ဟင်- ဖိုးခေါင်၊ မင်းကဘီယာလဲ သောက်တတ်နေတယ်။ ဟိုတယ်တို့ဘာတို့လဲ တက်နေတယ်ဟုတ်လား။ မင်း- ကျောင်းသားဘဝငယ်ငယ်တုန်းကနဲ့မတူတော့ဘူးနော်။

**မိုးမြင့်ခေါင်။** ဩော်- ဒီလိုပေါ့ကွာ။ လူ့ဘဝဆိုတာ အပြောင်းအလဲရှိမှာပဲလေ။ ငါ အခု အင်ဂျင်နီယာဘွဲ့လဲ ရထားပြီ။ တို့မိသားစုရဲ့ စီးပွားရေးကလဲ အရမ်းကောင်းနေပြီ။ ဒီတော့ - ငါ့ဖေဖေက ငါ့ကို ကောင်းကောင်းနေ၊ ကောင်းကောင်းစား၊ ဘာမဆို သူများအောက်မကျအောင် အထက်တန်းကျကျ နေစေချင်တယ်။ ငါ့ကို လိုလေသေး မရှိအောင် ထားပေးတယ်။ အရာရာ - ငါ့သဘောအတိုင်း လုပ်နိုင်တယ်ကွ။ နောက်ပိုင်း ကုမ္ပဏီဖွဲ့ပြီး ရန်ကုန်စီးပွားရေးလောကမှာ ငါ့ကို လျှမ်းလျှမ်းတောက်စေရမယ်တဲ့ကွ။

**မုံလာဥ။** ဟာ - ကောင်းတာပေါ့ကွ။

**မိုးမြင့်ခေါင်။** ဒါကြောင့်လဲ- ငါကရန်ကုန်စီးပွားရေးလောကမှာ ဝင်ဆံ့အောင်ကြိုးစားနေရတယ်ကွ။ ဒါကြောင့် ငါသွားလာဝင်ထွက်နေတဲ့နေရာမှန်သမျှ မင်းလဲသိနေရမယ်နော်- မုံလာဥ။

**မုံလာဥ။** အေးပါ -ဖိုးခေါင်ရာ --။

**မိုးမြင့်ခေါင်။** အရေးကြီးတဲ့အချစ်ကလေးကိုလဲ မင်းသိထားဖို့လိုတယ်။

**မုံလာဥ။** မိသက်ကိုပြောတာလား -- ။

**မိုးမြင့်ခေါင်။** အဟတ်- ဘယ်ကမိသက်ရမှာတုံး။ မိသက်က ဥပဒေအရာရှိအဖြစ်နဲ့ ပြည်နယ်မှာရောက်နေတယ်ကွ။ အခုပြောတာက ရန်ကုန်က ချစ်ချစ်။

**မုံလာဥ။** ဟင်- ဖိုးခေါင်၊ မင်းကမိသက်နဲ့ မဟုတ်တော့ဘူးလား။

**မိုးမြင့်ခေါင်။** ဟာ- မုံလာဥရာ မင်းကလဲနားဝေးလိုက်တာ။ ဒီကချစ်ချစ်ဆိုတာက- အပျော်ထားတာဟ။ Living Together ဆိုတာ မင်းမကြားဖူးဘူးလား။ အနောက်နိုင်ငံတွေမှာလိုပေါ့ကွာ။ ဒါက ချမ်းသာတဲ့လူတွေအားလုံးလိုလို ရှိကြတာလေ။ ဖက်ရှင်ပေါ့ကွာ၊ ငါ့ဖေဖေမှာလဲ ရှိတာပဲ။

**မုံလာဥ။** ဟင်- ဟုတ်လား -- ။

**မိုးမြင့်ခေါင်။** ဒါတွေကမဆန်းပါဘူး- မုံလာဥရာ။ ဒါကြောင့် မင်းငါ့ချစ်ချစ်ကလေးကို သိထားရမယ်။ နာမည်က- ခက်ခက်ဇာခြည်။ ငါခေါ်တာက - ခက် --

(ခက်ဟူသော အသံပဲ့တင်ထပ်သွားစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၃)

**နေရာ။** ရန်ကုန်မြို့ရှိ ဦးဆွေမြင့်၏ တိုက်ခန်း၊ ဧည့်ခန်း။

**အချိန်။** နံနက်ပိုင်း။

**အပြင်အဆင်။** အခန်း (၂၀) အတိုင်း ပြင်ဆင်ထားရမည်။ ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဆိုဖာဆက်တီရှည်ပေါ်တွင် မိုးမြင့်ခေါင်သည် လှဲအိပ်လျက် သက်နှင်းရည်ထံမှ စာကိုဖတ်နေစေ။ လက်တစ်ဖက်တွင် စီးကရက်သောက်လက်စရှိစေ။ ဆက်တီစားပွဲပေါ်တွင် ဝီစကီပုလင်းနှင့် ဖန်ခွက်များသောက်လက်စ အနေအထားဖြင့် ရှိနေစေ။)

(နောက်ခံဘက်ဂရောင်းမှ သက်နှင်းရည်၏ အသံထွက်ပေါ်လျက်ရှိစေ။)

ငှက်ကလေးရေ-

သက်ဆီကိုစာမရေးတာ လတွေ အတော်ကြာနေပြီ။ ဘာဖြစ်လို့စာမရေးတာလဲ။ အလုပ်တွေသိပ်များနေလို့လား။ ဒါမှမဟုတ် နေမကောင်းလို့လား။ ငှက်ကလေးတို့

ရွှေဖိုးခေါင်ရေထွက်ပစ္စည်း အဝယ်ဒိုင်ဖွင့်ပြီး၊ ရန်ကုန်မှာလဲ ကုမ္ပဏီထောင်မယ်ဆိုတဲ့ အကြောင်း သက်ဆီကိုရေးလိုက်ပြီးတဲ့နောက် ရန်ကုန်မှာ ငှက်ကလေးပြောင်းနေတာလား။ အဲဒီနောက်ပိုင်း သက်ဆီကိုစာရေးသေးလား။ သက်ဆီကို နောက်ထပ်စာမရောက်ဘူး။ ငှက်ကလေးတို့ လုပ်ငန်းကို သက်နားမလည် ဘူး။ ငှက်ကလေး အခု ဘယ်မှာနေတာလဲ။ သက်ဆီကို စာရေးပါဦး။

ဒီစာမတိုင်ခင်က သက် စာတစ်စောင်ရေး လိုက်သေးတယ်၊ ရလား။ ငှက်ကလေး ရန်ကုန် မှာလား၊ မြို့မှာလား ဘယ်မှာနေမှန်းမသိတော့ စာတွေကို ငှက်ကလေးတို့ အိမ်လိပ်စာနဲ့ပဲ ပို့နေရတာ။

ငှက်ကလေး ဝန်ထမ်းရွေးချယ်လေ့ကျင့် ရေးမှာ လျှောက်ထားတဲ့ဆောက်လုပ်ရေးက အလုပ် အခြေအနေဘယ်လိုရှိလဲ။ သက်တို့ရဲ့ ရွှေ့ရေးကို တွေးတွေးပြီး၊ အခုလိုဝေးနေ ရတော့ ဆွေးရတယ်- ငှက်ကလေးရေ --

ကချင်ပြည်နယ် ဗန်းမော်မြို့ကလေးမှာ ငှါချစ်သူ- သက်နှင်းရည်ရှိနေတယ်ဆိုတာကို ငှက်ကလေး သတိရောရသေးရဲ့လားဟင်- သက်ကတော့ တစ်နေ့မှ မေ့တယ်မရှိဘူး၊ လွမ်းတယ်ကွယ်- လူချင်းမတွေ့ရတာတောင်- ငှက်ကလေးဆီက စာဖတ်နေရရင်တော်သေး



တယ်လေ။ ခုတော့ - - -

(ထိုစဉ်၊ ခက်ခက်ဇာခြည်ဝင်လာသဖြင့် မိုးမြင့်ခေါင်က စာဖတ်ရပ်လိုက်စေ။ သက်နှင်း ရည်၏ အသံရပ်သွားစေ။)

(မိုးမြင့်ခေါင် ခက်ခက်ဇာခြည်ကို လှမ်းကြည့် လိုက်စေ။ ခက်ခက်ဇာခြည်သည် စကပ်တိုနှင့် အပ်ျစား ဝတ်စားဆင်ယင်ထားပြီး၊ တန်းဝင် လာကာ မိုးမြင့်ခေါင်၏ဘေးတွင် ဝင်ထိုင်လိုက် စေ။ လက်ကိုင်အိတ်ကို ဆက်တီစားပွဲပေါ် ပစ်တင်လိုက်ပြီး၊ တစ်ဆက်တည်းပင်၊ မိုးမြင့်ခေါင် လက်ထဲမှ စာကို ဆတ်ခနဲ ဆွဲယူကြည့်စေ။)

ခက်ခက်ဇာခြည်။ ဩော်-အချစ်ကြီးဆီက စာကိုဖတ်နေတာကိုး။ ဘာလဲအချစ်ကြီးကို သတိရလို့ ဒီကအချစ် လေးကို မေ့တော့မှာလား။

(စာကိုစားပွဲပေါ် ပစ်တင်လိုက်ပြီး၊ မိုးမြင့်ခေါင် ကိုကိုင်လှုပ်ကာ) ပြောပါဦး ခေါင်ရဲ့- ဖီလင် တွေတက်ပြီး ခက်ကိုမေ့သွားပြီမဟုတ်လားလို့။

(မိုးမြင့်ခေါင်သည် စာဖတ်ပြီး ငေးငိုင်ငိုင်ဖြစ် နေရာမှ ခက်ခက်ဇာခြည်ကကိုင်လှုပ်သဖြင့် အသက်ဝင်လာသလိုဖြစ်ကာ လှဲနေရာမှထ လိုက်စေ။)

မိုးမြင့်ခေါင်။ (ခက်ခက်ဇာခြည်၏ ပခုံးကိုအသာဆွဲကိုင်ပြီး) ဩော်- အင်း ဟိုလေ- ဟိုလေ - - ။

ခက်ခက်ဇာခြည်။ (မိုးမြင့်ခေါင်၏ ပခုံးနှစ်ဖက်ကို ပြန်ကိုင်ပြီး မိုးမြင့်ခေါင်၏ မျက်နှာကိုစိုက်ကြည့်ကာ) ဘာ

တိုလေလဲ - - ခေါင်ရဲ့။ ခက်ကိုမေ့သွားပြီလားလို့။

မိုးမြင့်ခေါင်။ ဟာ- မဟုတ်ပါဘူးခက်ရာ။ သက်ဆီကစာမြို့ကအိမ်မှာရောက်နေတာ ဒီကိုပို့လိုက်လို့။

ခက်ခက်ဇာခြည်။ အင်းလေ- အဲဒီစာဖတ်ပြီး ဖီလင်တက်နေတာ မဟုတ်လားလို့။

မိုးမြင့်ခေါင်။ အို- မဟုတ်ပါဘူး ခက်ရာ။

ခက်ခက်ဇာခြည်။ ဟင်း- မဟုတ်ဘူးသာဆိုတယ် ခေါင့်မျက်နှာက မကြည်မသာနဲ့။

(မျက်နှာကို တမင်စူစူပုပ်ပုပ်လုပ်လိုက်စေ။)

မိုးမြင့်ခေါင်။ (ပြုံးလိုက်ပြီး) ကြည်ပါတယ်ဗျာ - - ကြည်ပါတယ်။

(ခက်ခက်ဇာခြည်၏ မေးစေ့ကိုအသာကိုင်လိုက်စေ။)

ခက်ခက်ဇာခြည်။ ကြည်ရင်ပျော်ပျော်နေပါလား။ ခက်ကဖြင့်သူပျော်အောင်ဆိုပြီး၊ နေ့လယ်တိုင်းလိုလိုလာနေရတာသိလား။ ကဲ -- ခက်လာတာမပျော်ဘူးလား။

မိုးမြင့်ခေါင်။ ပျော်ပါတယ်ခက်ရာ။ ကဲ- ခက်လဲပျော်အောင် ခေါင်တစ်ခွက်ပေးမယ်နော်။ (ဖန်ခွက်နှစ်ခွက်ထဲသို့ အရက်အနည်းငယ်စီထည့်၊ ဆိုဒါရေခဲစပ်ပြီး တစ်ခွက်ကို ခက်ခက်ဇာခြည်သို့ပေးစေ။)

ခက်ခက်ဇာခြည်။ (အရက်ခွက်ကိုယူလိုက်ပြီး)



အိုကေ -

မိုးမြင့်ခေါင်။ (အရက်ခွက်ကိုကိုင်မြှောက်ကာ၊ ခက်ခက်ဇာခြည်၏ အရက်ခွက်နှင့်ထိလိုက်ပြီး) ကမ်းပေ့-ကမ်းပေ့ --

(အရက်များကိုသောက်လိုက်ကြစေ။)

(ပြီးလျှင်မိုးမြင့်ခေါင်က ဘူးထဲမှစီးကရက်တစ်လိပ်ကိုထုတ်၍ နှုတ်ခမ်းတွင်တေ့လိုက်စေ။ ပြီးလျှင်- ခက်ခက်ဇာခြည်ကို စီးကရက်ဘူးကမ်းပေးစေ။)

ခက်ခက်ဇာခြည်။ (လက်ကာပြပြီး) အဲဒါမသောက်နဲ့- ဒီနေ့ခေါင် ပိုပျော်ရအောင်ဆိုပြီး စပါယ်ရှယ်စီးကရက်ယူလာတယ်သိလား။

(ပြောပြောဆိုဆို မိုးမြင့်ခေါင်နှုတ်ခမ်းရှိစီးကရက်ကိုပါယူပြီး စားပွဲပေါ်ပစ်တင်လိုက်စေ။ ပြီးနောက်မိမိ၏ လက်ကိုင်အိတ်ကိုယူဖွင့်ကာ အထဲမှစီးကရက်တစ်ဘူးကိုထုတ်ယူစေ။ စီးကရက်နှစ်လိပ်ကို ဘူးထဲမှထုတ်ယူပြီး၊ တစ်လိပ်ကိုမိုးမြင့်ခေါင်၏နှုတ်ခမ်းတွင် တေ့ပေးလိုက်စေ။ တစ်လိပ်ကိုမိမိ၏နှုတ်ခမ်း တွင်တေ့လိုက်စေ။)

မိုးမြင့်ခေါင်။ (ပါးစပ်မှ စီးကရက်ကိုလက်တွင်ညှပ်လိုက်ပြီး) လန်ဒန်ချင်းအတူတူဘာထူးလို့တုံးခက်ခက်ရဲ့။

ခက်ခက်ဇာခြည်။ ထူးတယ်ခေါင်ရဲ့၊ အဲဒီစီးကရက်ထဲမှာ ခက်ရဲ့

အသည်းနှလုံးပါတယ်သိလား။ သောက်ကြည့်တဖြည်းဖြည်း ဖီးတက်လာလိမ့်မယ်။

မိုးမြင့်ခေါင်။ တယ်ဆိုတဲ့စာပါလား။

ခက်ခက်ဇာခြည်။ မုံလာဥ သဘော်ဆိပ်သွားတယ်မဟုတ်လား။

မိုးမြင့်ခေါင်။ ဟုတ်တယ်လေ- ခက်သိသားနဲ့။ ခက်ပြန်တော့မှ သူပြန်လာမှာလေ။ အဲဒါအဆန်းလုပ်လို့။ ခါတိုင်းလဲဒီလိုပဲဟာ။ ဘယ်သူမှလာစရာမရှိပါဘူးခက်ရဲ့။ ဟောဒီ- တစ်ခန်းလုံးမှာခက်နဲ့ခေါင် -- နှစ်ယောက်တည်း -- (ပြောရင်း ခက်ခက်ဇာခြည်ကို တအားပွေ့ဖက်လိုက်စေ။)

ခက်ခက်ဇာခြည်။ အို- ခေါင်ကလဲ (ခဏနေပြီးမှ) ကဲ- မုံလာဥဆီကိုဖုန်းဆက်လိုက်- ဒီနေ့တစ်နေ့လုံးပြန်မလာနဲ့လို့။ ညရှစ်နာရီလောက်ကျမှပြန်ခဲ့လို့။

မိုးမြင့်ခေါင်။ ဟင်- ဘာဖြစ်လို့လဲ၊ ခါတိုင်း ခက်ခက်ညနေပိုင်းဆိုပြန်တာပဲမဟုတ်လား။

ခက်ခက်ဇာခြည်။ ဒီနေ့က၊ ခေါင့်ကို ခက်ရဲ့နှလုံးသားပါတဲ့စီးကရက်နဲ့ ဖီးယူခိုင်းမှာလေ။ ဘယ်သူမှမရှိဖို့အရေးကြီးတယ်။ ခေါင်- အဲဒီစီးကရက်တစ်ရှိုက် ရှိုက်ကြည့်တာနဲ့ တစ်ကိုယ်လုံးဖီးတက်လာလိမ့်မယ်သိလား။

မိုးမြင့်ခေါင်။ ကဲပါ- ခေါင် စီးကရက်သောက်ချင်နေပြီ၊ မီးညှိပေးတော့။ ပြီးရင် မုံလာဥဆီ ဖုန်းဆက်လိုက်မယ်။

ခက်ခက်ဇာခြည်။ ဟ (မီးခြစ်ကိုယူခြစ်ပြီး မိုးမြင့်ခေါင်၏



စီးကရက်နှင့် မိမိ၏စီးကရက်တို့ကို မီးညှိပေးစေ။)

(မိုးမြင့်ခေါင် စီးကရက်ကို တစ်ဖွာရှိုက်လိုက်ပြီးနောက်၊ တယ်လီဖုန်းရှိရာသို့ လျှောက်သွားကာ ဖုန်းနံပါတ်များကို နှိပ်စေ။)

(ဖုန်းခွက်မှပြောစေ။)

မိုးမြင့်ခေါင်။ ဟဲလို- မုံလာဥလား -- အေး- မင်းဒီနေ့ပြန်မလာနဲ့။ အပြင်မှာပဲ ထမင်းစား။ ညရှစ်နာရီကျော်မှ ပြန်ခဲ့သိလား။

(ဖုန်းခွက်ပြန်ချစေ။)

(မိုးမြင့်ခေါင်နှင့်ခက်ခက်ဇာခြည်တို့ တစ်ယောက်နှင့်တစ်ယောက်ကြည့်ပြီး ပြုံးလိုက်စဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၄)

နေရာ။ မြို့ပေါ်ရှိ စုပေါင်းရုံး ဝန်ထမ်းသက်သာ လက်ဖက်ရည်ဆိုင်။

အချိန်။ နေ့လယ်ပိုင်း။

အပြင်အဆင်။ အစိုးရဌာနရုံးတစ်ရုံး၏ ရုံးဝင်းအတွင်းဖွင့်လှစ်ရှိသော ဝန်ထမ်းသက်သာဆိုင်အခင်းအကျင်းမျိုးပြင်ဆင်ရမည်။ နောက်ခံအုတ်နံရံရေးချက်ကားနှင့် ရှေ့တွင်လက်ဖက်ရည်ကောင်တာ၊ မုန့်ထည့်မှန်ဗီရိုနှင့် စားပွဲပုကလေးများ၊ ခုံပုကလေးများသုံးလေးဝိုင်းထားရှိရန်ဖြစ်သည်။ ပရိသတ်နှင့်အနီးဆုံးနေရာတွင် စားပွဲဝိုင်းတစ်ဝိုင်းကို သီးခြားစီစဉ်ထားရမည်။ လက်ဖက်ရည်ကောင်တာအပေါ်နားတွင် " ဝန်ထမ်းသက်သာ လက်ဖက်ရည်ဆိုင် " ဟူသောဆိုင်းဘုတ်ငယ်တစ်ခု ချိတ်ဆွဲထားရှိရမည်။ နေ့ခင်းအလင်းရောင်ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)





(လက်ဖက်ရည်ကောင်တာတွင် လက်ဖက်ရည်ဖျော်သူတစ်ဦး၊ လက်ဖက်ရည်ဖျော်လျက်ရှိစေ။ စားပွဲပုကလေးများတွင်၊ သူ့ဝိုင်းနှင့်သူ လက်ဖက်ရည်သောက်၊ မုန့်စားသူများအသီးသီးရှိနေကြစေ။)

(ကားဖွင့်ချိန်တွင် ပရိသတ်နှင့်အနီးဆုံးစားပွဲဝိုင်း၌ လူမရှိစေရ။ ကားဖွင့်လိုက်သည့်အခါ စာရေးမ (၄) ဦး ဇာတ်စင်၏လက်ဝဲဘက်မှ ဝင်လာကြစေ။ (၃) ဦးမှာ အရွယ်ကြီးကြီးတစ်ဦးမှာ အရွယ်ငယ်ငယ်ဖြစ်သည်။)

စာရေးမ (၁)။ (အရွယ်ကြီး) (၎င်းစားပွဲဝိုင်းသို့ လက်ညှိုးထိုးကာ) လာဟေ့ ဒီမှာနေရာရှိတယ်။ (၎င်းတို့ (၄) ဦးစားပွဲဝိုင်းတွင် နေရာယူကြစေ။)

(အခြားစားပွဲဝိုင်းမှ စာရေးတစ်ဦးက လှမ်းပြောစေ။)

စာရေး။ ဟာဒီနေ့လဲအစ်မကြီးဒေါ်ခင်မိုးမပါဘူးလား။

စာရေးမ (၁)။ ဟုတ်တယ်- နေမကောင်းလို့ခွင့်ထပ်ယူထားတယ်။

၎င်းစာရေး။ သြော်- သြော် အစ်မကြီး ဒေါ်ခင်မိုးလဲ ကျန်းမာရေးအတော်မကောင်းဘူးထင်တယ်။ (၎င်း၏စားပွဲဝိုင်းတွင်ပြန်၍ စကားပြောလက်ဖက်ရည်သောက်နေစေ။)

(ဝင်လာသောစာရေးမ (၄) ဦး စားပွဲဝိုင်းတွင် နေရာယူပြီးကြစေ။)

စာရေးမ (၂)။ (အရွယ်ကြီး) (လက်ဖက်ရည်ဖျော်သူသို့လှမ်းပြောစေ။) မောင်လေးရေ- ထုံးစံအတိုင်းပေါ့ကွယ်။

လက်ဖက်ရည်ဖျော်သူ။ ဟုတ်ကဲ့- ဟုတ်ကဲ့

စာရေးမ (၁)။ ငါမနေ့က မခင်မိုးအိမ်ရောက်သေးတယ်ဟ။ ဘီပီကအရမ်းတက်နေလို့ ခေါင်းကိုမထူနိုင်ဘူး။ အဲဒါ- ငါရောက်သွားတော့၊ သူသွေးပေါင်ကျဆေးထပ်သောက်တယ်ဟ။ ငါလဲ- သံပုရာရည်ဖျော်ပေးခဲ့သေးတယ်။

စာရေးမ (၂)။ အစ်မကြီးမခင်မိုးကတော့၊ သွေးပေါင်ကျဆေးကို ပဲလှော်လိုစားနေရပြီ။ ဒါပေမဲ့ သွေးတက်တုန်းပဲအိပ်နေ၊ လဲ့နေတာ။ နည်းနည်းအမူးပြေတာနဲ့ထပြီး အလုပ်တွေ ကျုံးလုပ်တာပဲ။

စာရေးမ (၃)။ (အရွယ်ကြီး) သူက အလုပ်ကိုဇွဲနပဲနဲ့လုပ်တာဟ။ ဒီလောက်စိတ်ရှုပ်စရာတွေ စိတ်ဆင်းရဲစရာတွေကြုံတွေ့နေရတာတောင် စိတ်ဓါတ်မကျဘူး။ သူ့စိတ်ဓာတ်ကို ငါချီးကျူးတယ်ဟာ။

စာရေးမ (၁)။ ဟုတ်တယ်- မခင်မိုးဟာ စိတ်ဓါတ်ကြံ့ခိုင်တယ်။ သူနဲ့ငါက အလုပ်စဝင်ကတည်းက အတူတူ၊ တစ်ချိန်တည်း ဝင်ကြတာဆိုတော့ သူ့အကြောင်းကောင်းကောင်းသိတယ်။

(ထိုစဉ်၊ လက်ဖက်ရည်နှင့် မုန့်ပွဲများကို စားပွဲထိုးကလေးက လာချပေးသဖြင့် စကားပြတ်သွားစေ။ လက်ဖက်ရည်ပန်းကန်များကို ကိုယ်စီယူ၍ သောက်ကြစေ။)

(လက်ဖက်ရည်နှင့်မုန့်များသောက်ကြစားကြရင်း၊ စကားဆက်ပြောကြစေ။)



စာရေးမ (၄)။ ကျွန်မက အလုပ်ဝင်တာ မမတို့ထက်အတော်၊ (အရွယ်ငယ်)နောက်ကျတော့၊ အစ်မကြီး ဒေါ်ခင်မိုး အကြောင်းသိပ်မသိဘူး။ ဒါပေမဲ့ သူတို့မိသားစုက သိပ်ချမ်းသာပါလျက်နဲ့ သူက ဒီစာရေးအလုပ်ကမထွက်ဘဲ လုပ်နေတာကို ကျွန်မအံ့ဩလွန်းလို့။

စာရေးမ (၁)။ သြော် - ဒါက မခင်မိုးက စာရေးလစာကို နှမြောလို့မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့လင်မယားက ဒီစီရုံးမှာ စဝင်တုန်းက ဆင်းရဲတယ်။ နောက် သူ့ယောက်ျား ဦးဆွေမြင့်က အင်းအင်စပက်တော်ဖြစ်၊ နောက်တော့ ငါးလုပ်ငန်းဦးစီးမှူးဖြစ်၊ အလုပ်ကံကောင်းတော့ စီးပွားရေးကောင်းလာတာလေ။ ဒီတော့ မခင်မိုးက အစိုးရဝန်ထမ်းဘဝကို သံယောဇဉ်တွယ်တယ်။ ဒါကြောင့် မထွက်ဖြစ်တာပါ။

စာရေးမ (၂)။ အခု သွေးတိုးရောဂါက ရင့်ရင့်လာတော့ အစ်မကြီး မခင်မိုးက အလုပ်ထွက်ချင်နေပြီလေ။ ဒါပေမဲ့ - ရုံးအုပ်ရာထူးက ရနေပြန်တော့ အထွက်ခက်နေပြန်တယ် မမရဲ့။

စာရေးမ (၃)။ တကယ်တော့ - သူ အလုပ်က ထွက်သင့်တယ်နော်။ လုပ်သက်နဲ့လဲ ပင်စင်ယူလို့ရပြီလေ။ အလုပ်ကအနားယူလိုက်မှ သူ့မိသားစုထဲက ပြဿနာတွေ နည်းနည်းရှင်းသွားမှာ။

စာရေးမ (၁)။ သြော် - ဦးဆွေမြင့် ပြဿနာလား။

စာရေးမ (၃)။ ဟုတ်တယ်လေ- ဦးဆွေမြင့်က ချမ်းသာလာလို့မူပြောင်းလာပြီ။ ရန်ကုန်မှာကုမ္ပဏီကိစ္စနဲ့ သွားရင်း အငယ်အနှောင်းရှိနေတာ။ အဲဒါ မခင်မိုးကိုယ်တိုင် ရန်ကုန်လိုက်ဖို့လိုပြီပေါ့။ တော်ကြာ အပ်နဲ့ထွင်းရမယ့်အစား၊ ပုဆိန်နဲ့ ပေါက်နေရမယ့်ကိန်းပဲ။

စာရေးမ (၄)။ အဲ- ဒါနဲ့- သူတို့သားမိုးမြင့်ခေါင်လဲ ဘီအီးဘွဲ့ရပြီး အစိုးရအလုပ်မလုပ်ဘဲ၊ သူ့အဖေနဲ့အတူ ကုမ္ပဏီလုပ်ငန်းပဲလုပ်နေတာ၊ အခုစီးပွားရေး တော့မသိဘူး၊ လူတော့ အတော်ပျက်စီး နေတယ်လို့ ကြားတယ်မမ။

စာရေးမ (၁)။ ဟုတ်လား- သူ့ကောင်မလေးက- သက်နှင်းရည်လေ။ ဥပဒေဘွဲ့ရပြီး အခု ကချင်ပြည်နယ်မှာ ဥပဒေဝန်ထမ်းဖြစ်နေတယ်မဟုတ်လား။

စာရေးမ (၄)။ ဟုတ်တယ်လေ၊ သက်နှင်းရည်နဲ့ မိုးမြင့်ခေါင်တို့က ကျွန်မနဲ့တစ်တန်းတည်းပဲ။ သူတို့ ဘွဲ့ရရင်ယူမယ်ဆိုတာ အားလုံးသိပြီးသား။ သူတို့မိဘတွေလဲ သိကြပြီးသားလေ။ အဲဒါ - အခုဇာတ်မျောကြီးဖြစ်နေတယ်လို့ ကြားရတယ်။ မိုးမြင့်ခေါင်က ငယ်ငယ်ကနဲ့ လုံးဝမတူတော့ဘူးတဲ့။ အရက်ရော၊ မိန်းမရော၊ ဖိုးရော အစုံပဲတဲ့။

စာရေးမ (၂)။ ဟုတ်လား - ဒါဆိုရင် အစ်မကြီး မခင်မိုးတော့ လင်အတွက်ရော သားအတွက်ရော အပူတွေ ဆင့်နေတော့မှာပေါ့နော်။



စာရေးမ (၃)။ မခင်မိုးလဲ အဲဒါတွေ သိနေဟန်တူတယ်။ ဒါတွေကြောင့်လဲ သွေးတိုးရောဂါပြင်းထန်လာတာနေမှာပေါ့။

စာရေးမ (၄)။ အင်း - မိုးမြင့်ခေါင်တစ်ယောက် နံပါတ်ဖိုးစွဲသွားပြီဆိုရင်တော့ မလွယ်တော့ဘူးနော်။

စာရေးမ (၁)။ အင်း - မခင်မိုးလဲ စီးပွားတက်လာလေ ဒုက္ခပင်လယ်ဝေလေ ဖြစ်တော့မယ်ထင်ပါရဲ့ကွယ် - - ။

(အားလုံး စိတ်မသက်မသာဟန်နှင့် ခေါင်းတညိတ်ညိတ် လုပ်နေကြစဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၅)

နေရာ။ မြို့ပေါ်ရှိဦးဆွေမြင့်တို့မိသားစု၏ ရွှေဖိုးခေါင်ကုမ္ပဏီအဝယ်ဒိုင်။

အချိန်။ နေ့လယ်ပိုင်း။

အပြင်အဆင်။ မြစ်ကမ်းပေါ်တွင် မေးတင်၍ ဆောက်လုပ်ထားသော ရေစင်အဆောက်အအုံများ ရေးချက်ပါရှိသော နောက်ခံကားရှိရမည်။ ၎င်းရေစင်အဆောက်အအုံများတွင် ပရိသတ်နှင့် အနီးကပ်ဆုံးနေရာ၌ရှိသော ရေစင်အဆောက်အအုံကို အထူးပေါ်လွင်အောင် ရေးဆွဲထားရမည်ဖြစ်ပြီး၊ ၎င်းအဆောက်အအုံ၏ ထိပ်ပိုင်းတွင် ' ရွှေဖိုးခေါင်ကုမ္ပဏီအဝယ်ဒိုင်' ဟူသော ဆိုင်းဘုတ်ရေးချက်ပါရှိရမည်။ ရှေ့တွင် လက်ဝဲဘက်ရှိ ငါးပုစွန်ထည့်သွင်းပို့ဆောင်သည့် ခေတ်မီဖိုင်ဘာတာများ (၅) လုံး ခန့်ထပ်၍ စီထားရမည်။ ၎င်းအနီးတွင် ကတ္တားကြီးတစ်ခုနှင့် ပလတ်စတစ်ခြင်း ဇန်းများ သင့်သလိုထားရှိရမည်။ ၎င်းအနီးတွင် ထည့်လက်စ ဖိုင်ဘာတာတစ်လုံးထားရှိရမည်။ လက်ယာဘက်ခြမ်း၌ ဒိုင်စာရေးအလုပ်လုပ်





သည့် စားပွဲငယ်နှင့်ကုလားထိုင်များရှိရမည်။ ခုံရှည်တန်းလျားတစ်ခုလည်း တာများအနီးတွင်ထားရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဒိုင်စာရေးစားပွဲတွင် စိုးသန်းနှင့် လုပ်ငန်းရှင်တစ်ဦးထိုင်၍ ရေးမှတ်နေစေ။ ဒိုင်အလုပ်သမား (၃) ဦးက ငါးများကို ပလတ်စတစ်ခြင်း ဇန်းများတွင်ထည့်ပြီး၊ ကတ္တားဖြင့်ချိန်တွယ်ခြင်း၊ ပြီးလျှင် ဖိုင်ဘာတာပုံးထဲသို့ သွန်ထည့်ခြင်း၊ ရေခဲအမှုန့်များဖြင့် ရေခဲများထည့်ခြင်းစသည့် အလုပ်များကို အားနှင့်အင်နှင့်လုပ်နေကြစေ။)
(ကတ္တားကိုင်သည့်သူက တစ်ဇန်းချိန်ပြီးတိုင်း - " တစ်ဇန်း " ဟုအော်လိုက်ရာ၊ စိုးသန်းနှင့် လုပ်ငန်းရှင်တို့က လိုက်မှတ်သည့်သရုပ်ပေါ်အောင်ဆောင်ရွက်ခြင်းကို၊ ကားဖွင့်ပြီးနှစ်ကြိမ်ခန့်ပြုလုပ်ပြီးနောက်၊ ငါးများချိန်တွယ်ပြီးစီးသွားသည့် အနေအထားသို့ရောက်စေ။)
(အလုပ်သမားများက တာပုံးများပိတ်ခြင်း၊ ရွှေ့ခြင်း၊ ရေဆေးခြင်းစသည့်အလုပ်များဆက်လုပ်နေကြစေ။)

စိုးသန်း။ (လုပ်ငန်းရှင်သို့) ဘယ်လောက်ရလဲ ဦးလေးစိန်။

လုပ်ငန်းရှင်။ စုစုပေါင်းအချိန် (၁၂၅၀)

စိုးသန်း။ ကိုက်ပါတယ်- ဦးလေးစိန်။

လုပ်ငန်းရှင်။ (ထိုင်ရာမှထလိုက်ပြီး) ဒါလဲ ကျော်ဟိန်းပဲလားကွ ကိုစိုးသန်းရ။

စိုးသန်း။ (ရယ်ကျဲကျဲဖြင့်) ဟုတ်ကဲ့ပါဦးလေးစိန်၊ အကြွေးပါပဲ။ ဖိုးခေါင်ဆီက ငွေမလာသေးလို့ပါ။ ကျွန်တော် အစ်ကိုလေးတို့ကိုလဲ တင်ပြထားပြီးပါပြီ။ အားတော့နာပါတယ် ဦးလေးစိန်ရာ။

လုပ်ငန်းရှင်။ အေးပါ ကိုစိုးသန်းရာ။ တို့ရေလုပ်ငန်းရှင်ဆိုတာကလဲ နောက်တစ်ကြိမ်ပင်လယ်ထွက်နိုင်အောင် ငွေလိုတာအမှန်ပဲကွာ။ တို့က ဦးဆွေမြင့်မျက်နှာနဲ့ ဒီလောက်သည်းညည်းခံနေတာ။ တို့မှာ ငွေစိုက်စရာမရှိရင်တော့ တခြားဒိုင်တွေကို ရောင်းမှဖြစ်တော့မှာနော်။ အဲဒါကိုတော့- မင်းအစ်ကိုလေးကို ပြောပြလိုက်ပါကွာ။ ငါ သူနဲ့တွေ့ရင် ဒီစကားပြောထွက်မှာမဟုတ်ဘူး။ ငါတို့မှာလဲ ငွေလုံးငွေရင်းက သိပ်ရှိတာမဟုတ်ဘူးလေ။

စိုးသန်း။ ဟုတ် - ဟုတ်ကဲ့ပါ ဦးလေးစိန်။ ကျွန်တော် အစ်ကိုလေးတို့ကို ထပ်ပြောပါဦးမယ်။ စိတ်ချပါ။

(လုပ်ငန်းရှင်ဇာတ်စင်၏ လက်ဝဲဘက်သို့ထွက်သွားစေ။ စိုးသန်းခေါင်းကုတ်ကျန်ရစ်စေ။)

(မရှေးမနှောင်းပင်၊ ဦးဆွေမြင့်နှင့်ဒေါ်ခင်မိုး



တို့နှစ်ဦး ဇာတ်စင်၏ လက်ယာဘက်မှဝင်လာကြစေ။)

စိုးသန်း။ ဪ- အစ်ကိုလေးတို့လာတာ၊ ခုနက- ဦးလေးစိန်နဲ့ တွေ့လိုက်ရင်သိပ်ကောင်းမှာပဲ။

ဦးဆွေမြင့်။ (လက်ကာပြပြီး) မလိုပါဘူးကွာ။ ငါတို့ဟိုဘက်ခန်းထဲရောက်တော့ ဦးစိန်ပြောတဲ့စကားတွေကြားရတယ်။ ဒါကြောင့် သူ့ကိုအားနာလို့ သူပြန်သွားမှ တို့ ဒီဘက်ကူးလာတာ။

ဒေါ်ခင်မိုး။ ဟုတ်တယ်- ကိုဆွေ- ဟုတ်တယ်။ ဦးလေးစိန်ပြောတာအမှန်ပဲ။ သူတို့လုပ်ငန်းရှင်တွေဘက်ကကြည့်ရင်အမှန်ပဲ။

စိုးသန်း။ ဖိုးခေါင်ဘယ်လိုဖြစ်နေတာလဲမသိဘူး အစ်ကိုလေးရာ --။ ကျွန်တော် ငါးတာတွေပို့တိုင်း သူ့ဆီစာရေးပြီး ငွေမှာတာပဲ။ ငါးတွေသာ သူ့ဆီရောက်တာ။ ငွေကျတော့ပြန်မပို့ဘူး။ အခုဆို လုပ်ငန်းရှင်တွေကို ချေပေးရမယ့်အကြွေးက သိန်း (၅၀) ကျော်သွားပြီ။ ဒီအတိုင်းဆို ကျွန်တော်တို့မိတ်တွေ တခြားရောက်ကုန်တော့မယ်။

ဦးဆွေမြင့်။ ငါ့လက်ထဲမှာရှိတဲ့ ငွေလဲကုန်ပြီ။ စိုက်ချေစရာမရှိတော့ဘူးကွာ။ လွန်ခဲ့တဲ့အပတ်က ငါရန်ကုန်ရောက်တုန်းက မေးကြည့်တော့၊ မစ္စတာဟာ တို့ဆီက မရတာလို့ပြောတာပဲ။

ဒေါ်ခင်မိုး။ ကဲ- ကိုဆွေရေ၊ ဒီပြဿနာက အေးနေလို့မရတော့ဘူး။ ကိုဆွေဖြစ်ဖြစ် မိုးဖြစ်ဖြစ် ရန်ကုန်

ကိုသွားပြီး အမြဲအထိုင်ချနေမှဖြစ်မယ်။ သားကို ဒီပြန်ခေါ်လိုက်တော့။ ဒီအတိုင်းသူ့ကို လွှတ်ထားလို့မဖြစ်တော့ဘူးကိုဆွေ။

ဦးဆွေမြင့်။ သားကိုတော့ပြန်ခေါ်ပြီး ဒီကဒိုင်မှာပဲနေခိုင်းမယ်။ ဒါပေမဲ့ မင်းတော့ ရန်ကုန်သွားနေလို့ မဖြစ်ပါဘူးကွာ။ ဒီလောက်သွေးတွေတိုးနေတာ။

ဒေါ်ခင်မိုး။ ဖြစ်တယ်- ဖြစ်တယ်၊ မိုးပဲ ရန်ကုန်သွားထိုင်မယ်။ မုံလာဥလဲရှိတာပဲ။ မိုးအခု ရုံးမှာပင်စင်တင်လိုက်ပြီးပြီ။

ဦးဆွေမြင့်။ ဟာ- မဖြစ်ပါဘူး။ အစ်ကိုပဲ ရန်ကုန်မှာ ထိုင်မှဖြစ်မှာပါ။

ဒေါ်ခင်မိုး။ ဟင့်အင်း - ကိုဆွေကိုလဲ ရန်ကုန်မှာနေတာမိုး စိတ်မချတော့ဘူး။

ဦးဆွေမြင့်။ (မျက်နှာထားတင်းတင်းဖြင့်) မင်းက ဘာကိုစိတ်မချတာလဲကွ။

ဒေါ်ခင်မိုး။ (စိတ်မကျေမနပ်မျက်နှာထားဖြစ်လာပြီး) ဘာကို စိတ်မချရမှာလဲ။ ကိုဆွေ ကိုယ့်ကိုယ်ကို သိမှာပေါ့။ မိုးကကျိတ်မှိတ်ပြီး ခံစားနေရတာ။ (ကျိတ်မနိုင်ခဲမရပုံစံမျိုးဖြစ်လာပြီး) တော်ပြီ- တော်ပြီ- မိုးဆက်မပြောတော့ဘူး။ -

ဦးဆွေမြင့်။ (ဒေါသသံဖြင့်) မင်းဟာက ဘယ်လိုလဲကွ။ မင်း ဘာတွေကြားရလို့လဲ ပြော- ပြော- ။

ဒေါ်ခင်မိုး။ အို - မပြောဘူး-- မပြောဘူး။ ကိုယ့်ဘာသာကိုယ် -- သိ --- အား မူးတယ် - မူးတယ်-



- ဆေး - ဆေးပေး- (ဒေါ်ခင်မိုးပြောရင်းပြောရင်း ခေါင်းကိုနှိပ်ပြီး မခံမရပ်နိုင်ဖြစ်စေ။) (ဦးဆွေမြင့်နှင့် စိုးသန်းတို့ မျက်လုံးပြူးမျက်ဆံပြူးနှင့် ဒေါ်ခင်မိုးကို ဝိုင်းပွေ့ဖက်ကြစေ။ ကျန်လူများလည်း ပျာပျာသလဲဖြစ်ကြစေ။)

ဦးဆွေမြင့်။ ဟော့- ဆိုက်ကားတစ်စီး မြန်မြန်ခေါ်- မြန်မြန်ခေါ် ဆေးရုံပို့မှဖြစ်မယ်။ (ဒေါ်ခင်မိုးအား မနိုင်မနင်းပွေ့လိုက်ပြီး ခေါ်သွားကြစဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၆)

နေရာ။ ရန်ကုန်မြို့တစ်နေရာရှိ ခက်ခက်ဇာခြည်၏လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ တိုက်ခန်း။

အချိန်။ ညနေခင်း။

အပြင်အဆင်။ တိုက်ခန်းအတွင်းပိုင်း ရေးချက် နောက်ခံကားရှိရမည်။ သာမန်ဆက်တီတစ်စုံရှိရမည်။ အလှပြင်မှန်တင်ခုံတစ်ခုနှင့် အပေါ်တွင် အလှပြင်ပစ္စည်းများရှိနေရမည်။

မိန်းမအလှကို အစွမ်းကုန်ဖော်ပြထားသည့် နိုင်ငံခြားပြက္ခဒိန်သုံးလေးခု နံရံတွင်ချိတ်ဆွဲထားရှိရမည်။

တိုက်ခန်းအတွင်းပိုင်းဖြစ်၍ ပြာလဲ့လဲ့မီးချောင်းအလင်းရောင်သာ ခွင်ပြည့်ပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(မှန်တင်ခုံတွင် ကိုယ်ခန္ဓာတောင့်တင်းလှပသော အမျိုးသမီးတစ်ဦး ပရိသတ်ကို နောက်ကျောပေးပြီးအလှပြင်နေစေ။)

(နှစ်ယောက်ထိုင် ဆက်တီကုလားထိုင်တွင် ခက်ခက်ဇာခြည်ထိုင်၍ မိတ်ကပ်ဘူးမှမှန်ကိုကြည့်ပြီး အလှပြင်နေစေ။





ကားဖွင့်လိုက်သည်နှင့် မိုးမြင့်ခေါင်ဝင်လာစေ။ ခက်ခက်ဇာခြည်လှမ်းကြည့်ပြီး ဂရုစိုက်သလို၊ မစိုက်သလိုပုံစံဖြင့်)

ခက်ခက်ဇာခြည်။ ဟင်- ခေါင်သခင်လေး ဘယ်ကဘယ်လိုရောက်လာတာလဲ --။

(မိုးမြင့်ခေါင်- ခက်ခက်ဇာခြည်ရှိရာသို့ ဆက်လျှောက်လာပြီး)

မိုးမြင့်ခေါင်။ ခက်သခင်မလေးက ရှောင်နေတော့၊ ခေါင်သခင်လေးကရှာရတာ ဘာဆန်းလဲလို့။ (ခက်ခက်ဇာခြည်၏ ဘေးတွင်ဝင်ထိုင်ပြီး ပခုံးလေးများကို ကိုင်ထားစေ။)

ခက်ဘယ်လိုပုန်းပုန်း၊ ခေါင်က ရေဆုံးမြေဆုံးရှာမှာပဲ။

ခက်ခက်ဇာခြည်။ (မိုးမြင့်ခေါင်ကိုစေ့စေ့ကြည့်လျက်) ဘာဖြစ်လို့။

မိုးမြင့်ခေါင်။ ချစ်လို့။

ခက်ခက်ဇာခြည်။ ခက်ကိုချစ်လို့ဟုတ်ပါဘူးလေ --။ ဖြူဖြူကိုချစ်လို့မဟုတ်ဘူးလား။

မိုးမြင့်ခေါင်။ ဒါလဲပါတာပေါ့။

(မှန်တင်ခုံတွင် အလှပြင်နေသူက ထိုင်ခုံမှထလိုက်ပြီး၊ မှန်တင်ခုံပေါ်မှ လက်ပွေ့အိတ်ကလေးကိုဆွဲယူလိုက်ကာ)

အမျိုးသမီး။ ကဲ- မခက်ခက်ဇာခြည်ရေ- လွတ်အောင်လဲပုန်းနိုင်တာမဟုတ်ဘဲနဲ့။ အခုတော့ မိသွားပြီမဟုတ်လား။ ကဲ- ရှင်တို့နှစ်ယောက်ကို

ကျွန်တော်မျိုးမရဲ့ အခန်းကိုအပ်ခဲ့ပါတယ်ရှင်။ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်တော်မူကြပါ။ ကျွန်တော်မျိုးမကတော့ ချစ်ချစ်ကြီးဆီကို သွားတော့မယ်။ (ပြောရင်းဆိုရင်း ကြော့ကြော့မော့မော့ဟန်နှင့် အခန်းထဲမှ ထွက်သွားစေ။)

မိုးမြင့်ခေါင်။ (ခက်ခက်ဇာခြည်၏ မေ့စေ့ကိုကိုင်ဆွဲလိုက်ပြီး) ကဲ - ခက်ခက်က ခေါင့်ကိုဘာဖြစ်လို့ရှောင်နေရတာလဲ။

ခက်ခက်ဇာခြည်။ ကိုယ့်အကြောင်း ကိုယ်သိမှာပေါ့။ ခက်ကသာ ခေါင့်အလိုလိုက်ရတာ ခေါင်က ခက်အလိုလိုက်လို့လား။

မိုးမြင့်ခေါင်။ လိုက်ပါတယ် ခက်ခက်ရာ။ အခု ခက်ခက်ဝယ်ခိုင်းတဲ့ စိန်ဘယက်က ဈေးသိပ်များလွန်းလို့၊ ခဏလေးစောင့်ပါဦးပြောတာပဲ။ ခေါင့်မှာက ဖြူဖြူအတွက် ဘယ်လောက်ကုန်နေရတယ်ဆိုတာလဲ ခက်ခက်သိသားနဲ့။ ကုန်ဖိုးရတဲ့ငွေတွေလဲ ကုန်တာကြာပြီလေ။ ဒါကြောင့်မို့ အဘိုးကြီးဆီ ငွေမှာထားတယ်- အဲဒါမရသေးလို့ပါ ခက်ခက်ရဲ့။ အရင်တုန်းကဆို ခေါင်ငွေမှာရင် ဖေဖေတို့မေမေတို့က ချက်ချင်းပို့ပေးတာ၊ အခုဘယ်လိုဖြစ်နေလဲ မသိဘူး ခက်ရာ။

ခက်ခက်ဇာခြည်။ ခေါင့်အဘိုးကြီးက၊ ခေါင့်ဆီကိုသာငွေမပို့တာပါနော် --။ သူ့နွေးနွေးကျတော့ အလျှံပယ်



ပါပဲ။ အခုဆိုတိုက်ခန်း၊ တီဗီ၊ စလောင်း- အိုလိုလေးသေးမရှိဘဲ။ နွေးနွေးကိုယ်ပေါ်မှာ ဆိုတာလဲ ရွှေတွေ စိန်တွေ ညွတ်နေတာ။

မိုးမြင့်ခေါင်။ ခေါင်လဲ အဲဒါပဲ မကျေမနပ်ဖြစ်နေတာ ခက်ခက်ရဲ့။ အဘိုးကြီးက သူ့ဟာမကျတော့ ပို့လိုက်ရတာ။ ခေါင်မှာတဲ့ငွေကျတော့ မပို့ဘူး။

ခက်ခက်ဇာခြည်။ ကုမ္ပဏီလုပ်ငန်းကလဲ- အမြတ်တွေအများကြီးရတာမဟုတ်လားခေါင်။ အဲဒါတွေက- ခေါင်ဒီမှာလုပ်ပေးလို့ရတာပဲဟာ။ ခေါင်သုံးဖို့ မဖြစ်စလောက်ငွေလေး မှာတာကျတော့ သူက မပို့ဘူးတဲ့လား ခေါင်ရဲ့။

မိုးမြင့်ခေါင်။ ဟုတ်တယ်- မနက်ဖြန် ခေါင် မြို့ကိုလိုက်သွားမယ်။ ငွေမရှိရင် ခေါင် ရန်ကုန်မှာဘယ်လိုလုပ်နေမလဲ။

ခက်ခက်ဇာခြည်။ နေဦး- နေဦး- ခေါင် မြို့ကိုမပြန်နဲ့ ။ အဘိုးကြီးဆီကငွေထွက်လာအောင် ခက်ခက်ကြံမယ်သိလား။ ဒီလောက်ကတော့ လွယ်ပါတယ်ခေါင်ရဲ့။ ကဲ - အခုတော့ ခေါင်သခင်လေး ပျော်ပျော်နေပါရှင်။ ခေါင် ဘာလုပ်ချင်လဲပြော။

မိုးမြင့်ခေါင်။ ခက်ကလဲ သိရဲ့သားနဲ့။ ခေါင့်မှာ ဖြူဖြူမရှိတော့ဘူးလေ --။

ခက်ခက်ဇာခြည်။ ဒါကြောင့် ခက်ခက်ရှိတဲ့နေရာကို ခေါင်မရရအောင်ရှာလာတာ ခေါင့်မှာ ဆေးကုန်သွားလို့ဆိုတာ ခက်သိနေပါတယ်လေ။ ခေါင်က

ခက်ကိုချစ်လို့ရှာတာမှမဟုတ်ဘဲ။ ဆေးလိုချင်လို့ပါ ခေါင်ရယ်။ ဟုတ်ဘူးလား။
(ထိုင်ရာမှ ထလိုက်စေ။)

မိုးမြင့်ခေါင်။ (ခက်ခက်ဇာခြည်နှင့်အတူလိုက်ထပြီး) ခက်ကလဲကွာ (ခက်ခက်ဇာခြည်ကို တအားပွေ့ဖက်လိုက်ပြီး) ဟောဒီ- ခက်ခက်ကို ခေါင် ဘယ်လိုအကုန်ခံပြီး ချစ်ခဲ့တယ်ဆိုတာ ခက်ခက်သိရဲ့သားနဲ့။ (ထိုစဉ်အပြင်မှ တံခါးခေါက်သံထွက်ပေါ်လာစေ။ ခက်ခက်ဇာခြည်က မိုးမြင့်ခေါင်၏ လက်များကိုအသာဖြေချလိုက်ပြီး တံခါးသွားဖွင့်ပေးစေ။ မုံလာဥ ဝင်လာစေ။)

မိုးမြင့်ခေါင်။ ဟင် - မုံလာဥပါလား။ မင်းဘာဖြစ်လို့လိုက်လာတာလဲ။ ငါဒီမှာရှိတာ မင်းဘယ်လိုလုပ်သိလဲ။

မုံလာဥ။ မရရအောင် ရှာလာရတာပေါ့ကွာ။ မင်း-ဘော်ဒါတွေကို တစ်ယောက်ပြီး တစ်ယောက်မေးပြီးရှာရတာပေါ့။

မိုးမြင့်ခေါင်။ ဘာဖြစ်လို့ ဒီလောက်အသည်းအသန်လိုက်ရှာရတာလဲ မုံလာဥရ။ မင်းကို အလုပ်ကိစ္စငါအကုန် လွှဲထားတာပဲဥစ္စာ။ မင်းကြိုက်သလိုလုပ်လိုက်ရင်ပြီးတာပဲ။

မုံလာဥ။ ငါမင်းကိုမရရအောင်လိုက်ရှာရတာက အလုပ်ကိစ္စမဟုတ်ဘူးကွ။ ဖိုးခေါင်ရ --။ ငါမင်းကိုဘယ်လိုပြောရမလဲ -- မင်းအမေဆုံးသွားပြီတဲ့။

မိုးမြင့်ခေါင်။ (အံ့အားသင့်သွားပြီး) ဟင် ----

မုံလာဥ။ မနက်ကတည်းက ဖုန်းရတာကွ။ ငါမင်းကို



တစ်နေ့လုံး လိုက်ရှာတာ၊ အခု မိုးချုပ်မှပဲတွေ့တော့တာ။ ကဲ - မြန်မြန်လာ၊ ညရှစ်နာရီသင်္ဘော မီသေးတယ်။

မိုးမြင့်ခေါင်။ (ကြောင်တောင်တောင်ပုံစံဖြင့် ဘာလုပ်ရမှန်းမသိဘဲဖြစ်နေစေ။ တအောင့်ကြာမှ) အေး-အေး - မုံလာဥ မင်းအောက်ကစောင့်နေငါအခုဆင်းခဲ့မယ်။

မုံလာဥ။ အေး အေး - (အခန်းထဲမှ ထွက်သွားစေ။)

မိုးမြင့်ခေါင်။ ခက်ခက်

ခက်ခက်ဇာခြည်။ ဘာလဲခေါင် -

မိုးမြင့်ခေါင်။ ခေါင် ဆေးမချရသေးဘူး ခက်ခက်ရာ။ ခေါင်မနေနိုင်ဘူး။ ခေါင့်ကို အခုဆေးမြန်မြန်သွင်းပေးစမ်းပါ။ သင်္ဘောပေါ်ကျမှ ဖီးယူသွားတော့မယ်နော် --။

ခက်ခက်ဇာခြည်။ သြော် - အင်းအင်း--
(ခက်ခက်ဇာခြည်က မိမိ၏လက်ပွေ့အိတ်ထဲမှ ဆေးထိုးအပ်နှင့်ဘိန်းဖြူထုပ်ကိုထုတ်ယူပြီး၊ ဆေးထိုးရန်စီစဉ်နေစဉ်၊ မိုးမြင့်ခေါင်က အာသာပြင်းပြဟန်နှင့် လက်မောင်းမှအင်္ကျီကို ပင့်တင်ပြီး ဆေးထိုးခံရန် အသင့်ပြင်ဆင်နေစဉ် ---)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၇)

နေရာ။ တိုးချဲ့မြို့သစ်၊ ဦးဆွေမြင့်၊ ဒေါ်ခင်မိုးတို့တိုက်ဧည့်ခန်း။

အချိန်။ နံနက်အရုဏ်တက်ချိန်။

အပြင်အဆင်။ အခန်း (၁၁) ပါအတိုင်း နောက်ခံကားထားရှိရမည်။ သို့သော်ဆက်တီခုံနှင့် ကုလားထိုင်များ မရှိစေရဘဲ ကော်ဇောများခင်းထားပြီး သံဃာတော်များအား အရုဏ်ဆွမ်းကပ်ရန် စားပွဲဝိုင်းတစ်ခုဖြင့် ဆွမ်းပွဲများစီစဉ်ထားရမည်။ အရုဏ်တက်ချိန်ဖြစ်သော်လည်း တိုက်အတွင်းခန်းဖြစ်၍ မီးချောင်းအလင်းရောင်ခွင့်ပြည့်ပေးထားရမည်။ ကန်တော့ပွဲများနှင့် လှူဖွယ်များလည်း အသင့်စီစဉ်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဆွမ်းပြင်ထားသည့် စားပွဲဝိုင်းတွင် သံဃာတော် ငါးပါး ဆွမ်းဘုန်းပေးလျက်ရှိစေ။ ဦးဖေမြင့်၊ ဦးဆွေမြင့်နှင့် အမျိုးသမီးကြီး သုံးဦးခန့် အနီးတွင်ကပ်လျက်ရှိနေကြစေ။ စိုးသန်းနှင့် လူရွယ် နှစ်ဦးက ဆွမ်းနှင့်ဆွမ်းဟင်း၊ လိုအပ်သည်များကို လိုက်လံစီစဉ်ပေးနေကြစေ။)

(သံဃာတော်များအား မျက်နှာမူလျက်၊ ပရိသတ် ၁၀ ဦးခန့်လည်းရှိနေကြစေ။)

(ရှေ့ဖုံးကားဖွင့်ပြီး ခဏအကြာတွင် သံဃာတော်များ





ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီး၍ လက်ဆေးခြင်း၊ လက်သုတ်ခြင်းများပြုလျက်ရှိစေ။ စိုးသန်းတို့ သုံးဦးက ဝေယျာဝစ္စများ ဆောင်ရွက်လျက်ရှိစေ။ ဆွမ်းနှင့်ဆွမ်းဟင်းပွဲများကို သိမ်းပြီး အချိုပွဲများဆက်၍ကပ်ကြစေ။)

(အချိုပွဲဘုဉ်းပေးရင်း ဆရာတော်ကမိန့်ကြားစေ။)

ဆရာတော်ကြီး။ ဒကာလေး မိုးမြင့်ခေါင်တစ်ယောက် မတွေ့ပါလား။ အချိန်မီ မရောက်ဘူးလားကွဲ့။ ခရီးလွန်နေတာလား။

ဦးဆွေမြင့်။ ရှိပါတယ်ဘုရား။ အိပ်နေတုန်းမို့ပါ။ ရန်ကုန်ကအကျင့်ပါနေလို့ စောစောမထဘူးဘုရား --။ (စိုးသန်းသို့လှမ်းပြော၊ ဟဲ့- ငစိုး- မင်းတူကို နှိုးလိုက်တော့လေ။)

စိုးသိန်း။ ဟုတ်ကဲ့ - (စိုးသန်းထွက်သွားစေ။)

ဆရာတော်ကြီး။ အိပ်ပါစေကွယ်- ဘုန်းကြီးက မတွေ့မိလို့ မေးတာပါ။

ဦးဆွေမြင့်။ ရပါတယ်ဘုရား၊ မိုးလဲလင်းခါနီးပါပြီ။ (ခဏအကြာ မိုးမြင့်ခေါင် မွေးပွတဘက်ကြီးကို ပခုံးပေါ် ဖရိုဖရဲတင်၊ သွားတိုက်ဆေးနှင့် သွားပွတ်တံ၊ ဆပ်ပြာခွက်များကိုင်ကာ ဝင်လာစေ။)

ဆရာတော်ကြီး။ ဪ- ဒကာလေး- အိပ်ရေးပျက်လို့ ပင်ပန်းနေလားကွဲ့။

မိုးမြင့်ခေါင်။ အင်း -- ဪ- ဟုတ်ကဲ့ --

ဦးဖေမြင့်။ တင်ပါ့လို့ ပြောရတယ်လေ။

ဦးဆွေမြင့်။ ထိုင်ဦးလေ --

**မိုးမြင့်ခေါင်။** သန့်စင်ခန်း ဝင်ဦးမယ်။
(ပြောပြောဆိုဆိုပြန်ထွက်သွားစေ။) (သံဃာတော်များလည်း အချိုပွဲဘုဉ်းပေးပြီးစီးသွားစေ။)

**ဆရာတော်ကြီး။** ကဲ- ပြည့်စုံပါပြီကွယ်။ ဒကာမကြီးဒေါ်ခင်မိုးအတွက် ရက်လည်တရားပေစာလဲ နာယူပြီးကြပြီ၊ အမျှလဲဝေပြီးပြီ၊ ဆွမ်းကိစ္စလဲပြည့်စုံပါပြီ၊ ဘုန်းကြီးတို့ပြန်ကြွတော့မယ်နော်။

**အားလုံး။** တင်ပါ့ဘုရား။
(သံဃာတော်များထ၍ ပြန်ကြွထွက်ခွာသွားကြစေ။ ပရိသတ်များ ရှိခိုးပြီး ကျန်ရစ်ကြစေ။ ဦးဆွေမြင့်နှင့် လူကြီးများ သံဃာတော်များအား ပို့ဆောင်လိုက်ပါကြစေ။)
(စိုးသန်းနှင့်လူရွယ် အမျိုးသမီးရွယ်များက ဆွမ်းပွဲများကို ပြည်လည်သိမ်းဆည်းလိုက်ကြစေ။)
(ဦးဆွေမြင့်တို့ သံဃာတော်များအားပို့ပြီး ပြန်ဝင်လာသည့် အချိန်တွင် ပရိသတ်များလည်း ထပြီးပြန်ရန် နှုတ်ဆက်ကြစေ။)

**ဦးဆွေမြင့်။** (၈) နာရီလောက်ကျရင် ပြန်လာကြပါနော်။ ဒံပေါက်သုံးဆောင်ဖို့ လူပရိသတ်ကို ဖိတ်ထားပါတယ်။ ဆက်ဆက်လာခဲ့ပါနော်။

**ထွက်ခွာရန်ပြင်နေသူများ။** ဟုတ်ကဲ့၊ ဟုတ်ကဲ့ -- လာခဲ့မယ်- လာခဲ့မယ်။
(ပရိသတ်ပြန်သွားကြချိန်တွင် အ... ...၍



ဆွမ်းကွမ်းပစ္စည်းများလည်း သိမ်းဆည်းပြီးဖြစ်စေ။)
(ဦးဖေမြင့်၊ ဦးဆွေမြင့်နှင့် ရွာမှဆွေမျိုးအကြီးအကဲများဖြစ်ကြသော ဒေါ်စိန်မြိုင်၊ ဦးငြိမ်းစသည့် ငါးဦးခန့်သာ ကျန်ရစ်နေစေ။ စားပွဲဝိုင်းကိုပြန်ချပြီး ၎င်းပေါ်တွင်ရေနွေးကြမ်းပွဲများတင်ကာ၊ ကျန်ရစ်သူ ဆွေမျိုးသားချင်းတစ်စု ဝိုင်းထိုင်ကြစေ။ စိုးသန်းလည်း ဝိုင်းထိုင်စေ။)
(မိုးမြင့်ခေါင်- တဘက်ဖြင့်မျက်နှာသုတ်ရင်းဝင်လာစေ။)

**ဦးဖေမြင့်။** ကဲ- ဖိုးခေါင်လဲထိုင်ဦးကွာ။ ဖိတ်ထားတဲ့ညည့်ပရိသတ်တွေ ရောက်မလာခင်၊ တို့ဆွေမျိုးတွေ ဆွေးနွေးတိုင်ပင်ကြရအောင်လား။ နေ့လယ်ကျ တို့လဲ ရွာပြန်ကြရမှာ။
(မိုးမြင့်ခေါင် စားပွဲနားတွင် ထိုင်လိုက်စေ။ မျက်နှာသုန်သုန်မှုန်မှုန်ဖြစ်နေစေ။)

**ဦးဖေမြင့်။** အခု- မခင်မိုးဆုံးသွားပြီဆိုတော့ မင်းတို့မိသားစုရှေ့ရေးကိစ္စလေး တိုင်ပင်သင့်တယ်လို့ထင်တယ်လေ။ မခင်မိုးဟာ အသက် (၅၀) နဲ့ ဆုံးသွားတာဆိုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ နှမြောစရာ ကောင်းတယ်ကွာ၊ တို့တစ်တွေက ရွာမှာနေကြပေမယ့် မင်းတို့အခြေအနေကို ကြားသိနေကြတယ်။ မခင်မိုးသေရတာ လူပင့်ပန်းတာအပြင် စိတ်ဆင်းရဲတာလဲပါ

တယ်လို့ ထင်တယ်ကွာ။

မိုးမြင့်ခေါင်။ ဟုတ်တယ်- အမေ့ကို အဖေသတ်တာလေ--

ဦးဆွေမြင့်။ (အံ့သြခြင်းကြီးစွာဖြင့်) ဟင် - မင်းဘယ်လို ပြောလိုက်တာလဲ။

ဦးဖေမြင့်။ ဘယ်သူသတ်တယ်ဆိုတာ မရှိပါဘူးကွာ။ အကြောင်းတွေပေါင်းဆုံပြီး အကျိုးဖြစ်ရတာပါ။ ဒီအချိန်မှာ ငါ့အနေနဲ့- ဖြစ်ခဲ့တဲ့ဖြစ်ရပ်ကလေးတွေကိုသုံးသပ်ပြီး၊ ရှေ့အဖို့ကောင်းစေချင်လို့ပြောတာ။ တို့ဆွေမျိုးသားချင်းတွေ အခုလို စုစုဝေးဝေး စုံစုံလင်လင် တွေ့နိုင်ဖို့ ခဲယဉ်းတယ်မဟုတ်လား။ ဒါကြောင့် အခုလို အချိန်မှာ တို့ဆွေမျိုးသားချင်းတွေ ပွင့်ပွင့်လင်းလင်း ဆွေးနွေးသင့်တယ်လို့ ငါထင်တယ်။

ကျန်လူများ။ အင်း- ဟုတ်တာပေါ့- ကိုဖေမြင့်က မင်းတို့အသိုက်မှာ အကြီးဆုံးလေ-- ပြောစရာရှိတာ ပြောရမှာပေါ့ --။

ဦးဖေမြင့်။ ငါ့ညီမောင်ဆွေမြင့်လဲ စီးပွားရေးမှာ ထိပ်တန်းရောက်အောင်ကြိုးစားလိုက်တာ၊ အောင်မြင်မှုတွေ အများကြီးရပေမယ့်၊ ချမ်းသာတဲ့ဒဏ်ကို မင်းမခံနိုင်ဘဲ ဖြစ်သွားတယ်လို့ ငါထင်တယ်။ မင်းရဲ့ခြေလှမ်းအမှားတွေဟာ- မခင်မိုးရဲ့ သွေးတိုးရောဂါကို ပိုပြီးဆိုးစေမှာပဲကွ၊ နောက်ဆုံး ဦးနှောက်သွေးကြောပြတ်ပြီး သေရတာပေါ့။

လူကြီးတစ်ဦး။ ဟုတ်တာပေါ့ကွာ။



ဦးဖေမြင့်။ ငါ့တူမိုးမြင့်ခေါင်၊ ဖိုးခေါင်အနေနဲ့လဲ ဘကြီးပြောချင်တာတွေရှိတယ်ကွ။ မင်းကို တို့ဆွေမျိုးသားချင်းအားလုံးက ချစ်တယ်ကွ။ ထွန်းပေါက်မယ့်ကလေးဆိုပြီး အားထားခဲ့ကြတယ်၊ ဂုဏ်ယူခဲ့ကြတယ်။ မင်းငယ်စဉ်က သိပ်လိမ္မာတာကွ။ လိမ္မာလို့လဲ အားလုံးက ချစ်ကြတာပေါ့။

စိုးသန်း။ ငယ်ငယ်တုန်းက ကျွန်တော့်လက်ပေါ်မှာပဲ ကြီးခဲ့တာ။ ဖိုးခေါင် ဘယ်လောက်လိမ္မာတယ်ဆိုတာ ကျွန်တော်အသိဆုံးပါ။

မိုးမြင့်ခေါင်။ (စိတ်မရှည်သလိုလေသံဖြင့်) ကဲပါဗျာ- ချေးခြောက် ရေနှူးမနေကြပါနဲ့တော့။ ကျွန်တော်က အခုဘာဖြစ်နေလို့လဲဗျ။

(မိုးမြင့်ခေါင်၏ ကြမ်းတမ်းသောစကားကို ကြားလိုက်ရသဖြင့် အားလုံး မိုးမြင့်ခေါင်ကို လှည့်ကြည့်ပြီး အံ့အားသင့်နေကြစေ။)

(စကားဝိုင်းမှာ ငြိမ်သက်သွားစေ။)

ဦးဖေမြင့်။ (စိတ်မသက်မသာဖြင့် ဘာဆက်ပြောရမှန်းမသိဖြစ်နေရာမှ) ဘကြီးတို့က ချေးခြောက်ရေနှူးနေတာ မဟုတ်ဘူးကွ။ မင်း လမ်းမှားလျှောက်နေမိရင် ပြင်နိုင်အောင် ပြောနေတာ။ အမှားကိုသိမှ အမှန်ပြင်နိုင်မှာ မဟုတ်လား။ မင်းအသက်မငယ်တော့ဘူး။ (၂၇) နှစ် ရှိနေပြီကွ။ မင်းကိုယ်မင်း လမ်းမှားရောက်နေတာ မသိဘူးလား။

မိုးမြင့်ခေါင်။ ဒါဆိုရင်လဲ ဘကြီးရဲ့ညီကိုပဲ ဘကြီး အရင်

ဆုံးမပါဦးဗျာ ---
(ပြောပြောဆိုဆိုထပြီး အတွင်းသို့ မကျေမနပ် ဝင်သွားစေ။)
(အားလုံး ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၈)

နေရာ။ တိုးချဲ့မြို့သစ်၊ ဦးဆွေမြင့်၏ တိုက်ခန်းမျက်နှာစာ။
အချိန်။ နေ့လယ်ပိုင်း။
အပြင်အဆင်။ အခန်း (၁၃) ပါနောက်ခံကားရှိရမည်။
တိုက်အဝင်တံခါးတည့်တည့်တွင် ထိုင်ခုံရှည်နှစ်ခု ချထားရမည်။
ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဘောင်းဘီရှည်၊ ဂျာကင်၊ မျက်မှန်နက်တို့ ဝတ်ဆင်လျက် မိုးမြင့်ခေါင်သည် စူပါကပ်ဆိုက်ကယ်ကိုတွန်း၍ ဇာတ်စင်၏ လက်ဝဲဘက်မှထွက်လာစေ။ ဆိုက်ကယ်ကိုခွပြီး စက်နှိုးစေ။)

(ဆိုင်ကယ်စက်နှိုးသွားသည့်အချိန်တွင်၊ ဇာတ်စင်၏ လက်ယာဘက်မှ မေသဇင် ခပ်သုတ်သုတ်ဝင်လာစေ။)

မိုးမြင့်ခေါင်။ ဟင် - သဇင် - - နင် ဘယ်လဲ - -
မေသဇင်။ ငါ နင့်ဆီ လာတာ၊ နင် အပြင်ထွက်မလို့လား--။
(ခပ်သုတ်သုတ်လာရသဖြင့် မောနေစေ။)

**မိုးမြင့်ခေါင်။** အေးဟ။ ကဲ- အိမ်ထဲဝင်ဦးလေ- (ဆိုင်ကယ်ကိုစက်ပြန်သတ်ပြီး၊ ဆိုင်ကယ်ပေါ်မှပြန်ဆင်းကာ၊ ဆိုင်ကယ်ကို ဒေါက်ထောက်လိုက်စေ။) လာဟာ- အိမ်ထဲကို --။

**မေသဇင်။** ဟင့်အင်း- ငါအိမ်ထဲမဝင်တော့ပါဘူးဟာ။ နင့်ကိုခဏတွေ့ရရင် တော်ပါပြီ။ တော်သေးတာပေါ့၊ နင် ဆိုင်ကယ်နဲ့ထွက်သွားရင်- ငါမောပြီပေါ့။

**မိုးမြင့်ခေါင်။** ကဲ - တိုက်ထဲမဝင်ရင်လဲ ဒီမှာထိုင်ဟာ။

**မေသဇင်။** (ထိုင်ခုံရှည်တစ်ခုတွင် ဝင်ထိုင်ရင်း) အေး- ဒီမှာပဲ ထိုင်မယ်ဟာ။

(မိုးမြင့်ခေါင်လည်း မျက်နှာချင်းဆိုင်ထိုင်ခုံရှည်တွင်ထိုင်စေ။)

**မိုးမြင့်ခေါင်။** မနက်တုန်းက မေမေ့ရက်လည်ကို နင်လာသေးလား။ ငါတော့ စိတ်ညစ်တာနဲ့ အပေါ်ထပ်မှာ အိပ်နေလိုက်တယ်။ ဘယ်သူမှ မတွေ့ချင်တော့ဘူးဟာ။

**မေသဇင်။** အန်တီအသုဘကိုတော့ ငါတို့လိုက်ပို့ကြတယ်ဟာ။ ရက်လည်ကိုတော့ ငါမလာဖြစ်ဘူးဟာ။ ငါ့မှာ အရေးကြီးကိစ္စတစ်ခု စီစဉ်နေရတယ်။ အဲဒီကိစ္စ အခု ငါလာပြောတာ ဖိုးခေါင်ရ။

**မိုးမြင့်ခေါင်။** ဘာကိစ္စလဲ သဇင်။

**မေသဇင်။** ငါ လက်ထပ်တော့မယ်။ အဲဒါ - သန်ဘက်ခါ မင်္ဂလာဆောင်မယ့်ရက်ပဲ။ ငါ - မိသက်ဆီကို လွန်ခဲ့တဲ့လကတည်းက အကြောင်းကြားထား



တာ၊ သူ ခွင့်ယူပြီးလာခဲ့မယ်လို့ ငါ့ဆီစာပြန်ထားတယ်ဟ။

ဒါကြောင့်မို့လို့ - နင် သူနဲ့တွေ့ရမှာ။ နင် ရန်ကုန် မပြန်သေးဘူး မဟုတ်လား။

**မိုးမြင့်ခေါင်။** ဟင် - ဟုတ်လား -- (တစ်စုံတစ်ရာကိုတွေး၍ ခပ်ငေးငေးဖြစ်သွားပြီး) ငါ-- ငါ-- ဒီနေ့ ည ရှစ်နာရီသင်္ဘောနဲ့ ပြန်ရမှာဟ။

**မေသဇင်။** ဟာ- ဖိုးခေါင်ကလဲ၊ နင်မပြန်ပါနဲ့ဦးဟာ။ နင့်အမေ ဒီနေ့ပဲ ရက်လည်ပြီးတာ။ နောက်ပြီးတော့ ငါ့မင်္ဂလာပွဲမှာ နင်တို့နှစ်ယောက်ဆုံရမှာ ဘယ်လောက်ပျော်စရာကောင်းမလဲလို့။

**မိုးမြင့်ခေါင်။** ငါ - စီစဉ်ပြီးသား ဖြစ်နေတယ်ဟာ --

**မေသဇင်။** နင်ကလဲဟာ- ဒီရက်ကလေးတောင်မှ မနေနိုင်ဘူးလားဟ။ မိသက်က နင့်ကို သိပ်တွေ့ချင်နေမှာ။ သူငါ့ဆီကို စာရေးတယ်ဟ။ နင်- သူ့ဆီကို စာမရေးတာကြာပြီဆို။ နင်ဘာဖြစ်နေသလဲတဲ့။ သူသိပ်ပြီးစိတ်ပူနေတာ။ နင်ဘာဖြစ်လို့ သူ့ဆီစာမရေးတာလဲဟ။

(မိုးမြင့်ခေါင် တွေးနေငေးနေစေ။)

**မေသဇင်။** ဟဲ့ - ဖိုးခေါင် - ငါပြောတာကြားရဲ့လား- ဟင်။ နင်ဘာတွေ ဖြစ်နေတာလဲဟ။

**မိုးမြင့်ခေါင်။** ဩော် - အဲ - ငါ ဘာမှမဖြစ်ပါဘူးဟာ။ ငါသူ့ဆီ စာရေးမယ်ရေးမယ်နဲ့- ကုမ္ပဏီအလုပ်တွေက မအားလို့ မရေးဖြစ်တာပါ။

**မေသဇင်။** ဟုတ်မှဟုတ်ရဲ့လား - ဖိုးခေါင်ရယ် -- နင့်ကို

ကြည့်ရတာတစ်မျိုးကြီးပဲဟ။ နင်တစ်ခုခုဖြစ်နေသလိုပဲ။ နင့်ငါ့ကိုမှန်မှန်ပြောစမ်း။ မိသက်ကို နင်ဖြတ်နေတာလား၊ ရန်ကုန်မှာအသစ်တွေ့နေလို့လား- ပြောစမ်းဖိုးခေါင် --

မိုးမြင့်ခေါင်။ ဟာ--- မဟုတ်ပါဘူးဟာ --

မေသဇင်။ ဒါဆိုရင်- နင် ငါ့မင်္ဂလာဆောင်ပြီးမှ ရန်ကုန်ပြန်ဟာ။ နင် မိသက်နဲ့မတွေ့ချင်ဘူးလားဟင် --

မိုးမြင့်ခေါင်။ (လျော့ရိလျော့ရဲလေသံဖြင့်) တွေ့- ချင်- ပါတယ်ဟာ --

မေသဇင်။ တွေ့ချင်တယ်ဆိုရင် မပြန်နဲ့ဦးပေါ့ဟ။ နောက်တစ်ရက်နှစ်ရက်ပဲဟာ။

မိုးမြင့်ခေါင်။ မပြန်လို့မဖြစ်ဘူးသဇင်ရ။ ဟိုမှာက ငါရှိမှဖြစ်မှာ- အဘိုးကြီးက ဒီမှာရှိနေမှာလေ။

မေသဇင်။ နင်ကလဲဟာ- မိသက်က ဟိုအဝေးကြီးကတောင်လာရမှာ။ ငါ့ကိုခင်လွန်းလို့- နောက်ပြီးနင့်ကိုတွေ့ချင်လွန်းလို့--။ ဒီအတိုင်းဆို နင်တို့နှစ်ယောက်ဇာတ်လမ်းက အဖျားရှူးသွားတော့မယ်နဲ့ တူတယ်ဟာ ---။

မိုးမြင့်ခေါင်။ ကဲ- ဒါဆို ငါဒီညတော့ ရန်ကုန်ပြန်ဦးမယ်။ သန်ဘက်ခါကျမှ ငါဒီကိုပြန်လာမယ်လေ။ မိသက်ကိုပြောလိုက်ပါဟာ။

မေသဇင်။ အေး- ဒါဆိုလဲကောင်းပါတယ်။ ငါမိသက်ကိုပြောထားလိုက်မယ်။ (လက်ဆွဲအိတ်ထဲမှ ကပ်ပြားတစ်ခုဆွဲထုတ်လိုက်ပြီး) ရော့ဒီမှာ



ငါတို့မင်္ဂလာဆောင်ဖိတ်စာ။

(ဖိတ်စာကတ်ပြားကို မိုးမြင့်ခေါင်သို့ ကမ်းပေးရာ၊ မိုးမြင့်ခေါင်လှမ်းယူစေ။ ဖိတ်စာကို ထုတ်မဖတ်ဘဲ- ငေးငိုင်ငိုင်ဖြစ်နေသဖြင့် သဇင်ကအားမလိုအားမရပြောစေ။)

မေသဇင်။ ဟဲ့- ဖိုးခေါင်၊ ငါဘယ်သူနဲ့လက်ထပ်မယ်ဆိုတာလဲ ဖိတ်စာဖတ်မကြည့်တော့ဘူးလားဟ။

မိုးမြင့်ခေါင်။ ဩော်- အင်း (ဖိတ်စာကိုထုတ်ဖတ်ကြည့်ပြီး) ဩော်- ငါ့သူငယ်ချင်းအောင်ခင်ဝေနဲ့ပါလား။

မေသဇင်။ အေး ဒါကြောင့်မို့လို့ တို့သူငယ်ချင်းတွေပြန်ဆုံရအောင်- နင်ဆက်ဆက်ပြန်လာနော်။ ကဲ- ငါပြန်ဦးမယ်ဖိုးခေါင်။

မိုးမြင့်ခေါင်။ အင်းအင်း --

(မေသဇင်နှင့် မိုးမြင့်ခေါင်ထိုင်ရာမှ ထလိုက်စဉ်။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၉)

နေရာ။ ရန်ကုန်မြို့၊ ဆိပ်ကမ်းတစ်နေရာရှိ BAR & RESTAURANT တစ်ခု။

အချိန်။ ညနေစောင်း။

အပြင်အဆင်။ မြစ်ရေပြင်ကိုမေးတင်ပြီး ဆောက်ထားသော RESTAURANT တစ်ခုနှင့် မြစ်ရေပြင်အလှပါရှိသော ရေးချက်နောက်ခံကားရှိရမည်။ RESTAURANT အဆောက်အအုံတွင် မီးရောင်စုံအလှများ ပါရှိရမည်။ ၎င်းအား လက်ယာဘက်ကို အရယူရေးဆွဲထားခြင်းဖြစ်ပြီး လက်ဝဲဘက်ခြမ်းမှာ မြစ်ရေပြင်အလှနှင့် ကားရပ်နားသည့်ကွင်းပြင်ကို ရေးဆွဲထားသည်။

(ရှေ့ဖုံးကားဖွင့်)

(ကားတစ်စီးထိုးရပ်လိုက်သည့်အသံ၊ ကားတံခါးဖွင့်သံ၊ ပြန်ပိတ်သံများပေါ် ထွက်လာစေ။ ထို့နောက်ဇာတ်စင်၏ လက်ဝဲဘက်မှ မိုးမြင့်ခေါင်နှင့် အပေါင်းအသင်းဘော်ဒါ လေးဦး မြင်ကွင်းသို့ ဝင်လာကြစေ။ ၎င်းတို့အားလုံးသည် သရုပ်ပျက်ပုံစံများဖြင့် ဝင်ရောက်လာကြခြင်းဖြစ်သည်။)

(မိုးမြင့်ခေါင်သည် ရှေ့ဆုံးမှဝင်ရောက်လာစေ။)





မိုးမြင့်ခေါင်။ (နောက်ဘက်သို့လှည့်ပြီး) ဟေ့- မုံလာဥ ဟိုဟာကြီး ယူခဲ့လေကွာ။

မုံလာဥ။ ဩော်- အေးအေး။ (အတွင်းသို့ပြန်လှည့်ဝင်သွားစေ။ ကားတံခါးဖွင့်သံပိတ်သံများကြားရပြီး ချက်ချင်းပင် တီဗီတစ်လုံးကိုပိုက်၍ ပြန်ထွက်လာစေ။)

မိုးမြင့်ခေါင်။ ငါဒီနေ့ ရန်ကုန်ပြန်ရောက်အောင် မနည်းလုပ်ခဲ့ရတာ။

ငါ့အဘိုးကြီးကလဲ မမိုက်တော့ဘူးကွ။ ငါရန်ကုန်ကို ပြန်လာတာလမ်းစရိတ်ကလေး တစ်သောင်းပဲ ပေးလိုက်တယ်ကွာ။ ကဲဒီတော့ ဘာရမလဲ။ ကဲ- ဟေ့ (အပေါင်းအသင်းတစ်ဦးသို့လှမ်းခေါ်) စာကလေး- မင်းက ဒီကိစ္စကျွမ်းတယ်၊ မုံလာဥနဲ့သွားပြီး အဲဒီတီဗီကို ဖြောခဲ့ကွာ။

စာကလေး။ ဟာ- အိုကေ- ဒါငါ့ကိစ္စ။ လာ မုံလာဥ -- ဟောဟိုနားမှာတင် ကိစ္စပြတ်တယ်--။

(စာကလေးနှင့် မုံလာဥတို့ ထွက်သွားစေ။)

မိုးမြင့်ခေါင်။ ဟေ့ကောင်တွေ-- ဇရက်နဲ့ဇီးကွက်တို့ ကိစ္စလေး တွေပြီးရင် ဘယ်ချစ်ချစ်ဆီသွားသင့်တယ် ဆိုတာစဉ်းစားထားကြဦးကွ။

ဇီးကွက်။ ဟေ့- ဖိုးခေါင်- ငါ့နာမည် ဇီးကွက်ဆိုတာ မေ့သွားပြီလား။ ပတ္တမြားဒေဝီလေးကို ငါဘုတ်ကင် လုပ်ထားခဲ့ပြီးပြီကွ။

အားလုံး။ အား- သိပ်မိုက် --။

(စာကလေးနှင့်မုံလာဥ ပြန်ဝင်လာစေ။ မုံလာဥ လက်ထဲတွင် ငွေစက္ကူအထပ်လိုက်ပါလာစေ။)

မုံလာဥ။ (ငွေစက္ကူများကို မိုးမြင့်ခေါင်ထံ ကမ်းပေးရင်း) ရော့- ငါးသောင်းရတယ်-

မိုးမြင့်ခေါင်။ (ငွေများယူလိုက်ပြီး) ကိုင်း- ကိုယ်တော်လေးတို့ကိုယ်စီဆန္ဒဖော်ထုတ်တော်မူကြပါခင်ဗျား-

ဇီးကွက်။ ငါကတော့- ဖြူဖြူပဲနော်

စာကလေး။ ငါကတော့- ဘောလ်

ဇရက်။ ငါကတော့- အပြင်းစား၊ ဟောဒီဘားမှာပဲ လုပ်မယ် --

မိုးမြင့်ခေါင်။ မုံလာဥ- မင်းက ဘာမှမလုပ်ဘူးလား --

မုံလာဥ။ ဘီယာပဲလုပ်မယ်ကွာ။

မိုးမြင့်ခေါင်။ ကဲ- ဆန္ဒကိုယ်စီဖော်ထုတ်ပြီးပြီ။ ငါကတော့ ဇီးကွက်နဲ့အတူ ဖြူဖြူဆီလိုက်ခဲ့မယ်။ ကဲ- သွားကြစို့။ ကိုယ့်ကိစ္စကိုယ်ပြီးရင် ဆုံမယ့်နေရာက ---

အားလုံး။ (အသံကျယ်ကျယ်ဖြင့်) ပတ္တမြားဒေဝီ ----

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃၀)

နေရာ။ မြို့ပေါ်ရှိပန်းခြံ။

အချိန်။ ညနေခင်း။

အပြင်အဆင်။ လှပသောပန်းခြံရေးချက်နောက်ခံကားရှိရမည်။ ရှေ့နားတွင်ထိုင်ခုံပုကလေးများ ဟိုနေရာသည်နေရာ၊ လှပအောင်စီစဉ်ချထားရမည်။ နေဝင်ချိန်ပုစွန်ဆီအရောင် မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ထိုင်ခုံပုကလေးတစ်လုံးစီတွင်၊ သက်နှင်းရည်နှင့် မေသဇင်တို့ ထိုင်လျက်ရှိစေ။)

မေသဇင်။ (သက်နှင်းရည်၏ လက်ကလေးများကို ဆုပ်ကိုင်လိုက်ပြီး) မိသက်ရာ- ငါနှင့်ကိုကိုယ်ချင်းစာပါတယ်ဟာ။ နင်လာရတာက ဟိုးအဝေးကြီးကဆိုတော့--

သက်နှင်းရည်။ ၄က်ကလေး ငါ့ကို တမင်ရှောင်နေတာလား မသိဘူးနော် --။

မေသဇင်။ အေး ငါလဲစဉ်းစားရခက်နေတယ်ဟ။ သူ့အမေ ရက်လည်တာက တမြန်နေ့ကလေ၊ ငါသူ့ကို ဒီနေ့ငါ့မင်္ဂလာဆောင်အထိဆက်နေဖို့ ငါအမျိုးမျိုးတားပါတယ်ဟာ။ နင့်ကိုမတွေ့ချင်ဘူးလားလို့ ငါမေးတော့လဲ၊ တွေ့ချင်တာပေါ့တဲ့။ ဒီနေ့ပြန်လာမယ်လို့သူပြောသွားတာပဲဟာ။

သက်နှင်းရည်။ ငါ့ကိုသူ တကယ်ချစ်တယ်ဆိုရင်၊ ငါအဝေးကြီးကပြန်လာတာ၊ သူ လာတွေ့သင့်တာပေါ့ သဇင်ရာ။

မေသဇင်။ ဟုတ်တယ်မိသက် --။

(နှစ်ယောက်သား ငြိမ်သက်စွာစဉ်းစားလျက်ရှိစေ။)

သက်နှင်းရည်။ (ဇာတ်ခုံရှေ့ဘက်သို့ထွက်လာပြီး) ငှက်ကလေးတစ်ခုခုတော့ မူပျက်နေတာအမှန်ပဲသဇင်။

မေသဇင်။ (ထလာပြီးသက်နှင်းရည်နှင့်ယှဉ်လျက်ရပ်ကာ) နင် ရန်ကုန်ကိုလိုက်သွားပြီး သူနဲ့ကိုယ်တိုင်တွေ့လိုက်ရင်ကောင်းမလား။ နင် ခွင့်ဘယ်တော့စေ့မလဲမိသက်။

သက်နှင်းရည်။ ရန်ကုန်ကိုမသွားသေးဘဲ သူ့အဖေနဲ့တွေ့ပြီး မေးကြည့်ရကောင်းမလားလို့။

မေသဇင်။ (ခဏမျှတွေးနေပြီး) သူ့အဖေအကြောင်း ကလဲ- မြို့ထဲမှာသတင်းတွေထွက်နေတယ်ဟ။

သက်နှင်းရည်။ ဘာသတင်းလဲဟင် --

မေသဇင်။ အဘိုးကြီးကလဲ အတွဲငယ်ငယ်လေးရှိတယ်တဲ့ဟ။



သက်နှင်းရည်။ ဟင်- တကယ်လား --။

မေသဇင်။ အေး- ဒီလိုကြားရတာပဲဟ။ ဟုတ်မဟုတ်တော့ မသိဘူးပေါ့။ အဲဒါကြောင့်- ဒေါ်ခင်မိုး စောစောသေတာလို့တောင် ဝေဖန်နေကြတယ်လေ။

သက်နှင်းရည်။ ဒါဆိုငှက်ကလေးလဲ အတွဲတွေရှိနေပြီလားမသိဘူးဟယ် --- (မိမိလက်ကလေးများကိုချိုးလိုက်၊ လက်နောက်ပစ်လိုက်နှင့် ဟိုလျှောက်သည်လျှောက်လုပ်နေစေ။) ငါ့မှာဖြင့်- ငါ့မိဘသဘောတူတဲ့လူကိုတောင် ငြင်းခဲ့တယ်။ ဒါဆို အဖေအမေတို့က ငှက်ကလေးမူပျက်နေလို့ ငါ့ကို တခြားလူနဲ့ပေးစားချင်တာလားမသိဘူး (ခေါင်းကုတ်ပြီး) စိတ်ညစ်ပါတယ်ဟယ် --။

မေသဇင်။ နင့်မိဘ သဘောတူတဲ့လူရှိတာကို၊ နင် ငှက်ကလေးဆီ စာရေးသေးလား။

သက်နှင်းရည်။ အဖေအမေတို့က၊ အခုငါလာတော့မှ ပြောတာလေ။ ငါကလဲသူတို့ပြောတာကို ရှည်ရှည်ဝေးဝေး နားမထောင်ဘဲငြင်းခဲ့တာ။ ငါတို့အသက်တွေ မငယ်တော့ဘူးလေ။ (၂၇) နှစ်ရှိလာပြီ။ ဒီအထိသစ္စာရှိရှိနေလာပြီးမှ ငါသစ္စာဖောက်ပါ့မလားဟယ်။ နောက်ပြီးတော့- ငါ ငှက်ကလေးအပေါ် ဘယ်လောက်သံယောဇဉ်ကြီးခဲ့တာကို နင်အသိဆုံးပဲလေ။ -- ဩော်- ငါ့မှာဖြင့် သူ့ကိုချစ်လိုက်ရတာ။ ခုတော့- သူကငါ့ဆီကို စာလဲပြန်မရေး။ ငါ အဝေးကြီးကလာတာကို

တောင် လာမတွေ့နိုင် --။ မနက်တုန်းကများ နှင့်မင်္ဂလာဆောင်မှာ၊ ငှက်ကလေးလာမှာပဲ ဆိုပြီး မျှော်လိုက်ရတာ။ သူငယ်ချင်းတွေနဲ့ တောင် စကားဖြောင့်ဖြောင့်မပြောနိုင်ခဲ့ဘူး။ ငှက်ကလေး ငါ့အသည်းကို ခွဲသွားပြီထင်ပါရဲ့ - သဇင်ရာ --။ (သက်ပြင်းချစေ။)

မေသဇင်။ ငါလဲ ဘယ်လိုပြောရမှန်းကိုမသိတော့ပါဘူး မိသက်ရာ ---။

(သက်ပြင်းချစေ။)

(စကားမပြောနိုင်ကြဘဲ၊ သက်နှင်းရည်မျက်ရည် လည်လာစေ။ ဟိုလျှောက်လိုက်သည်လျှောက် လိုက်ဖြစ်နေစေ။ သဇင်က ဝမ်းနည်းသည့် မျက်နှာဖြင့်ကြည့်နေစေ။)

(အတန်ကြာမှ-)

သက်နှင်းရည်။ (ပရိသတ်ဘက်သို့လှည့်ကာ မျက်နှာကို တင်းတင်းထားလိုက်ပြီး)

ကဲ- သဇင်- ဂျင်းစိမ်းနဲ့မိတ်သလင်၊ သူကြင်မှ ကိုယ်ကြင်မယ်။ လာသွားကြစို့။ နင့်သတို့သား က မျှော်နေရော့မယ်။

မေသဇင်။ ဟင်- မိသက်၊ နင်ဘယ်လိုဆုံးဖြတ်လို့တုံး။ နင်ဖိုးခေါင်ကို ဖြတ်လိုက်တော့မလို့လား။

သက်နှင်းရည်။ ငါကဖြတ်တာမှ မဟုတ်ဘဲဟာ။

မေသဇင်။ ဒီလိုဆို- နင့်မိဘပေးစားတဲ့လူကို ယူတော့မှာ လားဟင် --။



သက်နှင်းရည်။ ယူချင်လဲယူမှာပဲ -။

မေသဇင်။ ဟာ- မိသက်ရယ်-- နင် ချက်ချင်းကြီး မဆုံး ဖြတ်ပါနဲ့ဦးဟယ်။ ကဲကဲ- နင်အိမ်ပြန်ချင် ပြန်တော့။ ငါ ဦးဆွေမြင့်အိမ်သွားပြီး၊ ရန်ကုန် က ဖုန်းနံပါတ် ငါတောင်းမယ်။ ဖိုးခေါင်ဆီ ငါကိုယ်တိုင် ဖုန်းဆက်မယ်။

သက်နှင်းရည်။ ဆက်မနေပါနဲ့တော့ဟာ --။

မေသဇင်။ ဘယ်ဖြစ်မလဲဟ -- ကဲလာသွားစို့။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃၁)

နေရာ။ တိုးချဲ့မြို့သစ်၊ ဦးဆွေမြင့်၏ တိုက်ဧည့်ခန်း။
အချိန်။ နေ့လယ်ပိုင်း။
အပြင်အဆင်။ အခန်း (၁၁) အတိုင်းပြင်ဆင်ထားရှိရမည်။
ခွင်ပြည့်မီးအလင်းပေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဦးဆွေမြင့်သည် စိတ်ပျက်လက်ပျက်ထိုင်လျက် အရက်သောက်နေစေ။ စိုးသန်း ငွေစာရင်းစာအုပ်များကို ပိုက်လျက်ဝင်လာစေ။)

ဦးဆွေမြင့်။ ကဲ- မင်းစာရင်းတွေပြစမ်းပါဦး။

စိုးသန်း။ (ဦးဆွေမြင့်ဘေးနားရှိ ဆက်တီထိုင်ခုံတွင် ဝင်ထိုင်ပြီး စာရင်းစာအုပ်တစ်အုပ်ကို လှန်ကာပြောစေ။) ဒီမှာလေအစ်ကိုလေး- ဒါက ရန်ကုန်ပို့တဲ့ကုန်စာရင်း၊ (နောက်တစ်အုပ်ကိုလှန်ပြီး) ဒါက ရန်ကုန်ဖိုးခေါင်ဆီက ငွေပြန်ပို့ပေးတဲ့စာရင်း။ နောက်ပိုင်းမှာ ဖိုးခေါင်ဆီက ပြန်ပို့တဲ့ငွေကိုကြည့်ရင် တဖြည်းဖြည်းနဲ့ ကျဲလာတာကို အစ်ကိုလေး တွေ့လိမ့်မယ်။